# ကျမ်းစာမိတ်ဆက်

ကျမ်းကြီးပဋ္ဌာန်း၊ ကျမ်းငယ်ဆန်း၊ ကျမ်းလတ်ဓာတုကထာဟု ဆရာအစဉ်အဆက်တို့ ပြောစမှတ်ပြုကာ မှတ်တမ်းတင်ထားသော စကားပုံတစ်ခုရှိပါသည်။ စကားပုံ၏ ဆိုလိုရင်းအဓိပ္ပာယ်မှာ နားလည်ရန်ခက်ခဲသော ကျမ်းသုံးစောင်ကို မှတ်သားထားခြင်းပင် ဖြစ်ပါသည်။

ကျမ်းငယ်တို့တွင် ဆန်းကျမ်းသည် နားလည်ရန် ခက်ခဲသော ကျမ်းတစ်စောင်ဖြစ်သည်။ ကျမ်းလတ်တို့တွင် ဓာတုကထာကျမ်းသည်လည်း နားလည်ရန်ခက်ခဲသော အခက်စာရင်းဝင်ကျမ်းတစ်စောင်ဖြစ်သည်။ ကျမ်းကြီးတို့တွင်ကား ပဋ္ဌာန်းကျမ်းမှာ နည်း နယပေါင်းများစွာဖြင့် နက်နဲလွန်းသည်။ နက်နဲလွန်း၍လည်း သာမန်ပုဂ္ဂိုလ်တို့နားမလည်နိုင်။ သို့အတွက် ပဋ္ဌာန်းကျမ်းသည် အခက်စာရင်းဝင် ကျမ်းကြီးတစ်စောင်ဖြစ်သည်ဟု ဆရာအစဉ် အဆက်တို့ မှတ်သားထားခဲ့ကြခြင်းဖြစ်ပေသည်။

WWW.DHAMMARANSI.NET

သို့သော် အခက်အခဲ ဟူသမျှတို့တွင် ဖြေရှင်းမရနိုင်သော အခက်အခဲဟူ၍မရှိပေ။ မဖြေရှင်းနိုင်သေးသော အခက်အခဲသာရှိနိုင်ပေသည်။ မည်မျှခက်ခဲသော ပြဿနာပင်ဖြစ်စေ ဆိုင်ရာဆိုင်ရာပညာရှင်တို့ ကြံဆ၍နည်းလမ်းရှာလျှင်၊ တစ်နည်းမဟုတ် တစ်နည်းဖြင့် ဖြေရှင်းလျှင် ပြေလည်သွားနိုင်ကြသည်သာ ဖြစ်သည်။

၍ ပဋ္ဌာန်းပစ္စယနိဒ္ဒေသ၊ အဓိပ္ပာယ်ရှင်းလင်းချက်နှင့် အမေးအဖြေ ကျမ်းစာသည် ခက်ခဲသော၊ နက်နဲလှသော ပဋ္ဌာန်းကျမ်းကို လေ့လာရာ၊ သင်ကြားရာ၌ အရေးပါသည့် အထောက်အကူကိုပေးနိုင်သည့် ကျမ်းတစ်ဆူဖြစ်သည်ဟု ယူဆပါသည်။

## ဘယ်လောက်ခက်ခဲသနည်း

ခက်ခဲနက်နဲသည်မှာ မည်မျှလောက် အတိုင်းအတာထိရှိသနည်းဟုမေးလျှင် သဗ္ဗညုတဉာဏ်တော်သခင် ဘုရားရှင်တို့မှသာ ဖြေကြားတော်မူနိုင်ပါသည်ဟု ဖြေရမည်ဖြစ်ပါသည်။ ဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီး၍ (၄၉)ရက်ကြာ သတ္တသတ္တာဟစံနေတော်မူစဉ် အခြားသောသတ္တာဟများ၌ဘုရားရှင်၏ ကိုယ်တော်မှ ရောင်ခြည်တော်များ ကွန့်မြူးလာခြင်းမရှိပါ။

စတုတ္ထသတ္တာဟ ရတနာဃရ ရွှေအိမ်နန်း၌ ပဋ္ဌာန်းဒေသနာတော်မြတ်ကို သုံးသပ် ဆင်ခြင်တော်မူမှသာ ရောင်

WWW.DHAMMARANSI.NET

ခြည်တော်ခြောက်သွယ်တို့သည် ဗုဒ္ဓ၏ကိုယ်တော်မှ ထွက်ပေါ် ကွန့်မြူးလာကြပါသည်။

အဘယ်ကြောင့် ထိုအခါမှ ရောင်ခြည်တော်များ ကွန့်မြူးလာရပါသနည်း။ အဘိဓမ္မာခုနစ်ကျမ်းရှိသည့်အနက် ပဋ္ဌာန်းကျမ်းသည် သဘောသဘာဝ နည်းနာနိဿယအားဖြင့် အခြားသော ကျမ်းတို့ထက် ကျယ်ဝန်းနက်နဲသည်။ ထိုကျယ်ဝန်းသော ပဋ္ဌာန်းကျမ်းတော်မြတ်အတွင်း၌ ရွှေဉာဏ်တော် ကျက်စားဆင်ခြင်သောအခါ ရွှေဉာဏ်တော်တည်းဟူသော နာမ်ဓာတ်များသည် အထူးသဖြင့် ကြည်လင်လာကြသည်။

ဉာဏ်တော် ကြည်လင်ခြင်းကြောင့် ဉာဏ်တော်ကို ခိုလှုံ၍ ဖြစ်နေကြသော ရုပ်ဓာတ်တို့သည်လည်း ကြည်လင်လာကြပေသည်။ ထိုအခါ ဘုရားရှင်၏ ကိုယ်တော်မှ ခြောက်သွယ်သော ရောင်ခြည်တော်များ ထွက်ပေါ် ကွန့်မြူးလာကြခြင်းဖြစ်သည်။

ဤမျှကျယ်ဝန်း နက်နဲသော ပဋ္ဌာန်းကျမ်းကို လေ့လာသင်ယူရာ၌ အထောက်ကူပြုနိုင်သည့် အချက်အလက်နည်းနာနယနှင့် ရှင်းလင်းချက်များကို ဤကျမ်းငယ်၌ စုံစုံလင်လင် ဖော်ပြထားပါသည်။ ဤကျမ်းပါ ရှင်းလင်းချက်နှင့် အမေးအဖြေများကို ကျေညက်စွာလေ့လာလျှင် ပဋ္ဌာန်းအကြောင်းနားလည်ရေး၌ ကြီးစွာအထောက်ကူပြုနိုင်ပါသည်။

WWW.DHAMMARANSI.NET

ဤသို့ နားလည်စေလိုသော ရည်ရွယ်ချက်ဖြင့်ပင် သေးငယ်သည့် ကျမ်းတစ်စောင်ဖြစ်သော်လည်း ဝန်ပါလှသဖြင့် စာသင်စာချ သောတုဇနများအပြင် ပဋ္ဌာန်းအကြောင်း သိရှိနားလည်လိုသူတို့ အတွက်ပါ အထောက်အကူ ပြုစေရန် ရည်ရွယ်ကာ ဤကျမ်းစာကို ခင်ချိုထွန်းစာပေမှ ခင်ချိုထွန်းစာပေ၏ အစဉ်အလာအတိုင်း ဘာသာစာပေ ပြန့်ပွားရေး၌ တတ်နိုင်သမျှ ပံ့ပိုးပေးရန် ရည်ရွယ်ချက်ဖြင့် ပုံနှိပ်ထုတ်ဝေခြင်း ဖြစ်ပါသည်။

ခင်ချိုထွန်းစာပေ

WWW.DHAMMARANSI.NET

# ပဋ္ဌာန်းတရား၏ ဂုဏ်ကျေးဇူး

လပြည့်ကျော်စ ဖြစ်၍ ငွေလမင်းကြီးကလည်း ထိန်ထိန်သာနေသည်။ အိပ်စက်အနားယူ ချိန်ဖြစ်သည့် အလျောက် ပတ်ဝန်းကျင်တစ်ခုလုံးသည်လည်း ဆိတ်ငြိမ် နေသည်။

တစ်စုံတစ်ခုသောအသံကြောင့် မိမိသည် အိပ်ရာမှ နိုးထ၍ အသံလာရာသို့ အာရုံညွှတ်မိသည်။ ထိုအသံကား အခြားမဟုတ် ပဋ္ဌာန်းရွတ်ဖတ် ပူဇော်နေသည့် ပဋ္ဌာန်း ပွဲမှ အသံတစ်ခုပင်တည်း။

ယခုအခါ မြို့ရွာနယ်ပါ နိုင်ငံအနှံ့တွင်ပဋ္ဌာန်းရွတ် ဖတ်ပူဇော်ပွဲများ ကျင်းပလျက် ရှိကြသည်။ ရဟန်းရှင် လူများသည်လည်း ပဋ္ဌာန်းတရားကို စိတ်ဝင်စားမှု၊ သင်ယူ မှုများ များပြားလာသည်ကို တွေ့ရသည်။

WWW.DHAMMARANSI.NET

## ကောင်းသောအလားအလာ

ပဋ္ဌာန်းတရား၏ အရသာကို သိရှိထားသူများက လည်း အခါအားလျော်စွာသင်တန်းများ ဖွင့်လှစ်၍ဓမ္မဒါန အဖြစ် သင်ကြားပေးနေကြသည်။ ဤသည်တို့မှာ အလွန် ဝမ်းမြောက်ဖွယ်ပင် ဖြစ်လေသည်။ သာသနာတော်ကြီး အတွက် ကောင်းသောအလားအလာတစ်ရပ်ပင်ဖြစ်သည်။

## သာသနာသုံးရပ်

ဘုရားရှင်၏ အဆုံးအမကို သာသနာဟုခေါ်သည်။ ထိုသာသနာတော်တွင် သာသနာသုံးရပ်ရှိသည်။ ပရိယတ္တိ သာသနာ=ဘုရားရှင်၏ အဆုံးအမများကို လေ့လာသင်ယူ ခြင်းနှင့် သင်ကြားပေးခြင်း။ ပဋိပတ္တိသာသနာ = သင်ယူ တတ်မြောက်ထားသည်ကို ကျင့်ကြံအားထုတ်ခြင်း။ ပဋိ ဝေဒ သာသနာ=ကျင့်ကြံအားထုတ်ခြင်းဖြင့် ထိုကျင့်ကြံ အားထုတ်သူအတွက် သံသရာဝဋ်ဆင်းရဲအပေါင်းမှ လွတ် မြောက်ခြင်း စသည်တို့ဖြစ်သည်။

ဘုရားရှင်၏ အဆုံးအမများကို သင်ကြားပေးသူ၊ သင်ယူသူ၊ ကျင့်ကြံသူ၊ လိုက်နာသူများ ရှိနေသေးသရွေ့ သာသနာတော်ကြီး တည်ရှိနေမည်။ ထိုသို့မဟုတ်က သာသနာတော် မတည်နိုင်။ ကွယ်သွားမည်ဖြစ်ပေသည်။

WWW.DHAMMARANSI.NET

## ပရိယတ် ပထမကွယ်မည်

သာသနာတော် ကွယ်ပမည်ဆိုလျှင် သာသနာတော် သုံးရပ်အနက် ပရိယတ္တိသာသနာတော်က ရှေးဦးစွာကွယ်ပျောက် ပေလိမ့်မည်။ ထိုတွင်လည်း ပိဋကတ် (၃)ပုံအနက် အဘိဓမ္မာ ပိဋကတ်သည် အစဦးဆုံး ကွယ်ပပေလိမ့်မည်။ တစ်ဖန် အဘိဓမ္မာ (၇)ကျမ်းရှိသည့်အနက် နောက်ဆုံးဖြစ်သည့် ပဋ္ဌာန်းကျမ်းတော်ကြီးသည် ပထမဦးဆုံး ကွယ်ပျောက်ပေလိမ့်မည်။

## ပဋ္ဌာန်းကျမ်း အရေးပါ

သို့ဆိုလျှင် ဗုဒ္ဓသာသနာ မကွယ်ပျောက်ရအောင် ပဋ္ဌာန်း တရားတော်ကြီးသည် အရေးပါသော အခန်းကဏ္ဍမှ ရပ်တည်လျက်ရှိသည်။ သို့ဖြစ်၍ သာသနာအတွက် တာဝန်သိသော၊ တာဝန်ရှိသော ပညာရှိတို့သည် ပဋ္ဌာန်းတရားဒေသနာတော်ကို ပြန့်ပွားသည်ထက် ပြန့်ပွားအောင် နည်းအမျိုးမျိုးဖြင့် ကြိုးစား အားထုတ်နေကြသည်။

## လူသားအားလုံးအတွက် သာသနာ

ပဋ္ဌာန်းတရား ထွန်းကားပြန့်ပွားခြင်းသည် သာသနာတော် ထွန်းကားပြန့်ပွားခြင်းဖြစ်သည်။ သာသနာတော်

WWW.DHAMMARANSI.NET

ထွန်းကား ပြန့်ပွားလာသည်နှင့်အမျှ ကမ္ဘာ့ငြိမ်းချမ်းရေး၊ လောကငြိမ်းချမ်းရေးတို့ကို သရုပ်ဖော်တည်ဆောက်နိုင်ပေမည်။ ထို့ကြောင့် သာသနာတော်သည် လူသားအားလုံးအတွက် (တစ်နည်းအားဖြင့်) သတ္တဝါအားလုံးအတွက် အထူးအရေးကြီးလှပါသည်။

ဗုဒ္ဓဘုရားရှင်၏ အဆုံးအမ ဒေသနာတော်များထဲမှ ကြားဖူးနားဝအရှိဆုံး၊ နှစ်သက်ကြည်နူးမှုအပေးဆုံးတရားကို ပြောပါဆိုလျှင် ပဋ္ဌာန်းတရားကိုပင် ပြောရပါမည်။ ပဋ္ဌာန်း၂၄ပစ္စည်း ဘုရားရှိခိုးကို ကျွန်တော်တို့ ငယ်စဉ်ကပင် နှုတ်တက်ရွရွ ရွတ်ဆိုခဲ့ကြရသဖြင့် ရင်းနှီးသောတရားတော်လည်း ဖြစ်ပါသည်။

ပဋ္ဌာန်းဆိုသည်မှာ ပါဠိစကား "ပဋ္ဌာန"မှ ဆင်းသက်လာသောစကားဖြစ်သည်။ ရုပ်တရား၊ နာမ်တရားတို့ ဖြစ်ပေါ်လာပုံကို အကြောင်းနှင့်အကျိုးဖြင့် အသေးစိတ် ဟောတော်မူထားသည့် တရားတော်ဟု အဓိပ္ပာယ်ရသည်။

ယနေ့ကာလသည် သိပ္ပံခေတ်ကာလ ဖြစ်သည်။ ပဋ္ဌာန်းတရားဒေသနာတော်ကြီးသည် သိပ္ပံနည်းအကျဆုံးတရားတော်ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓတရားကို သိပ္ပံနည်းကျကျ လေ့လာချင်သည်ဆိုလျှင် ပဋ္ဌာန်းကျမ်းကို လေ့လာသင်ယူသင့်ကြောင်း တိုက်တွန်းလိုပါသည်။

WWW.DHAMMARANSI.NET

ငယ်စဉ်က ပဋ္ဌာန်း၏ အဓိပ္ပာယ်ကို ကျကျနန မသိခဲ့ရပါ။ သို့သော် ရွတ်ဖန်များလာသည့်အခါ မြတ်စွာဘုရားအပေါ် ယုံကြည်မှုသဒ္ဓါ တရားတို့သည် ကျွန်တော်တို့ နှလုံးအိမ်တွင်းသို့ တစိမ့်စိမ့်စီးဝင်နေခဲ့ ပါသည်။ ထို့ကြောင့် မိမိကိုယ်ကို ယုံကြည်မှုတို့လည်း တိုး၍ တိုး၍ အားကောင်းလာခဲ့ပါသည်။ အဖန် တလဲလဲ ရွတ်ဆိုချင်သည့် စိတ်များလည်း ဖြစ်စေခဲ့ပါသည်။

ထို့ကြောင့် ကျွန်တော်သည် ရှေးကထက် ပို၍ ပဋ္ဌာန်း ပါဠိတော်အကျဉ်းရော၊ အကျယ်ပါ ရွတ်ဆိုခဲ့ပါသည်။

နှစ်အတန်ကြာလာသည့်အခါမိမိရွတ်ဆိုနေသည့် ပဋ္ဌာန်းတရားတို့၏အနက်အဓိပ္ပာယ်တို့ကို သိချင်သည့် ဆန္ဒဖြစ်လာခဲ့သည်။ အစပိုင်းတွင်သိပ်မသိသာသော်လည်း နောက်ပိုင်း၌ သိချင်သည့် ဆန္ဒတို့သည် အားကောင်းလာသည့်အတွက် မနေနိုင်၊ မထိုင်နိုင်အောင် ဖြစ်လာခဲ့သည်။

ထို့ကြောင့် ပရိယတ်၊ ပဋိပတ်နှစ်ဖြာနှင့် ပြည့်စုံသူများထံမေးမြန်းခြင်း၊ ပဋ္ဌာန်းဒေသနာတော်ဆိုင်ရာ စာအုပ်စာပေများကို ရှာဖွေစုဆောင်းပြီး လေ့လာခြင်းတို့ကိုပြုလုပ်

WWW.DHAMMARANSI.NET

ခဲ့ရပါသည်။ အကျိုးကျေးဇူးများလည်း များစွာ ရရှိခဲ့ပါသည်။

အထူးသဖြင့် ယခုလို စာပေများ ရေးသားနိုင်ရခြင်းသည်ပင်လျှင် ပဋ္ဌာန်း ဒေသနာတော်ကို လေ့လာရခြင်း အကြောင်းကြောင့် ရရှိသည့်အကျိုးတရားဟုဆိုလျှင် မှားမည်မဟုတ်ပါ။

ဘုရားရှင်၏ တရားတော် မှန်သမျှတို့သည် လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့အတွက် တိုးတက်ရေး၊ အေးငြိမ်းရေးနှင့် ချမ်းသာရေး တရားများချည်းသာ ဖြစ်ပါသည်။

ထိုတရားတော်တို့ကို ရွတ်ဆိုရလျှင်ဖြစ်စေ၊ နာယူရလျှင်ဖြစ်စေ၊ အနက်အဓိပ္ပာယ်တို့ကို ထိထိမိမိ ပိုင်ပိုင်နိုင်နိုင် သိရလျှင် ထိုအသိကြောင့် ဝမ်းသာအားရမှုများ၊ ပျော်ရွှင်မှုများ ဖြစ်လာတတ်သည်။ ထိုဝမ်းမြောက်ဝမ်းသာဖြစ်မှု ပီတိပါမောဇ္ဇကို အခြေခံ၍ သမာဓိတရားကို တည်ထောင်နိုင်သည်။ သမာဓိမှ ပညာသို့တက်ပြီး အရဟတ္တဖိုလ် ဆိုက်အောင် အားထုတ်နိုင်ခဲ့လျှင် ဝဋ်ဆင်းရဲအပေါင်းမှ လုံးဝ ချုပ်ငြိမ်းသွားနိုင်သည်။

WWW.DHAMMARANSI.NET

## ရွတ်ဆိုပါ နာယူပါ

ထို့ကြောင့် ဘုရားရှင်၏ တရားဒေသနာတော်တို့ကို အချိန်မရွေး ရွတ်ဆိုပါ။ နာယူပါ။ ပွားများပါဟု တိုက်တွန်းချင်ပါသည်။

ထိုသို့ရွတ်ဆို၊ နာယူ၊ ပွားများလျှင် ထိုသူအား "အကာလိကော" ဟူသော တရားတော်၏ ဂုဏ်တော်နှင့်အညီ အချိန်အခါမဆိုင်းလင့်ဘဲ အသင့်လက်ငင်း ချက်ချင်း အကျိုးပေးတတ်သော တရားတော်မြတ်ဖြစ်ကြောင်း ကိုယ်တိုင်ကိုယ်ကျ သိမြင်လာရပေမည်။

## အကျိုးကြီးလှ

ဘုရားရှင်၏ဂုဏ်တော်၊ တရားဒေသနာတော်တို့ကို ဆင်ခြင်ပွားများရခြင်းမှာ တကယ်လည်း အကျိုးကြီးလှပါသည်။

သဒ္ဓါတရားနည်းသူများအနေဖြင့် နှုတ်ဖြင့် ရွတ်ဆိုပွားများခြင်းဖြင့် စသင့်ပါသည်။ ရွတ်ဖန်များသည့်အခါ သဒ္ဓါတရားများတိုးပွားလာမည်။ သီလတရားတို့ကို လုံခြုံစွာ စောင့်ထိန်းချင်သည့် ဆန္ဒတို့လည်း ဖြစ်ပေါ်လာမည်။

သီလလုံခြုံလာသည်နှင့်အမျှ တည်ကြည်မှု သမာဓိစသည်တို့သည် ဆင့်ကဲဆင့်ကဲဆိုသလို မိမိသန္တာန်၌ ဖြစ်ပေါ်လာပေမည်။

WWW.DHAMMARANSI.NET

သဒ္ဓါ၊ သီလ၊ သမာဓိတို့၏ကျေးဇူးကြောင့်ဘာဝနာ စခန်းသို့ တွန်းမပို့ဘဲ မိမိအလိုလို လျှောက်လှမ်းချင်သည့် စိတ်ဆန္ဒတို့ ကြီးစိုးလာမည်ကို မယုံကြည်နိုင်လောက် အောင် တွေ့ရှိခံစားရမည်။

သို့ဖြစ်၍ နှုတ်ဖြင့် ရွတ်ဆိုပွားများခြင်းသည် သဒ္ဓါ စွမ်းအားကို တိုးတက်လာစေသည်သာမက သီလ၊သမာဓိ တို့ကိုလည်း တိုးတက်ဖြစ်ထွန်းစေပါသည်။ စိတ်ဖြင့် ရွတ် ဆို ပွားများခြင်းသည်လည်း များစွာအထောက်အပံ့ဖြစ်စေ ပါသည်။

သို့ဆိုလျှင် နှုတ်ဖြင့်ရွတ်ဆိုခြင်း၊ စိတ်ဖြင့် ရွတ်ဆို ခြင်း၊ ဉာဏ်ဖြင့် ရွတ်ဆိုပွားများခြင်းတို့သည် တစ်ခုသည် တစ်ခုနှင့် အကြောင်းအကျိုးဆက်စပ်နေသည်ကို သိနိုင် ပေသည်။

ဤလောကတစ်ခုလုံး၌ အကြောင်းအကျိုးမှ ကင်း နေသည့် အရာဟူ၍ မရှိပေ။ တစ်ခုနှင့်တစ်ခု ကျေးဇူးပြု နေသည်ချည်းသာတည်း။ ယင်းတို့ကိုပင် ပဋ္ဌာန်းဒေသနာ တော်၌ အကျယ်တဝင့် တွေ့ရပေသည်။

မြတ်စွာဘုရားသည် ပဋ္ဌာန်းတရားတော်ကို နှလုံး သွင်းဆင်ခြင်သည့်အခါ ကိုယ်တော်မှ ရောင်ခြည်တော် များ ကွန့်မြူးလာသည်။

WWW.DHAMMARANSI.NET

သို့ဆိုလျှင် ရွတ်ဖတ်ပူဇော် နှလုံးသွင်း ဆင်ခြင်သူတို့သည်လည်း ပဋ္ဌာန်းတရားတော်၏ တန်ခိုးအရှိန်အဝါကြောင့် စိတ်နှလုံးကြည်လင်လာမည်။ မြတ်စွာဘုရားရှင်၏ ရောင်ခြည်တော်များ စကြဝဠာအနှံ့ ပျံ့နှံ့သွားသကဲ့သို့ မိမိတို့၏ ဂုဏ်သတင်းကျော်စောမှုသည်လည်း နေရာအနှံ့ ပျံ့နှံ့ ကျယ်ပြန့်လာနိုင်မည်မှာ ယုံမှားဖွယ်မရှိပေ။

ထို့အတူ ဘုရားရှင် တဝတိံသာနတ်ပြည်၌ ပဋ္ဌာန်းဒေသနာတော်ကို ဟောကြားတော်မူသည့်အခါတွင်လည်း နတ်၊ ဗြဟ္မာအပေါင်း ကုဋေရှစ်သောင်းမျှ ရဟန္တာဖြစ်ကြ၍ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်များလည်းဖြစ်ခဲ့ကြသည်။ ဤသည်မှာ ပဋ္ဌာန်းတရားတော်၏ အကျိုးကျေးဇူးစစ်စစ်ကြီးပင် ဖြစ်သည်။

## အဘိဓမ္မာတရားသံကြောင့် နတ်သားဖြစ်ရ

ခေတ်တော် တစ်ခုတွင် ရဟန်းတော်တစ်ပါးသည် နေ့စဉ်နေ့တိုင်း အဘိဓမ္မာတရားတို့ကို မမေ့ရအောင် အလေ့အထပြု၍ ရွတ်အံနေသည်။ ထိုရဟန်းတော်သီတင်းသုံး ရွတ်ဆိုရာ လိုဏ်ဂူအတွင်း၌ လင်းနို့ငါးရာတို့သည် နေ့စဉ် အဘိဓမ္မာတရားသံကို ကြားနေရသည်။

ဤသို့ဖြင့် ကာလအတန်ကြာသောအခါ ငါးရာသော လင်းနို့ကလေးများ သေလွန်သည့်ရှိသော် ကံအား

WWW.DHAMMARANSI.NET

လျော်စွာ တာဝတိံသာနတ်ပြည်၌ နတ်သားကလေးများ ဖြစ်ကြလေသည်။

## ဝိမာနဝတ္ထုကို ဖတ်ပါ

ဤမျှသာမကသေး ဘုရားရှင်ဟောကြားတော်မူသော အဘိဓမ္မာတရားကို ကြားနာနေသော ဖားတစ်ကောင်သည် နွားကျောင်းသား၏ တုတ်ဖြင့် မတော်တဆထောက်မိရာမှ တရားနာရင်း သေရရှာသည်။ ထိုဖားကလေးသည်လည်း တာဝတိံသာ နတ်ပြည်၌ မဏ္ဍုကအမည်ရှိသော နတ်သား ဖြစ်ရကြောင်းကို ဝိမာနဝတ္ထုထဲတွင် လေ့လာဖတ်ရှုလျှင် သိနိုင်ပါသည်။

လင်းနို့ငှက်ငါးရာနှင့် ဖားသတ္တဝါကလေး ဖြစ်သော တိရစ္ဆာန်တို့သော်မှ အဘိဓမ္မာတရားတို့ကို ကြားနာရ၍ နတ်သားများ ဖြစ်ကြသေးလျှင် ကျွန်ုပ်တို့ လူသားများအတွက် အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။

တိရစ္ဆာန်တို့သည် တရား၏ အဓိပ္ပာယ်ကို မသိရှိနိုင်ကြပေ။ လူသားများကား ကြားနာရရုံတွင်သာမက ကြားနာရသည့် အဘိဓမ္မာပဋ္ဌာန်းဒေသနာတော်အကြောင်းကို ကျကျနန ပြည့်ပြည့်စုံစုံ မဟုတ်သည့်တိုင် တိရစ္ဆာန်တို့ထက်စာလျှင် ပိုမိုသိနိုင်ပေသည်။

WWW.DHAMMARANSI.NET

သို့အတွက် ခက်ခဲစွာ ရရှိထားသော လူ့ဘဝလေးကို အကျိုးရှိရှိ အသုံးချ နိုင်ရန်၊ ဘုရားရှင်၏ ပဋ္ဌာန်းဒေသနာတော်နှင့် အခြားသော တရားတော်တို့ကို ရွတ်ဆိုပွားများ နာယူ မှတ်သားကြပါ။ သီလ၊ သမာဓိ၊ ပညာအကျင့်တရားတို့ကို မမေ့မလျော့သော သတိတရားတို့ဖြင့် ကြိုးစားအားထုတ်ကြပါဟု ဆန္ဒပြုတိုက်တွန်းချင်ပါသည်။

သို့မှသာ ဗုဒ္ဓဘာသာဖြစ်ရကျိုးလည်းနပ်၍ ပဋ္ဌာန်းဒေသနာတော်၏ အကျိုးကိုလည်း ခံစားနိုင်မည်ဖြစ်ပေသည်။

**အယ်ဒီတာအဖွဲ့ဝင်တစ်ဦး**

WWW.DHAMMARANSI.NET

## သာသနာ့အာဇာနည်ကြီး၏ အဓိဋ္ဌာန်

ကိုယ်တစ်ယောက်တည်း ချမ်းသာဖို့ ခုလောက် ကြိုးကုတ် အားမထုတ်ဘူး။ ဗုဒ္ဓမြတ်စွာ၊ သာသနာ၏. ရှေးခါဘိုးဘ၊ လက်ဆက်ကလျှင်၊ ရသည့်တန်ခိုး ထပ်မညှိုးအောင်၊ အားကြိုးမာန်တက်၊ ငါဆောင်ရွက်သည်၊ ဆက်လက်တည်တံ့ ရှံသာတည်း။

(အရှင်ဇနကာဘိဝံသ)

WWW.DHAMMARANSI.NET

## မာတိကာ

အကြောင်းအရာ — စာမျက်နှာ

### ပဋ္ဌာန်း၂၄ ပစ္စည်း၊ ပါဠိ၊ အနက်


ကျမ်းစာမိတ်ဆက်

| | | |
|---|---|---|
| အဓိပ္ပာယ်ရှင်းလင်းချက်များ၊ နိဒါန်း | ... | ၁ |
| ဟေတုပစ္စည်း - ၁ | ... | ၃ |
| အာရမ္မဏပစ္စည်း - ၂ | ... | ၇ |
| အဓိပတိပစ္စည်း - ၃ | ... | ၂၀ |
| အနန္တရပစ္စည်း - ၄ | ... | ၂၅ |
| သမနန္တရပစ္စည်း - ၅ | ... | ၄၀ |
| သဟဇာတပစ္စည်း - ၆ | ... | ၅၄ |
| အညမညပစ္စည်း - ၇ | ... | ၅၈ |
| နိဿယပစ္စည်း - ၈ | ... | ၅၉ |
| ဥပနိဿယပစ္စည်း - ၉ | ... | ၆၇ |
| ပုရေဇာတပစ္စည်း - ၁၀ | ... | ၇၅ |
| ပစ္ဆာဇာတပစ္စည်း - ၁၁ | ... | ၈၃ |
| အာသေဝနပစ္စည်း - ၁၂ | ... | ၈၅ |
| ကမ္မပစ္စည်း - ၁၃ | ... | ၈၇ |
| ဝိပါကပစ္စည်း - ၁၄ | ... | ၉၀ |
| အာဟာရပစ္စည်း - ၁၅ | ... | ၉၂ |
| ဣန္ဒြိယပစ္စည်း - ၁၆ | ... | ၉၄ |
| ဈာနပစ္စည်း - ၁၇ | ... | ၁၀၀ |


WWW.DHAMMARANSI.NET

## မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| မဂ္ဂပစ္စည်း - ၁၈ | ... | ၁၀၂ |
| သမ္ပယုတ္တပစ္စည်း - ၁၉ | ... | ၁၀၄ |
| ဝိပ္ပယုတ္တပစ္စည်း - ၂၀ | ... | ၁၀၅ |
| အတ္ထိပစ္စည်း - ၂၁ | ... | ၁၀၈ |
| နတ္ထိပစ္စည်း - ၂၂ | ... | ၁၁၆ |
| ဝိဂတပစ္စည်း - ၂၃ | ... | ၁၁၇ |
| အဝိဂတပစ္စည်း - ၂၄ | ... | ၁၁၈ |

ပဋ္ဌာန်း အမေးအဖြေ

| | | |
|---|---|---|
| ပဏာမ | ... | ၁၂၈ |
| ပဋ္ဌာန်းနိဒါန်း | ... | ၁၂၉ |
| ပဋ္ဌာန်း ပစ္စယုဒ္ဒေသ | ... | ၁၄၄ |
| ပဋ္ဌာန်း ပစ္စယနိဒ္ဒေသ (ဟေတုပစ္စည်း ၁၄၆ -၂၂၄ မှ အဝိဂတ ပစ္စည်းအထိ) | | |

ပဋ္ဌာန်း ၂၄-ပစ္စည်း၌ ပြီးပြွမ်းမှတ်ဖွယ်

| | | |
|---|---|---|
| ရှုပ်ရှုပသဿစသောအားဖြင့် ဝေဖန်ပုံ | ... | ၂၂၄ |
| ပစ္စည်းအမျိုးမျိုးဝေဖန်ပုံ | ... | ၂၂၇ |
| ကာလအားဖြင့်ဝေဖန်ပုံ | ... | ၂၃၃ |
| ဘုံအားဖြင့်ဝေဖန်ပုံ | ... | ၂၃၇ |
| သာမညပစ္စည်းဝေဖန်ပုံ | ... | ၂၃၈ |
| ရုပ်တရားအချင်းချင်း ပစ္စည်းပြိုင်ပုံ | ... | ၂၄၂ |


WWW.DHAMMARANSI.NET

## မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ၂၄-ပစ္စည်းတို့ကိုပစ္စည်းလေးပါး၌ ထည့်သွင်းဖော်ပြပုံ... | ... | ၂၄၈ |
| သတ္တိအားဖြင့် ဝေဖန်ပုံ | ... | ၂၅၀ |


### ပဌာန်းဝတ္ထုများ


| | | |
|---|---|---|
| (၁) သေလာထေရိဝတ္ထု | ... | ၂၅၂ |
| ထေရိမ တရားအားထုတ်ခန်း | ... | ၂၅၂ |
| မာရ်နတ်နှောင့်ယှက်ခန်း | ... | ၂၅၃ |
| မာရ်နတ်အရှုံးပေးခန်း | ... | ၂၆၁ |
| (၂) မဟာဂမိယတိဿဝတ္ထု | ... | ၂၆၃ |
| မဇ္ဈိမဒေသသို့ ဘုရားဖူးကြွခန်း | ... | ၂၆၃ |
| လှိုင်းလုံးကြီးတွေကိုမြင်၍ အကြံဖြစ်ခန်း | ... | ၂၆၄ |
| ရဟန္တာဖြစ်ခန်း | ... | ၂၆၅ |
| ဥဒါန်းကျူးရင့်ခန်း | ... | ၂၆၅ |


WWW.DHAMMARANSI.NET

WWW.DHAMMARANSI.NET



# ပဋ္ဌာန်း

# အစိပ္ပာယ် ရှင်းလင်းချက် နှင့်

# အမေး အဖြေ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

---

## နိဒါန်း

မြတ်ဗုဒ္ဓဟာ ပဋ္ဌာန်းဒေသနာတော်မြတ်ကြီးကို စတင် ဆင်ခြင်သုံးသပ်တော် မူတဲ့အခါမှာ ဟေတုပစ္စည်းကို စတင်ပြီး ဆင်ခြင်သုံးသပ်တော် မူပါတယ်။ ဟေတုပစ္စည်းဟာ သတ္တဝါ တိုင်းနဲ့ဆိုင်တဲ့ တရားဖြစ်ပါတယ်။ အထူးသဖြင့် လူတိုင်းနဲ့ ဆိုင်တဲ့ တရားဖြစ်ပါတယ်။ ဘယ်လူမျိုးအတွက်နဲ့သာဆိုင်တယ်။ ဘယ် ဘာသာ အယူဝါဒနဲ့သာဆိုင်တယ် ဆိုတဲ့ ကျဉ်းမြောင်းတဲ့ အယူ စွဲတွေ ဆန္ဒစွဲတွေနဲ့ ဘောင်မခတ်ထားပါဘူး။ အဲဒီလို ဘောင် ခတ်ထားရင်လည်း ထိုဘာသာ၊ ထိုအယူဝါဒဟာ လွတ်လပ်မှုကို

WWW.DHAMMARANSI.NET

အားပေးတဲ့၊ လွတ်လွတ်လပ်လပ် တွေးခေါ်နိုင်တဲ့၊ လွတ်လပ်မှုကို တန်ဖိုးထားတဲ့ လွတ်လပ်စွာ ကိုးကွယ်နိုင်တဲ့ ဘာသာအယူဝါဒဖြစ်လာမှာ မဟုတ်ပါဘူး။

အခု ဒီပဋ္ဌာန်းဒေသနာတော်မြတ်ကြီးဟာ လူမျိုးတိုင်း၊ သတ္တဝါတိုင်းရဲ့ သန္တာန်မှာ အစဉ်အမြဲဖြစ်ပေါ်နေကြတဲ့ ရုပ်နာမ်ခန္ဓာတွေကို မြတ်ဗုဒ္ဓက သဗ္ဗညုတဉာဏ်တော်နဲ့ဆင်ခြင်သုံးသပ်ထားတာဖြစ်တယ်။ ရုပ်တရား၊ နာမ်တရားများရဲ့ ဖြစ်ပုံ၊ပျက်ပုံကို သာမန်လူပုဂ္ဂိုလ်များ နားလည်ဖို့ဆိုတာ အလွန်ခက်ခဲတဲ့ကိစ္စပါ၊ ဒီလိုခက်ခဲလွန်းလို့ပဲ မြတ်ဗုဒ္ဓဟာ ပဋ္ဌာန်းဒေသနာတော်မြတ်ကြီးကို သက်တော်ထင်ရှား ရှိစဉ်တစ်လျှောက်မှာ နှစ်ကြိမ်သာ ဟောခဲ့တာပါ။ ပထမတစ်ကြိမ်က မယ်တော်ကို ကျေးဇူးဆပ်ဖို့ တာဝတိံသာနတ်ပြည်မှာ ဟောခဲ့တာဖြစ်ပြီး နောက်တစ်ကြိမ်ကတော့ စန္ဒကူးတောမှာ အရှင်သာရိပုတ္တရာကို ဟောခဲ့တာဖြစ်တယ်။

အဲဒီနောက်မှာ မြတ်ဗုဒ္ဓဟာသတ္တဝါတွေကို ချေချွတ်တဲ့အခါ အခြားသုတ္တန်အစရှိတဲ့ ဒေသနာများနှင့်သာ ဟောပြောပြီး ချေချွတ်ခဲ့ပါတယ်။ ပဋ္ဌာန်းဒေသနာတော်ကို ထပ်မံမဟောတော့ပါဘူး။

ပိဋကတ်တော်တွေထဲမှာတော့ သေလာထေရိကို မာရ်နတ်ကနှောင့်ယှက်တဲ့အခါ သေလာထေရိက ပဋ္ဌာန်းနည်းနဲ့ မာရ်နတ်ကို ပြန်ပြီးဟောပြောပြတာကိုတွေ့ရပါတယ်။ ဒါ့အပြင် သီဟိုဠ်သာသနာထွန်းကားစဉ်က မဟာဂမိယတိဿ အရှင်မြတ်

WWW.DHAMMARANSI.NET

ကြီးဟာ ပင်လယ်သမုဒ္ဒရာရဲ့ နက်နဲကျယ်ဝန်းပုံနဲ့ ပဋ္ဌာန်းဒေသနာတော်ရဲ့ နက်နဲကျယ်ဝန်းပုံကို နှိုင်းဆပြီး မြတ်ဗုဒ္ဓရဲ့ဉာဏ်တော်ဟာ အပိုင်းအခြား အကန့်အသတ်မရှိ ကြီးကျယ်မြင့်မြတ်ပုံကို ဆင်ခြင်ပြီး ရဟန္တာဖြစ်သွားရပုံကို တွေ့ရပါတယ်။

ပဋ္ဌာန်းဒေသနာတော်ဟာ ခက်ခဲ နက်နဲ လွန်းလှပါတယ်။ သာမန်လူတွေ သဘောပေါက် နားလည်ဖို့ ခက်ခဲပါတယ်။ အဲဒီလောက် ခက်ခဲနက်နဲတဲ့ တရားတော်ကို နားလည်အောင်ဆိုရင် ဗုဒ္ဓရဲ့အဘိဓမ္မာ သဘောတရားတွေကို သိထားရမှာဖြစ်ပါတယ်။ ဒါတောင်မှ ရေးရေးကလေး နားလည်နိုင်မှာပါ။ အကုန်နားလည်ဖို့ဆိုရင်တော့ အလွန့်အလွန် ခက်ခဲပါတယ်။

အခုဒီမှာဖော်ပြထားတာတွေဟာ သိချင်တာလေးတွေကို စာအုပ်တွေထဲမှာ ရှာဖွေဖတ်ရှုပြီး ကိုယ်နားလည်သလောက် တစ်ဆင့်မျှဝေလိုက်တာပါ။ ပဋ္ဌာန်းပွဲတော်မှာ ရဟန်းတော် များ ရွတ်ဆိုနေတာကို ဘာမှန်းမသိဘဲ နာကြားပြီး သာဓုခေါ်နေရတာနဲ့စာရင် အသင့်အတင့် နားလည်ပြီး သာဓုခေါ်ရင် ပိုပြီးကောင်းပါတယ်။

## ၁ – ဟေတုပစ္စယော

လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ အကုသိုလ်တရား သုံးပါးနဲ့ အလောဘ၊ အဒေါသ၊ အမောဟဆိုတဲ့ သူတော်ကောင်းများရဲ့ စိတ်အသွင်မှာ ကိန်းအောင်းနေတဲ့ ကုသိုလ်

WWW.DHAMMARANSI.NET

တရားသုံးပါး၊ ဒီတရားခြောက်ပါးကို ဟိတ်ခြောက်ပါးလို့ ခေါ်ပါတယ်။ အဲဒီ ဟိတ်ခြောက်ပါး တရားတွေဟာ ဘယ်လိုဖြစ်ပေါ်လာကြတယ်။ အဲဒီလို ဖြစ်လာကြရင် ဖြစ်လာကြသူတွေရဲ့ စိတ်တွေ၊ စေတသိက်တွေ၊ ရုပ်တွေဟာ ဘယ်လိုဆက်စပ် သွားကြတယ်ဆိုတာကို မြတ်ဗုဒ္ဓက ပဋ္ဌာန်းဉာဏ်စွမ်းနဲ့ ဆင်ခြင်တော်မူတာက-

## ပါဠိတော်နှင့် ပါဠိတော်အနက်

ဟေတုပစ္စယောတိ၊ ဟေတူဟေတု သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။

ဟေတုပစ္စယောတိ၊ ဟေတုပစ္စည်း ဆိုသည်ကား။ ဟေတူ၊ ဟိတ်ခြောက်ပါး ပစ္စည်းတရားတို့သည်။ ဟေတုသမ္ပယုတ္တကာနံ၊ ဟိတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်စေတသိက်တရားတို့အား လည်းကောင်း။ တံသမုဋ္ဌာနာနံ၊ ထိုဟိတ်ကြောင့် ဖြစ်ကြကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း။ ဟေတုပစ္စယေန၊ အကြောင်းရင်းဖြစ်သော ဟေတု သတ္တိဖြင့်။ ပစ္စယော၊ ခိုင်မြဲကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

### အဓိပ္ပာယ်ရှင်းပြချက်

လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ အကုသိုလ်ဟိတ် သုံးပါး၊ အလောဘ၊ အဒေါသ၊ အမောဟဆိုတဲ့ ကုသိုလ်ဟိတ် သုံးပါး၊ ဒီဟိတ်

WWW.DHAMMARANSI.NET

ခြောက်ပါးကြောင့် ပုဂ္ဂိုလ်တို့ရဲ့ စိတ်စေတသိက် ရုပ်တွေ ပြောင်းလဲဖောက်ပြန်ကုန်တာကို မြတ်ဗုဒ္ဓက တိတိကျကျ ဟောခဲ့တယ်။

လောဘဟိတ်။ ။လောဘဟိတ်ဖြစ်လာပြီ၊ တစ်နည်းပြောရရင် လောဘအမြစ်တွယ်လာပြီဆိုရင် လောဘနဲ့ဆိုင်တဲ့ သူနဲ့အတူဖြစ်ဖော်ဖြစ်ဖက် ယှဉ်ဖော်ယှဉ်ဖက်ဖြစ်တဲ့ စိတ် စေတသိက်တရားတွေကို ကျေးဇူးပြုလိုက်ပါတယ်။ ဒီအခါမှာ လောဘကြီးရင်ကြီးသလောက် လောဘစိတ်တွေ စေတသိက်တွေဟာလည်း ပြင်းထန်လာပါတယ်။ အဲဒီလောဘစိတ်ကြောင့်ပဲ ရုပ်တွေကလည်း လောဘဘက်ကိုလိုက်ပြီး လောဘရုပ်တွေဖြစ်လာကြရပါတယ်။ လောဘကြီးတဲ့ သူများရဲ့ ရုပ်သွင်လက္ခဏာကို မြင်ကြဖူးမှာပါ။ ဘယ်လောက်အကြည်းတန် အရုပ်ဆိုးလိုက်သလဲ၊ တွေးကြည့်စမ်းပါ။

ဒေါသဟိတ်။ ။ဒေါသဟိတ်ဖြစ်လာပြီ၊ ဒေါသအမြစ်တွယ်လာပြီဆိုရင်လည်း သူနဲ့အတူ ဖြစ်ဖော်ဖြစ်ဖက် ယှဉ်ဖော်ယှဉ်ဖက်ဖြစ်တဲ့ စိတ်စေတသိက်တရားတွေကို ကျေးဇူးပြုလိုက်ပါတယ်။ ဒီအခါမှာ ဒေါသကြီးရင်ကြီးသလောက် ဒေါသစိတ်တွေဟာလည်း ခက်ထန်မာကျောလာကြပြန်တယ်။ ဒေါသဖြစ်နေသူများရဲ့ ရုပ်သွင်လက္ခဏာဟာ အလွန်ကြောက်စရာကောင်းလှပါတယ်။

မောဟဟိတ်။ ။ပညာဉာဏ်နဲ့ ဆင်ခြင်စဉ်းစားမှု မရှိဘဲ မိုက်မဲတွေဝေနေတဲ့စိတ်ကို မောဟဟိတ်လို့ ခေါ်ပါတယ်။ သူအမြစ်တွယ်နေပြီဆိုရင် ဘာဆိုဘာမှ ဆင်ခြင်စဉ်းစားမှု မရှိတော့ပါဘူး၊ မိုက်မိုက်မဲမဲနဲ့ အလွဲချည်း လုပ်နေတော့တာပါပဲ။ ကောင်းတာကို ကောင်းမှန်း မသိ၊ မကောင်းတာကိုလည်း မကောင်းမှန်းမသိ၊ အပြစ်ရှိတဲ့ အလုပ်ကိုလည်း အပြစ်ရှိမှန်းမသိ။ ဒီလို ဖြစ်နေကြတာဟာ မောဟဟိတ်ကြောင့်ပါ။

WWW.DHAMMARANSI.NET

ဒါကြောင့် မောဟဖုံးလွှမ်းနေတဲ့ လူများအဖို့ ပစ္စုပ္ပန် သံသရာ နှစ်ဖြာသော အကျိုးစီးပွား ပျက်ပြားကြရမှာ ဓမ္မတာပါ။

မောဟဟိတ်ဟာ အမှောင်သဘော ဆောင်ပါတယ်။ ယောနိသော မနသိကာရလို့ ခေါ်တဲ့ သင့်တင့်တဲ့နှလုံးသွင်းတတ်တဲ့ ပညာဉာဏ် ကင်းနေတော့ အမှောင်ထုဟာလည်း လင်းလာမှာ မဟုတ်တော့ပါဘူး။ လောဘဟိတ်နှင့် မောဟဟိတ်နှစ်ခု ပေါင်းမိပြီဆိုရင် လောဘက လိုချင်တယ်၊ လိုချင်တာကို မရရအောင်လုပ်တယ်။ မောဟဖုံးနေတာကြောင့် တရားသော မတရားသော နောဇာနာမိတို့မသိ ဖြစ်နေတယ်၊ ဒါ့အပြင် အသိဉာဏ်ပညာ ဆင်ခြင်တိုင်းထွာမှု ကင်းမဲ့တဲ့ မောဟတရားကြောင့် မြင်တွေ့သိကြား အာရုံခံစားမိသမျှ ဣဋ္ဌာရုံအပေါ်မှာလည်း လိုချင်တပ်မက်တဲ့ လောဘတဏှာ ဖြစ်လာတယ်။

ချောချောလှလှလေးမြင်ရင် လိုချင်တဲ့စိတ်ဖြစ်တယ်။ သူ့စိတ်မှာ အပြစ်ဖြစ်နေတာကို သူနားမလည်။ ဘယ်သူသေသေ ငတေမာရင် ပြီးရော။ လိုချင်တာရဖို့က အဓိက။ ဒါကြောင့် လောဘနဲ့ မောဟအပြိုင်ဖြစ်နေတဲ့ လူများရဲ့ ကိုယ်အမူအရာ၊ စိတ်အမူအရာ၊ နှုတ်အမူအရာတွေဟာ ဟေတုပစ္စည်းရဲ့ အကျိုး ပစ္စယုပ္ပန်တရားတွေကို ဖော်ပြနေတာဖြစ်ပါတယ်။

ဒီအတိုင်းပဲ ဒေါသဟိတ်နဲ့ မောဟဟိတ်နှစ်ပါး ဆုံကြ ပြန်တော့လည်း မြင်တွေ့ သိကြား အာရုံခံစားမှုအပေါ်မှာ မနှစ် သက်စရာ အနိဋ္ဌာရုံဖြစ်ရင် ထိုသူမှာ ဒေါသဖြစ်လာရပြီ။ ဒေါသ ဆိုတဲ့မီးကြောင့် ကိုယ်ကြမ်း စိတ်ကြမ်း ပရမ်းပတာ မဆင်မခြင် လုပ်မိပြီ။ ကြမ်းကြုတ်ပြစ်မှားရက်စက်ယုတ်မာလာပြီ။ ဒါဟာ ဒေါသနဲ့ မောဟဆိုတဲ့ ပညာဉာဏ်နဲ့ ဆင်ခြင်မှုမရှိတဲ့စိတ်ကြောင့် အကုသိုလ်အမှုတွေကို ကိုယ်နှုတ်နှလုံး သုံးပါးလုံးနဲ့ ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်း ပြုနေကြတာတွေ ဖြစ်တယ်။ ဒါဟာ ဒေါသနဲ့ မောဟကြောင့်ဖြစ်ရတဲ့ ဟေတုပစ္စည်းရဲ့ အကျိုးပစ္စယုပ္ပန် တရားတွေကို ဖော်ပြနေတာဖြစ်ပါတယ်။

WWW.DHAMMARANSI.NET

ကုသိုလ်ဘက်က အလောဘ၊ အဒေါသ၊ အမောဟ ဆိုတဲ့ ကုသိုလ်ဟိတ်အကြောင်းကို စဉ်းစားကြရအောင်။ ဒီ ကုသိုလ်တရားတွေကိုတော့ သူတော်ကောင်းများ၊ ပါရမီဖြည့်ဆည်းနေကြတဲ့ ပုဂ္ဂိုလ်များမှာသာ တွေ့မြင်နိုင်တဲ့ တရားတွေဖြစ် ပါတယ်။ အလောဘက မလိုချင်ပါဘူး၊ ပစ္စည်း ပစ္စယ ဗလိဗောဓတွေများလာရင် အဲဒီပစ္စည်းတွေအပေါ် တဏှာလောဘဖြစ်လာမယ်။ ဒါကြောင့် မလိုချင်ပါဘူး။ တဏှာလောဘ ခေါင်းပါးအောင် ကျင့်ကြံနေသူတွေဖြစ်တာကြောင့် ဘာကိုလိုချင်ကြဦးမှာလဲ။

အခုခေတ်မှာ ဒီလိုပုဂ္ဂိုလ်ကို ထမင်းထုပ်ထမ်းပြီးရှာရင် တွေ့နိုင်ပါဦးမလား။ အဒေါသက မေတ္တာနဲ့နေတဲ့စိတ်ပါ။ အချိန် ရှိသမျှ သတ္တဝါတွေအပေါ်မှာ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ ဘေးရန်ကင်းကြပါစေဆိုတဲ့ မေတ္တာနဲ့ နေတာပါ။ အမောဟ လို့ဆိုတဲ့ ပညာဉာဏ်ကလည်းရှိနေတော့ ရတနာသုံးပါး အပေါ်မှာလည်း ယုံမှား သံသယကင်းကြပါတယ်။ တွေဝေနေစရာ မလိုပါဘူး။ သူတို့ကိုယ်တိုင် တရားရဲ့ အရသာကို ခံစားနေမှတော့ ဘာကိုတွေဝေနေစရာ လိုဦးမှာလဲ။

---

## ၂ – အာရမ္မဏပစ္စယော

အာရမ္မဏပစ္စည်းဆိုတာ အာရုံပြုခြင်း အကြောင်းရင်းကို ဆိုတာဖြစ်တယ်။ စိတ်တစ်ခုဖြစ်လာဖို့ရန်အတွက် အာရုံပါမှ ဖြစ်မယ်။ အာရုံမပါဘဲ စိတ်ဆိုတာ ဖြစ်ကိုဖြစ်မလာနိုင်ပါဘူး။ ဒီတော့ အာရုံရယ် စိတ်ရယ်ပြီးတော့ စေတသိက်ရယ်ဟာ ဘယ်လိုဖြစ်လာရသလဲဆိုတာကို ပထမဦးဆုံး သိထားရပါမယ်။

ဗုဒ္ဓအဘိဓမ္မာအရ ကမ္ဘာလောကကြီးမှာ ပညတ်နဲ့

WWW.DHAMMARANSI.NET

ပရမတ် ဆိုတဲ့ တရားနှစ်ပါးပဲရှိတယ်။ ပညတ်ဆိုတာက လူတွေ ပြောဆိုခေါ်ဝေါ် သမုတ်နေကြတဲ့ ဝေါဟာရတွေကိုပြောတာ။ အမှန်တကယ်ရှိတယ်လို့ ထင်ရပေမယ့် ဉာဏ်မျက်စိနဲ့ ခွဲခြမ်း စိတ်ဖြာလိုက်တဲ့အခါမှာ ဘာဆိုဘာမှမရှိ အားလုံးပျောက်ကွယ် သွားကြရတာတွေပါ။

ဥပမာ- လူ၊ ခွေး၊ ကြောင်၊ အိမ်၊ မော်တော်ကား၊ မြင်း လှည်း၊ ဆိုက်ကား စတာတွေဟာ လူတွေက ပညတ်ထားတဲ့ အရာတွေပါ။ မော်တော်ကားကို တစ်စစီဖြုတ်ချလိုက်ရင် ကား ဆိုတာမရှိတော့ဘူးပေါ့။ ကားအစိတ်အပိုင်း အားလုံးဟာ သူ့ အမည်နဲ့သူ ရှိနေတာ။ ဘီးဟာ ကားမဟုတ်သလို အင်ဂျင်ဟာ လည်း ကားမဟုတ်ဘူး။ ဒါကြောင့် မော်တော်ကားဟာ လူတွေ က ပညတ်ထားတဲ့ အရာဝတ္ထုတစ်ခုသာဖြစ်တယ်။ ပညတ်မှန် သမျှ အားလုံးဒီအတိုင်းပဲ။ ပရမတ်တရားဆိုတာ မဖောက်မပြန် မှန်ကန်တဲ့ တရားကိုခေါ်တယ်။ တကယ်လည်းရှိတယ်။ ဉာဏ် မျက်စိနဲ့ ခွဲခြမ်းစိတ်ဖြာဝေဖန်ပိုင်းခြားလိုက်ရင်လည်း မဖောက် မပြန် အမြဲမှန်နေတဲ့ တရားဖြစ်တယ်။ အဲဒီ ပရမတ်တရားဟာ လေးပါးရှိပါတယ်။ (၁) စိတ်၊ (၂) စေတသိက်၊ (၃) ရုပ်၊ (၄) နိဗ္ဗာန်ဆိုတဲ့ တရားတွေဟာ ပရမတ်တရားတွေ ဖြစ်ကြပါတယ်။

စိတ်ဆိုတာ အာရုံကိုသိတတ်တဲ့ သဘောတရား။

စေတသိက်ဆိုတာ စိတ်ကိုမှီတွယ်ပြီး စိတ်ကို ခြယ်လှယ် တဲ့ တရား။

F2B

WWW.DHAMMARANSI.NET

- စေတသိက်ဟာ စိတ်နဲ့အတူဖြစ်တယ်။ စိတ်နဲ့အတူချုပ်တယ်။ စိတ်နဲ့တူတဲ့ အာရုံရှိတယ်။ စိတ်နဲ့တူတဲ့ မှီရာဝတ္ထုလည်း ရှိတယ်။

စိတ်နဲ့ စေတသိက်တို့ဟာ မှီတွယ်ရာအာရုံရှိမှ ဖြစ်နိုင်ကြပါတယ်။ မှီတွယ်ရာ အာရုံမရှိရင် စိတ်၊ စေတသိက်ဆိုတာဖြစ်မလာနိုင်ပါဘူး။ စိတ်နဲ့ စေတသိက်နှစ်ခုပေါင်းရင် နာမ်လို့ခေါ်ပါတယ်။ စေတသိက်တရား ၅၂-ပါး ရှိပါတယ်။

- ရုပ်ဆိုတာ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောစတဲ့ ပူမှု၊ အေးမှု၊ ဖွဲ့စည်းမှု၊ ယိုစည်းမှု၊ တွန်းကန်မှုစတဲ့ ဆန့်ကျင်ဘက် အကြောင်းတရားတွေကြောင့် ဖောက်ပြန်တတ်တဲ့ သဘောရှိတဲ့ တရားဖြစ်ပါတယ်။

- နိဗ္ဗာန်ဆိုတာ ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာဟာ နိဗ္ဗာန်ဖြစ်ပါတယ်။

အခုစိတ်ရဲ့ ဖြစ်စဉ်ကို ဆက်ပြီး ကြည့်ကြရအောင်၊ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်လို့ခေါ်တဲ့ ဒွါရခြောက်ပါးမှာ အာရုံထင်မြင်လာတဲ့အခါ စိတ်ဟာ သူ့ရဲ့အစီအစဉ်အတိုင်း တစ်ခုပြီးတစ်ခု ဆက်ဆက်ဖြစ်လာပါတယ်။ ဖြစ်ပုံတွေဟာ မြန်ဆန်လွန်းလို့ တစ်ဆက်တည်း၊ တစ်ပြိုင်တည်းဖြစ်လာတာမှ ဟုတ်ရဲ့လားလို့ ထင်ရတယ်။

စိတ်ဟာ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာ ကုဋေတစ်သိန်းကျော် ဖြစ်ပျက်သွားတယ်။ တစ်စက္ကန့်မှာ ကုဋေတစ်သိန်းဆိုပါတော့။ အလွန်ကို မြန်ဆန်ပါတယ်။ ရုပ်ကတော့

WWW.DHAMMARANSI.NET

စိတ်သက် ၁၇-ချက်မှာ ရုပ်သက်တစ်ခုပဲ ဖြစ်တယ်။ ဒါကြောင့် တစ်စက္ကန့်မှာ ရုပ်ကလာပ်ပေါင်း ကုဋေ ၅၀၀၀ ကျော် ရှေ့ဆင့် နောက်ဆင့် ဖြစ်ပျက်သွားကြတယ်။

သတ္တဝါတို့ရဲ့ ဘဝအစဟာ ပဋိသန္ဓေစိတ်နဲ့ စတင် ဖြစ်ပေါ်လာရပါတယ်။ အဲဒီ ပဋိသန္ဓေစိတ်ချုပ်တာနဲ့ တစ်ပြိုင် နက် ဘဝင်စိတ်ဆိုတာ တန်းပြီးဖြစ်လာတယ်။ ဘဝင်စိတ်ဟာ ဒီသတ္တဝါ သေဆုံးသွားတဲ့အခါမှသာ နောက်ဆုံး စုတိစိတ်နဲ့ ချုပ်သွားတယ်။ မွေးလာတဲ့အချိန်ကစပြီး ဘဝင်စိတ်အစဉ်ဟာ တန်းပြီးဆက်ဆက်ဖြစ်နေတယ်။ သူ့ကိုပြင်ပက အာရုံတစ်ခုခု နဲ့ မထိမိ မခိုက်မိ မတိုက်မိသမျှ သူဖြစ်မြဲအတိုင်း အစဉ်လိုက် ဆက်ဆက်ဖြစ်နေတယ်။

အဲ ပြင်ပက အာရုံတစ်ခုခုနဲ့များ ဆုံမိကြုံမိပြီဆိုရင် ဘဝင်စိတ်ဟာ ယူနေကျအာရုံကိုလည်း မစွန့်လွှတ်နိုင်၊ အာရုံ အသစ်ကိုလည်း လိုချင်ပြန်။ ဒီအခါမှာ သူ့ရဲ့ပင်ကိုသဘာဝ ကနေ ဖောက်ပြန်ပြီးတော့ ဘဝင်စိတ်ဟာ နှစ်ကြိမ်လှုပ်သွား ပါတယ်။

ပထမလှုပ်သွားတဲ့ ဘဝင်စိတ်ကို "ဘဝင်္ဂစလန"လို့ ခေါ်တယ်။ လှုပ်သွားတဲ့ ဘဝင်လို့ဆိုတယ်။ ဒုတိယအကြိမ်လှုပ် သွားတဲ့ ဘဝင်ကိုတော့ "ဘဝင်္ဂုပစ္ဆေဒ" "ပြတ်စဲသွားတဲ့ဘဝင်" လို့ ဆိုတာ။ အာရုံနဲ့ ဒွါရ မထိတွေ့မိက ရှိနေတဲ့ဘဝင်ကိုတော့ "အတီတဘဝင်"လို့ ခေါ်တယ်။ ဒါကိုရှင်းအောင် ရှေးဆရာတော် ကြီးများက သရက်သီးကြွေတဲ့ ဥပမာနဲ့ ရှင်းပြကြတယ်။

WWW.DHAMMARANSI.NET

လူတစ်ယောက်ဟာ သရက်ပင်ရင်းမှာ အိပ်ပျော်နေတယ် ဆိုပါစို့။ ဒီလိုအိပ်ပျော်နေတယ် ဆိုတာဟာ ဘဝင်စိတ်အစဉ်အဆက်ဖြစ်နေတာနဲ့တူတယ်။ ဒီအချိန်မှာ သရက်သီးအမှည့်တစ်လုံး သူ့ဘေးမှာ ကြွေကျလာတယ်။ ဒါဟာပြင်ပအာရုံတစ်ခုခုက ဒွါရပသာဒရုပ်ကို ထိခိုက်လိုက်တာနဲ့ တူတယ်။ သရက်သီးကြွေကျတဲ့အသံကြောင့် သူအိပ်နေရာက ထလိုက်ဖို့ကြိုးစားလှုပ်ရှားလိုက်တယ်။ ဘဝင်စိတ် နှစ်ကြိမ် လှုပ်သွားတာနဲ့တူတယ်။

ဘာသံပါလိမ့်ဆိုပြီး စူးစမ်း ဆင်ခြင်လိုက်တယ်။ ပဉ္စဒွါရာဝဇ္ဇန်းစိတ်က အာရုံကို နှလုံးသွင်းလိုက်တာနဲ့ တူတယ်။ သရက်သီးကိုမြင်တယ်။ ပဉ္စဝိညာဏ်စိတ် ဖြစ်လာတာနဲ့တူတယ်။ သရက်သီးကို ကောက်ယူပြီး ကြည့်တယ်။ သမ္ပဋိစ္ဆိုန်းစိတ်က အာရုံကို လက်ခံလိုက်တာနဲ့တူတယ်။ သရက်သီးကို အနီးကပ်ကြည့်ရှုပြီးနမ်းကြည့်လိုက်တယ်။ သန္တီရဏစိတ်က အာရုံကို စုံစမ်းလိုက်တာနဲ့တူတယ်။ သရက်သီးက ဝင်းမှည့်နေပြီ။ စားလို့ရမှန်းသိပြီ။ ဒါဟာ ဝုဋ္ဌောစိတ်က အာရုံဟာ ကောင်းမကောင်း ဆုံးဖြတ်လိုက်တာနဲ့တူတယ်။ သရက်သီးကို အားရပါးရ ခုနစ်ကြိမ်လောက်ကိုက်ပြီး ဝါးစားလိုက်တယ်။ အာရုံရဲ့ အရသာကိုဇောခုနစ်ကြိမ်နဲ့ ခံစားတာနဲ့တူတယ်။ ပါးစပ်ထဲမှာ ကျန်တဲ့သရက်သီးတွေကို ဝါးပြီးမျိုချလိုက်တယ်။ တဒါရုံ နှစ်ကြိမ်နဲ့အာရုံကိုခံစားတာနဲ့ တူတယ်။ သရက်သီး စားပြီးတော့ အဲဒီလူဟာ ဆက်ပြီးအိပ်နေလိုက်တယ်။ ဘဝင်စိတ်အစဉ်ဟာ မူလ

WWW.DHAMMARANSI.NET

အတိုင်း ဆက်ဆက်ဖြစ်နေတာနဲ့ တူတယ်။ စိတ်ရဲ့ဖြစ်ပဉ်ဟာ ဒီအတိုင်းပဲ ဖြစ်နေပါတယ်။

ဒါကို အတိုချုပ်မှတ်ရင် အတီတဘဝင်၊ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုန်း၊ သန္တီရဏ၊ ဝုဋ္ဌော. . . ဇော. . . ဇော. . . ဇော. . . ဇော. . . ဇော. . . ဇော. . . ဇော. . . တဒါရုံ. . . တဒါရုံ၊

ဥပမာ စက္ခုဝိညာဏ်စိတ် ဖြစ်လာပုံကို ကြည့်ကြရအောင်။ စက္ခု ဝိညာဏ်စိတ်ဖြစ်လာဖို့ရန်အတွက်-

(၁) စက္ခုပသာဒ ကောင်းရမယ်။

(၂) မြင်နိုင်တဲ့ ရူပါရုံဆိုတဲ့ အဆင်းရှိရမယ်။

(၃) အာလောကလို့ ခေါ်တဲ့ အရောင်အလင်း ရှိရမယ်။

(၄) မနသိကာရလို့ ခေါ်တဲ့ နှလုံးသွင်းမှုလည်း ရှိရမယ်။

ဒါဆိုရင် စက္ခုဝိညာဏ်စိတ်ဟာ ဖြစ်ကိုဖြစ်လာမယ်။ ဘယ်သူကမှ တားလို့မရဘူး။ ဒီလေးမျိုးထဲက တစ်ခုခုချွတ်ယွင်းနေရင်လည်း စက္ခုဝိညာဏ်စိတ်ဟာ ဖြစ်မလာဘူး။ ဘယ်သူကမှ မြင်စေသတည်းဆိုပြီး ဖန်ဆင်းလို့မရဘူး။ မျက်စိနဲ့ရူပါရုံကို မြင်လိုက်တာဟာ ရူပါရုံက စက္ခုဝိညာဏ်စိတ်ကို အာရမ္မဏပစ္စည်းအဖြစ်နဲ့ အထောက်အပံ့ ပြုလုပ်လိုက်တာဖြစ်တယ်။ ဒီအတိုင်းပဲ-

WWW.DHAMMARANSI.NET

သောတအာရုံကလည်း-

(၁) သောတပသာဒ ကောင်းရမယ်။

(၂) သဒ္ဒါရုံဆိုတဲ့ ကြားနိုင်တဲ့ အသံရှိရမယ်။

(၃) အာကာသဓာတ်ဆိုတဲ့ လေဖြတ်သန်းသွားနိုင်တဲ့ ဟင်းလင်းနယ် ရှိရမယ်။

(၄) မနသိကာရလို့ ခေါ်တဲ့ နှလုံးသွင်း သတိထားမှုလည်းရှိရမယ်။

ឃာနလို့ခေါ်တဲ့ အနံ့အာရုံကလည်း-

(၁) ឃာနပသာဒ ကောင်းရမယ်။

(၂) ဂန္ဓာရုံဆိုတဲ့ အနံ့ရှိရမယ်။

(၃) အနံ့ကို ဆောင်ယူတဲ့ လေလို့ခေါ်တဲ့ "ဝါတ" ရှိရမယ်။

(၄) မနသိကာရလို့ခေါ်တဲ့ နှလုံးသွင်း သတိထားမှုလည်း ရှိရမယ်။

ဇိဝှာဝိညာဏလို့ခေါ်တဲ့ ရသာရုံကလည်း-

(၁) ဇိဝှါပသာဒ ကောင်းရမယ်။

(၂) ရသာရုံဆိုတဲ့ အရသာဓာတ်လည်း ရှိရမယ်။

(၃) ထဒ္ဓပထဝီလို့ခေါ်တဲ့ ခက်မာတဲ့ ပထဝီဓာတ် ရှိရမယ်။

(၄) မနသိကာရလို့ခေါ်တဲ့ နှလုံးသွင်း သတိထားမှုလည်း ရှိရမယ်။

WWW.DHAMMARANSI.NET

မနော ဝိညာဏဓာတ်ဖြစ်ဖို့ရန်-

(၁) မနောဒွါရလို့ခေါ်တဲ့ ဘဝင်စိတ်အစဉ် ရှိရမယ်။

(၂) ပဉ္စာရုံ ဒါမှမဟုတ် ဓမ္မာရုံလို့ခေါ်တဲ့ အာရုံတစ်ခုခု ရှိရမယ်။

(၃) ဟဒယဝတ္ထုလို့ခေါ်တဲ့ စိတ်ရဲ့ မှီတွယ်ရာဝတ္ထု ရှိရမယ်။

(၄) မနသိကာရလို့ခေါ်တဲ့ နှလုံးသွင်း သတိထားမှု လည်း ရှိရမယ်။

အခုဖော်ပြခဲ့တဲ့ စိတ်ရဲ့ဖြစ်စဉ် အကြောင်းတွေကို ယေဘုယျ အနေနဲ့ သိထားရင် အာရမ္မဏပစ္စယကို ဆက်ပြီး စဉ်းစားကြည့်ကြရအောင်-

## ပါဠိတော်နှင့်ပါဠိတော်အနက်

အာရမ္မဏပစ္စယောတိ၊ ရူပါယတနံ စက္ခုဝိညာဏ ဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏ ပစ္စယေန ပစ္စယော။

သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံ သမ္ပယုတ္တ ကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ဂန္ဓာယတနံ ဃာနဝိညာဏ ဓာတုယာ တံ သမ္ပယုတ္တ ကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ရသာယတနံ ဇိဝှာဝိညာဏ ဓာတုယာ တံ သမ္ပယုတ္တ ကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

WWW.DHAMMARANSI.NET

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏ ဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

သဗ္ဗေဓမ္မာ မနောဝိညာဏ ဓာတုယာ တံ သမ္ပယုတ္တ ကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ယံယံဓမ္မံအာရဗ္ဘ ယေယေဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တ စေတ သိကာ ဓမ္မာ တေတေဓမ္မာ တေသံ တေသံဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

အာရမ္မဏပစ္စယောတိ၊ အာရမ္မဏပစ္စည်းဆိုသည်ကား။ ရူပါယတနံ၊ အဆင်းဝဏ္ဏ ရှိသမျှဥဿုံ အလုံးစုံသော ရူပါရုံသည်။ စက္ခုဝိညာဏဓာတုယာစ၊ မြင်သိသဘာဝ စက္ခုဝိညာဏ ဓာတ်အားလည်းကောင်း။ တံ သမ္ပယုတ္တကာနံ၊ ထိုမြင်သိသဘာဝ စက္ခုဝိညာဏ်စိတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် တရားတို့အား လည်းကောင်း။ အာရမ္မဏပစ္စယေန၊ ဆွဲကိုင်ရာ ပမာဏ အာရမ္မဏသတ္တိထူးဖြင့်။ ပစ္စယော၊ ဆွဲဆောင်ကြမ္မူ ကျေးဇူးပြုသည်၊ ဟောတိ၊ ဖြစ်၏။

သဒ္ဒါယတနံ၊ အသံဟူသမျှ ရှိသမျှဥဿုံ အလုံးစုံသော အသံသဒ္ဒါရုံသည်။ သောတ ဝိညာဏဓာတုယာစ၊ ကြားသိ သဘာဝ သောတဝိညာဏ ဓာတ်အား လည်းကောင်း။ တံ သမ္ပ

WWW.DHAMMARANSI.NET

ယုတ္တကာနံ၊ ထိုကြားသိသဘာဝ သောတဝိညာဏ်စိတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာ နဥ္စ၊ စေတသိက်တရားတို့အား လည်းကောင်း။ အာရမ္မဏ ပစ္စယေန၊ ဆွဲကိုင်ရာပမာဏ အာရမ္မဏသတ္တိထူးဖြင့်။ ပစ္စယော၊ ဆွဲဆောင်ကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ဂန္ဓာယတနံ၊ အနံ့ဟူသမျှ ရှိသမျှဥဿုံ အလုံးစုံသော အနံ့ ဂန္ဓာရုံသည်။ ဃာနဝိညာဏဓာတုယာစ၊ နံ့သိသဘာဝ ရှိရှိသမျှသော ဃာနဝိညာဏဓာတ်အားလည်းကောင်း။ တံ သမ္ပယုတ္တကာနံ၊ ထိုနံ့သိသဘာဝ ဃာနဝိညာဏ်စိတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဥ္စ၊ စေတသိက်တရားတို့အား လည်းကောင်း။ အာရမ္မဏပစ္စယေန၊ ဆွဲကိုင်ရာပမာဏ အာရမ္မဏသတ္တိထူးဖြင့်။ ပစ္စယော၊ ဆွဲဆောင်မှု၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ရသာယတနံ၊ ချို ချဉ် စပ် ငန် ဖန် ခါး ဟူသည့် ခြောက်ပါးရသ ရှိသမျှဥဿုံ အလုံးစုံသောရသာရုံဟူသမျှသည်။ ဇိဝှါဝိညာဏဓာတုယာစ၊ စားသိသဘာဝ ဇိဝှာဝိညာဏဓာတ်အား လည်းကောင်း။ တံ သမ္ပယုတ္တကာနံ၊ ထိုစားသိသဘာဝ ဇိဝှါဝိညာဏ်စိတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဥ္စ၊ စေတသိက်တရားတို့အား လည်းကောင်း၊ အာရမ္မဏပစ္စယေန၊ ဆွဲကိုင်ရာ ပမာဏ အာရမ္မဏ သတ္တိထူးဖြင့်။ ပစ္စယော၊ ဆွဲဆောင်ကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ဖောဋ္ဌဗ္ဗာယတနံ၊ ထိချင် တွေ့ချင် ပွေ့ဖက်ချင်သည့် ရှိသမျှ ဥဿုံ အလုံးစုံသော ဖောဋ္ဌဗ္ဗာရုံသည်။ ကာယဝိညာဏ

WWW.DHAMMARANSI.NET

ဓာတုယာစ၊ ထိသိသဘာဝ ကာယဝိညာဏ ဓာတ်အားလည်း ကောင်း။ တံ သမ္ပယုတ္တကာနံ၊ ထိုထိသိသဘာဝကာယဝိညာဏ် စိတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အား လည်းကောင်း။ အာရမ္မဏပစ္စယေန၊ ဆွဲကိုင်ရာ ပမာဏ အာရမ္မဏ သတ္တိထူးဖြင့်။ ပစ္စယော၊ ဆွဲဆောင်ကြမ္မူ ကျေးဇူး ပြုသည်။ ဟောတိ၊ ဖြစ်၏။

ရူပါယတနံ၊ အဆင်းဟူက ရှိသမျှဥသုံ အလုံးစုံသော ရူပါရုံသည် လည်းကောင်း။ သဒ္ဒါယတနံ၊ အသံဟူက ရှိသမျှ ဥသုံ အလုံးစုံသော သဒ္ဒါရုံသည်လည်းကောင်း။ ဂန္ဓာယတနံ၊ အနံ့ဟူက ရှိသမျှဥသုံ အလုံးစုံသော အနံ့တို့သည် လည်း ကောင်း။ ရသာယတနံ၊ ခြောက်ပါးရသ ဟူသမျှသော ရသာ ရုံသည်လည်းကောင်း။ ဖောဋ္ဌဗ္ဗာယတနံ၊ ထိမှုတွေ့မှု ဟူသမျှ တို့သည်လည်းကောင်း။ မနောဓာတုယာ၊ အာရုံကိုခံယူသည့် မနောဓာတ်အား လည်းကောင်း။ တံ သမ္ပယုတ္တကာနံ၊ ထိုအာရုံ ကိုခံယူသည့် မနောဓာတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတ သိက်တရားတို့ အားလည်းကောင်း။ အာရမ္မဏ ပစ္စယေန၊ ဆွဲကိုင်ရာ ပမာဏအာရမ္မဏ သတ္တိထူးဖြင့်။ ပစ္စယော၊ ဆွဲဆောင် ကြမ္မူ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဓမ္မာ၊ အာရုံခြောက်ပါး ပစ္စည်းတရားတို့သည်။ မနောဝိညာဏဓာတုယာစ၊ ကြံသိသဘာဝ မနောဝိညာဏဓာတ်အားလည်းကောင်း။ တံ သမ္ပယုတ္တကာနံ၊

WWW.DHAMMARANSI.NET

ထိုကြံသိသဘာဝ မနောဝိညာဏစာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဥ၊ စေတသိက် တရားတို့အား လည်းကောင်း။ အာရမ္မဏပစ္စယေန၊ ဆွဲကိုင်ရာပမာဏ အာရမ္မဏသတ္တိထူးဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ယံ ယံ ဓမ္မံ၊ အကြင်အကြင် (ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗ၊ ဓမ္မာ စသည်) အာရုံခြောက်ပါး ပစ္စည်းတရားကို။ အာရဗ္ဘ၊ အာရုံပြု၍။ စိတ္တစေတသိကာ၊ စိတ်စေတသိက်ဖြစ်ကြကုန်သော။ ယေ ယေ ဓမ္မာ၊ အကြင် အကြင် အကျိုးပစ္စယုပ္ပန်တရားတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကြကုန်၏။ တေ တေ ဓမ္မာ၊ ထိုထို အာရုံခြောက်ပါး ပစ္စည်းတရားတို့သည်။ တေသံ တေသံ ဓမ္မာနံ၊ ထိုထို အာရုံပြုကြသော စိတ်စေတသိက်တရားတို့အား။ အာရမ္မဏပစ္စယေန၊ ဆွဲကိုင်ရာ ပမာဏ အာရမ္မဏသတ္တိထူးဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

## အဓိပ္ပာယ်ရှင်းပြချက်

မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ အာရုံခြောက်ပါး ပစ္စည်းတရားတွေဟာ မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ စားသိစိတ်၊ ထိသိစိတ်၊ ကြံသိစိတ်ဆိုတဲ့ ဝိညာဏတရားတွေ၊ သူနဲ့အတူ ယှဉ်ဖက်ဖြစ်တဲ့ စိတ်စေတသိက်တရားတွေကို "အာရုံ"အဖြစ် ဖြစ်ပေါ်လာအောင် ကျေးဇူးပြုလိုက်တာဖြစ်တယ်။

အာရုံခြောက်ပါးပစ္စည်းတရားတွေကို အာရုံသဘာဝ အမှီရပြီးတဲ့နောက်မှ စိတ်စေတသိက်စတဲ့ အကျိုးတရားတွေကို ဖြစ်လာရတာ။ ဒါ့ကြောင့် ဒီအာရုံခြောက်ပါး ပစ္စည်းတရားတွေက "အာရုံ"ဖြစ်ပေါ်လာအောင် ဆွဲဆောင်လိုက်တာဖြစ်တယ်။

WWW.DHAMMARANSI.NET

အာရုံခြောက်ပါး ဝိညာဏတရားတွေဖြစ်ပျက်ကြပုံထဲက စက္ခုဝိညာဏ်စိတ်ဖြစ်လာပုံကိုကြည့်ရင် စက္ခုဝိညာဏ်စိတ်ဖြစ်ဖို့ စက္ခုပသာဒကောင်းရမယ်။ ဆိုလိုတာက မျက်စိပသာဒကလည်း ကောင်းနေရမယ်။ မျက်စိပသာဒ မကောင်းရင် ဘယ်လိုလုပ်ပြီး မြင်ဦးမှာလဲ။ ရူပါရုံဆိုတဲ့အဆင်း ရုပ်သွင်သဏ္ဌာန်ကလည်း မျက်စိရှေ့မှာ ရှိနေရမယ်။ ပြီးတော့အာလောကခေါ်တဲ့ အလင်းရောင်ကလည်း ရှိရမယ်။ တစ်ခါ မနသိကာရလို့ခေါ်တဲ့ နှလုံးသွင်း သတိမူမှုရှိရမယ်။ ဒါတွေပြည့်စုံနေရင် စက္ခုဝိညာဏ်စိတ်တန်းဖြစ်လာမှာပဲ။ ဘယ်သူမှ တားဆီးလို့ မရပါဘူး။

တစ်ခါတစ်ခါ လူ့လောကမှာ ကြုံရပုံလေးကို စဉ်းစားကြည့်ပါ။ လူတစ်ယောက်ဟာ စက္ခုပသာဒလည်း ကောင်းတယ်။ သူ့ရှေ့မှာ သူ့ရဲ့အသိမိတ်ဆွေဆိုတဲ့ ရူပါရုံ ရုပ်အဆင်းကြီးလည်း ရှိနေတယ်၊ အရောင်အလင်းကလည်း ရှိနေတယ်။ ဒါပေမယ့် သူက အဲဒီမိတ်ဆွေကိုမမြင်လိုက်ဘူး။ သူ့မိတ်ဆွေကသူ့ကိုတွေ့တော့ ပြုံးပြုံးနှုတ်ဆက်လိုက်တယ်။ သူ့နှလုံးသွင်း သတိမူနေတာက တခြားမှာဆိုတော့ သူမမြင်လိုက်ဘူးပေါ့။

ဒါကို သူ့မိတ်ဆွေက အထင်လွဲသွားတယ်။ လူတစ်ယောက်လုံးကို တွေ့တာတောင် မမြင်ချင်ယောင် ဆောင်သွားတယ်ပေါ့။ ဒါဘာကြောင့် ဖြစ်ရတာလဲဆိုတော့ "မနသိကာရ"လို့ ခေါ်တဲ့ နှလုံးသွင်းမှု မရှိတာကြောင့် ဖြစ်ရတာပါ။

ဒီအတိုင်းပဲ တခြားဝိညာဏတရားတွေဟာလည်း သူ့အကြောင်းနဲ့သူ့အကျိုးနဲ့ ဖြစ်နေကြရတာပါ။ ဒါကြောင့် ဗုဒ္ဓမြတ်စွာက "ရူပါရုံဟာစက္ခုဝိညာဏဓာတ်ကို လည်းကောင်း၊ အဲဒီ စက္ခုဝိညာဏဓာတ်နဲ့ ယှဉ်တဲ့စေတသိက်တရား အားလုံးကိုလည်းကောင်း၊ အာရုံအဖြစ်ဖြင့် ကျေးဇူးပြုနိုင်တဲ့ သတ္တိနဲ့ ကျေးဇူးပြုတယ်"လို့ ဟောခဲ့တာ။ အသံ သဒ္ဒါရုံ၊ အနံ့ဂန္ဓာရုံ၊ အရသာ ဇိဝှာ၊ အတွေ့အထိ ဖောဋ္ဌဗ္ဗ၊ စိတ်ထဲကနေသိတဲ့ မနော

WWW.DHAMMARANSI.NET

ဝိညာဏ် အစရှိတာတွေဟာ အာရုံကြောင့် ဖြစ်ရတာလို့ ဟောခဲ့ပါတယ်။ ဒီအာရုံတွေကို အကြောင်းပြုပြီး စိတ်စေတသိက် အကျိုးတရားတွေလည်း ဖြစ်လာကြရတယ်။

ဒီစိတ် စေတသိက်တရားတွေဟာ အာရုံပြုခြင်းအကြောင်းကြောင့် "အာရမ္မဏသတ္တိ"နဲ့ ကျေးဇူးပြုလိုက်တာလို့ ဟောခဲ့ပါတယ်။ ဒီအာရုံတွေနဲ့ "ဟေတုပစ္စယော"က ဟိတ်ခြောက်ပါး ပေါင်းလိုက်တဲ့အခါ ကမ္ဘာလောကကြီးမှာ ဖြစ်ပျက်နေကြတဲ့ ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံတွေရဲ့ လက်သည်ကို တွေ့ကြရမှာပါ။ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ အကုသိုလ်တရားတွေကြောင့် ဒီလောက်များပြားတဲ့ ပဋိပက္ခတွေ ဖြစ်ပေါ်နေကြတာပဲဆိုတာ တွေ့ရမှာပါ။

---

## ၃ – အဓိပတိပစ္စယော

အဓိပတိဆိုတာ အားလုံးအပေါ်မှာ ထိပ်ဆုံးက။ သူနဲ့ ပြိုင်ဖက် ယှဉ်ဖက် တုဖက်မရှိ ဘုရင်ဆိုရင်လည်း သူကလောကကြီး တစ်ခုလုံး၊ ကမ္ဘာကြီးတစ်ခုလုံး၊ စကြဝဠာကြီး တစ်ခုလုံးကို အုပ်ချုပ်တဲ့ ဘုရင်။ အဲဒီလို အားလုံးအပေါ်မှာ ကြီးကဲလွှမ်းမိုး အစိုးရခြင်းအဖြစ်နဲ့ ကျေးဇူးပြုတဲ့တရားကို အဓိပတိပစ္စည်းလို့ ခေါ်ပါ တယ်။ ဒါကြောင့် မြတ်ဗုဒ္ဓက-

### ပါဠိတော်နှင့် ပါဠိတော်အနက်

အဓိပတိပစ္စယောတိ၊ ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

WWW.DHAMMARANSI.NET

ဝီရိယာဓိပတိ ဝီရိယသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

စိတ္တာဓိပတိ စိတ္တသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

ဝီမံသာဓိပတိ ဝီမံသသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

ယံ ယံ ဓမ္မံ ဂရုံကတွာ ယေယေဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ တေတေဓမ္မာ တေသံတေသံ ဓမ္မာနံ အဓိပတိပစ္စယေန ပစ္စယော။

အဓိပတိပစ္စယောတိ၊ အဓိပတိ ပစ္စည်းဆိုသည်ကား။ ဆန္ဒာဓိပတိ၊ အကြီးအမှူးဖြစ်သော ဆန္ဒသည်။ ဆန္ဒသမ္ပယုတ္တကာနံ၊ ဆန္ဒနှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်စေတသိက်တရားတို့အားလည်းကောင်း။ တံသမုဋ္ဌာနာနံ၊ ထိုအကြီးအမှူးဆန္ဒကြောင့် ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်တို့အား လည်းကောင်း။ အဓိပတိပစ္စယေန၊ အကြီးအမှူးဖြစ်သည့် အကြောင်းသတ္တိဖြင့်၊ ပစ္စယော၊ ထိုထိုကိစ္စပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ဝီရိယာဓိပတိ၊ အကြီးအမှူးဖြစ်သော ဝီရိယသည်။ ဝီရိယသမ္ပယုတ္တကာနံ၊ ဝီရိယနှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်စေတသိက်တရားတို့အား လည်းကောင်း၊ တံသမုဋ္ဌာနာနံ၊ ထိုအကြီးအမှူး ဝီရိယကြောင့်ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်တို့အား လည်းကောင်း။ အဓိပတိပစ္စယေန၊ အကြီးအမှူးဖြစ်

သည့် အကြောင်းသတ္တိဖြင့်။ ပစ္စယော၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

စိတ္တာဓိပတိ၊ အကြီးအမှူးဖြစ်သောစိတ်သည်။ စိတ္တသမ္ပယုတ္တကာနံ၊ စိတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်စေတသိက်တရားတို့အားလည်းကောင်း။ တံသမုဋ္ဌာနာနံ၊ ထိုအကြီးအမှူးစိတ်ကြောင့်ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်တို့အားလည်းကောင်း။ အဓိပတိပစ္စယေန၊ အကြီးအမှူးဖြစ်သည့် အကြောင်းသတ္တိဖြင့်။ ပစ္စယော၊ ထိုထိုကိစ္စပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ဝီမံသာဓိပတိ၊ အကြီးအမှူးဖြစ်သောပညာသည်။ ဝီမံသသမ္ပယုတ္တကာနံ၊ ပညာဉာဏ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်စေတသိက် တရားတို့အားလည်းကောင်း။ တံသမုဋ္ဌာနာနံ၊ ထိုအကြီးအမှူး ပညာကြောင့်ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်တို့အားလည်းကောင်း။ အဓိပတိပစ္စယေန၊ အကြီးအမှူးဖြစ်သည့် အကြောင်း သတ္တိဖြင့်။ ပစ္စယော၊ ထိုထိုကိစ္စပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ယံယံဓမ္မံ၊ အကြင်အကြင်သို့သော အလေးပြုအပ် မြတ်သော အာရုံခြောက်ပါး ပစ္စည်းတရားကို။ ဂရုံကတွာ၊ အလေးအမြတ်ပြု၍။ စိတ္တစေတသိကာဓမ္မာ၊ စိတ်စေတသိက်တရားတို့ ဖြစ်ကြကုန်သော။ ယေယေဓမ္မာ၊ အကြင်အကြင် အာရမ္မဏာ ပစ္စယုပ္ပန်တရားတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကြကုန်၏။ တေတေဓမ္မာ၊

WWW.DHAMMARANSI.NET

ထိုအာရုံခြောက်ပါး အလေးအမြတ်ပြုအပ်သော ပစ္စည်းတရားတို့သည်။ တေသံတေသံ ဓမ္မာနံ၊ ထိုထိုအလေးအမြတ် ပြုအပ်သော စိတ်စေတသိက်တရားတို့အား၊ အဓိပတိပစ္စယေန၊ အလေးအမြတ်ပြုအပ်သော အာရုံသတ္တိဖြင့်။ ပစ္စယော၊ အလေး အမြတ်ပြုအောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

## အဓိပ္ပာယ်ရှင်းပြချက်

အဓိပတိပစ္စည်းက နှစ်မျိုးနှစ်စားရှိပါသည်။ သဟဇာတာဓိပတိနဲ့ အာရမ္မဏာဓိပတိပါ။ သဟဇာတာဓိပတိပစ္စည်းက အားကြီးသော ဆန္ဒ၊ ဝီရိယ၊ စိတ္တနဲ့ ဝီမံသ(ပညာ)တို့ ဖြစ်ကြပါတယ်။ အာရမ္မဏာဓိပတိပစ္စည်းက မိမိအာရုံပြုတဲ့စိတ်ကို လွှမ်းမိုးချုပ်ကိုင်တာမျိုးဖြစ်ပါတယ်။

ဒီနေရာမှာ အာရမ္မဏပစ္စည်းနဲ့ အာရမ္မဏာဓိပတိပစ္စည်း တရားနှစ်ပါးရဲ့ ထူးခြားကွဲပြားမှုကတော့-

(၁) သာမညသဘောနဲ့ ဖြစ်နေတဲ့အာရုံကို ကျေးဇူးပြုတာဟာ အာရမ္မဏပစ္စည်းရဲ့ သဘောပါ။

(၂) အာရုံပြုတဲ့စိတ်ကို လွှမ်းမိုးချုပ်ကိုင်ခြင်း သဘောနဲ့ ကျေးဇူးပြုတာကိုတော့ အာရမ္မဏာဓိပတိပစ္စည်းလို့ ခေါ်ပါတယ်။

မိမိနဲ့အတူ ဖြစ်ဖော်ဖြစ်ဖက် ယှဉ်ဖော်ယှဉ်ဖက် ဖြစ်တဲ့ စိတ်စေတသိက်တရားတွေအပေါ်မှာ လွှမ်းမိုးအုပ်စိုးတာကို သဟဇာတာဓိပတိပစ္စည်းလို့ခေါ်တယ်။ ဥပမာ-

ဆန္ဒာဓိပတိတပ်ပြီဆိုရင် ဆန္ဒနဲ့ယှဉ်ဖော်ယှဉ်ဖက်ဖြစ်တဲ့ စိတ်စေတသိက်တရားတွေ၊ အဲဒီယှဉ်ဖော်ယှဉ်ဖက် စိတ်စေတသိက်တရားတွေကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်တွေဟာလည်း ဆန္ဒရဲ့အလိုအတိုင်း ပြင်းပြင်းပြပြ

WWW.DHAMMARANSI.NET

ဖြစ်လာကြရပါတယ်။ ဖြစ်ချင်တဲ့အလိုဆန္ဒကြောင့် ပေါ်ပေါက်လာရတဲ့ စိတ်စေတသိက်တရားတွေက ဦးဆောင်နေတာကြောင့် ဘာပဲလုပ်လုပ် အဲဒီဆန္ဒအတိုင်း မဖြစ်ဖြစ်အောင် လုပ်တော့တာပါပဲ။

ဒါကြောင့် "ဆန္ဒဝတော ကိံနာမကမ္ပံ နသိဇ္ဈတိ" အလိုဆန္ဒသာ အားကြီးမယ်ဆိုရင် မဖြစ်နိုင်တာ ဘာရှိဦးမှာလဲ။ လုပ်သမျှ အောင်မြင်မှာပေါ့။

ဒီအတိုင်းပဲ "ဝီရိယဝတော ကိံနာမကမ္ပံ နသိဇ္ဈတိ" ဝီရိယနဲ့သာ အားထုတ်ကြိုးပမ်းမယ်ဆိုရင် မဖြစ်နိုင်တာ ဘာရှိဦးမှာလဲ၊ လုပ်သမျှ အောင်မြင်မှာပေါ့။ ဒီအတိုင်းပဲ ဘာကိုပဲ လုပ်လုပ် စိတ်ထက်ထက်သန် သန်နဲ့ အားထုတ်ကြိုးပမ်းရင် အောင်မြင်ရမှာပေါ့။ မအောင်မြင်တာ စိတ် မထက်သန်လို့၊ စိတ်အားပျော့လို့၊ တစ်ခါလုပ်လို့ မအောင်မြင်ရင် နှစ်ခါ လုပ်၊ နှစ်ခါလုပ်လို့ မအောင်မြင်ရင် သုံးခါ လေးခါဆက်ဆက်ပြီးလုပ်။ အောင်မြင်လာရမှာပေါ့။

ပြီးတော့ "ဝိမံသ" ခေါ်တဲ့ပညာဉာဏ် ထက်သန်ရင်၊ ဉာဏ် ကောင်းရင် ဘာကိုပဲလုပ်လုပ် အလွယ်ကလေးပါ။ ပညာဉာဏ် အဓိပတိ တပ်ထားတော့ သူနဲ့အတူဖြစ်ဖော်ဖြစ်ဖက်ဖြစ်တဲ့ စိတ်စေတသိက် တရား တွေက လွှမ်းမိုးထားတာကြောင့် အသိအမြင်ကျယ်လာမယ်၊ သိမ်မွေ့ နူးညံ့ ပြီး လိမ္မာယဉ်ကျေးတဲ့ အမူအရာတွေဖြစ်လာကြမယ်၊ ဒါဟာ ပညာ ကြောင့်ပါ။

"ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗနဲ့ ဓမ္မ"လို့ ခေါ်တဲ့ အာရုံခြောက် ပါး စိတ်စေတသိက်တရားတွေအပေါ်မှာ လွှမ်းမိုးချုပ်ကိုင် အုပ်စိုးထား တာကိုတော့ အာရမ္မဏာဓိပတိလို့ ခေါ်ပါတယ်။ လှပတာလေးကို မြင် တော့ မျက်စိထဲကမထွက်နိုင်၊ သူ့အသံလေးက ကောင်းလိုက်တာ၊ နားထဲ ကကို မထွက်တော့ဘူး၊ ဒီအနံ့လေးက မွှေးလိုက်တာ၊ စွဲနေတာပဲ၊ ဒီ အရသာကလေးက ကောင်းလိုက်တာ၊ စားလို့သိပ်ကောင်းတာပဲ၊ သူ့

F3 B

WWW.DHAMMARANSI.NET

အသားကလေးက နူးညံ့အိစက် နေတာပဲ။ အင်း သူ့ကိုတော့ စိတ်ထဲမှာ မေ့ပျောက်လို့ကို မရတော့ဘူး။ ဒီလိုစိတ်စွဲလမ်းနေတာမျိုးဟာ အာရမ္မဏာဓိပတိ ဖြစ်နေတာတွေပါ။

---

## ၄ – အနန္တရပစ္စယော

မိမိကိုယ်တိုင် ချုပ်ဆုံးပြီးတဲ့နောက် အခြားမဲ့ကာလမှာ နောက်နောက်က စိတ်စေတသိက်ကို ဆက်တိုက်ဖြစ်ပေါ်ခွင့်ရအောင် မျိုးအစဉ်ပေးပြီး၊ ကျေးဇူးပြုသွားတာပါ။ ရှေ့စိတ်ချုပ်သွားခြင်းက နောက်စိတ်ဖြစ်အောင် ကျေးဇူးပြုလိုက်တာ။ ဒါကို အနန္တရပစ္စည်းလို့ ခေါ်ပါတယ်။

အနန္တရသတ္တိက အင်မတန်ကျယ်ဝန်းပါတယ်။ အဆုံးနဲ့အစ မှန်းဆလို့မရတဲ့ ဘဝသံသရာကြီးမှာ ဘဝပေါင်းများစွာ ကုဋေကုဋာဖြစ်ကြရတာဟာ ဒီအနန္တရပစ္စည်းကြောင့်ပါ။ ဒီဘက်ဘဝက စုတိစိတ်နဲ့ ချုပ်ပျက်ပေးလိုက်တော့ ဟိုဘက်မှာ ပဋိသန္ဓေစိတ်ဆိုတာ ဖြစ်လာတယ်။ ပဋိသန္ဓေစိတ်ကမှတစ်ဖန် ဘဝဖြစ်လာ။ ဒီဘဝချုပ်ဆုံးတော့ စုတိစိတ်နဲ့ချုပ်။ စုတိစိတ်ချုပ်တော့ ဟိုမှာ ပဋိသန္ဓေစိတ်ဖြစ်၊ ဒီလိုနဲ့ စုတိစိတ် နောင်ပဋိသန္ဓေ၊ စုတိစိတ် နောင်ပဋိသန္ဓေနဲ့ ဘဝပေါင်းများစွာ သံသရာလည်သွားရတာပါ။

ရှေ့စိတ်ချုပ်ဆုံးခြင်းဟာ နောက်စိတ်ဖြစ်လာအောင် ကျေးဇူးပြုလိုက်တာဖြစ်လို့ အနန္တရ အခြားမဲ့သတ္တိလို့ ခေါ်တာပါ။

WWW.DHAMMARANSI.NET

စိတ်ဝီထိဖြစ်စဉ်ကို ကြည့်ရင် ရှေ့ဇော ချုပ်ဆုံးသွားခြင်းဟာ နောက်ဇောကို အနန္တရသတ္တိနဲ့ ဖြစ်ခွင့်ပေးလိုက်တာပါ။ ဒါကို ဗုဒ္ဓမြတ်စွာက-

## ပါဠိတော်နှင့် ပါဠိတော်အနက်

အနန္တရပစ္စယောတိ၊ စက္ခုဝိညာဏဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရ ပစ္စယေန ပစ္စယော။

မနောဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏ ဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရ ပစ္စယေန ပစ္စယော။

သောတဝိညာဏဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရ ပစ္စယေန ပစ္စယော။

မနောဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏ ဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရ ပစ္စယေန ပစ္စယော။

ဃာနဝိညာဏဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရ ပစ္စယေန ပစ္စယော။

WWW.DHAMMARANSI.NET

မနောဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ဇိဝှာဝိညာဏဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ကာယဝိညာဏဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

WWW.DHAMMARANSI.NET

ပုရိမာ ပုရိမာ အကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။
ပုရိမာ ပုရိမာ အကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။
ပုရိမာ ပုရိမာ အဗျာကတာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။
ပုရိမာ ပုရိမာ အဗျာကတာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။
ပုရိမာ ပုရိမာ အဗျာကတာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။
ယေသံ ယေသံ ဓမ္မာနံ အနန္တရာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

အနန္တရပစ္စယောတိ၊ အနန္တရပစ္စည်း ဟူသည်ကား။ စက္ခုဝိညာဏဓာတု၊ စက္ခုဝိညာဏဓာတ်ဖြစ်သော မြင်သိစိတ်သည်။ တံ သမ္ပယုတ္တကာစ၊ ထိုမြင်သိစိတ်နှင့် ယှဉ်ဖော်ယှဉ်ဖက်ဖြစ်ကုန်သော။ ဓမ္မာစ၊ စေတသိက်တရားတို့သည်လည်းကောင်း။ မနောဓာတုယာစ၊ နှလုံးသွင်း ခံယူစိတ်ဖြစ်သော မနောဓာတ်သည်လည်းကောင်း။ တံ သမ္ပယုတ္တကာနံ၊ ထိုနှလုံးသွင်းခံယူစိတ်နှင့်ယှဉ်ဖော်ယှဉ်ဖက်ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့သည်လည်းကောင်း။ အနန္တရပစ္စယေန၊ (ရှေ့စိတ်များ ချုပ်ဆုံး

WWW.DHAMMARANSI.NET

ခြင်းအားဖြင့် နောက်စိတ်များ ဖြစ်ခွင့်ရအောင်) အခြားမဲ့သော အဖြစ်ဖြင့်။ ပစ္စယော၊ ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

ရှေ့ကဖြစ်ခဲ့တဲ့ စက္ခုဝိညာဏဓာတ် မြင်သိစိတ်နဲ့ သူ့ရဲ့ ယှဉ်ဖော်ယှဉ်ဖက်ဖြစ်တဲ့ စိတ်စေတသိက်တရားတွေ ချုပ်ဆုံးမှုဟာ သူ့နောက်ကဖြစ်လာမယ့် နှလုံးသွင်း ခံယူစိတ်နဲ့ သူနဲ့အတူ ယှဉ်ဖော်ယှဉ်ဖက်ဖြစ်တဲ့ စေတသိက်တရားတွေကို ဖြစ်ခွင့်ရအောင် အခြားမဲ့အနန္တရသတ္တိနဲ့ ကျေးဇူးပြုလိုက်တာဖြစ်တယ်။

မနောဓာတု၊ မနောဓာတ် နှလုံးသွင်းခံယူစိတ်သည်။ တံ သမ္ပယုတ္တကာစ၊ ထိုနှလုံးသွင်း ခံယူစိတ်နှင့် ယှဉ်ဖော်ယှဉ်ဖက်ဖြစ်ကုန်သော။ ဓမ္မာစ၊ စေတသိက် တရားတို့သည်လည်းကောင်း။ မနောဝိညာဏဓာတုယာ၊ အာရုံကိုနှလုံးသွင်းသိမြင်သည့်စိတ်ဖြစ်သော မနောဝိညာဏဓာတ်သည်လည်းကောင်း။ တံ သမ္ပယုတ္တကာနံ၊ ထိုအာရုံကို နှလုံးသွင်း သိမြင်သည့်စိတ်နှင့် ယှဉ်ဖော်ယှဉ်ဖက်ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် တရားတို့သည်လည်းကောင်း။ အနန္တရပစ္စယေန၊ (ရှေ့စိတ်များ ချုပ်ဆုံးခြင်းအားဖြင့် နောက်စိတ်များဖြစ်ခွင့်ရအောင်) အခြားမဲ့သော အဖြစ်ဖြင့်။ ပစ္စယော၊ ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

ရှေ့ကဖြစ်ခဲ့တဲ့ မနောဓာတ် နှလုံးသွင်း ခံယူစိတ်နဲ့ သူ့ရဲ့ယှဉ်ဖော်ယှဉ်ဖက်ဖြစ်တဲ့ စိတ်စေတသိက်တရားတွေ ချုပ်ဆုံးမှုက သူ့နောက်ကဖြစ်လာမယ့် မနောဝိညာဏဓာတ် အာရုံကိုနှလုံးသွင်း သိမြင်တဲ့ စိတ်နဲ့ သူနဲ့အတူ ယှဉ်ဖော်ယှဉ်ဖက်ဖြစ်တဲ့ စေတသိက်တရားတွေကို ဖြစ်ခွင့်ရအောင် အခြားမဲ့အနန္တရ သတ္တိနဲ့ကျေးဇူးပြုလိုက်တာဖြစ်တယ်။

WWW.DHAMMARANSI.NET

သောတဝိညာဏဓာတု၊ သောတဝိညာဏ ဓာတ်ဖြစ်သော ကြားသိစိတ်သည်။ တံ သမ္ပယုတ္တကာစ၊ ထိုကြားသိစိတ်နှင့် ယှဉ်ဖော်ယှဉ်ဖက် ဖြစ်ကုန်သော။ ဓမ္မာစ၊ စေတသိက်တရားတို့သည်လည်းကောင်း။ မနောဓာတုယာစ၊ နှလုံးသွင်းခံယူစိတ်ဖြစ်သော မနောဓာတ်သည် လည်းကောင်း။ တံ သမ္ပယုတ္တကာနံ၊ ထိုနှလုံးသွင်းခံယူစိတ်နှင့် ယှဉ်ဖော်ယှဉ်ဖက်ဖြစ်ကုန်သော။ ဓမ္မာနဥ္စ၊ စေတသိက်တရားတို့သည် လည်းကောင်း။ အနန္တရပစ္စယေန၊ (ရှေ့စိတ်များ ချုပ်ဆုံးခြင်းအားဖြင့် နောက်စိတ်များ ဖြစ်ခွင့်ရအောင်) အခြားမဲ့သော အဖြစ်ဖြင့်။ ပစ္စယော၊ ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

ရှေ့ကဖြစ်ခဲ့တဲ့ သောတဝိညာဏဓာတ် ကြားသိစိတ်နဲ့ သူ့ရဲ့ယှဉ်ဖော် ယှဉ်ဖက်ဖြစ်တဲ့ စိတ်စေတသိက်တရားတွေ ချုပ်ဆုံးမှုတသူ့နောက်ကဖြစ်လာမယ့် နှလုံးသွင်း ခံယူစိတ်နဲ့ သူနဲ့အတူ ယှဉ်ဖော်ယှဉ်ဖက်ဖြစ်တဲ့ စေတသိက်တရားတွေကို ဖြစ်ခွင့်ရအောင် အခြားမဲ့အနန္တရသတ္တိနဲ့ ကျေးဇူးပြုလိုက်တာဖြစ်တယ်။

မနောဓာတု၊ မနောဓာတ် နှလုံးသွင်း ခံယူစိတ်သည်။ တံ သမ္ပယုတ္တကာစ၊ ထိုနှလုံးသွင်းခံယူစိတ်နှင့် ယှဉ်ဖော်ယှဉ်ဖက်ဖြစ်ကုန်သော။ ဓမ္မာစ၊ စေတသိက်တရားတို့သည်လည်းကောင်း။ မနောဝိညာဏဓာတုယာ၊ နှလုံးသွင်း ခံယူစိတ်ဖြစ်သော မနောဝိညာဏဓာတ်အား လည်းကောင်း။ တံ သမ္ပယုတ္တကာနံ၊ ထိုနှလုံးသွင်းခံယူစိတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဥ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ အနန္တရပစ္စယေန၊ (ရှေ့စိတ်များ

WWW.DHAMMARANSI.NET

ချုပ်ဆုံးခြင်းအားဖြင့် နောက်စိတ်များဖြစ်ခွင့်ရအောင်) အခြားမဲ့သော အဖြစ်ဖြင့်။ ပစ္စယော၊ ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

ရှေ့ကဖြစ်ခဲ့တဲ့ မနောဓာတ် နှလုံးသွင်း ခံယူစိတ်နဲ့. . . သူ့ရဲ့ ယှဉ်ဖော်ယှဉ်ဖက်ဖြစ်တဲ့ စိတ်စေတသိက်တရားတွေ ချုပ်ဆုံးမှုက သူ့နောက်ကဖြစ်လာမယ့် မနောဝိညာဏဓာတ် စုံစမ်းစိတ်နဲ့ သူနဲ့အတူ ယှဉ် ဖော် ယှဉ်ဖက်ဖြစ်တဲ့ စေတသိက်တရားတွေကို ဖြစ်ခွင့်ရအောင် အခြားမဲ့ အနန္တရသတ္တိနဲ့ ကျေးဇူးပြုလိုက်တာဖြစ်တယ်။

ယာနဝိညာဏဓာတု၊ ယာနဝိညာဏ ဓာတ်ဖြစ်သော နံ့သိစိတ်သည်။ တံ သမ္ပယုတ္တကာစ၊ ထိုနံ့သိစိတ်နှင့် ယှဉ်ဖော် ယှဉ်ဖက် ဖြစ်ကုန်သော။ ဓမ္မာစ၊ စေတသိက်တရားတို့သည် လည်းကောင်း။ မနောဓာတုယာစ၊ နှလုံးသွင်း ခံယူစိတ်ဖြစ်သော မနောဓာတ်သည် လည်းကောင်း။ တံ သမ္ပယုတ္တကာနံ၊ ထိုနှလုံးသွင်းခံယူစိတ်နှင့် ယှဉ်ဖော်ယှဉ်ဖက်ဖြစ်ကုန်သော။ ဓမ္မာနဥ္စ၊ စေတသိက်တရားတို့သည် လည်းကောင်း။ အနန္တရပစ္စယေန၊ (ရှေ့စိတ်များ ချုပ်ဆုံး ခြင်းအားဖြင့် နောက်စိတ်များ ဖြစ်ခွင့်ရအောင်) အခြားမဲ့သော အဖြစ်ဖြင့်။ ပစ္စယော၊ ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

ရှေ့ကဖြစ်ခဲ့တဲ့ ယာနဝိညာဏဓာတ် နံ့သိစိတ်နဲ့ သူ့ရဲ့ယှဉ်ဖော်ယှဉ်ဖက်ဖြစ်တဲ့ စိတ်စေတသိက်တရားတွေ ချုပ်ဆုံးမှုဟာ သူ့နောက်ကဖြစ်လာမယ့် နှလုံးသွင်းခံယူစိတ်နဲ့ သူနဲ့အတူ ယှဉ်ဖော်ယှဉ်ဖက်ဖြစ်တဲ့ စေတသိက်တရားတွေကို ဖြစ်ခွင့်ရအောင် အခြားမဲ့ အနန္တရသတ္တိနဲ့ ကျေးဇူးပြုလိုက်တာဖြစ်တယ်။

WWW.DHAMMARANSI.NET

မနောဓာတု၊ မနောဓာတ် နှလုံးသွင်းခံယူစိတ်သည် . . . တံ သမ္ပယုတ္တကာစ၊ ထိုနှလုံးသွင်း ခံယူစိတ်နှင့် ယှဉ်ဖော်ယှဉ်ဖက်ဖြစ်ကုန်သော။ ဓမ္မာစ၊ စေတသိက်တရားတို့သည်လည်းကောင်း။ မနောဝိညာဏဓာတုယာ၊ နှလုံးသွင်း ခံယူစိတ်ဖြစ်ကုန်သော မနောဝိညာဏဓာတ်အားလည်းကောင်း။ တံ သမ္ပယုတ္တကာနံ၊ ထိုနှလုံးသွင်းခံယူစိတ်နှင့် ယှဉ်ဖော်ယှဉ်ဖက် ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အား လည်းကောင်း။ အနန္တရပစ္စယေန၊ (ရှေ့စိတ်များ ချုပ်ဆုံးခြင်းအားဖြင့် နောက်စိတ်များဖြစ်ခွင့်ရအောင်) အခြားမဲ့သော အဖြစ်ဖြင့်။ ပစ္စယော၊ ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

ရှေ့ကဖြစ်ခဲ့တဲ့ မနောဓာတ် နှလုံးသွင်း ခံယူစိတ်နဲ့ သူ့ရဲ့ ယှဉ်ဖော် ယှဉ်ဖက်ဖြစ်တဲ့ စေတသိက် တရားတွေ ချုပ်ဆုံးမှုက သူ့နောက်က ဖြစ်လာမယ့် မနောဝိညာဏဓာတ် စုံစမ်းစိတ်နဲ့ သူနဲ့အတူ ယှဉ်ဖော်ယှဉ်ဖက်ဖြစ်တဲ့ စေတသိက်တရားတွေကို ဖြစ်ခွင့်ရအောင် အခြားမဲ့ အနန္တရသတ္တိနဲ့ ကျေးဇူးပြုလိုက်တာဖြစ်တယ်။

ဇိဝှာဝိညာဏဓာတု၊ ဇိဝှာဝိညာဏ ဓာတ်ဖြစ်သော စားသိစိတ်သည်။ တံ သမ္ပယုတ္တကာစ၊ ထိုစားသိစိတ်နှင့် ယှဉ်ဖော် ယှဉ်ဖက်ဖြစ်ကုန်သော။ ဓမ္မာစ၊ စေတသိက်တရားတို့သည်လည်းကောင်း။ မနောဓာတုယာစ၊ နှလုံးသွင်း ခံယူစိတ်ဖြစ်သော မနောဓာတ်သည် လည်းကောင်း။ တံ သမ္ပယုတ္တကာနံ၊ ထိုနှလုံး သွင်းခံယူစိတ်နှင့် ယှဉ်ဖော်ယှဉ်ဖက်ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရား တို့သည်လည်းကောင်း။ အနန္တရပစ္စ

WWW.DHAMMARANSI.NET

ယေန၊ (ရှေ့စိတ်များ ချုပ်ဆုံးခြင်းအားဖြင့် နောက်စိတ်များဖြစ်ခွင့် ရအောင်) အခြားမဲ့သော အဖြစ်ဖြင့်။ ပစ္စယော၊ ကျေးဇူးဆောင် သည်။ ဟောတိ၊ ဖြစ်၏။

ရှေ့ကဖြစ်ခဲ့တဲ့ ဇီဝှာဝိညာဏဓာတ် စားသိစိတ်နဲ့ သူ့ရဲ့ယှဉ်ဖော် ယှဉ်ဖက်ဖြစ်တဲ့ စိတ်စေတသိက်တရားတွေ ချုပ်ဆုံးမှုက သူ့နောက်က ဖြစ်လာမယ့် နှလုံးသွင်းခံယူစိတ်နဲ့ သူနဲ့အတူ ယှဉ်ဖော်ယှဉ်ဖက်ဖြစ်တဲ့ စေတသိက်တရားတွေကို ဖြစ်ခွင့်ရအောင် အခြားမဲ့ အနန္တရသတ္တိနဲ့ ကျေးဇူးပြုလိုက်တာဖြစ်တယ်။

မနောဓာတု၊ မနောဓာတ် နှလုံးသွင်းခံယူစိတ်သည် . . . တံ သမ္ပယုတ္တကာစ၊ ထိုနှလုံးသွင်း ခံယူစိတ်နှင့် ယှဉ်ဖော် ယှဉ်ဖက်ဖြစ်ကုန်သော။ ဓမ္မာစ၊ စေတသိက်တရားတို့သည် လည်းကောင်း။ မနောဝိညာဏဓာတုယာ၊ နှလုံးသွင်းခံယူစိတ် ဖြစ်သော မနောဝိညာဏဓာတ်အား လည်းကောင်း။ တံ သမ္ပယုတ္တကာနံ၊ ထိုနှလုံးသွင်းခံယူစိတ်နှင့် ယှဉ်ဖော်ယှဉ်ဖက် ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အား လည်း ကောင်း။ အနန္တရပစ္စယေန၊ (ရှေ့စိတ်များ ချုပ်ဆုံးခြင်းအားဖြင့် နောက်စိတ်များဖြစ်ခွင့်ရအောင်) အခြားမဲ့သော အဖြစ်ဖြင့်။ ပစ္စယော၊ ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

ရှေ့ကဖြစ်ခဲ့တဲ့ မနောဓာတ်နှလုံးသွင်း ခံယူစိတ်နဲ့ သူ့ရဲ့ ယှဉ်ဖော် ယှဉ်ဖက်ဖြစ်တဲ့ စိတ်စေတသိက်တရားတွေ ချုပ်ဆုံးမှုက သူ့နောက်က ဖြစ်လာမယ့် မနောဝိညာဏဓာတ် စုံစမ်းစိတ်နဲ့ သူနဲ့အတူ ယှဉ်ဖော် ယှဉ်ဖက်ဖြစ်တဲ့ စေတသိက်တရားတွေကို ဖြစ်ခွင့်ရအောင် အခြားမဲ့ အနန္တရသတ္တိနဲ့ ကျေးဇူးပြုလိုက်တာဖြစ်တယ်။

WWW.DHAMMARANSI.NET

ကာယဝိညာဏဓာတု၊ ကာယဝိညာဏ ဓာတ်ဖြစ်သော ထိသိစိတ်သည်။ တံ သမ္ပယုတ္တကာစ၊ ထိုထိသိစိတ်နှင့် ယှဉ်ဖော် ယှဉ်ဖက်ဖြစ်ကုန်သော။ ဓမ္မာစ၊ စေတသိက် တရားတို့သည် လည်းကောင်း။ မနောဓာတုယာစ၊ နှလုံးသွင်း ခံယူစိတ်ဖြစ်သော မနောဓာတ်သည် လည်းကောင်း။ တံ သမ္ပယုတ္တကာနံ၊ ထိုနှလုံးသွင်းခံယူစိတ်နှင့် ယှဉ်ဖော်ယှဉ်ဖက်ဖြစ်ကုန်သော။ ဓမ္မာနဥ္စ၊ စေတသိက်တရား တို့သည်လည်းကောင်း။ အနန္တရပစ္စယေန၊ (ရှေ့စိတ်များ ချုပ်ဆုံးခြင်းအားဖြင့် နောက်စိတ်များဖြစ်ခွင့်ရ အောင်) အခြားမဲ့သော အဖြစ်ဖြင့်။ ပစ္စယော၊ ကျေးဇူးဆောင် သည်။ ဟောတိ၊ ဖြစ်၏။

ရှေ့ကဖြစ်ခဲ့တဲ့ ကာယဝိညာဏဓာတ် ထိသိစိတ်နဲ့ သူ့ရဲ့ယှဉ် ဖော်ယှဉ်ဖက်ဖြစ်တဲ့ စိတ်စေတသိက်တရားတွေ ချုပ်ဆုံးမှုက သူ့နောက်က ဖြစ်လာမယ့် နှလုံးသွင်းခံယူစိတ်နဲ့ သူနဲ့အတူ ယှဉ်ဖော်ယှဉ်ဖက်ဖြစ်တဲ့ စေတသိက်တရားတွေကို ဖြစ်ခွင့်ရအောင် အခြားမဲ့ အနန္တရသတ္တိနဲ့ ကျေးဇူးပြုလိုက်တာဖြစ်တယ်။

မနောဓာတု၊ မနောဓာတ် နှလုံးသွင်းခံယူစိတ်သည် . . . တံ သမ္ပယုတ္တကာစ၊ ထိုနှလုံးသွင်း ခံယူစိတ်နှင့် ယှဉ်ဖော် ယှဉ်ဖက်ဖြစ်ကုန်သော။ ဓမ္မာစ၊ စေတသိက်တရားတို့သည် လည်းကောင်း။ မနောဝိညာဏ ဓာတုယာ၊ နှလုံးသွင်းခံယူစိတ် ဖြစ်ကုန်သော မနောဝိညာဏ ဓာတ်အားလည်းကောင်း။ တံ သမ္ပယုတ္တ ကာနံ၊ ထိုနှလုံးသွင်း ခံယူစိတ်နှင့် ယှဉ်ဖော်ယှဉ်ဖက် ဖြစ်ကုန်သော။ ဓမ္မာနဥ္စ၊ စေတသိက်တရားတို့အား လည်း

WWW.DHAMMARANSI.NET

ကောင်း။ အနန္တရပစ္စယေန၊ (ရှေ့စိတ်များ ချုပ်ဆုံးခြင်း အားဖြင့် နောက်စိတ်များဖြစ်ခွင့်ရအောင်) အခြားမဲ့သော အဖြစ်ဖြင့်။ ပစ္စယော၊ ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

ရှေ့ကဖြစ်ခဲ့တဲ့ မနောဓာတ် နှလုံးသွင်း ခံယူစိတ်နဲ့ သူ့ရဲ့ ယှဉ်ဖော် ယှဉ်ဖက်ဖြစ်တဲ့ စိတ်စေတသိက်တရားတွေ ချုပ်ဆုံးမှုက သူ့နောက်က ဖြစ်လာမယ့် မနောဝိညာဏဓာတ် စုံစမ်းစိတ်နဲ့ သူနဲ့အတူ ယှဉ်ဖော်ယှဉ်ဖက်ဖြစ်တဲ့ စေတသိက်တရားတွေကို ဖြစ်ခွင့်ရအောင် အခြားမဲ့ အနန္တရသတ္တိနဲ့ ကျေးဇူးပြုလိုက်တာဖြစ်တယ်။

ပုရိမာ ပုရိမာ၊ ရှေးရှေးကဖြစ်ကုန်သော။ ကုသလာ ဓမ္မာ၊ ကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်က လိုက်ဖြစ်ကုန်သော။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့အား။ အနန္တရပစ္စယေန၊ (ရှေ့စိတ်များ ချုပ်ဆုံးခြင်းအားဖြင့် နောက်စိတ်များဖြစ်ခွင့်ရအောင်) အခြားမဲ့သော အဖြစ်ဖြင့်။ ပစ္စယော၊ ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

ရှေ့ကဖြစ်ခဲ့တဲ့ ကုသိုလ်တရားတွေက နောက်မှာ ဖြစ်လာမယ့် ကုသိုလ်တရားကို တစ်ဆက်တည်း ဆက်ဆက်ဖြစ်လာအောင် အနန္တရသတ္တိနဲ့ ကျေးဇူးပြုလိုက်တာဖြစ်တယ်။

ပုရိမာ ပုရိမာ၊ ရှေးရှေးကဖြစ်ကုန်သော။ ကုသလာ ဓမ္မာ၊ ကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်ကလိုက်ဖြစ်ကုန်သော။ အဗျာကတာနံ ဓမ္မာနံ၊ ကုသိုလ်လည်းမဟုတ်၊ အကုသိုလ်လည်း မဟုတ်တဲ့ အဗျာကတ တရားတို့အား။ အနန္တရပစ္စယေန၊ (ရှေ့စိတ်များ ချုပ်ဆုံးခြင်းအားဖြင့်

WWW.DHAMMARANSI.NET

နောက်စိတ် များဖြစ်ခွင့်ရအောင်) အခြားမဲ့သော အဖြစ်ဖြင့်။ ပစ္စယော၊ ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

ရှေ့ကဖြစ်ခဲ့တဲ့ ကုသိုလ်တရားတွေက နောက်မှာဖြစ်လာမယ့် အဗျာကတလို့ ခေါ်တဲ့ ကုသိုလ်လည်းမဟုတ် အကုသိုလ်လည်း မဟုတ်တဲ့ တရားကို တစ်ဆက်တည်း ဆက်ဆက်ဖြစ်လာအောင် အခြားမဲ့ အနန္တရ သတ္တိနဲ့ ကျေးဇူးပြုလိုက်တာဖြစ်တယ်။

ပုရိမာ ပုရိမာ၊ ရှေးရှေးကဖြစ်ကုန်သော။ အကုသလာ ဓမ္မာ၊ အကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက် နောက်ကလိုက်ဖြစ်ကုန်သော။ အကုသလာနံ ဓမ္မာနံ၊ အကုသိုလ် တရားတို့အား။ အနန္တရပစ္စယေန၊ (ရှေ့စိတ်များ ချုပ်ဆုံးခြင်း အားဖြင့် နောက်စိတ်များ ဖြစ်ခွင့်ရအောင်) အခြားမဲ့သော အဖြစ်ဖြင့်။ ပစ္စယော၊ ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

ရှေ့ကဖြစ်ခဲ့တဲ့ အကုသိုလ်တရားတွေက နောက်မှာဖြစ်လာမယ့် အကုသိုလ်တရားကို တစ်ဆက်တည်း ဆက်ဆက်ဖြစ်လာအောင် အခြားမဲ့ အနန္တရ သတ္တိနဲ့ ကျေးဇူးပြုလိုက်တာဖြစ်တယ်။

ပုရိမာ ပုရိမာ၊ ရှေးရှေးကဖြစ်ကုန်သော။ အကုသလာ ဓမ္မာ၊ အကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက် နောက်က လိုက်ဖြစ်ကုန်သော။ အဗျာကတာနံ ဓမ္မာနံ၊ ကုသိုလ် လည်းမဟုတ် အကုသိုလ်လည်းမဟုတ်တဲ့ အဗျာကတ တရား တို့အား။ အနန္တရပစ္စယေန၊ (ရှေ့စိတ်များ ချုပ်ဆုံးခြင်း အားဖြင့် နောက်စိတ်များ ဖြစ်ခွင့်ရအောင်) အခြားမဲ့သော အဖြစ်ဖြင့်။ ပစ္စယော၊ ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

WWW.DHAMMARANSI.NET

ရှေ့ကဖြစ်ခဲ့တဲ့ အကုသိုလ်တရားတွေက နောက်မှာဖြစ်လာမယ့် အဗျာကတ တရားကို တစ်ဆက်တည်း ဆက်ဆက်ဖြစ်လာအောင် အခြားမဲ့ အနန္တရ သတ္တိနဲ့ ကျေးဇူးပြုလိုက်တာဖြစ်တယ်။

ပုရိမာ ပုရိမာ၊ ရှေးရှေးကဖြစ်ကုန်သော။ အဗျာကတာဓမ္မာ၊ ကုသိုလ်လည်းမဟုတ် အကုသိုလ်လည်းမဟုတ်တဲ့ အဗျာကတ တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်က လိုက်ဖြစ်ကုန်သော။ အဗျာကတာနံ ဓမ္မာနံ၊ ကုသိုလ်လည်း မဟုတ် အကုသိုလ်လည်း မဟုတ်တဲ့ အဗျာကတတရားတို့အား။ အနန္တရပစ္စယေန၊ (ရှေ့စိတ်များ ချုပ်ဆုံးခြင်းအားဖြင့် နောက်စိတ်များ ဖြစ်ခွင့်ရအောင်) အခြားမဲ့သော အဖြစ်ဖြင့်။ ပစ္စယော၊ ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

ရှေ့ကဖြစ်ခဲ့တဲ့"အဗျာကတ တရား"တွေက နောက်မှာဖြစ်လာမယ့် အဗျာကတ တရားကို တစ်ဆက်တည်း ဆက်ဆက်ဖြစ်လာအောင် အခြားမဲ့ အနန္တရသတ္တိနဲ့ ကျေးဇူးပြုလိုက်တာဖြစ်တယ်။

ပုရိမာ ပုရိမာ၊ ရှေးရှေးက ဖြစ်ကုန်သော။ အဗျာကတာဓမ္မာ၊ ကုသိုလ်လည်းမဟုတ် အကုသိုလ်လည်းမဟုတ်တဲ့ အဗျာကတ တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်က လိုက်ဖြစ်ကုန်သော။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ် တရားတို့အား။ အနန္တရ ပစ္စယေန၊ (ရှေ့စိတ်များ ချုပ်ဆုံးခြင်း အားဖြင့် နောက်စိတ်များဖြစ် ခွင့်ရအောင်) အခြားမဲ့သော အဖြစ် ဖြင့်။ ပစ္စယော၊ ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

WWW.DHAMMARANSI.NET

ရှေ့ကဖြစ်ခဲ့တဲ့"အဗျာကတ တရား"တွေက နောက်မှာဖြစ်လာမယ့် ကုသိုလ်တရားကို တစ်ဆက်တည်း ဆက်ဆက်ဖြစ်လာအောင် အခြားမဲ့ အနန္တရ သတ္တိနဲ့ ကျေးဇူးပြုလိုက်တာဖြစ်တယ်။

ပုရိမာ ပုရိမာ၊ ရှေးရှေးက ဖြစ်ကုန်သော။ အဗျာကတာဓမ္မာ၊ ကုသိုလ်လည်းမဟုတ် အကုသိုလ်လည်းမဟုတ်တဲ့ အဗျာကတ တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်က လိုက်ဖြစ်ကုန်သော။ အကုသလာနံ ဓမ္မာနံ၊ အကုသိုလ်တရားတို့အား။ အနန္တရ ပစ္စယေန၊ (ရှေ့စိတ်များ ချုပ်ဆုံးခြင်းအားဖြင့် နောက်စိတ်များဖြစ် ခွင့်ရအောင်) အခြားမဲ့သော အဖြစ်ဖြင့်။ ပစ္စယော၊ ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

ရှေ့ကဖြစ်ခဲ့တဲ့ "အဗျာကတ တရား" တွေက နောက်မှာ ဖြစ်လာမယ့် အကုသိုလ်တရားကို တစ်ဆက်တည်း ဆက်ဆက်ဖြစ်လာအောင် အခြားမဲ့ အနန္တရသတ္တိနဲ့ ကျေးဇူးပြုလိုက်တာဖြစ်တယ်။

ဘယ့်ကလောက်ဆန်းသလဲ။ စဉ်းစားကြည့်ပါ။ သဗ္ဗညုတရွှေဉာဏ်ရှင်ဖြစ်လို့သာ ဒီလို ဆင်ခြင်စဉ်းစားနိုင်တာ။ ရှေ့ကကုသိုလ်စိတ်ဖြစ်တယ်။ အဲဒီနောက် ပြုခဲ့တဲ့ကုသိုလ်ကို ဆင်ခြင်ပြီး ပီတိပွားနေတော့ ကုသိုလ်စိတ်တွေ ဆက်ဖြစ်လာတယ်။ နောက်ပြီး ရှေ့ကကုသိုလ်စိတ်နဲ့ ကုသိုလ်အလုပ်ကို လုပ်တယ်။ ဒါပေမယ့် ကိုယ်ပြုခဲ့တဲ့ ကောင်းမှုကောင်းလုပ်ကို မေ့မေ့ပျောက်ပျောက်ဖြစ်နေတယ်။ ဒါဆိုရင် သူ့ရဲ့စိတ်အသွင်သဏ္ဌာန်မှာ ကုသိုလ်လည်းမဟုတ် အကုသိုလ်လည်းမဟုတ်တဲ့ အဗျာကတစိတ်တွေဖြစ်နေပြီ။

ဒီအတိုင်းပဲ ရှေ့ကအကုသိုလ်အလုပ်ကို လုပ်တယ်။ အဲဒီ အကုသိုလ်အလုပ်ကိုပဲ ဂုဏ်ယူနေတယ်။ ရွှင်ရွှင်လန်းလန်းဝမ်းပန်းတသာ

WWW.DHAMMARANSI.NET

ဖြစ်နေတယ်။ ဒါဆိုရင် ထိုသူရဲ့ ရှေ့အကုသိုလ်စိတ်ဟာ နောက်က အကုသိုလ်စိတ်ကို ကျေးဇူးပြုနေပြီ။ ဒါအပြင် ရှေ့က အကုသိုလ်စိတ်နဲ့ အကုသိုလ်အမှုကို လုပ်လိုက်မိပြီ။ ဒါပေမယ့် သူဟာ အဲဒီအကုသိုလ်အမှုကို စိတ်ထဲမှာ မေ့မေ့ပျောက်ပျောက် နေလိုက်တယ်။ ဒါဆို သူ့စိတ်ဟာ ကုသိုလ်လည်းမဟုတ် အကုသိုလ်လည်းမဟုတ်တဲ့ "အဗျာကတ" စိတ်ဖြစ်နေတယ်လို့ ဆိုရမယ်။

ရှေ့အဗျာကတစိတ်က နောက်အဗျာကတစိတ်ကို ဆက်ပြီး ဖြစ်၊ ရှေ့အဗျာကတစိတ်နဲ့ နေလာပြီးတော့ တော်တော်ကြာတော့ ကုသိုလ်လေးတော့ လုပ်ဦးမှပဲဆိုပြီး ကုသိုလ်အမှုကိုလုပ်တော့ ကုသိုလ်စိတ် ဆက်ဖြစ်၊ တစ်ခါ အဗျာကတစိတ်နဲ့နေရင်း အကုသိုလ်အမှုကို ထလုပ်လိုက်တော့ အကုသိုလ်ဖြစ်၊ ဒါကို ဗုဒ္ဓမြတ်စွာက သဗ္ဗညုတ ဉာဏ်တော်ကြီးနဲ့ သိပြီးတော့ အဲဒီအသိကို သတ္တဝါတွေအကျိုးအတွက် ဟောတော်မူခဲ့တာ။

ယေသံ ယေသံ၊ အကြင်အကြင် ရှေ့ကဖြစ်ကြကုန်သော။ ဓမ္မာနံ၊ စိတ်စေတသိက် တရားတို့၏။ အနန္တရာ၊ အခြားမဲ့၌ ဖြစ်လာကြကုန်သော။ ယေယေဓမ္မာ၊ အကြင်အကြင်နောက်၌ဖြစ်လာကြကုန်သော။ စိတ္တစေတသိကာဓမ္မာ၊ စိတ်စေတသိက်တရားတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ပေါ်လာကြကုန်၏။ တေတေဓမ္မာ၊ ထိုထိုရှေ့ကဖြစ်ကြကုန်သော တရားတို့သည်။ တေသံတေသံဓမ္မာနံ၊ ထိုထိုနောက်၌ဖြစ်လာကြကုန်သော စိတ်စေတသိက်တရားတို့အား။ အနန္တရပစ္စယေန၊ (ရှေ့စိတ်များချုပ်ဆုံးခြင်းအားဖြင့် နောက်စိတ်များ ဖြစ်ခွင့်ရအောင်) အခြားမဲ့သော အဖြစ်ဖြင့်။ ပစ္စယော၊ ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

F4A

WWW.DHAMMARANSI.NET

ရှေ့ကဖြစ်ခဲ့တဲ့ နာမ်တရားတို့ရဲ့ နောက်က စိတ်စေတသိက်တရားတွေ ဖြစ်လာကြရာမှာ ရှေ့ စိတ်နာမ်တရားတွေက ပစ္စည်းတရားဖြစ်ပြီး နောက်နောက်နာမ်တရားတွေက ပစ္စယုပ္ပန်တရားတွေအဖြစ် အနန္တရသတ္တိနဲ့ ကျေးဇူးပြုလိုက်ခြင်းဖြစ်တယ်။

---

## ၅ - သမနန္တရပစ္စယော

သမနန္တရပစ္စည်းဟာ အနန္တရပစ္စည်းနဲ့ သဘောလက္ခဏာချင်း တူတယ်။ ကွဲပြားခြားနားပုံက အနန္တရပစ္စည်းက ရှေ့စိတ်ချုပ်ဆုံးပြီးတာနဲ့ အခြားမဲ့မှာ နောက်စိတ်ကိုဆက်ပြီးဖြစ်ခွင့်ပေးတယ်။ သမနန္တရပစ္စည်းကတော့ အလွန့်အလွန်ကို အကြားအလပ်မရှိအောင် ရှေ့စိတ်ကနောက်စိတ် ဖြစ်ခွင့်ရအောင် နေရာဖယ်ပေးလိုက်တာ ဖြစ်တယ်။

စိတ်ဆိုတာဟာ ဖြပ်မဲ့၊ ပုံသဏ္ဌာန်မဲ့ဖြစ်တဲ့အတွက် ရှေ့ကချုပ်ဆုံးသွားတဲ့စိတ်နဲ့ နောက်ကဖြစ်လာတဲ့စိတ်ဟာ တစ်စိတ်နဲ့တစ်စိတ် အလွန့်အလွန်ကို အကြားအလပ်မရှိဘူးလို့ကို ထင်ရပါတယ်။ ဒါ့အပြင် သာမန်အားဖြင့် စိတ်တစ်ခုနဲ့တစ်ခု ဖြစ်သွားတာဟာ မြန်ဆန်လွန်းတော့ စိတ်နှစ်ခုဟာ တစ်ပြိုင်နက်တည်း ဖြစ်လာသလားလို့တောင် ထင်ရပါတယ်။ စိတ်ဟာ နှစ်ခု တစ်ပြိုင်နက် မဖြစ်ပါဘူး၊ တစ်ခုပြီးမှ တစ်ခု ဆက်ဖြစ်တာပါ။

ဒါကို မြတ်ဗုဒ္ဓလို သဗ္ဗညုတဉာဏ်တော်ရှင်ဖြစ်လို့သာ

WWW.DHAMMARANSI.NET

ခွဲခြားသိနိုင်တာပါ။ အဲဒီလို သိတဲ့အတွက် သတ္တဝါတွေရဲ့ အကျိုးကို ကြည့်ပြီးတော့-

## ပါဠိတော်နှင့်ပါဠိတော်အနက်

သမနန္တရပစ္စယောတိ၊ စက္ခုဝိညာဏဓာတု တံ သမ္ပယုတ္တကာစ ဓမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရ ပစ္စယေန ပစ္စယော။

မနောဓာတု တံ သမ္ပယုတ္တကာစ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရ ပစ္စယေန ပစ္စယော။

သောတဝိညာဏဓာတု တံ သမ္ပယုတ္တကာစ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရ ပစ္စယေန ပစ္စယော။

မနောဓာတု တံ သမ္ပယုတ္တကာစ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရ ပစ္စယေန ပစ္စယော။

ဃာနဝိညာဏဓာတု တံ သမ္ပယုတ္တကာစ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရ ပစ္စယေန ပစ္စယော။

မနောဓာတု တံ သမ္ပယုတ္တကာစ ဓမ္မာ မနောဝိညာဏ

WWW.DHAMMARANSI.NET

ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ဇိဝှာဝိညာဏဓာတု တံ သမ္ပယုတ္တကာစ ဓမ္မာ မနော ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရ ပစ္စယေန ပစ္စယော။

မနောဓာတု တံ သမ္ပယုတ္တကာစ ဓမ္မာ မနောဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရ ပစ္စယေန ပစ္စယော။

ကာယဝိညာဏဓာတု တံ သမ္ပယုတ္တကာစ ဓမ္မာ မနော ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရ ပစ္စယေန ပစ္စယော။

မနောဓာတု တံ သမ္ပယုတ္တကာစ ဓမ္မာ မနောဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရ ပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

WWW.DHAMMARANSI.NET

ပုရိမာ ပုရိမာ အကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ယေသံ ယေသံ ဓမ္မာနံ သမနန္တရာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

သမနန္တရပစ္စယောတိ၊ သမနန္တရပစ္စည်းဆိုသည်ကား။ စက္ခုဝိညာဏဓာတု၊ စက္ခုဝိညာဏဓာတ်ဖြစ်သော မြင်သိစိတ်သည်။ တံ သမ္ပယုတ္တကာစ၊ ထိုမြင်သိစိတ်နှင့် ယှဉ်ဖော် ယှဉ်ဖက်ဖြစ်ကုန်သော။ ဓမ္မာစ၊ စေတသိက် တရားတို့သည်လည်း ကောင်း။ မနောဓာတုယာစ၊ နှလုံးသွင်း ခံယူစိတ်ဖြစ်သော မနောဓာတ်သည်လည်းကောင်း။ တံ သမ္ပယုတ္တကာနံ၊ ထိုနှလုံးသွင်း ခံယူစိတ်နှင့် ယှဉ်ဖော်ယှဉ်ဖက်ဖြစ်ကုန်သော။ ဓမ္မာနဥ္စ၊ စေတသိက်တရားတို့သည် လည်းကောင်း။ သမနန္တရပစ္စယေန၊ နောက်နောက်က ဖြစ်လာသော မနောခံယူစိတ်နှင့် ယှဉ်ဖော်

WWW.DHAMMARANSI.NET

ယှဉ်ဖက် စေတသိက်တို့အား (အလွန်အလွန်ကို အကြားအလပ် မရှိ) ဖြစ်ခွင့်ရအောင် သမနန္တရ သတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ရှေ့ကဖြစ်ခဲ့တဲ့ စက္ခုဝိညာဏဓာတ် မြင်သိစိတ်နဲ့ သူ့ရဲ့ယှဉ်ဖော်ယှဉ်ဖက်ဖြစ်တဲ့ စိတ်စေတသိက်တရားတွေ ချုပ်ဆုံးမှုဟာ သူ့နောက်က ဖြစ်လာမယ့် နှလုံးသွင်းခံယူစိတ်နဲ့ သူနဲ့အတူ ယှဉ်ဖော်ယှဉ်ဖက်ဖြစ်တဲ့ စေတသိက်တရားတွေကို ဖြစ်ခွင့်ရအောင် သမနန္တရသတ္တိနဲ့ ကျေးဇူးပြုလိုက်တာဖြစ်တယ်။

မနောဓာတု၊ မနောဓာတ် နှလုံးသွင်းခံယူစိတ်သည်။ တံ သမ္ပယုတ္တကာစ၊ ထိုနှလုံးသွင်း ခံယူစိတ်နှင့် ယှဉ်ဖော်ယှဉ်ဖက်ဖြစ်ကုန်သော။ ဓမ္မာစ၊ စေတသိက်တရားတို့သည်လည်းကောင်း။ မနောဝိညာဏဓာတုယာ၊ အာရုံကို နှလုံးသွင်းသိမြင်သည့်စိတ်ဖြစ်ကုန်သော မနောဝိညာဏဓာတ်သည် လည်းကောင်း။ တံ သမ္ပယုတ္တကာနံ၊ ထိုအာရုံကို နှလုံးသွင်း သိမြင်သည့်စိတ်နှင့် ယှဉ်ဖော်ယှဉ်ဖက်ဖြစ်ကုန်သော။ ဓမ္မာနဥ္စ၊ စေတသိက်တရားတို့သည်လည်းကောင်း၊ သမနန္တရပစ္စယေန၊ (အလွန်အလွန်ကို အကြားအလပ်မရှိ) ဖြစ်ခွင့်ရအောင် သမနန္တရသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်၊ ဟောတိ၊ ဖြစ်၏။

ရှေ့ကဖြစ်ခဲ့တဲ့ မနောဓာတ် နှလုံးသွင်းခံယူစိတ်နဲ့ သူ့ရဲ့ယှဉ်ဖော်ယှဉ်ဖက်ဖြစ်တဲ့ စိတ်စေတသိက်တရားတွေ ချုပ်ဆုံးမှုက သူ့နောက်က ဖြစ်လာမယ့် မနောဝိညာဏဓာတ် အာရုံကိုနှလုံးသွင်း သိမြင်သည့်စိတ်နဲ့ သူနဲ့အတူ ယှဉ်ဖော်ယှဉ်ဖက်ဖြစ်တဲ့ စေတသိက်တရားတွေကို ဖြစ်ခွင့်ရအောင် သမနန္တရ သတ္တိနဲ့ ကျေးဇူးပြုလိုက်တာဖြစ်တယ်။

သောတဝိညာဏဓာတု၊ သောတဝိညာဏဓာတ်ဖြစ်

WWW.DHAMMARANSI.NET

သောကြားသိစိတ်သည်။ တံ သမ္ပယုတ္တကာစ၊ ထိုကြားသိစိတ်နှင့် ယှဉ်ဖော်ယှဉ်ဖက်ဖြစ်ကုန်သော။ ဓမ္မာစ၊ စေတသိက်တရားတို့ သည်လည်းကောင်း။ မနောဓာတုယာစ၊ နှလုံးသွင်း ခံယူစိတ် ဖြစ်ကုန်သော မနောဓာတ်သည်လည်းကောင်း။ တံ သမ္ပယုတ္တ ကာနံ၊ ထိုနှလုံးသွင်းခံယူစိတ်နှင့် ယှဉ်ဖော်ယှဉ်ဖက် ဖြစ်ကုန် သော။ ဓမ္မာနဥ္စ၊ စေတသိက်တရားတို့သည်လည်းကောင်း။ သမနန္တရပစ္စယေန၊ (အလွန့်အလွန်ကို အကြားအလပ်မရှိ) ဖြစ်ခွင့်ရအောင် သမနန္တရ သတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ရှေ့ကဖြစ်ခဲ့တဲ့ သောတဝိညာဏဓာတ် ကြားသိစိတ်နဲ့ သူ့ရဲ့ ယှဉ်ဖော်ယှဉ်ဖက်ဖြစ်တဲ့ စိတ်စေတသိက်တရားတွေ ချုပ်ဆုံးမှုက သူ့နောက်က ဖြစ်လာမယ့် နှလုံးသွင်းခံယူစိတ်နဲ့ သူနဲ့အတူ ယှဉ်ဖော် ယှဉ်ဖက်ဖြစ်တဲ့ စေတသိက်တရားတွေကို ဖြစ်ခွင့်ရအောင် သမနန္တရ သတ္တိနဲ့ ကျေးဇူးပြုလိုက်တာဖြစ်တယ်။

မနောဓာတု၊ မနောဓာတ် နှလုံးသွင်းခံယူစိတ်သည် . . . တံ သမ္ပယုတ္တကာစ၊ ထိုနှလုံးသွင်း ခံယူစိတ်နှင့် ယှဉ်ဖော် ယှဉ်ဖက် ဖြစ်ကုန်သော။ ဓမ္မာစ၊ စေတသိက်တရားတို့သည် လည်းကောင်း။ မနောဝိညာဏဓာတုယာ၊ နှလုံးသွင်း ခံယူစိတ် ဖြစ်ကုန်သော မနောဝိညာဏဓာတ်အား လည်းကောင်း။ တံ သမ္ပယုတ္တကာနံ၊ ထိုနှလုံးသွင်း ခံယူစိတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဥ္စ၊ စေတသိက်တရားတို့အား လည်းကောင်း၊ သမနန္တရ ပစ္စယေန၊ (အလွန့်အလွန်ကို အကြားအလပ်မရှိ) ဖြစ်ခွင့်ရ အောင် သမနန္တရသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်၊ ဟောတိ၊ ဖြစ်၏။

WWW.DHAMMARANSI.NET

ရှေ့ကဖြစ်ခဲ့တဲ့ မနောဓာတ် နှလုံးသွင်းခံယူစိတ်နဲ့. . . သူ့ရဲ့ ယှဉ်ဖော်ယှဉ်ဖက်ဖြစ်တဲ့ စိတ်စေတသိက် တရားတွေ ချုပ်ဆုံးမှုက သူ့နောက်က ဖြစ်လာမယ့် မနောဝိညာဏဓာတ် စုံစမ်းစိတ်နဲ့ သူနဲ့အတူ ယှဉ်ဖော်ယှဉ်ဖက်ဖြစ်တဲ့ စေတသိက်တရားတွေကို ဖြစ်ခွင့်ရအောင် သမနန္တရသတ္တိနဲ့ ကျေးဇူးပြုလိုက်တာဖြစ်တယ်။

ယာနဝိညာဏဓာတု၊ ယာနဝိညာဏဓာတ်ဖြစ်သော နံ့သိစိတ်သည်။ တံ သမ္ပယုတ္တကာစ၊ ထိုနံ့သိစိတ်နှင့် ယှဉ်ဖော် ယှဉ်ဖက် ဖြစ်ကုန်သော။ ဓမ္မာစ၊ စေတသိက်တရားတို့သည် လည်းကောင်း။ မနောဓာတုယာစ၊ နှလုံးသွင်း ခံယူစိတ်ဖြစ်သော မနောဓာတ်သည်လည်းကောင်း။ တံ သမ္ပယုတ္တကာနံ၊ ထိုနှလုံးသွင်း ခံယူစိတ်နှင့်ယှဉ်ဖော်ယှဉ်ဖက်ဖြစ်ကုန်သော။ ဓမ္မာနဥ္စ၊ စေတသိက်တရားတို့သည်လည်းကောင်း. . . သမနန္တရ ပစ္စယေန၊ နောက်နောက်က ဖြစ်လာသော မနောခံယူစိတ်နှင့် ယှဉ်ဖက် စေတသိက်တို့အား (အလွန့်အလွန်ကို အကြားအလပ် မရှိ) ဖြစ်ခွင့်ရအောင် သမနန္တရ သတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြု သည်။ ဟောတိ၊ ဖြစ်၏။

ရှေ့ကဖြစ်ခဲ့တဲ့ ယာနဝိညာဏဓာတ် နံ့သိစိတ်နဲ့ သူ့ရဲ့ယှဉ် ဖော်ယှဉ်ဖက်ဖြစ်တဲ့ စိတ်စေတသိက်တရားတွေ ချုပ်ဆုံးမှုဟာ သူ့နောက် က ဖြစ်လာမယ့် နှလုံးသွင်းခံယူစိတ်နဲ့ သူနဲ့အတူ ယှဉ်ဖော်ယှဉ်ဖက် ဖြစ်တဲ့. . . စေတသိက်တရားတွေကို ဖြစ်ခွင့်ရအောင် သမနန္တရ သတ္တိနဲ့ ကျေးဇူးပြုလိုက်တာ ဖြစ်တယ်။

မနောဓာတု၊ မနောဓာတ် နှလုံးသွင်းခံယူစိတ်သည်။

WWW.DHAMMARANSI.NET

တံ သမ္ပယုတ္တကာစ၊ ထိုနှလုံးသွင်း ခံယူစိတ်နှင့် ယှဉ်ဖော်ယှဉ်ဖက် ဖြစ်ကုန်သော။ ဓမ္မာစ၊ စေတသိက်တရားတို့သည် လည်း ကောင်း။ မနောဝိညာဏဓာတုယာ၊ နှလုံးသွင်း ခံယူစိတ်ဖြစ်ကုန် သော မနောဝိညာဏဓာတ်အား လည်းကောင်း။ တံ သမ္ပယုတ္တ ကာနံ၊ ထိုနှလုံးသွင်း ခံယူစိတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဥ္စ၊ စေတသိက် တရားတို့အားလည်းကောင်း၊ သမနန္တရပစ္စယေန၊ (အလွန်. အလွန်ကို အကြားအလပ်မရှိ) ဖြစ်ခွင့်ရအောင် သမနန္တရသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်၊ ဟောတိ၊ ဖြစ် ၏။

ရှေ့ကဖြစ်ခဲ့တဲ့ မနောဓာတ် နှလုံးသွင်းခံယူစိတ်နဲ့ သူ့ရဲ့ယှဉ် ဖော်ယှဉ်ဖက်ဖြစ်တဲ့ စိတ်စေတသိက်တရားတွေ ချုပ်ဆုံးမှုက သူ့နောက်က ဖြစ်လာမယ့် မနောဝိညာဏဓာတ် စုံစမ်းစိတ်နဲ့ သူနဲ့အတူ ယှဉ်ဖော် ယှဉ်ဖက်ဖြစ်တဲ့ စေတသိက်တရားတွေကို ဖြစ်ခွင့်ရအောင် သမနန္တရ သတ္တိနဲ့ ကျေးဇူးပြုလိုက်တာဖြစ်တယ်။

ဇိဝှာဝိညာဏဓာတု၊ ဇိဝှာဝိညာဏဓာတ်ဖြစ်သော စားသိစိတ်သည်။ တံ သမ္ပယုတ္တကာစ၊ ထိုစားသိစိတ်နှင့် ယှဉ်ဖော်ယှဉ်ဖက်ဖြစ်ကုန်သော။ ဓမ္မာ၊ စေတသိက်တရား တို့. သည်လည်းကောင်း။ မနောဓာတုယာစ၊ နှလုံးသွင်း ခံယူစိတ် ဖြစ်သော မနောဓာတ်သည်လည်းကောင်း။ တံ သမ္ပယုတ္တကာနံ၊ ထိုနှလုံးသွင်း ခံယူစိတ်နှင့်ယှဉ်ဖော်ယှဉ်ဖက်ဖြစ်ကုန်သော။ ဓမ္မာနဥ္စ၊ စေတသိက်တရားတို့သည် လည်းကောင်း။ သမနန္တရ ပစ္စယေန၊ နောက်နောက်က ဖြစ်လာသော မနောခံယူစိတ်နှင့်

WWW.DHAMMARANSI.NET

ယှဉ်ဖက် စေတသိက်တို့အား (အလွန်အလွန်ကို အကြားအလပ် မရှိ) ဖြစ်ခွင့်ရအောင် သမနန္တရသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူး ပြုသည်။ ဟောတိ၊ ဖြစ်၏။

ရှေ့ကဖြစ်ခဲ့တဲ့ ဇိဝှာဝိညာဏဓာတ် စားသိစိတ်နဲ့ သူ့ရဲ့ယှဉ် ဖော်ယှဉ်ဖက်ဖြစ်တဲ့ စိတ်စေတသိက်တရားတွေ ချုပ်ဆုံးမှုဟာ သူ့နောက် က ဖြစ်လာမယ့် နှလုံးသွင်းခံယူစိတ်နဲ့ သူနဲ့အတူ ယှဉ်ဖော်ယှဉ်ဖက် ဖြစ်တဲ့ စေတသိက်တရားတွေကို ဖြစ်ခွင့်ရအောင် သမနန္တရသတ္တိနဲ့ ကျေးဇူးပြုလိုက်တာဖြစ်တယ်။

မနောဓာတု၊ မနောဓာတ် နှလုံးသွင်းခံယူစိတ်သည် . . . တံ သမ္ပယုတ္တကာစ၊ ထိုနှလုံးသွင်း ခံယူစိတ်နှင့် ယှဉ်ဖော် ယှဉ်ဖက်ဖြစ်ကုန်သော။ ဓမ္မာ၊ စေတသိက်တရားတို့သည် လည်း ကောင်း။ မနောဝိညာဏဓာတုယာ၊ နှလုံးသွင်းခံယူစိတ်ဖြစ်ကုန် သော မနောဝိညာဏဓာတ်အားလည်းကောင်း။ တံ သမ္ပယုတ္တ ကာနံ၊ ထိုနှလုံးသွင်း ခံယူစိတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် တရားတို့အားလည်းကောင်း၊ သမနန္တရပစ္စယေန . . . (အလွန့်အလွန်ကို အကြားအလပ်မရှိ) ဖြစ်ခွင့်ရအောင် သမနန္တရသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်၊ ဟောတိ၊ ဖြစ်၏။

ရှေ့ကဖြစ်ခဲ့တဲ့ မနောဓာတ် နှလုံးသွင်းခံယူစိတ်နဲ့ သူ့ရဲ့ယှဉ် ဖော်ယှဉ်ဖက်ဖြစ်တဲ့ စိတ်စေတသိက်တရားတွေ ချုပ်ဆုံးမှုက သူ့နောက်က ဖြစ်လာမယ့် မနောဝိညာဏဓာတ် စုံစမ်းစိတ်နဲ့ သူနဲ့အတူ ယှဉ်ဖော် ယှဉ်ဖက်ဖြစ်တဲ့ စေတသိက်တရားတွေကို ဖြစ်ခွင့်ရအောင် သမနန္တရ သတ္တိနဲ့ ကျေးဇူးပြုလိုက်တာဖြစ်တယ်။

WWW.DHAMMARANSI.NET

ကာယဝိညာဏဓာတု၊ ကာယဝိညာဏဓာတ်ဖြစ်သော ထိသိစိတ်သည်။ တံ သမ္ပယုတ္တကာစ၊ ထိုထိသိစိတ်နှင့် ယှဉ်ဖော် ယှဉ်ဖက် ဖြစ်ကုန်သော။ ဓမ္မာစ၊ စေတသိက်တရားတို့သည် လည်းကောင်း။ မနောဓာတုယာစ၊ နှလုံးသွင်းခံယူစိတ်ဖြစ်သော မနောဓာတ်အား လည်းကောင်း။ တံ သမ္ပယုတ္တကာနံ၊ ထိုနှလုံး သွင်း ခံယူစိတ်နှင့် ယှဉ်ဖော်ယှဉ်ဖက်ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ သမနန္တရပစ္စယေန၊ နောက်နောက်က ဖြစ်လာသော မနောခံယူစိတ်နှင့် ယှဉ်ဖက် စေတသိက်တို့အား (အလွန့်အလွန်ကို အကြားအလပ်မရှိ) ဖြစ်ခွင့်ရအောင် သမနန္တရ သတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ရှေ့ကဖြစ်ခဲ့တဲ့ ကာယဝိညာဏဓာတ် ထိသိစိတ်နဲ့ သူ့ရဲ့ယှဉ်ဖော်ယှဉ်ဖက်ဖြစ်တဲ့ စိတ်စေတသိက်တရားတွေ ချုပ်ဆုံးမှုဟာ သူ့နောက်က ဖြစ်လာမယ့် နှလုံးသွင်းခံယူစိတ်နဲ့ သူနဲ့အတူ ယှဉ်ဖော်ယှဉ်ဖက် ဖြစ်တဲ့ စေတသိက်တရားတွေကို ဖြစ်ခွင့်ရအောင် သမနန္တရသတ္တိနဲ့ ကျေးဇူးပြုလိုက်တာဖြစ်တယ်။

မနောဓာတု၊ မနောဓာတ် နှလုံးသွင်းခံယူစိတ်သည်။ တံ သမ္ပယုတ္တကာစ၊ ထိုနှလုံးသွင်း ခံယူစိတ်နှင့် ယှဉ်ဖော်ယှဉ်ဖက် ဖြစ်ကုန်သော။ ဓမ္မာစ၊ စေတသိက်တရားတို့သည်လည်းကောင်း။ မနောဝိညာဏဓာတုယာ၊ နှလုံးသွင်း ခံယူစိတ် ဖြစ်ကုန်သော မနောဝိညာဏဓာတ်အား လည်းကောင်း။ တံ သမ္ပယုတ္တကာနံ၊ ထိုနှလုံးသွင်း ခံယူစိတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်

WWW.DHAMMARANSI.NET

တရားတို့အား လည်းကောင်း၊ သမနန္တရ ပစ္စယေန၊ (အလွန့်အလွန်ကို အကြားအလပ်မရှိ) ဖြစ်ခွင့်ရအောင် သမနန္တရ သတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်၊ ဟောတိ၊ ဖြစ်၏။

ရှေ့ကဖြစ်ခဲ့တဲ့ မနောဓာတ် နှလုံးသွင်းခံယူစိတ်နဲ့. . . သူ့ရဲ့ယှဉ် ဖော်ယှဉ်ဖက်ဖြစ်တဲ့ စိတ်စေတသိက်တရားတွေ ချုပ်ဆုံးမှုက သူ့နောက်က ဖြစ်လာမယ့် မနောဝိညာဏဓာတ် စုံစမ်းစိတ်နဲ့ သူနဲ့အတူ ယှဉ်ဖော်ယှဉ်ဖက်ဖြစ်တဲ့ စေတသိက်တရားတွေကို ဖြစ်ခွင့်ရအောင် သမနန္တရ သတ္တိနဲ့ ကျေးဇူးပြုလိုက်တာဖြစ်တယ်။

ပုရိမာ ပုရိမာ၊ ရှေးရှေးကဖြစ်ကုန်သော။ ကုသလာ ဓမ္မာ၊ ကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်က လိုက်ဖြစ်ကုန်သော။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့အား။ သမနန္တရပစ္စယေန၊ (အလွန့်အလွန်ကို အကြားအလပ်မရှိ) ဖြစ်ခွင့်ရအောင် သမနန္တရသတ္တိဖြင့်၊ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ရှေ့ကဖြစ်ခဲ့တဲ့ ကုသိုလ်ဇောတွေက နောက်မှာဖြစ်လာမယ့် ကုသိုလ်ဇောကို တစ်ဆက်တည်း ဆက်လက်ဖြစ်လာအောင် သမနန္တရ သတ္တိနဲ့ ကျေးဇူးပြုလိုက်တာဖြစ်တယ်။

ပုရိမာ ပုရိမာ၊ ရှေးရှေးကဖြစ်ကုန်သော။ ကုသလာ ဓမ္မာ၊ ကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်က လိုက်ဖြစ်ကုန်သော။ အဗျာကတာနံ ဓမ္မာနံ၊ ကုသိုလ်လည်း မဟုတ် အကုသိုလ်လည်းမဟုတ်တဲ့ အဗျာကတ တရားတို့အား။ သမနန္တရပစ္စယေန၊ (အလွန့်အလွန်ကို အကြားအလပ်မရှိ)

WWW.DHAMMARANSI.NET

ဖြစ်ခွင့်ရအောင် သမနန္တရသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ရှေ့ကဖြစ်ခဲ့တဲ့ ကုသိုလ်ဇောတွေက နောက်မှာဖြစ်လာမယ့် "အဗျာကတ"လို့ ခေါ်တဲ့ ကုသိုလ်လည်းမဟုတ် အကုသိုလ်လည်း မဟုတ်တဲ့ဇောကို တစ်ဆက်တည်း ဆက်လက်ဖြစ်လာအောင် သမနန္တရ သတ္တိနဲ့ ကျေးဇူးပြုလိုက်တာဖြစ်တယ်။

ပုရိမာ ပုရိမာ၊ ရှေးရှေးကဖြစ်ကုန်သော။ အကုသလာ ဓမ္မာ၊ အကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက် နောက်က လိုက်ဖြစ်ကုန်သော။ အကုသလာနံ ဓမ္မာနံ၊ အကု သိုလ်တရားတို့အား။ သမနန္တရပစ္စယေန၊ (အလွန့်အလွန်ကို အကြားအလပ်မရှိ) ဖြစ်ခွင့်ရအောင် သမနန္တရ သတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ရှေ့ကဖြစ်ခဲ့တဲ့ အကုသိုလ်ဇောတွေက နောက်မှာဖြစ်လာမယ့် အကုသိုလ်ဇောကို တစ်ဆက်တည်း ဆက်လက်ဖြစ်လာအောင် သမနန္တရ သတ္တိနဲ့ ကျေးဇူးပြုလိုက်တာဖြစ်တယ်။

ပုရိမာ ပုရိမာ၊ ရှေးရှေးကဖြစ်ကုန်သော။ အကုသလာ ဓမ္မာ၊ အကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက် နောက်က လိုက်ဖြစ်ကုန်သော။ အဗျာကတာနံ ဓမ္မာနံ၊ ကုသိုလ် လည်းမဟုတ် အကုသိုလ်လည်းမဟုတ်တဲ့ အဗျာကတတရား တို့အား။ သမနန္တရပစ္စယေန၊ (အလွန့်အလွန်ကို အကြား အလပ် မရှိ) ဖြစ်ခွင့်ရအောင် သမနန္တရသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူး ပြုသည်။ ဟောတိ၊ ဖြစ်၏။

WWW.DHAMMARANSI.NET

ရှေ့ကဖြစ်ခဲ့တဲ့ အကုသိုလ်ဇောတွေက နောက်မှာဖြစ်လာမယ့် အဗျာကတဇောကို တစ်ဆက်တည်း ဆက်လက်ဖြစ်လာအောင် သမနန္တရသတ္တိနဲ့ ကျေးဇူးပြုလိုက်တာဖြစ်တယ်။

ပုရိမာ ပုရိမာ၊ ရှေးရှေးကဖြစ်ကုန်သော။ အဗျာကတာ ဓမ္မာ၊ ကုသိုလ်လည်းမဟုတ် အကုသိုလ်လည်း မဟုတ်တဲ့ အဗျာကတတရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်က လိုက်ဖြစ်ကုန်သော။ အဗျာကတာနံ ဓမ္မာနံ၊ ကုသိုလ်လည်း မဟုတ်-အကုသိုလ်လည်းမဟုတ်တဲ့ အဗျာကတတရား တို့အား။ သမနန္တရပစ္စယေန၊ (အလွန့်အလွန်ကို အကြားအလပ်မရှိ) ဖြစ်ခွင့်ရအောင် သမနန္တရသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူး ပြုသည်။ ဟောတိ၊ ဖြစ်၏။

ရှေ့ကဖြစ်ခဲ့တဲ့ အဗျာကတဇောတွေက နောက်မှာဖြစ်လာမယ့် အဗျာကတဇောကို တစ်ဆက်တည်း ဆက်လက်ဖြစ်လာအောင် သမနန္တရသတ္တိနဲ့ ကျေးဇူးပြုလိုက်တာဖြစ်တယ်။

ပုရိမာ ပုရိမာ၊ ရှေးရှေးကဖြစ်ကုန်သော။ အဗျာကတာ ဓမ္မာ၊ ကုသိုလ်လည်းမဟုတ် အကုသိုလ်လည်း မဟုတ်တဲ့ အဗျာကတတရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်က လိုက်ဖြစ်ကုန်သော။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့အား။ သမနန္တရပစ္စယေန၊ (အလွန့်အလွန်ကို အကြားအလပ်မရှိ) ဖြစ်ခွင့်ရအောင် သမနန္တရသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူး ပြုသည်။ ဟောတိ၊ ဖြစ်၏။

WWW.DHAMMARANSI.NET

ရှေ့ကဖြစ်ခဲ့တဲ့ အဗျာကတဓောတွေက နောက်မှာဖြစ်လာမယ့် ကုသိုလ်ဓောကို တစ်ဆက်တည်း ဆက်လက်ဖြစ်လာအောင် သမနန္တရ သတ္တိနဲ့ ကျေးဇူးပြုလိုက်တာဖြစ်တယ်။

ပုရိမာ ပုရိမာ၊ ရှေးရှေးကဖြစ်ကုန်သော။ အဗျာကတာ ဓမ္မာ၊ ကုသိုလ်လည်းမဟုတ် အကုသိုလ်လည်း မဟုတ်တဲ့ အဗျာကတတရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်က လိုက်ဖြစ်ကုန်သော။ အကုသလာနံ ဓမ္မာနံ၊ အကုသိုလ်တရား တို့အား။ သမနန္တရပစ္စယေန၊ (အလွန်နီးအလွန်ကို အကြားအလပ် မရှိ) ဖြစ်ခွင့်ရအောင် သမနန္တရသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူး ပြုသည်။ ဟောတိ၊ ဖြစ်၏။

ရှေ့ကဖြစ်ခဲ့တဲ့ အဗျာကတဓောတွေက နောက်မှာဖြစ်လာမယ့် အကုသိုလ်ဓောကို တစ်ဆက်တည်း ဆက်လက်ဖြစ်လာအောင် သမနန္တရ သတ္တိနဲ့ ကျေးဇူးပြုလိုက်တာဖြစ်တယ်။

ယေသံ ယေသံ၊ အကြင် အကြင် ရှေ့ကဖြစ်ကြကုန် သော။ ဓမ္မာနံ၊ စိတ်စေတသိက်တရားတို့၏။ သမနန္တရာ၊ အလွန်နီး အလွန် အကြားအလပ်မရှိ ဖြစ်လာကြကုန်သော။ယေယေဓမ္မာ၊ အကြင်အကြင် နောက်နောက်၌ ဖြစ်လာကြကုန်သော။ စိတ္တ စေတသိကာဓမ္မာ၊ စိတ်စေတသိက် တရားတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ် ပေါ်လာကြကုန်၏။ တေတေဓမ္မာ၊ ထိုထို ရှေ့ကဖြစ်ကြကုန် သော တရားတို့သည်။ တေသံတေသံဓမ္မာနံ၊ ထိုထိုနောက်၌ ဖြစ်လာကြကုန်သော စိတ်စေတသိက် တရားတို့အား။ သမနန္တရ

WWW.DHAMMARANSI.NET

ပစ္စယေန၊ (အလွန့်အလွန်ကို အကြားအလပ်မရှိ) ဖြစ်ခွင့်ရအောင် သမနန္တရသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ရှေ့ကဖြစ်ခဲ့တဲ့ နာမ်တရားတို့ရဲ့ နောက်က စိတ်စေတသိက်တရားတွေ ဖြစ်လာကြရာမှာ ရှေ့စိတ်နာမ်တရားတွေက ပစ္စည်းတရားဖြစ်ပြီး နောက်နောက်နာမ်တရားတွေက ပစ္စယုပ္ပန်တရားတွေအဖြစ် သမနန္တရသတ္တိနဲ့ ကျေးဇူးပြုလိုက်ခြင်းဖြစ်တယ်။

---

## ၆ – သဟဇာတပစ္စယော

"သဟဇာတ" ဆိုတာ အတူတကွဖြစ်လာဖို့ ကျေးဇူးပြုတဲ့ ပစ္စည်းကို သဟဇာတ ပစ္စည်းလို့ ခေါ်တယ်။ ဥပမာအားဖြင့် မီးခလုပ်ကိုနှိတ်လိုက်ရင် မီးရောင်ပေါ်လာတယ်။ ဖန်သီးထဲက နန်းကြိုးမှာ မီးဖြစ်လာတာနဲ့ မီးရောင်တန်းပြီးဖြစ်လာတယ်။ မီးနဲ့ မီးရောင် ဘယ်သူက အရင်ဖြစ်လာတုံးဆိုတော့ တစ်ပြိုင်နက် အတူတကွဖြစ်လာတာပေါ့။ မီးရောင်ကြောင့် မီးကို မြင်ရတယ်။ မီးကြောင့်လည်း မီးရောင်ကိုမြင်ရတယ်။ ဒီလို အတူတကွ တစ်ပြိုင်နက်ဖြစ်ပြီး တစ်ခုကတစ်ခုကို အပြန်အလှန် ကျေးဇူးပြုနေတာကို "သဟဇာတ" လို့ခေါ်ပါတယ်။ ဒါကို ဗုဒ္ဓမြတ်စွာက-

WWW.DHAMMARANSI.NET

## ပါဠိတော်နှင့် ပါဠိတော်အနက်

သဟဇာတပစ္စယောတိ၊ စတ္တာရော ခန္ဓာ အရူပိနော အညမညံ သဟဇာတပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညံ သဟဇာတပစ္စယေန ပစ္စယော။

ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ သဟဇာတပစ္စယေန ပစ္စယော။

စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။

မဟာဘူတာ ဥပါဒါရူပါနံ သဟဇာတ ပစ္စယေန ပစ္စယော။

ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ကိဉ္စိကာလေ သဟဇာတ ပစ္စယေန ပစ္စယော။ ကိဉ္စိကာလေ န သဟဇာတ ပစ္စယေန ပစ္စယော။

သဟဇာတပစ္စယောတိ၊ သဟဇာတပစ္စည်းဆိုသည်မှာ။ စတ္တာရော၊ လေးပါးကုန်သော။ အရူပိနော၊ (ဝေဒနာ၊ သညာ၊ သင်္ခါရ ဝိညာဏဟု ဆိုအပ်သော) နာမ်ခန္ဓာတို့သည်။ အညမညံ၊ အချင်းချင်း။ သဟဇာတ ပစ္စယေန၊ အတူတကွ ဖြစ်ပေါ်ကြသည့် သဟဇာတပစ္စယ သတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

E5A

WWW.DHAMMARANSI.NET

စတ္တာရော၊ လေးပါးကုန်သော။ မဟာဘူတာ၊ (ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇောဟု ဆိုအပ်သော) မဟာဘုတ်ဓာတ်ကြီး လေးပါးတို့သည်။ အညမညံ၊ အချင်းချင်း။ သဟဇာတပစ္စယေန၊ အတူတကွ ဖြစ်ပေါ်ကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ဩက္ကန္တိက္ခဏေ၊ ပဋိသန္ဓေဖြစ်တည်ခိုက် ခဏကာလ၌။ နာမရူပံ၊ နာမ်တရား ရုပ်တရားသည်။ အညမညံ၊ အချင်းချင်း။ သဟဇာတပစ္စယေန၊ အတူတကွဖြစ်ပေါ်ကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

စိတ္တစေတသိကာ၊ စိတ်စေတသိက်ဖြစ်ကုန်သော။ ဓမ္မာ၊ နာမ်ခန္ဓာလေးပါးတို့သည်။ စိတ္တသမုဋ္ဌာနာနံ၊ စိတ်ကြောင့်ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်တို့အား။ သဟဇာတပစ္စယေန၊ အတူတကွ ဖြစ်ပေါ်ကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

မဟာဘူတာ၊ (ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇောဟု ဆိုအပ်သော) မဟာဘုတ်တရား ဓာတ်ကြီးလေးပါးတို့သည်။ ဥပါဒါရူပါနံ၊ (ဘူတရုပ်ကို) မဟာဘုတ်ဓာတ်ကြီး လေးပါးကို မှီတွယ်၍ ဖြစ်ကြကုန်သော ဥပါဒါ ရုပ်တို့အား။ သဟဇာတပစ္စယေန၊ အတူတကွ ဖြစ်ပေါ်ကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

WWW.DHAMMARANSI.NET

ရှုပ်နေ၁၊ ရုပ်ဖြစ်ကုန်သော။ ဓမ္မ၁၊ ဟဒယဝတ္ထုရုပ်သည်။ အရူပိနံ၊ (နာမ်ဖြစ်ကုန်သော) နာမ်ခန္ဓာ လေးပါး တို့အား။ ကိဥ္စိကာလေ၊ အချို့သော ပဋိသန္ဓေဖြစ်တည်ခိုက်ခဏကာလ၌။ သဟဇာတ ပစ္စယေန၊ အတူတကွ ဖြစ်ပေါ်ကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ကိဥ္စိကာလေ၊ အချို့သော ပဝတ္တိကာလ (ဖြစ်ဆဲကာလ)၌။ သဟဇာတပစ္စယေန၊ အတူတကွဖြစ်ပေါ်ကြမှု ကျေးဇူးပြု သည်။ န ဟောတိ၊ မဖြစ်ပေ။

## အစိပ္ပာယ်ရှင်းပြချက်

နာမ်ခန္ဓာလေးပါးတို့ဟာ အချင်းချင်းတစ်ပါးက ပစ္စည်း ဖြစ်ရင် ကျန်သုံးပါးက ပစ္စယုပ္ပန်၊ သုံးပါးက ပစ္စည်းဖြစ်ရင် တစ်ပါးက ပစ္စယုပ္ပန်၊ နှစ်ပါးက ပစ္စည်းဖြစ်ရင် ကျန်နှစ်ပါးက ပစ္စယုပ္ပန်၊ ကျန်နှစ်ပါးက ပစ္စည်းဖြစ်ရင် မူလနှစ်ပါးက ပစ္စယုပ္ပန်။ အဲဒီလို တစ်လှည့်စီဖြစ်ပြီး ကျေးဇူးပြုပါတယ်။

မဟာဘုတ်လေး ပါးတို့ဟာလည်း ဒီနည်းအတိုင်း တစ်လှည့်စီ ကျေးဇူးပြုပါတယ်။ ဒါပေမယ့် ပဥ္စဝေါကာရ ပဋိသန္ဓေ ဖြစ်တည်ခိုက် ခဏကာလမှာ (ခန္ဓာငါးပါးနဲ့ တည်ဆောက်တဲ့ ပဋိသန္ဓေဖြစ်တည်ခိုက် ခဏကာလမှာ) နာမ်ခန္ဓာ လေးပါးနဲ့ ဟဒယဝတ္ထုရုပ်တို့ဟာ အတူတကွ ဖြစ်ပေါ်တဲ့ သတ္တိနဲ့ ကျေးဇူးပြုတယ်။ အချို့ပဝတ္တိ (ဖြစ်ဆဲ) ကာလမှာတော့ သဟဇာတ အတူတကွ ဖြစ်ခြင်းနဲ့ ကျေးဇူးမပြုနိုင်ဘူး။

WWW.DHAMMARANSI.NET

# ၇ – အညမညပစ္စယော

သဟဇာတပစ္စည်းက အတူတူဖြစ်ပြီး အပြန်အလှန် ကျေးဇူးပြုတာ။ အခု အညမည ပစ္စည်းကျတော့ အတူတူဖြစ်ဖြစ် မဖြစ်ဖြစ် အချင်းချင်း အပြန် အလှန် ကျေးဇူးပြုနိုင်မှသာ အညမညပစ္စည်းဖြစ်တယ်။ ဒါကို ဗုဒ္ဓမြတ်စွာက-

## ပါဠိတော်နှင့်ပါဠိတော်အနက်

အညမညပစ္စယောတိ၊ စတ္တာရော ခန္ဓာ အရူပိနော အညမညပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညပစ္စယေန ပစ္စယော။

ဩက္ကန္တိက္ခဏေ နာမရူပံ အညမညပစ္စယေန ပစ္စယော။

အညမညပစ္စယောတိ၊ အညမညပစ္စည်းဆိုသည်မှာ။ စတ္တာရော၊ လေးပါးကုန်သော။ အရူပိနော၊ (ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏဟုဆိုအပ်သော) နာမ်ခန္ဓာ လေးပါးတို့သည်။ အညမညံ၊ အချင်းချင်း အပြန်အလှန်အားဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

နာမ်ခန္ဓာလေးပါးတို့ဟာ တစ်ပါးက ပစ္စည်းဖြစ်ရင် ကျန်သုံးပါးက ပစ္စယုပ္ပန်၊ သုံးပါးကပစ္စည်းဖြစ်ရင် ကျန်တစ်ပါးက ပစ္စယုပ္ပန်၊ နှစ်ပါးက ပစ္စည်းဖြစ်ရင် ကျန်နှစ်ပါးက ပစ္စယုပ္ပန်။ ကျန်နှစ်ပါးက ပစ္စည်းဖြစ်ရင် မူလနှစ်ပါးက ပစ္စယုပ္ပန် အပြန်အလှန် ကျေးဇူးပြုနေကြတယ်။

WWW.DHAMMARANSI.NET

စတ္တာရော၊ လေးပါးကုန်သော။ မဟာဘူတာ၊ (ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇောဟု ဆိုအပ်သော) မဟာဘုတ် ဓာတ်ကြီး လေးပါးတို့သည်။ အညမညံ၊ အချင်းချင်း အပြန်အလှန်အားဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ဒီအတိုင်းပဲ မဟာဘုတ်တရားလေးပါးကလည်း အပြန်အလှန် ကျေးဇူးပြုနေကြတယ်။

ဩက္ကန္တိက္ခဏေ၊ ပဋိသန္ဓေဖြစ်တည်ခိုက်ခဏကာလ၌။ နာမရူပံ၊ ပဋိသန္ဓေ နာမ်ခန္ဓာနှင့် ဟဒယဝတ္ထုရုပ်သည်။ အညမညံ၊ အချင်းချင်း အပြန်အလှန်အားဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ပဋိသန္ဓေစိတ်ဖြစ်တည်ခိုက် ခဏကာလမှာတော့ ပဉ္စဝေါကာရ ပဋိသန္ဓေ စိတ်နဲ့ ဟဒယဝတ္ထုရုပ်ဟာ အချင်းချင်း အပြန်အလှန်အနေနဲ့ ကျေးဇူး ပြုတယ်။ ဒီနေရာမှာ ရုပ်နဲ့နာမ် အပြန်အလှန် ကျေးဇူးပြုတယ်။

ပဋိသန္ဓေဖြစ်တည်ခိုက် ခဏကာလမှာသာ ရုပ်ကနာမ်ကို အညမညသတ္တိနဲ့ အပြန်အလှန် ကျေးဇူးပြုတယ်။

---

## ၈ – နိဿယပစ္စယော

တည်ရာမှီရာ အဖြစ်နဲ့ အချင်းချင်းကျေးဇူးပြုတဲ့တရားကို "နိဿယ"ပစ္စည်းလို့ခေါ်တယ်။ သဟဇာတနိဿယ၊ ဝတ္ထုပုရေဇာတနိဿယ၊ ဝတ္ထာရမ္မဏ ပုရေဇာတ နိဿယလို့ သုံးမျိုး ရှိပါတယ်။ ဒါကို မြတ်ဗုဒ္ဓက-

WWW.DHAMMARANSI.NET

## ပါဠိတော်နှင့် ပါဠိတော်အနက်

နိဿယပစ္စယောတိ၊ စတ္တာရော ခန္ဓာ အရူပိနော အညမညံ နိဿယပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညံ နိဿယပစ္စယေန ပစ္စယော။

ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ နိဿယ ပစ္စယေန ပစ္စယော။

စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ နိဿယပစ္စယေန ပစ္စယော။

မဟာဘူတာ ဥပါဒါရူပါနံ နိဿယပစ္စယေန ပစ္စယော။

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

သောတာယတနံ သောတဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

ဇိဝှာယတနံ ဇိဝှာဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

ကာယာယတနံ ကာယဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

WWW.DHAMMARANSI.NET

ယံရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏ ဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနော ဝိညာဏ ဓာတုယာ စ တံ သမ္ပယုတ္တကာနဥ္စ ဓမ္မာနံ နိဿယပစ္စ ယေန ပစ္စယော။

စတ္တာရော၊ လေးပါးကုန်သော။ အရူပိနော၊ နာမ်ဖြစ် ကုန်သော။ ခန္ဓာ၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏက္ခန္ဓာ တို့သည်။ အညမညံ၊ အချင်းချင်းအပြန်အလှန်အားဖြင့်။ နိဿယပစ္စယေန၊ တည်မှီစရာအဖြစ်ဖြင့်။ ပစ္စယော၊ တည်မှီ နိုင်အောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

နာမ်ခန္ဓာလေးပါးတို့ဟာ အချင်းချင်း တစ်ပါးက တည်စရာ မှီစရာ ပစ္စည်းဖြစ်ရင် ကျန်သုံးပါးက လာရောက်တည်မှီနေတဲ့ ပစ္စယုပ္ပန် တရားအဖြစ်၊ ကျန်သုံးပါးက တည်စရာ မှီစရာပစ္စည်းဖြစ်နေရင် တစ်ပါးက လာရောက်တည်မှီနေရတဲ့ ပစ္စယုပ္ပန်တရားအဖြစ် ထိုနည်းအတူ နှစ်ပါးက ပစ္စည်းဖြစ်ရင် ကျန်နှစ်ပါးက ပစ္စယုပ္ပန်အဖြစ်၊ အတူတူလည်းဖြစ်၊ အပြန် အလှန်လည်း တည်စရာမှီစရာအဖြစ်နဲ့ ကျေးဇူးပြုတယ်။

စတ္တာရော၊ လေးပါးကုန်သော။ မဟာဘူတာ၊ ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇောဟု ဆိုအပ်သော မဟာဘုတ် ဓာတ် ကြီးလေးပါးတို့သည်။ အညမညံ၊ အချင်းချင်းအပြန်အလှန် အားဖြင့်။ နိဿယပစ္စယေန၊ တည်မှီစရာအဖြစ်ဖြင့်။ ပစ္စယော၊ တည်မှီနိုင်အောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

မဟာဘုတ် ဓာတ်လေးပါးတို့ဟာလည်း အချင်းချင်းတစ်ပါးက တည်စရာမှီစရာ ပစ္စည်းဖြစ်ရင် ကျန်သုံးပါးကလာရောက် တည်မှီနေတဲ့

WWW.DHAMMARANSI.NET

ပစ္စယုပ္ပန်တရားအဖြစ်၊ ကျန်သုံးပါးက တည်စရာမှီစရာစွည်းဖြစ်နေရင် တစ်ပါးကလာရောက် တည်မှီနေရတဲ့ ပစ္စယုပ္ပန်တရားအဖြစ်၊ ဒီအတိုင်းပဲ နှစ်ပါးက ပစ္စည်းဖြစ်ရင် ကျန်နှစ်ပါးက ပစ္စယုပ္ပန်အဖြစ် အတူတူလည်း ဖြစ်၊ အပြန်အလှန်လည်း တည်မှီစရာအဖြစ်နဲ့ ကျေးဇူးပြုတယ်။

ဩက္ကန္တိက္ခဏေ၊ ပဋိသန္ဓေဖြစ်တည်ခိုက် ခဏကာလ၌။ နာမရူပံ၊ နာမ်နှင့်ရုပ်တို့သည်။ အညမညံ၊ အချင်းချင်း အပြန်အလှန်အားဖြင့်။ နိဿယပစ္စယေန၊ တည်စရာ မှီစရာအဖြစ်ဖြင့်။ ပစ္စယော၊ တည်မှီနိုင်အောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

ပဋိသန္ဓေစိတ်ဖြစ်ခိုက် ခဏမှာ ပဉ္စဝေါကာရ ပဋိသန္ဓေစိတ်နဲ့ ဟဒယဝတ္ထုရုပ်တို့ဟာ အချင်းချင်းအပြန်အလှန်သတ္တိနဲ့ တည်မှီစရာ အဖြစ် ကျေးဇူးပြုတယ်။

စိတ္တစေတသိကာ၊ စိတ်စေတသိက် ဖြစ်ကြကုန်သော။ ဓမ္မာ၊ နာမ်ခန္ဓာလေးပါးတို့သည်။ စိတ္တသမုဋ္ဌာနာနံ၊ စိတ်ကြောင့် ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်တို့အား။ နိဿယပစ္စယေန၊ တည်မှီစရာအဖြစ်ဖြင့်။ ပစ္စယော၊ တည်မှီနိုင်အောင် ကျေးဇူး ဆောင်သည်။ ဟောတိ၊ ဖြစ်၏။

စိတ်စေတသိက်တရားတွေဟာ စိတ်ကြောင့်ဖြစ်တဲ့ ရုပ်တရား စိတ္တဇရုပ်အပေါ်မှာ တည်မှီစရာအဖြစ်နဲ့ ကျေးဇူးပြုတယ်။

မဟာဘူတာ၊ ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇောဟု ဆိုအပ်သော မဟာဘုတ် ဓာတ်ကြီး လေးပါးတို့သည်။ ဥပါဒါ ရူပါနံ၊ မဟာဘုတ် ဓာတ်ကြီး လေးပါးကို မှီတွယ်၍ ဖြစ်ကြကုန်

WWW.DHAMMARANSI.NET

သော ဥပါဒါ ရုပ်(၂၄)ပါးတို့အား။ နိဿယပစ္စယေန၊ တည်မှီစရာအဖြစ်ဖြင့်။ ပစ္စယော၊ တည်မှီနိုင်အောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ဖြစ်၏။

မဟာဘုတ်တရားလေးပါးတို့ဟာ အဲဒီမဟာဘုတ်တရားလေးပါးကို မှီတွယ်နေတဲ့ ဥပါဒါရုပ်တွေကို တည်မှီစရာအဖြစ်နဲ့ ကျေးဇူးပြုတယ်။

စက္ခာယတနံ၊ ရှေ့ကဖြစ်နှင့်ပြီးသည့် စက္ခုပသာဒရုပ်အကြည်ဓာတ်သည်။ စက္ခုဝိညာဏဓာတုယာစ၊ မိမိအပေါ်၌ မှီခို၍ ဖြစ်ပေါ်လာသော စက္ခုဝိညာဏဓာတ် မြင်သိစိတ်အားလည်းကောင်း။ တံ သမ္ပယုတ္တကာနံ၊ ထိုမြင်သိစိတ် စက္ခုဝိညာဏဓာတ်နှင့် ယှဉ်၍ဖြစ်ကုန်သော။ ဓမ္မာနဥ္စ၊ စေတသိက်တရားတို့အား လည်းကောင်း။ နိဿယပစ္စယေန၊ တည်မှီစရာနိဿယသတ္တိဖြင့်။ ပစ္စယော၊ တည်မှီနေနိုင်အောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

စက္ခုပသာဒမျက်စိရုပ်အကြည်ဓာတ်ဟာ မြင်သိစိတ်နဲ့ အဲဒီမြင်သိစိတ်နဲ့ ယှဉ်ဖော်ယှဉ်ဖက်ဖြစ်တဲ့ စေတသိက်တရားတွေကို တည်မှီစရာအဖြစ် ကျေးဇူးပြုတယ်။

သောတာယတနံ၊ ရှေ့ကဖြစ်နှင့်ပြီးသည့် သောတပသာဒရုပ် အကြည်ဓာတ်သည်။ သောတဝိညာဏ ဓာတုယာစ၊ မိမိအပေါ်၌ မှီခို၍ဖြစ်ပေါ်လာသော ကြားသိစိတ် သောတဝိညာဏဓာတ်အား လည်းကောင်း။ တံ သမ္ပယုတ္တကာနံ၊ ထိုကြားသိစိတ်သော တဝိညာဏဓာတ်နှင့်ယှဉ်၍ ဖြစ်ကုန်သော။

WWW.DHAMMARANSI.NET

ဓမ္မာနဉ္စ၊ စေတသိက် တရားတို့အား လည်းကောင်း။ နိဿယ ပစ္စယေန၊ တည်မှီစရာ နိဿယသတ္တိဖြင့်။ ပစ္စယော၊ တည်မှီ နေနိုင်အောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

သောတပသာဒရုပ်အကြည်ဓာတ်ဟာ ကြားသိစိတ်နဲ့ အဲဒီ ကြား သိစိတ်နဲ့ ယှဉ်ဖော်ယှဉ်ဖက်ဖြစ်တဲ့ စေတသိက် တရားတွေကို တည်မှီစရာ အဖြစ် ကျေးဇူးပြုတယ်။

ဃာနာယတနံ၊ ရှေ့ကဖြစ်နှင့်ပြီးသည့် ဃာနပသာဒရုပ် အကြည်ဓာတ်သည်။ ဃာနဝိညာဏ ဓာတုယာစ၊ မိမိအပေါ် ၌ မှီခို၍ဖြစ်ပေါ်လာသော နံသိစိတ် ဃာနဝိညာဏဓာတ်အား လည်းကောင်း။ တံ သမ္ပယုတ္တကာနံ၊ ထိုနံသိစိတ် ဃာနဝိညာဏ ဓာတ်နှင့်ယှဉ်၍ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့ အား လည်းကောင်း။ နိဿယပစ္စယေန၊ တည်မှီစရာ နိဿယ သတ္တိဖြင့်။ ပစ္စယော၊ တည်မှီနေနိုင်အောင် ကျေးဇူးဆောင် သည်။ ဟောတိ၊ ဖြစ်၏။

ဃာနပသာဒရုပ် နှာခေါင်း အကြည်ဓာတ်ဟာ နံသိစိတ်နဲ့ အဲဒီ နံသိစိတ်နဲ့ ယှဉ်ဖော်ယှဉ်ဖက်ဖြစ်တဲ့ စေတသိက် တရားတွေကို တည်မှီ စရာအဖြစ် ကျေးဇူးပြုတယ်။

ဇိဝှာယတနံ၊ ရှေ့ကဖြစ်နှင့်ပြီးသည့် ဇိဝှာပသာဒရုပ် အကြည်ဓာတ်သည်။ ဇိဝှာဝိညာဏ ဓာတုယာစ၊ မိမိအပေါ်၌ မှီခို၍ ဖြစ်ပေါ်လာသော စားသိစိတ် ဇိဝှာဝိညာဏဓာတ်အား လည်းကောင်း။ တံ သမ္ပယုတ္တကာနံ၊ ထိုစားသိစိတ် ဇိဝှာဝိညာဏ

WWW.DHAMMARANSI.NET

ဓာတ်နှင့် ယှဉ်၍ဖြစ်ကုန်သော။ ဓမ္မာနဥ္စ၊ စေတသိက်တရားတို့အား လည်းကောင်း။ နိဿယ ပစ္စယေန၊ တည်မှီစရာ နိဿယသတ္တိဖြင့်။ ပစ္စယော၊ တည်မှီနေနိုင်အောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

လျှာအကြည်ဓာတ်ဟာ စားသိစိတ်နဲ့ အဲဒီစားသိစိတ်နဲ့ ယှဉ်ဖော်ယှဉ်ဖက်ဖြစ်တဲ့ စေတသိက် တရားတွေကို တည်မှီစရာအဖြစ် ကျေးဇူးပြုတယ်။

ကာယာယတနံ၊ ရှေးကဖြစ်နှင့်ပြီးသည့် ကာယပသာဒရုပ်အကြည်ဓာတ်သည်။ ကာယာဝိညာဏ ဓာတုယာစ၊ မိမိအပေါ်၌ မှီခို၍ဖြစ်ပေါ်လာသော ထိသိစိတ်ကာယဝိညာဏဓာတ်အား လည်းကောင်း။ တံ သမ္ပယုတ္တကာနံ၊ ထိုထိသိစိတ်ကာယဝိညာဏဓာတ်နှင့်ယှဉ်၍ ဖြစ်ကုန်သော။ ဓမ္မာနဥ္စ၊ စေတသိက်တရားတို့အား လည်းကောင်း။ နိဿယ ပစ္စယေန၊ တည်မှီစရာ နိဿယသတ္တိဖြင့်။ ပစ္စယော၊ တည်မှီနေနိုင်အောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

ကာယပသာဒ ရုပ်အကြည်ဓာတ်ဟာ ထိသိစိတ်နဲ့ အဲဒီ ထိသိစိတ်နဲ့ ယှဉ်ဖော်ယှဉ်ဖက်ဖြစ်တဲ့ စေတသိက် တရားတွေကို တည်မှီစရာအဖြစ် ကျေးဇူး ပြုတယ်။

ယံ၊ အကြင် ရှေးကဖြစ်နှင့်ပြီးသည့် ဟဒယ ဝတ္ထုရုပ်ကို။ နိဿာယ၊ တည်မှီစရာပြု၍။ မနောဓာတု၊ အာရုံကိုခံယူသည့် မနောဓာတ်သည် လည်းကောင်း။ မနောဝိညာဏဓာတု စ၊

WWW.DHAMMARANSI.NET

အာရုံကိုသိသည့် မနောဝိညာဏ ဓာတ် သည်လည်းကောင်း။ ဝတ္ထုန္တိ၊ ဖြစ်ကြကုန်၏။ တံ ရူပံ၊ ထို ရှေ့ကဖြစ်နှင့်ပြီးသည့် ဟဒယဝတ္ထုရုပ်သည်။ မနောဓာတုယာ စ၊ မနောဓာတ်သည် လည်းကောင်း။ မနောဝိညာဏဓာတုယာစ၊ အာရုံကိုခံယူသည့် မနောဝိညာဏ ဓာတ်သည်လည်းကောင်း၊ တံ သမ္ပယုတ္တကာနံ၊ ထိုအာရုံကိုခံယူသည့် မနောဓာတ် အာရုံကိုသိသည့် မနော ဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာ နဉ္စ၊ စေတသိက်တရား တို့အား လည်းကောင်း။ နိဿယ ပစ္စယေန၊ တည်စရာ မှီစရာ နိဿယသတ္တိဖြင့်။ ပစ္စယော၊ တည်မှီနေနိုင်အောင် ကျေးဇူး ဆောင်သည်။ ဟောတိ၊ ဖြစ်၏။

ရှေ့ကဖြစ်ခဲ့တဲ့ ဟဒယဝတ္ထုရုပ်ကို အမှီပြုပြီး အာရုံကိုခံယူသည့် မနောဓာတ်နဲ့ အာရုံကိုသိသည့် မနောဝိညာဏဓာတ်တွေ ဖြစ်ပေါ်လာကြ တယ်။ အဲဒီဟဒယဝတ္ထုရုပ်ဟာ အာရုံကိုခံယူသည့် မနောဓာတ်၊ အာရုံကို သိသည့်မနောဝိညာဏဓာတ်တို့နဲ့ ယှဉ်ဖော်ယှဉ်ဖက်ဖြစ်ကြတဲ့ စေတသိက် တရားတွေကို ရှေ့ကလည်းဖြစ် တည်မှီစရာ အဖြစ်နဲ့လည်း ကျေးဇူးပြု တယ်။

နာမ်တရားတစ်ခုခုဟာ ဝတ္ထုရုပ်တစ်ခုခုကို အမှီပြုပြီး ဖြစ်ပေါ် လာကြပေမယ့် အာရုံကိုသိစိတ် မနောဝိညာဏဓာတ်ကတော့ ဟဒယဝတ္ထု ရုပ်ကိုသာ အမှီ ပြုပြီးဖြစ်ရတယ်။

WWW.DHAMMARANSI.NET

# ၉ – ဥပနိဿယပစ္စယော

ဥပနိဿယ"အားကြီးတဲ့ မှီရာအဖြစ်ဖြင့် ကျေးဇူးပြု သောတရား"ကို ဥပနိဿယပစ္စည်းလို့ ခေါ်ပါတယ်။ အင်မတန် နယ်ကျယ်တဲ့ တရားဖြစ်ပါတယ်။ ဥပနိဿယပစ္စည်းသုံးမျိုး ရှိပါ တယ်။ အာရမ္မဏူပနိဿယ၊ အနန္တရူပနိဿယနဲ့ ပကတူပ နိဿယတို့ ဖြစ်ပါတယ်။

သာမန်အာရုံမျိုးမဟုတ်ဘဲ အားကြီးတဲ့ မှီရာအာရုံ ဖြစ် တာကြောင့် သူ့ကို အနန္တရူပနိဿယလို့ ခေါ်တာဖြစ်ပြီး၊ သတ္တိ ကတော့ အာရမ္မဏာသတ္တိနဲ့ အကုန်တူပါတယ်။ အနန္တရူပ နိဿယဆိုတာလည်း \အနန္တရပစ္စည်းနဲ့ အားလုံးတူပါတယ်။ ထူးခြားတာကတော့ သူ့နောက်ကဖြစ်လာတဲ့စိတ်ကို အစဉ် မပြတ် ဆက်ဆက်ဖြစ်အောင် အားကြီးတဲ့မှီစရာအဖြစ် ကျေးဇူး ပြုတာဖြစ်ပါတယ်။ ပကတူပနိဿယ ဆိုတာကတော့ ပင်ကို သဘောအတိုင်း အားကြီးတဲ့ မှီတည်စရာဖြစ်တာကို ခေါ်ပါ တယ်။ ဒါကိုဗုဒ္ဓမြတ်စွာက-

## ပါဠိတော်နှင့်ပါဠိတော်အနက်

ဥပနိဿယပစ္စယောတိ၊ ပုရိမာ ပုရိမာ ကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယ ပစ္စယေန ပစ္စယော။

WWW.DHAMMARANSI.NET

ပုရိမာ ပုရိမာ ကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ဥတုဘောဇနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော။

ပုဂ္ဂလောပိ ဥပနိဿယပစ္စယေန ပစ္စယော။

သေနာသနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော။

WWW.DHAMMARANSI.NET

ဥပနိဿယ ပစ္စယောတိ၊ အား အလွန်ကြီးတဲ့ ဥပနိဿယပစ္စည်းဆိုသည်မှာ။ ပုရိမာ ပုရိမာ၊ ရှေ့ရှေ့က ဖြစ်ကြကုန်သော။ ကုသလာဓမ္မာ၊ ကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ဖြစ်ကြကုန်သော။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ် တရားတို့အား။ ဥပနိဿယ ပစ္စယေန၊ အားကြီးသော မှီခိုစရာ အကြောင်းသတ္တိဖြင့်။ ပစ္စယော၊ ထိုထိုကုသလ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ပုရိမာ ပုရိမာ၊ ရှေ့ရှေ့က ဖြစ်ကြကုန် သော။ ကုသလာ ဓမ္မာ၊ ကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကြကုန်သော။ ကေသဉ္စိ၊ အချို့သော။ အကုသလာနံ ဓမ္မာနံ၊ အကုသိုလ်တရားတို့အား။ ဥပနိဿယ ပစ္စယေန၊ အားကြီးသော မှီခိုစရာ အကြောင်းသတ္တိဖြင့်။ ပစ္စယော၊ ထိုထိုကုသလ ပြီးစီးကြမှုကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ပုရိမာ ပုရိမာ၊ ရှေ့ရှေ့က ဖြစ်ကြကုန်သော။ ကုသလာ ဓမ္မာ၊ ကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက် ၌ ဖြစ်ကြကုန်သော။ အဗျာကတာနံ ဓမ္မာနံ၊ အဗျာကတတရားတို့အား။ ဥပနိဿယ ပစ္စယေန၊ အားကြီးသော မှီခိုစရာ အကြောင်း သတ္တိဖြင့်။ ပစ္စယော၊ ထိုထိုကုသလပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ပုရိမာ ပုရိမာ၊ ရှေ့ရှေ့က ဖြစ်ကြကုန်သော။ အကုသလာဓမ္မာ၊ အကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကြကုန်သော။ အကုသလာနံ ဓမ္မာနံ၊

WWW.DHAMMARANSI.NET

အကုသိုလ်တရားတို့အား။ ဥပနိဿယ ပစ္စယေန၊ အားကြီးသော မှီခိုစရာ အကြောင်းသတ္တိဖြင့်။ ပစ္စယော၊ ထိုထိုကုသလ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ပုရိမာ ပုရိမာ၊ ရှေ့ရှေ့ကဖြစ်ကြကုန်သော။အကုသလာ ဓမ္မာ၊ အကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက် နောက်၌ ဖြစ်ကြကုန်သော။ ကေသဉ္စိ၊ အချို့သော။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့အား။ ဥပနိဿယ ပစ္စယေန၊ အားကြီး သော မှီခိုစရာအကြောင်းသတ္တိဖြင့်။ ပစ္စယော၊ ထိုထိုကုသလ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ပုရိမာ ပုရိမာ၊ ရှေ့ရှေ့က ဖြစ်ကြကုန်သော။ အကု သလာဓမ္မာ၊ အကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကြကုန်သော။ အဗျာကတာနံ ဓမ္မာနံ၊ အဗျာကတတရားတို့အား။ ဥပနိဿယ ပစ္စယေန၊ အားကြီး သော မှီခိုစရာ အကြောင်းသတ္တိဖြင့်။ ပစ္စယော၊ ထိုထိုကုသလ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ပုရိမာ ပုရိမာ၊ ရှေ့ရှေ့က ဖြစ်ကြကုန်သော။ အဗျာ ကတာ ဓမ္မာ၊ အဗျာကတတရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကြကုန်သော။ အဗျာကတာနံ ဓမ္မာနံ၊ အဗျာကတတရားတို့အား။ ဥပနိဿယ ပစ္စယေန၊ အားကြီး သော မှီခိုစရာ အကြောင်းသတ္တိဖြင့်။ ပစ္စယော၊ ထိုထိုကုသလ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

WWW.DHAMMARANSI.NET

ပုရိမာ ပုရိမာ၊ ရှေ့ရှေ့က ဖြစ်ကြကုန်သော။ အဗျာကတာ ဓမ္မာ၊ အဗျာကတတရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကြကုန်သော။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့အား။ ဥပနိဿယ ပစ္စယေန၊ အားကြီးသော မှီခိုစရာ အကြောင်း သတ္တိဖြင့်။ ပစ္စယော၊ ထိုထိုကုသလ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ပုရိမာ ပုရိမာ၊ ရှေ့ရှေ့က ဖြစ်ကြကုန်သော။ အဗျာကတာ ဓမ္မာ၊ အဗျာကတတရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကြကုန်သော။ အကုသလာနံ ဓမ္မာနံ၊ အကုသိုလ် တရားတို့အား။ ဥပနိဿယ ပစ္စယေန၊ အားကြီးသော မှီခိုစရာ အကြောင်းသတ္တိဖြင့်။ ပစ္စယော၊ ထိုထိုကုသလ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ဥတုဘောဇနမ္ပိ၊ ဥတုနှင့်ဘောဇဉ်တို့သည်လည်း။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီခိုစရာအကြောင်းသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ပုဂ္ဂလောပိ၊ ပုဂ္ဂိုလ်ကလည်း။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီခိုစရာအကြောင်းသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

သေနာသနမ္ပိ၊ အိပ်ရာ၊ နေရာ၊ ကျောင်းအစရှိသော သေနာသနပစ္စည်းသည်လည်း။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီခိုစရာအကြောင်းသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

F 6 A

WWW.DHAMMARANSI.NET

## အဓိပ္ပာယ်ရှင်းပြချက်

မြတ်ဗုဒ္ဓက ကုသိုလ်၊ အကုသိုလ်နဲ့ အဗျာကတတို့ ဆက်စပ်နေပုံကို အသေးစိတ် ရှင်းလင်းဟောပြထားပါတယ်။ ကုသိုလ်လုပ်တဲ့ဟာ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂအစရှိတဲ့ သူတော်ကောင်းတရားကို လက်ကိုင်ထားနိုင်သူများသာ ပြုလုပ်လေ့ရှိတာပါ။ ရှေးကကိုယ်ပြုခဲ့တဲ့ သဒ္ဓါတရားကို လက်ကိုင်ပြုပြီး ပီတိသုခတွေခံစား၊ နောက်ထပ်လည်း ကုသိုလ်ပြုဖို့ စိတ်တွေ ထပ်တိုးလာ။ ဒါဟာ ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုလိုက်တဲ့ သဘောပဲ။

ကုသိုလ်က အကုသိုလ်ကို ကျေးဇူးပြုပုံက ကိုယ်လုပ်တဲ့ ကုသိုလ်တရားအပေါ်မှာ စိတ်ကြီးဝင်၊ မာနထားလာတာမျိုးပါ။ ငါ့လောက်ဘယ်သူ ကုသိုလ်ပြုနိုင်ဦးမှာလဲ။ မာနတရားဖြစ်လာတယ်။ ပြီးတော့ တို့က ဟိုဘဝက ကုသိုလ်ပြုခဲ့လို့ ဒီဘဝမှာ ဘယ်သူမှ မမီတဲ့ ကုသိုလ်လုပ်နိုင်တာ။ နောက်ဘဝမှာ တို့ကလူနိုင်တန်းနိုင်တဲ့သူ ဖြစ်ဦးမှာလို့ လောဘကို မျှော်ကြည့်လာတယ်။ ဒါဟာ ကုသိုလ်က အကုသိုလ်ဖြစ်တာပဲ။ အလှူအတန်းလုပ်ပြီးတော့ စိတ်ထဲမေ့မေ့ပျောက်ပျောက် ကုသိုလ် အကုသိုလ်ကို တွေးမနေဘဲ နေတာမျိုး။ ကုသိုလ်လုပ်တုန်းက ပျော်လည်းပျော် ပင်လည်းပင်ပန်းဖြစ်နေတာ မျိုးဟာ ကုသိုလ်က အဗျာကတကို ကျေးဇူးပြုလိုက်တာဖြစ်တယ်။

ဒေါသဖြစ်လို့ သူတစ်ပါးကို ထရိုက်လိုက်တယ်။ လောဘဖြစ်လို့ သူတစ်ပါးဥစ္စာကို မတရားလုယူမိတယ်။ ဒါဟာ အကုသိုလ်က အကုသိုလ်ကို ကျေးဇူးပြုလိုက်တာ။

ကိုယ်လုပ်ခဲ့မိတဲ့ အကုသိုလ်တွေကိုတွေးပြီး သတိသံဝေဂတွေရ၊ အဲဒီလိုမျိုး အကုသိုလ်တွေ နောက်ထပ်ဖြစ်ပေါ်မလာအောင် ဒါနစတဲ့ကောင်းမှုတွေကိုပြု၊ ဥပုသ်သီလတွေဘာဝနာတွေစောင့်၊ ဒါဟာ အကုသိုလ်က ကုသိုလ်ကို အကျိုးပြုလိုက်တာပါပဲ။

WWW.DHAMMARANSI.NET

သမုဒ္ဒရာ ဝမ်းတစ်ထွာဆိုတာကြောင့် ဝမ်းဝဖို့အတွက် ခိုးဆိုး လုယက်၊ မိရင်အရိုက်အနှက်ခံရ၊ ဒီလို ကြိုးကြိုးစားစား ပင်ပင်ပန်းပန်း လုပ်ကိုင်ပြီးရတဲ့ စည်းစိမ်ကလေးကိုခံစား၊ ဒီခံစားမှုဟာ အကုသိုလ်က အဗျာကတကို ကျေးဇူးပြုလိုက်ပုံကလေးပါ။

ကိုယ့်အပင်ပန်းခံပြီး လုပ်လို့ရတာကလေးကို စိတ်မှာတွေးပြီး ပီတိပွား၊ ဒီလို အေးချမ်း သာယာနေတာဟာ အဗျာကတက အဗျာကတ ကို ကျေးဇူးပြုလိုက်တာဖြစ်တယ်။

ကိုယ်စိတ်နှစ်ပါး ချမ်းသာနေတာကလေးကို အကြောင်းပြုပြီး နောင်လည်းဒီလို ချမ်းသာတာလေးကိုခံစားချင်တယ်။ ကောင်းမှုကောင်း လုပ်တွေကိုပဲ အဆက်မပြတ်လုပ်တဲ့အခါမှာ အဗျာကတက ကုသိုလ်ကို ကျေးဇူးပြုတာ ဖြစ်တယ်။

ကိုယ်စိတ်ချမ်းသာ နေတာကလေးကို အကြောင်းပြုပြီး နောင် လည်း ဒီလိုချမ်းသာတာလေးကို ခံစားချင်လို့ မကောင်းမှု မကောင်းလုပ်ကို အဆက်မပြတ်လုပ်မိတဲ့ခါမှာ အဗျာကတက အကုသိုလ်ကို ကျေးဇူး ပြုတာဖြစ်တယ်။

ရာသီဥတုနဲ့ အစာအာဟာရကလည်း သူ့အကြောင်းနဲ့သူ အားကြီးတဲ့ မှီခိုစရာဖြစ်တယ်။ ပူရင်အေးတဲ့နေရာမှာ နေတယ်၊ အေး လွန်းရင်လည်း အနွေးဓာတ်ကလေး ရတဲ့နေရာမှာ နေတယ်။ ဒီလို မျှတ အောင်နေကြရပါ့မယ်။

အစာအာဟာရဟာလည်း ဒီအတိုင်းပဲ။ အဆိ အဆိမ့် အပေါ့ အငန် စတာတွေကိုလည်း မျှမျှတတသာ သုံးစွဲသင့်ပါတယ်။ ဒါမှသာ အသက်ခန္ဓာရဲ့ မှီခိုအားထားစရာဖြစ်ပါမယ်။ ရာသီဥတုကလည်း ပူပြင်း၊ အဆိအဆိမ့်တွေကိုလည်း လွန်လွန်ကဲကဲ စားကြရင်တော့ ဒုက္ခတွေ့ ကြမှာ အမှန်ပါပဲ။

WWW.DHAMMARANSI.NET

ပုဂ္ဂိုလ်ကလည်း ကျေးဇူးပြုပါတယ်။ ပညာရှိသူတော်ကောင်းနဲ့ ပေါင်းသင်းရင် ကုသိုလ်လည်းဖြစ်တယ်။ ပညာလည်း ရတယ်။ ကုသိုလ် ပညာရမှတော့ ဥစ္စာဆိုတာရပြီပေါ့။ ပုဂ္ဂိုလ်က မကောင်းမှုန်သမျှ အားလုံး လုပ်တယ်။ မူးယစ်ရမ်းကား အပျော်အပါးတွေလည်းစုံတယ်။ သူလိုလူနဲ့ ပေါင်းမိရင်တော့ ဘဝပါပျက်ပြီပေါ့။ ဒါကြောင့် ပုဂ္ဂိုလ်ကလည်း ကျေးဇူး ပြုတယ်လို့ မြတ်ဗုဒ္ဓက ဟောတော်မူခဲ့တာ။

သေနာသနဆိုတဲ့ အိပ်ရာ၊ နေရာ၊ ကျောင်း၊ ခုတင်၊ မွေ့ရာ တွေဟာလည်း အားကြီးတဲ့ အကျိုးပြုမှုတွေပါ။ ရဟန်းများအဖို့ အလွန် ကြောက်စရာ ကောင်းတဲ့ ပစ္စည်းတွေပါ။ အလိုလိုနေရင်း တဏှာလောဘ တွေကို တိုးပွားစေနိုင်တာ အမှန်ပဲ။ ပစ္စည်းပစ္စယတွေအပေါ်မှာ အာသာ ရမ္မက်ဖြစ်ပြီး စွဲလမ်းနေရင်တော့ သွားမှာပဲ။ အခုခေတ်မှာ ဘုန်းကြီး ကျောင်းတွေ၊ ကမ္မဋ္ဌာန်းရိပ်သာတွေမှာ ဒီပစ္စည်းတွေကို တွေ့နေရပြီ။ မြတ်ဗုဒ္ဓက ဒီလိုဖြစ်မှာစိုးလို့ ကြိုပြီးတားမြစ်ထားတယ်။

တချို့ဆို တီဗွီတွေ၊ စလောင်းတွေ၊ အောက်စက်တွေ၊ ကွန်ပျူ တာတွေ၊ လက်ကိုင်ဖုန်းတွေနဲ့။ ခေတ်က အိုင်တီခေတ်ဆိုတော့ ကမ္ဘာ လောကကြီးအကြောင်း မသိရင်၊ စကြဝဠာကြီးအကြောင်း မသိရင် ခေတ် နောက်ကျမှာပေါ့လို့ ဆင်ခြေတွေ ပေးနေပါသေးတယ်။ အဲဒီအကြောင်း တွေကို ခဏထား။ ဒီတစ်လံလောက်ပဲရှိတဲ့ ခန္ဓာကိုယ်ရဲ့အကြောင်းကော စာတွေ့မဟုတ်ဘဲ ငါတွေ့သိပြီးကြပြီလား။ သိရင်လည်း ဒီလိုစား၊ ဒီလို နေမှာ မဟုတ်ပါဘူး။ ငရဲကို စရန်ပေးပြီး အကြွေးမယူမိဖို့ သတိပြု ကြပါ။

WWW.DHAMMARANSI.NET

# ၁၀ – ပုရေဇာတပစ္စယော

ပုရေဇာတပစ္စည်းဆိုတာ ရှေ့ကအရင်ဖြစ်နှင့်ပြီးတော့ နောက်ကလိုက်ဖြစ်လာတဲ့ တရားတွေကို တိုးပွားလာအောင် ကျေးဇူးပြုတဲ့ တရားဖြစ်တယ်။ ဥပမာ-အဆင်းရူပါရုံဟာ စက္ခုဝိညာဏ်စိတ်မဖြစ်ခင် ရှေ့အနည်းငယ် ခဏလေးလောက်က အရင်ဖြစ်ရတယ်။ အဲဒီလို ရှေ့က ဖြစ်ပြီး မြင်သိစိတ် စက္ခုဝိညာဏ်စိတ်ကို လိုက်ဖြစ်လာအောင် သူကကျေးဇူးပြုလိုက်တာ ဖြစ်တယ်။ ပုရေဇာတပစ္စည်း နှစ်မျိုးရှိပါတယ်။ ဝတ္ထုပုရေဇာတနဲ့ အာရမ္မဏ ပုရေဇာတတို့ဖြစ်တယ်။ ဒါကို မြတ်ဗုဒ္ဓက-

## ပါဠိတော်နှင့် ပါဠိတော်အနက်

ပုရေဇာတပစ္စယောတိ၊ စက္ခာယတနံ စက္ခုဝိညာဏ ဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတ ပစ္စယေန ပစ္စယော။

သောတာယတနံ သောတဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတ ပစ္စယေန ပစ္စယော။

ဃာနာယတနံ ဃာနဝိညာဏ ဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတ ပစ္စယေန ပစ္စယော။

ဇိဝှာယတနံ ဇိဝှာဝိညာဏ ဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတ ပစ္စယေန ပစ္စယော။

WWW.DHAMMARANSI.NET

ကာယာယတနံ ကာယဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတ ပစ္စယေန ပစ္စယော။

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတ ပစ္စယေန ပစ္စယော။

သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတ ပစ္စယေန ပစ္စယော။

ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတ ပစ္စယေန ပစ္စယော။

ရသာယတနံ ဇိဝှာဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတ ပစ္စယေန ပစ္စယော။

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏ ဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတ ပစ္စယေန ပစ္စယော။

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ တံ ရူပံ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

WWW.DHAMMARANSI.NET

မနောဝိညာဏ ဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ကိဉ္စိကာလေ ပုရေဇာတပစ္စယေန ပစ္စယော ကိဉ္စိကာလေ န ပုရေဇာတပစ္စယေန ပစ္စယော။

ပုရေဇာတပစ္စယောတိ၊ ပုရေဇာတပစ္စည်း ဟူသည်ကား။ စက္ခာယတနံ၊ မျက်စိအကြည်ဓာတ် စက္ခုပသာဒ ဝတ္ထုရုပ်သည်။ စက္ခုဝိညာဏဓာတုယာစ၊ မြင်သိ သဘာဝ စက္ခုဝိညာဏဓာတ်အားလည်းကောင်း၊ တံ သမ္ပယုတ္တကာနဉ္စ၊ ထိုမြင်သိသဘာဝ စက္ခုဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်စေတသိက် တရားတို့အား လည်းကောင်း။ ပုရေဇာတပစ္စယေန၊ ရှေ့က ဖြစ်နှင့်သည့် ပုရေဇာတပစ္စယသတ္တိဖြင့်။ ပစ္စယော၊ ရှေ့ကဖြစ်မှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

သောတာယတနံ၊ နားအကြည်ဓာတ် သောတပသာဒ ဝတ္ထုရုပ်သည်။ သောတဝိညာဏဓာတုယာစ၊ ကြားသိ သဘာဝ သောတဝိညာဏဓာတ်အား လည်းကောင်း၊ တံ သမ္ပယုတ္တကာနဉ္စ၊ ထိုကြားသိသဘာဝ သောတဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်စေတသိက် တရားတို့အားလည်းကောင်း။ ပုရေဇာတပစ္စယေန၊ ရှေ့ကဖြစ်နှင့်သည့် ပုရေဇာတပစ္စယသတ္တိဖြင့်။ ပစ္စယော၊ ရှေ့ကဖြစ်မှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ဃာနာယတနံ၊ နှာခေါင်းအကြည်ဓာတ် ဃာနပသာဒ ဝတ္ထုရုပ်သည်။ ဃာနဝိညာဏဓာတုယာစ၊ နံသိ သဘာဝ

WWW.DHAMMARANSI.NET

ယာနဝိညာဏဓာတ်အား လည်းကောင်း၊ တံ သမ္ပယုတ္တကာနဉ္စ၊ ထိုနံ့သိသဘာဝဃာနဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်စေတ သိက်တရားတို့အားလည်းကောင်း။ ပုရေဇာတ ပစ္စယေန၊ ရှေ့က ဖြစ်နှင့်သည့် ပုရေဇာတပစ္စယသတ္တိဖြင့်။ ပစ္စယော၊ ရှေ့က ဖြစ်မှုကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ဇိဝှာယတနံ၊ လျှာအကြည်ဓာတ် ဇိဝှာပသာဒ ဝတ္ထု ရုပ်သည်။ ဇိဝှာဝိညာဏဓာတုယာစ၊ စားသိ သဘာဝ ဇိဝှာဝိညာဏ ဓာတ်အား လည်းကောင်း၊ တံ သမ္ပယုတ္တ ကာနဉ္စ၊ ထိုစားသိ သဘာဝ ဇိဝှာဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာ နဉ္စ၊ စိတ် စေတသိက် တရားတို့အား လည်းကောင်း။ ပုရေဇာတပစ္စယေန၊ ရှေ့က ဖြစ်နှင့်သည့် ပုရေဇာတ ပစ္စယသတ္တိဖြင့်။ ပစ္စယော၊ ရှေ့က ဖြစ်မှုကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ကာယာယတနံ၊ ကိုယ်ကာယအကြည်ဓာတ် ကာယာ ပသာဒ ဝတ္ထု ရုပ်သည်။ ကာယဝိညာဏဓာတုယာစ၊ ထိသိ သဘာဝ ကာယဝိညာဏဓာတ်အား လည်းကောင်း၊ တံ သမ္ပ ယုတ္တ ကာနဉ္စ၊ ထိုထိသိသဘာဝ ကာယဝိညာဏ ဓာတ်နှင့်ယှဉ် ကုန်သော။ ဓမ္မာ နဉ္စ၊ စိတ်စေတသိက် တရားတို့အား လည်း ကောင်း။ ပုရေဇာတ ပစ္စယေန၊ ရှေ့က ဖြစ်နှင့်သည့် ပုရေဇာတ ပစ္စယသတ္တိဖြင့်။ ပစ္စယော၊ ရှေ့ကဖြစ်မှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

WWW.DHAMMARANSI.NET

စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ အစရှိတဲ့ ပသာဒရုပ် အကြည်ဓာတ်တွေဟာ မိမိကို အကြောင်းပြုပြီး ဖြစ်ပေါ်လာကြတဲ့ ဝိညာဏဓာတ် သိစိတ်နဲ့ အဲဒီသိစိတ်နဲ့ ယှဉ်ဖော်ယှဉ်ဖက်ဖြစ်ကြတဲ့ စိတ် စေတသိက်တရားကွေကို ဝတ္ထုပုရေဇာတသတ္တိနဲ့ ကျေးဇူးပြုလိုက်တာ ဖြစ်တယ်။

ရူပါယတနံ၊ အဆင်းဝဏ္ဏရှိသမျှဥဿုံ အလုံးစုံသော ရူပါရုံသည်။ စက္ခု ဝိညာဏဓာတုယာစ၊ မြင်သိသဘာဝ စက္ခု ဝိညာဏဓာတ်အား လည်းကောင်း။ တံ သမ္ပယုတ္တကာနံ၊ ထို မြင်သိသဘာဝစက္ခုဝိညာဏ ဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဥ္စ၊ စေတသိက်တရားတို့အား လည်းကောင်း။ ပုရေဇာတပစ္စယေန၊ ရှေ့က ဖြစ်နှင့်သည့် အာရမ္မဏ ပုရေဇာတပစ္စယသတ္တိဖြင့်။ ပစ္စယော၊ ရှေ့ကလည်း ဖြစ် အာရုံအဖြစ်လည်း ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

သဒ္ဒါယတနံ၊ အသံသဒ္ဒ ရှိသမျှဥဿုံ အလုံးစုံသော သဒ္ဒါရုံသည်။ သောတဝိညာဏဓာတုယာစ၊ ကြားသိသဘာဝ သောတဝိညာဏ ဓာတ်အားလည်းကောင်း။ တံ သမ္ပယုတ္တကာနံ၊ ထိုကြားသိသဘာဝသောတ ဝိညာဏဓာတ်နှင့်ယှဉ်ကုန် သော။ ဓမ္မာနဥ္စ၊ စေတသိက်တရားတို့အား လည်းကောင်း။ ပုရေဇာတပစ္စယေန၊ ရှေ့ကဖြစ်နှင့်သည့် အာရမ္မဏပုရေဇာတ ပစ္စယသတ္တိဖြင့်။ ပစ္စယော၊ ရှေ့ကလည်းဖြစ် အာရုံအဖြစ်လည်း ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

WWW.DHAMMARANSI.NET

ဂန္ဓာယတနံ၊ အနံ့ဂန္ဓရှိသမျှဥဿုံ အလုံးစုံသော ဂန္ဓာရုံသည်။ ဃာနဝိညာဏဓာတုယာစ၊ နံသိသဘာဝ ဃာနဝိညာဏဓာတ်အားလည်းကောင်း။ တံ သမ္ပယုတ္တကာနံ၊ ထိုနံသိသဘာဝ ဃာန ဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အား လည်းကောင်း။ ပုရေဇာတပစ္စယေန၊ ရှေ့ကဖြစ်နှင့်သည့် အာရမ္မဏ ပုရေဇာတပစ္စယသတ္တိဖြင့် ပစ္စယော၊ ရှေ့ကလည်းဖြစ် အာရုံအဖြစ်လည်းကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ရသာယတနံ၊ အရသာဟူသမျှ ရှိသမျှဥဿုံ အလုံးစုံသော ရသာရုံသည်။ ဇိဝှာဝိညာဏ ဓာတုယာစ၊ စားသိသဘာဝ ဇိဝှာဝိညာဏ ဓာတ်အားလည်းကောင်း။ တံ သမ္ပယုတ္တကာနံ၊ ထိုစားသိသဘာဝ ဇိဝှာဝိညာဏ ဓာတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် တရားတို့အား လည်းကောင်း။ ပုရေဇာတပစ္စယေန၊ ရှေ့ကဖြစ်နှင့်သည့် အာရမ္မဏ ပုရေဇာတပစ္စယသတ္တိဖြင့်။ ပစ္စယော၊ ရှေ့ကလည်းဖြစ် အာရုံအဖြစ်လည်းကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ဖောဋ္ဌဗ္ဗာယတနံ၊ အတွေ့အထိဟူသမျှ ရှိသမျှဥဿုံ အလုံးစုံသော ဖောဋ္ဌဗ္ဗာရုံသည်။ ကာယဝိညာဏ ဓာတုယာစ၊ ထိသိသဘာဝ ကာယဝိညာဏ ဓာတ်အားလည်းကောင်း။ တံ သမ္ပယုတ္တ ကာနံ၊ ထိုထိသိသဘာဝ ကာယဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် တရားတို့အားလည်း

WWW.DHAMMARANSI.NET

ကောင်း။ ပုရေဇာတပစ္စယေန၊ ရှေ့က ဖြစ်နှင့်သည့် အာရမ္မဏ ပုရေဇာတပစ္စယသတ္တိဖြင့်။ ပစ္စယော၊ ရှေ့ကလည်းဖြစ် အာရုံ အဖြစ်လည်း ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ဝိညာဏဆိုတဲ့ အာရုံကိုသိစိတ်ဟာ အဆင်း ရူပါရုံ၊ အသံ သဒ္ဒါရုံ၊ အနံ့ ဂန္ဓာ ရုံ၊ အရသာ ရသာရုံ၊ အတွေ့အထိ ဖောဋ္ဌဗ္ဗာရုံစတဲ့ ရူပါရုံတွေကို အာရုံ ပြုပြီးမှ ဖြစ်ရပါတယ်။ ဥပမာ ရူပါရုံကို အာရုံပြုပြီးမှ စက္ခုဝိညာဏ်စိတ် မြင်သိစိတ် ဆိုတာ ဖြစ်လာရပါတယ်။ ဒါကြောင့် ရူပါရုံအကြောင်းရပါမှ မြင်သိစိတ် ဆိုတဲ့ အကျိုးဖြစ်လာရပါတယ်။ ဒါကို အာရမ္မဏပုရေဇာတလို့ ခေါ်ပါ တယ်။

ရူပါယတနံ၊ ရူပါရုံသည်လည်းကောင်း။ သဒ္ဒါယတနံ၊ သဒ္ဒါရုံသည်လည်းကောင်း။ ဂန္ဓာယတနံ၊ ဂန္ဓာရုံသည်လည်းကောင်း။ ရသာယတနံ၊ ရသာရုံသည်လည်းကောင်း။ဖောဋ္ဌဗ္ဗာယတနံ၊ ဖောဋ္ဌဗ္ဗာရုံသည်လည်းကောင်း။ မနောဓာတုယာ၊ အာရုံကိုခံယူသည့် မနော ဓာတ်အား လည်းကောင်း။ တံ သမ္ပယုတ္တကာနံ၊ ထိုအာရုံကို ခံယူသည့် မနောဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်စေတသိက် တရားတို့အား လည်းကောင်း။ ပုရေဇာတပစ္စယေန၊ ရှေ့ကဖြစ်နှင့်သည့် အာရမ္မဏ ပုရေဇာတ ပစ္စယသတ္တိဖြင့်။ ပစ္စယော၊ ရှေ့ကလည်း ဖြစ် အာရုံအဖြစ်လည်း ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ယံ ရူပံ၊ အကြင်ပစ္စုပ္ပန်ဖြစ်သော နိပ္ဖန္နရုပ် တစ်ဆယ့်ရှစ်ပါးကို။ နိဿာယ၊ အာရုံသဘာဝအမှီရ၍။ မနောဓာတုစ၊ အာရုံကိုခံယူသည့် မနောဓာတ်သည်လည်းကောင်း။ မနော

ဝိညာဏဓာတုစ၊ အာရုံသိစိတ် မနောဝိညာဏဓာတ်သည်လည်းကောင်း။ ဝတ္ထုန္တိ၊ ဖြစ်ကုန်၏။ တံရူပံ၊ ထိုပစ္စုပ္ပန်ဖြစ်သောနိပ္ဖန္နရုပ်တစ်ဆယ့်ရှစ်ပါးသည်။ မနောဓာတု ယာစ၊ အာရုံကိုခံယူသည့် မနောဓာတ်အားလည်းကောင်း။ တံ သမ္ပယုတ္တကာနံ၊ ထိုအာရုံကိုခံယူသည့် မနောဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဥ္စ၊ စေတသိက်တရားတို့အား လည်းကောင်း။ ပုရေဇာတပစ္စယေန၊ ရှေ့ကဖြစ်နှင့်သည့် ပုရေဇာတပစ္စယသတ္တိဖြင့်။ ပစ္စယော၊ ရှေ့ကဖြစ်မှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

အာရုံကိုခံယူသည့် မနောဓာတ်နဲ့ အာရုံကိုသိစိတ် မနောဝိညာဏ ဓာတ်တို့ဟာ ဟဒယဝတ္ထုရုပ်ကို အမှီပြုပြီး ဖြစ်ကြရတယ်။ အဲဒီဟဒယဝတ္ထုရုပ်ဟာ အာရုံကိုခံယူသည့် မနောဓာတ်နဲ့ သူ့ရဲ့ ယှဉ်ဖော်ယှဉ်ဖက်ဖြစ်တဲ့ စေတသိက်တရားတွေကို ဝတ္ထုပုရေဇာတပစ္စယ သတ္တိနဲ့ ကျေးဇူးပြုလိုက်တာဖြစ်တယ်။

မနောဝိညာဏဓာတုယာစ၊ အာရုံကိုသိသည့် မနောဝိညာဏဓာတ်အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုအာရုံကို ကိုသိသည့် မနောဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဥ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ ကိဉ္စိကာလေ၊ အချို့သောဖြစ်နေဆဲ ပဝတ္တိကာလ၌။ ပုရေဇာတပစ္စယေန၊ ဝတ္ထုပုရေဇာတပစ္စယသတ္တိဖြင့် ရှေ့ကဖြစ်မှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ကိဉ္စိကာလေ၊ ပဋိသန္ဓေဖြစ်တည်ခိုက်ခဏကာလ၌။ ပုရေဇာတပစ္စယေန၊ ဝတ္ထုပုရေဇာတသတ္တိဖြင့်။ ပစ္စယော၊ ရှေး၌ဖြစ်မှု ကျေးဇူးပြုသည်။ န ဟောတိ၊ မဖြစ်။

WWW.DHAMMARANSI.NET

အာရုံကိုသိတဲ့ မနောဝိညာဏဓာတ်နဲ့ သူ့ရဲ့ ယှဉ်ဖော် ယှဉ်ဖက်ဖြစ်တဲ့ စေတသိက် တရားတွေဟာ အချို့ဖြစ်နေဆဲ ပဝတ္တိ အခါမှာ ဝတ္ထု ပုရေဇာတသတ္တိနဲ့ ကျေးဇူးပြုတယ်။ ဒါပေမယ့် ပဋိသန္ဓေ ဖြစ်တည်ခိုက်ခဏကာလမှာတော့ ဝတ္ထုပုရေဇာတသတ္တိနဲ့ ကျေးဇူး မပြုနိုင်ဘူး။

ပုရေဇာတပစ္စည်းဟာ ရှေ့ရှေ့ကဖြစ်ပေါ်တည်ရှိနေတဲ့ ရုပ်တရားတွေက သူ့နောက်မှာ လိုက်ဖြစ်တဲ့နာမ်တရားကို သူ့လိုလိုက်ဖြစ်အောင် ကျေးဇူးပြုတာဖြစ်တယ်။ ရုပ်ကအကြောင်းဖြစ်ပြီး နာမ်က အကျိုးဖြစ်တယ်။

---

## ၁၁ – ပစ္ဆာဇာတပစ္စယော

ပုရေဇာတပစ္စည်းက ရှေ့ကဖြစ်နှင့်ပြီး သူ့နောက်က လိုက်ဖြစ်တဲ့တရားတွေကို ကျေးဇူးပြုတာ။ အခုပစ္ဆာဇာတပစ္စည်းကျတော့ ရှေ့ကဖြစ်နှင့်ပြီးဖြစ်တဲ့ တရားတွေကို နောက်ကလိုက်ပြီး ကျေးဇူးပြုတာဖြစ်တယ်။ ဥပမာပြရရင် ဒီခန္ဓာကိုယ်ကြီး တစ်ခုလုံးကိုနောက်ကလိုက်ဖြစ်ကြတဲ့ စိတ်စေတသိက်တွေက ကျေးဇူးပြုနေကြတာဖြစ်တယ်။ ဒီစိတ်စေတသိက်တွေသာ မရှိရင် သေပြီပေါ့။ စိတ်၊ နာမ်၊ ခန္ဓာ ဒီသုံးပါး ရှိနေလို့သာ ဒီခန္ဓာကြီး ရှိနေတာ။ နောက်ကလိုက်ဖြစ်တဲ့ စိတ်နဲ့ နာမ်မရှိလို့ကတော့ အသက်ဘယ်လိုလုပ် ရှိဦးမှာလဲ။ ဒါကြောင့် ဗုဒ္ဓမြတ်စွာက-

WWW.DHAMMARANSI.NET

## ပါဠိတော်နှင့်ပါဠိတော်အနက်

ပစ္ဆာဇာတပစ္စယောတိ၊ ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတ ပစ္စယေန ပစ္စယော။

ပစ္ဆာဇာတပစ္စယောတိ၊ ပစ္ဆာဇာတပစ္စည်းဟူသည်ကား။ ပစ္ဆာဇာတာ၊ ပဋိသန္ဓေ၏ နောက်နောက်ကဖြစ်ကုန်သော။ စိတ္တစေတသိကာဓမ္မာ၊ စိတ် စေတသိက် နာမ်တရားတို့သည်။ ပုရေဇာတဿ၊ ရှေ့မှဖြစ်သော။ ဣမဿကာယဿ၊ ဤ ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ ဥတုဇရုပ်နှင့် အာဟာရဇ ရုပ်အား။ ပစ္ဆာဇာတ ပစ္စယေန၊ နောက်မှဖြစ်၍ ပစ္ဆာဇာတသတ္တိဖြင့်။ ပစ္စယော၊ ရှေ့ကဖြစ်ပြီးသမျှ ရုပ်တို့အား ကြီးပွားတိုးတက်အောင် အကျိုးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

## အဓိပ္ပာယ်ရှင်းပြချက်

ပစ္ဆာဇာတပစ္စည်းဟာ ရှေ့ရှေ့ကဖြစ်ပေါ်တည်ရှိနေတဲ့ ရုပ်တရားတွေကို ဆက်လက်တည်တံ့ ခိုင်မြဲအောင် နောက်နောက်က လိုက်ဖြစ်တဲ့ နာမ်တရားက ကျေးဇူးပြုတာဖြစ်တယ်။ နာမ်က အကြောင်းဖြစ်ပြီး ရုပ်က အကျိုးဖြစ်တယ်။

---

WWW.DHAMMARANSI.NET

# ၁၂ – အာသေဝနပစ္စယော

အာသေဝနပစ္စည်းဆိုတာ ထုံမွမ်းခြင်း၊ ပွားခြင်း၊ အရှိန်အဟုန်ပေးခြင်းဆိုတဲ့ သတ္တိနဲ့ ကျေးဇူးပြုတာဖြစ်တယ်။ ဥပမာ ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးရှိတဲ့ အနံ့ကို အဖန်ဖန်အခါခါ အထပ်ထပ် လိမ်းကျံလိုက်ရင် မွှေးတဲ့အနံ့ဆိုရင် ပိုပြီးမွှေး၊ နံတဲ့အနံ့ဆိုရင် ပိုပြီးနံလာတာမျိုးဖြစ်တယ်။ အဲဒီလို သဘော သဘာဝရှိတဲ့တရားကို "အာသေဝန"ပစ္စည်းလို့ခေါ်တယ်။

သတ္တဝါတိုင်းရဲ့ စိတ်သန္တာန်မှာ ကုသိုလ်စိတ်၊ အကုသိုလ်စိတ်တွေ အစဉ်အမြဲဖြစ်နေကြပါတယ်။ ကုသိုလ်စိတ်နဲ့ အလှူဒါနပြုတဲ့အခါမှာ ကုသိုလ်ဇောတွေ ဆက်ဆက်ဖြစ်လာပါတယ်။ ရှေ့မှာဖြစ်တဲ့ ကုသိုလ်ဇောစိတ်က နောက်မှာဖြစ်လာတဲ့ ကုသိုလ်ဇောစိတ်ကို အရှိန်အဟုန်နဲ့ တိုးပွားလာအောင် "အာသေဝန"သတ္တိနဲ့ ကျေးဇူးပြုပါတယ်။ အကုသိုလ်အမှုကလည်း ဒီနည်းအတိုင်းပဲ။ အဲ ဘုရား ရဟန္တာများမှာတော့ "အဗျာကတ"သာ ဖြစ်ခွင့်ရပါတယ်။ အကျိုးပေးမှုမရှိပါဘူး။

ပထမဆုံး စဖြစ်တဲ့ဇောဟာ အရှိန်အဟုန် နည်းတယ်။ အကျိုးပေးက လက်ငင်းဘဝမှာပဲ အကျိုးပေးတယ်။ နောက်ဘဝအတွက် သူ့မှာ အရှိန်အဟုန် မကျန်တော့ဘူး။ ဒါကို ဗုဒ္ဓမြတ်စွာက-

## ပါဠိတော်နှင့် ပါဠိတော်အနက်

အာသေဝနပစ္စယောတိ၊ ပုရိမာ ပုရိမာ ကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အာသေဝန ပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အာသေဝန ပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကိရိယာဗျာကတာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကိရိယာဗျာကတာနံ ဓမ္မာနံ အာသေဝန ပစ္စယေန ပစ္စယော။

အာသေဝနပစ္စယောတိ၊ အာသေဝနပစ္စည်း ဟူသည်ကား။ ပုရိမာ ပုရိမာ၊ ရှေ့ရှေ့က ဖြစ်ကုန်သော။ ကုသလာဓမ္မာ၊ ကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ဖြစ်ကုန်သော။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့အား။ အာသေဝနပစ္စယေန၊ အဖန် တလဲလဲ မှီဝဲထုံအပ်သည့် အာသေဝနသတ္တိဖြင့်။ ပစ္စယော၊ ထုံမွမ်းအပ်သည်။ ဟောတိ၊ ဖြစ်၏။

ပုရိမာ ပုရိမာ၊ ရှေ့ရှေ့က ဖြစ်ကုန်သော။ အကုသလာဓမ္မာ၊ အကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ အကုသလာနံ ဓမ္မာနံ၊ အကုသိုလ်တရားတို့အား။ အာသေဝန ပစ္စယေန၊ အဖန် --တလဲလဲ မှီဝဲ

WWW.DHAMMARANSI.NET

ထုံအပ်သည့် အာသေဝနသတ္တိဖြင့်။ ပစ္စယော၊ ထုံမွမ်း အပ်သည်။ ဟောတိ၊ ဖြစ်၏။

ပုရိမာ ပုရိမာ၊ ရှေ့ရှေ့ကဖြစ်ကုန်သော။ အဗျာကတာ ဓမ္မာ၊ ကိရိယာအဗျာကတ တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက် နောက်၌ ဖြစ်ကုန်သော။ ကိရိယာဗျာကတာနံ ဓမ္မာနံ၊ ကိရိယာအဗျာကတ တရားတို့အား။ အာသေဝန ပစ္စယေန၊ အဖန်တလဲလဲ မှီဝဲ ထုံအပ်သည့် အာသေဝနသတ္တိဖြင့်။ ပစ္စယော၊ ထုံမွမ်းအပ်သည်။ ဟောတိ၊ ဖြစ်၏။

## အဓိပ္ပာယ်ရှင်းပြချက်

ရှေးကိုယ်ပြုခဲ့ဖူးတဲ့ ကုသိုလ်ကောင်းမှုတွေကို အကြောင်းပြုပြီး နောက်လည်း ကုသိုလ်ကောင်းမှုတွေကို ဆက်လက်ပြုတာဟာ အာသေဝနပစ္စယရဲ့သတ္တိပါ။ မကောင်းမှုကို ပြုပြီးတဲ့အခါမှာလည်း မထူးပါဘူး ကွာဆိုပြီး အကုသိုလ်အမှုကို ဆက်လက်လုပ်တာဟာလဲ အာသေဝန သတ္တိပါဘဲ။

---

## ၁၃ – ကမ္မပစ္စယော

"စေတနာကို" ကံလို့ ခေါ်တယ်။ သူနဲ့ ယှဉ်ဖော်ယှဉ်ဖက်လည်းဖြစ်၊ အတူတူဖြစ်ဖော်ဖြစ်ဖက်လည်း ဖြစ်တဲ့တရားတွေကို စေ့ဆော်တိုက်တွန်းခြင်း သတ္တိနဲ့ ကျေးဇူးပြုတာဖြစ်တယ်။ မိမိတို့ပြုလုပ်လိုက်တဲ့ ကုသိုလ်ကံ အကုသိုလ်ကံတွေဟာ ယခု

F7A

WWW.DHAMMARANSI.NET

ဘဝ၊ နောက်ဘဝမှစပြီး ဘဝအသချေ်တိုင်အောင် အကျိုးပေး ကြပါတယ်။

ဒီလိုအကျိုးပေးပုံဟာ နှစ်မျိုး နှစ်စား ရှိပါတယ်။ "သဟ ဇာတကမ္မ"နဲ့ နာနာက္ခဏိက ကမ္မတို့ဖြစ်ကြပါတယ်။ စေတနာ နဲ့ ယှဉ်ပြီးဖြစ်တဲ့စိတ်၊ စေတသိက်တရားတွေ၊ စိတ္တဇရုပ်တွေ၊ ပဋိသန္ဓေအစမှာဖြစ်တဲ့ ကမ္မဇရုပ်တွေဟာ သဟဇာတ ကမ္မရဲ့ အသီးအပွင့်တွေဖြစ်ကြပါတယ်။ ပစ္စုပ္ပန်ကာလမှာ လက်ငင်း အကျိုးပြုပါတယ်။

ကံကိုကျူးလွန်ပြီး ကံမြောက်ပြီးလို့ ချုပ်ဆုံးသွားကြတဲ့ ကုသိုလ် အကုသိုလ်ကံတွေဟာ နောင်အကျိုးပေးချိန်တန်လို့ အကျိုးပေးတာဟာ "နာနာက္ခဏိကကမ္မ"ဖြစ်ပါတယ်။ မျိုးစေ့ ကြောင့် သီးပွင့်လာကြရတာပါ။

ကံကိုပြုလုပ်တဲ့ အချိန်နဲ့ အကျိုးပေးတဲ့အချိန် ကာလ ဟာ တသီးတခြားစီဖြစ်တယ်။ အတိတ်က ပြုလုပ်ခဲ့တဲ့ကိစ္စ နောင် အနာဂတ်ကာလမှာမှ အကျိုးဖြစ်တာ။ ယခင်ဘဝပေါင်းများစွာ က ပြုလုပ်ခဲ့တဲ့ ကံတွေဟာ မီးခဲပြာဖုံးဖြစ်နေပြီး အခုဘဝမှာ လာပြီး အကျိုးပေးတာမျိုးပါ။ ဒါကို မြတ်ဗုဒ္ဓက-

## ပါဠိတော်နှင့်ပါဠိတော်အနက်

ကမ္မပစ္စယောတိ၊ ကုသလာကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

F7B.

WWW.DHAMMARANSI.NET

စေတနာ သမ္ပယုတ္တကာနံ ခန္ဓာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

ကမ္မပစ္စယောတိ၊ ကမ္မပစ္စည်းဟူသည်ကား။ ကုသလာကုသလံ၊ ကုသိုလ် အကုသိုလ်ဖြစ်သော။ ကမ္မံ၊ နာနာက္ခဏိက စေတနာကံသည်။ ဝိပါကာနံ၊ အကျိုးဝိပါက် ဖြစ်ကုန်သော။ ခန္ဓာနဉ္စ၊ နာမက္ခန္ဓာတို့အားလည်းကောင်း။ ကဋတ္တာရူပါနဉ္စ၊ ကမ္မဇရုပ်တို့အား လည်းကောင်း၊ ကမ္မပစ္စယေန၊ မျိုးစေ့ သဘာဝ ကမ္မသတ္တိဖြင့်။ ပစ္စယော၊ ဖြစ်ပေါ်လာအောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

စေတနာ၊ စိတ်တစ်ခုယုတ်ကိုးဆယ်ဖြစ်သော စေတနာသည်။ သမ္ပယုတ္တကာနံ၊ ယှဉ်၍ဖြစ်ကုန်သော။ ခန္ဓာနဉ္စ၊ စိတ်စေတသိက်တရားတို့အား လည်းကောင်း။ တံ သမုဋ္ဌာနာနံ၊ ထိုစေတနာကြောင့်ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ် ပဋိသန္ဓေကမ္မရုပ်တို့အား လည်းကောင်း။ ကမ္မပစ္စယေန၊ သဟဇာတကမ္မသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

## အဓိပ္ပာယ်ရှင်းပြချက်

ကံရဲ့အစွမ်းသတ္တိနဲ့ အကျိုးပေးပုံတွေဟာ အတော့်ကို ထူးခြားဆန်းပြားလှပါတယ်။ အမျိုးအစားလည်း စုံလင်လှပါတယ်။ သတ္တဝါတို့ရဲ့ သန္တာန်မှာရှိတဲ့ ကောင်းကောင်းဆိုးဆိုး ကံအမျိုးမျိုးဟာ အကြောင်း အားလျော်စွာ ချုပ်ပျောက်သွားကြပေမယ့် အားလုံးကုန် အကြွင်းမရှိ ချုပ်ပျောက်သွားကြတာ မဟုတ်ပါဘူး။ အရှိန်အဟုန် ရှိနေပါသေးတယ်။ ကံရဲ့ သတ္တိက ကျန်နေပါသေးတယ်။

WWW.DHAMMARANSI.NET

နောင်အခါ အခွင့်သင့်ရင် အကျိုးပေးဖို့ ရှိနေပါသေးတယ်။ မိမိတို့ပြုလုပ်ခဲ့တဲ့ ကုသိုလ် အကုသိုလ်အမှုတွေမှာ ကုသိုလ်ဇော အကုသိုလ်ဇောတွေ ဖြစ်ခဲ့ပါတယ်။ အဲဒီဇောအလိုက် အကျိုးပေးပုံက ပထမဇောဟာ အခုဘဝမှာပဲ အကျိုးပေးပါတယ်။ သတ္တမဇောဟာ ဒုတိယဘဝမှာ အကျိုးပေးနိုင်ပါတယ်။

အလယ်ဇော ငါးချက်ကတော့ နိဗ္ဗာန်မရမချင်း အခွင့်ကြုံရင် ကြုံသလို အကျိုးပေးတတ်ပါတယ်။ အကျိုးမပေးတဲ့ကံတွေကတော့ အဟောသိကံ ဖြစ်သွားပါတယ်။ ဒါ့အပြင် ကံတစ်ပါးပါးက အစားဝင်ရောက် မလာနိုင်တဲ့ ကြီးကျယ်လေးလံတဲ့ ဂရုကံဆိုတာလည်း ရှိပါသေးတယ်။ တရားအားထုတ်လို့ ဈာန်သမာပတ်တွေအထိ ရတာဟာလည်း ဒီဂရုကံကြောင့်ပါ။ အကုသိုလ်ဖက်မှာတော့ မိဘကို စော်ကားလို့ သတ်မိလို့၊ ဘုရား၊ ရဟန္တာကို စော်ကားမိလို့ ထိုက်တဲ့ကံမျိုးပါ။ ဘယ်ကံကမှ အစားထိုး ဝင်မလာနိုင်တဲ့ကံပါ။ သေခါနီးဆဲဆဲမှာ ပြုလုပ်တဲ့ကံမျိုးကို အာသန္နကံလို့ခေါ်ပြီး နေ့စဉ်မပြတ်မလပ် ပြုလုပ်ဆည်းပူးနေတဲ့ကံကိုတော့ အာစိဏ္ဏကံလို့ခေါ် ပါတယ်။ ဒီကံသုံးပါးမှတစ်ပါး တစ်ခါတလေမှ ပြုလုပ်ဖြစ် ပေါ်တဲ့ကံကို တော့ ကဋတ္တာကံလို့ ခေါ်ပါတယ်။

---

## ၁၄ – ဝိပါကပစ္စယော

မိမိတို့ပြုပြီး ပြုခဲ့ကြသမျှကံတွေကြောင့် ဖြစ်လာရတဲ့ အကျိုးတရားတွေဟာ ဝိပါကပစ္စည်းတွေပါ။ ကံနဲ့ကံရဲ့ အကျိုးပေးကို ယုံကြည်လက်ခံသူတိုင်း ကံရဲ့အကျိုးပေးဝိပါက်ကိုလည်း ယုံကြည်ကြရမှာပါ။ ပြီးတော့ အကုသိုလ်ကံကို မပြုလုပ်မိဖို့လည်း

WWW.DHAMMARANSI.NET

အလွန်အရေးကြီးပါတယ်။ ကံရဲ့အစွမ်းသတ္တိနဲ့ ကံစွမ်းအင်ဟာ ချက်ချင်းလည်း အကျိုးပေးတယ်။ ဘဝသံသရာ အဆက်ဆက် အထိ အခွင့်အလမ်းသင့်တဲ့အခါလည်း အကျိုးပေးပါတယ်။

သိပ္ပံပညာမှာ စွမ်းအင်တည်မြဲမှု နိယာမဆိုတာ ရှိပါတယ်။ စွမ်းအင်ဟာ ပုံသဏ္ဌာန်သာပြောင်းသွားတာ။ ဖျောက်ဖျက်ပစ်လို့ မရသလိုမျိုးပါ။ ဘဝသံသရာ တစ်ကွေ့မှာတော့ အကျိုးပေးဝိပါက်က ပေါ်လာမှာပါပဲ။ ဒါကြောင့် မြတ်ဗုဒ္ဓက-

## ပါဠိတော်နှင့် ပါဠိတော်အနက်

ဝိပါကပစ္စယောတိ၊ ဝိပါကာ စတ္တာရောခန္ဓာ အရူပိနော အညမညံ ဝိပါကပစ္စယေန ပစ္စယော။

ဝိပါကပစ္စယောတိ၊ ဝိပါကပစ္စည်း ဟူသည်ကား။ ဝိပါကာ၊ အကျိုးဝိပါက်ဖြစ်ကြကုန်သော။ စတ္တာရော၊ လေးပါးကုန်သော။ အရူပိနော၊ နာမ်ဖြစ်ကြကုန်သော။ ခန္ဓာ၊ ပဝတ္တိခန္ဓာ ပဋိသန္ဓေ ခန္ဓာတို့သည်။ အညမညံ၊ အချင်းချင်း အပြန်အလှန် အားဖြင့်။ ဝိပါကပစ္စယေန၊ အကျိုးဖလ ဝိပါကသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

## အဓိပ္ပာယ်ရှင်းပြချက်

သတ္တဝါတွေ ဘဝအဆက်ဆက် သံသရာအဆက်ဆက် ဆက်ဆက်သွားကြရတာဟာ ဝိပါက်နာမက္ခန္ဓာတို့က သူတို့အချင်းချင်းကိုလည်း

WWW.DHAMMARANSI.NET

ကျေးဇူးပြုတယ်။ ဒါ့အပြင် စိတ္တဇရုပ်တွေ၊ ပဋိသန္ဓေကမ္မဇရုပ်တွေကိုလည်း ဝိပါကသတ္တိနဲ့ ကျေးဇူးပြုလိုက်တာကြောင့် ဖြစ်တယ်။ ဝိပါက်စိတ်ရဲ့ သဘောက ငြိမ်သက်တယ်။ ပဋိသန္ဓေစပြီး ဖြစ်လာကတည်းက ပဋိသန္ဓေကမ္မဇရုပ်ကို ဝိပါကသတ္တိနဲ့ အကျိုးပြုပေးနေတယ်။ အိပ်ပျော်နေတုန်းမှာလည်း ပဋိသန္ဓေဝိပါက်စိတ်နဲ့ တစ်ထပ်တည်း တူတဲ့စိတ်နဲ့ နေတာဖြစ်တယ်။

---

## ၁၅ – အာဟာရပစ္စယော

အာဟာရဟာ ရုပ်သက် နာမ်သက်တွေကို အရှည်သဖြင့် တည်တံ့အောင်၊ ခိုင်မြဲအောင်၊ ကြီးပွားတိုးတက်လာအောင် ဆောင်ရွက်ပေးပါတယ်။ သတ္တဝါရယ်လို့ ဖြစ်လာကြရတာဟာလည်း ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ အကြောင်းတရားလေးပါးက ပြုပြင်ပေးလိုက်လို့ သတ္တဝါဖြစ်လာရတာပါ။ ဖြစ်လာပြီးတဲ့နောက် ဒီခန္ဓာကိုယ်ကြီးရလာတော့လည်း ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ အကြောင်းတရားလေးပါးနဲ့ ကင်းလို့ မရပြန်ဘူး။ အခုဒီမှာ အာဟာရရဲ့ အရေးကြီးပုံကို မြတ်ဗုဒ္ဓက-

### ပါဠိတော်နှင့် ပါဠိတော်အနက်

အာဟာရပစ္စယောတိ၊ ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ အာဟာရပစ္စယေန ပစ္စယော။

အရူပိနော အာဟာရာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော။

WWW.DHAMMARANSI.NET

အာဟာရပစ္စယောတိ၊ အာဟာရပစ္စည်းဟူသည်ကား။ ကဗဠိင်္ကာရော၊ အလုပ်အလွေးပြု၍ စားသောက်ရသော။ အာဟာရော၊ အာဟာရသည်။ ဣမဿကာယဿ၊ ဤခန္ဓာကိုယ်ကြီးတစ်ခုလုံးအား။ အာဟာရပစ္စယေန၊ မြဲမြဲခိုင်ခံ့ အရှည်သဖြင့် တည်တံ့အောင် အာဟာရတည်းဟူသော ဩဇာဓာတ်ဖြင့်။ ပစ္စယော၊ ထောက်ပံ့သမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

အရူပိနော၊ နာမ်ဖြစ်ကုန်သော။ အာဟာရာ၊ ဖဿ စေတနာ ဝိညာဏ်ဟု ဆိုအပ်သော နာမ်အာဟာရ သုံးပါးတို့သည်။ သမ္ပယုတ္တကာနံ၊ ယှဉ်၍ဖြစ်ကြကုန်သော။ ဓမ္မာနဥ္စ၊ စိတ် စေတသိက်တရားတို့အား လည်းကောင်း။ တံ သမုဋ္ဌာနာနံ၊ ထို အာဟာရကြောင့်ဖြစ်ကြကုန်သော။ ရူပါနဥ္စ၊ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်တို့အားလည်းကောင်း။ အာဟာရပစ္စယေန၊ မြဲမြဲခိုင်ခံ့ အရှည်သဖြင့် တည်တံ့အောင် အာဟာရတည်းဟူသော ဩဇာ ဓာတ်ဖြင့်။ ပစ္စယော၊ ထောက်ပံ့သမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

## အဓိပ္ပာယ်ရှင်းပြချက်

ဒီခန္ဓာကိုယ်ကြီးထဲမှာ ကံကြောင့်၊ စိတ်ကြောင့်၊ ဥတုကြောင့်၊ အာဟာရကြောင့်ဖြစ်တဲ့ ရုပ်အစဉ်တွေရှိပါတယ်။ အဲဒီရုပ်အစဉ်တွေ အရှည်သဖြင့် တည်တံ့ခိုင်မြဲအောင်လုပ်ဖို့ ဆိုတာကတော့ အာဟာရ ဓာတ်တွေ လိုပါတယ်။ ပြင်ပက အလုပ်အလွေးပြုပြီး စားလိုက်တဲ့

WWW.DHAMMARANSI.NET

အာဟာရမှာရှိတဲ့ ဩဇာဓာတ်(ဗဟိဒ္ဓဩဇာ)ဟာ အတွင်းမှာရှိတဲ့ (အဇ္ဈတ္တ) ဩဇာဓာတ်ကို အားပေးထောက်ခံပါတယ်။

ဒီလိုစားသောက်လိုက်လို့ ကမ္မဇရုပ်တွေ၊ စိတ္တဇရုပ်တွေ၊ ဥတုဇ ရုပ်တွေ၊ အာဟာရဇရုပ်တွေဟာ အင်အားတောင့်တင်းနိုင်မာတာကို လက်တွေ့သိနိုင်ပါတယ်။ ဒီအတိုင်းပဲ နာမ်အာဟာရတွေဖြစ်ကြတဲ့ ဖဿ၊ စေတနာနဲ့ ဝိညာဏတရားတွေဖြစ်ပုံကိုကြည့်ရင် ဖဿက အာရုံ ခြောက်ပါးမှာ တွေ့ထိလာတဲ့ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးရှိတဲ့ အာရုံ တွေကို အရသာခံပြီး ဝေဒနာကို ကြီးပွားအောင်၊ တဏှာ ကြီးပွားအောင်၊ ဖဿအာဟာရနဲ့ လှုံ့ဆော်ပေးတယ်။ သူလှုံ့ဆော်ထောက်ပံ့တာကြောင့် သတ္တဝါတွေဟာ သံသရာမှာ ဘဝအမျိုးမျိုးဖြစ်လာရတာပါ။

ဝိညာဏ်ကတော့ အာရုံကို သိဖို့ကိစ္စမှာ နာမ်တရားတွေရဲ့ ရှေ့က ဝိညာဏအာဟာရသတ္တိနဲ့ ဦးဆောင် ထောက်ပံ့ပေးပါတယ်။ ဒီဝိညာဏ်ကြောင့်လည်း နာမ်နဲ့ရုပ်တို့ အသက်ဆက်နေရတာဖြစ်ပါတယ်။ ဝိညာဏ် သာမရှိရင် နာမ်ရုပ်တွေလည်း ရှိမှာမဟုတ်ပါဘူး။

---

## ၁၆ – ဣန္ဒြိယပစ္စယော

"ဣန္ဒြိယ"ဆိုတာ အစိုးရခြင်း၊ စောင့်ရှောက်ခြင်းလို့ အဓိပ္ပာယ်ရှိပါတယ်။ သူ့ရဲ့အစိုးရမှု၊ စောင့်ရှောက်မှုက သူ့အပိုင်း နဲ့သူ၊ သူ့ဒေသနဲ့သူ အစိုးရတာမျိုး စောင့်ရှောက်တာမျိုးပါ။ ရှေ့မှာဖော်ပြခဲ့တဲ့ အဓိပတိပစ္စည်းလောက် သူကတန်ခိုးစွမ်း အား မရှိပါဘူး။ အဓိပတိက သူအုပ်စိုးနေတဲ့အခါ သူနဲ့အတူ အပြိုင်အုပ်စိုးသူ မရှိရဘူး။ အားလုံးဟာ သူ့လက်အောက်က နေကြရတာပါ။

WWW.DHAMMARANSI.NET

ဥပမာ ဆန္ဒက အဓိပတိ တပ်ပြီဆိုရင် ကျန်တဲ့ တရားတွေက အဲဒီဆန္ဒအတိုင်းလိုက်ပြီး ဖြစ်ကြရတာ။ ဣန္ဒြိယကတော့ ဒီလိုမဟုတ်ဘူး။ ဒါကို ဗုဒ္ဓမြတ်စွာက-

## ပါဠိတော်နှင့် ပါဠိတော်အနက်

ဣန္ဒြိယပစ္စယောတိ၊ စက္ခုန္ဒြိယံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

သောတိန္ဒြိယံ သောတဝိညာဏ ဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ဃာနိန္ဒြိယံ ဃာနဝိညာဏ ဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ဇိဝှိန္ဒြိယံ ဇိဝှာဝိညာဏ ဓာတုယာ တံ သမ္ပယုတ္တ ကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ကာယိန္ဒြိယံ ကာယဝိညာဏ ဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ရူပဇီဝိတိန္ဒြိယံ ကဋတ္တာ စ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

အရူပိနော ဣန္ဒြိယာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

WWW.DHAMMARANSI.NET

ဃာနိန္ဒြိယပစ္စယောတိ၊ ဃာနိန္ဒြိယပစ္စည်း ဟူသည်ကား။ စက္ခုန္ဒြိယံ၊ မြင်မှုကိုအစိုးရသော မျက်စိအကြည်ဝတ္ထုရုပ်သည်။ စက္ခု ဝိညာဏဓာတုယာ၊ စက္ခုဝိညာဏဓာတ် မြင်သိစိတ်အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုမြင်သိစိတ်နှင့်ယှဉ်ကုန် သော။ ဓမ္မာနဉ္စ၊ စိတ်စေတသိက်တရားတို့အား လည်းကောင်း။ ဣန္ဒြိယပစ္စယေန၊ အသီးသီး အသကအသက အုပ်စိုးကြမှု ကျေးဇူးပြုသည့် ဣန္ဒြိယသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

သောတိန္ဒြိယံ၊ ကြားမှုကိုအစိုးရသော နား အကြည် ဝတ္ထုရုပ်သည်။ သောတဝိညာဏဓာတုယာ၊ သောတဝိညာဏ ဓာတ် ကြားသိစိတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထို ကြား သိစိတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်စေတသိက်တရား တို့အားလည်းကောင်း။ ဣန္ဒြိယ ပစ္စယေန၊ အသီးသီးအသက အသကအုပ်စိုးကြမှု ကျေးဇူးပြုသည့် ဣန္ဒြိယသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ဃာနိန္ဒြိယံ၊ နံမှုကိုအစိုးရသော နှာခေါင်းအကြည် ဝတ္ထုရုပ်သည်။ ဃာနဝိညာဏဓာတုယာ၊ ဃာနဝိညာဏဓာတ် နံသိစိတ်အားလည်း ကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုနံသိစိတ် နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်စေတသိက်တရားတို့ အား လည်းကောင်း။ ဣန္ဒြိယ ပစ္စယေန၊ အသီးသီးအသကအသက အုပ်စိုးကြမှု ကျေးဇူးပြုသည့် ဣန္ဒြိယသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

WWW.DHAMMARANSI.NET

ဇိဝှိန္ဒြိယံ၊ စားသောက်မှုကိုအစိုးရသော လျှာအကြည်ဝတ္ထုရုပ်သည်။ ဇိဝှာဝိညာဏဓာတုယာ၊ ဇိဝှာဝိညာဏဓာတ် အရသာကို သိစိတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထို အရသာ သိစိတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်စေတသိက် တရားတို့အားလည်းကောင်း။ ဣန္ဒြိယ ပစ္စယေန၊ အသီးသီး အသက အသက အုပ်စိုးကြမှုကျေးဇူးပြုသည့် ဣန္ဒြိယသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ကာယိန္ဒြိယံ၊ ထိသိမှုကိုအစိုးရသော ကာယအကြည် ဝတ္ထုရုပ်သည်။ ကာယဝိညာဏဓာတုယာ၊ ကာယဝိညာဏဓာတ် ထိ သိစိတ်အားလည်း ကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုထိသိစိတ် နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်စေတသိက်တရားတို့အား လည်းကောင်း။ ဣန္ဒြိယ ပစ္စယေန၊ အသီးသီးအသက အသက အုပ်စိုးကြမှုကျေးဇူးပြုသည့် ဣန္ဒြိယသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူး ပြုသည်။ ဟောတိ၊ ဖြစ်၏။

ရူပဇီဝိတိန္ဒြိယံ၊ ရုပ်ကိုအစိုးတရပြု၍ စောင့်ရှောက် သော ရုပ်ဇီဝိတ(ရုပ်ဇီဝိတိန္ဒြိယ)သည်။ ကဋတ္တာရူပါနံ၊ ဇီဝိတိန္ဒြေ ကြဉ်သော ကမ္မဇရုပ်တို့အား။ ဣန္ဒြိယပစ္စယေန၊ အသီးသီး အသက အသက အုပ်စိုးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

အရူပိနော၊ နာမ်ဖြစ်ကုန်သော။ ဣန္ဒြိယာ၊ နာမ်ဇီဝိတ, စိတ်, စေတနာ, သဒ္ဓါ, ဝိရိယ, သတိ, ဧကဂ္ဂတာ, ပညာဟုဆိုအပ်

WWW.DHAMMARANSI.NET

သော နာမ်က္ခန္ဓာရှစ်ပါးတို့သည်။ သမ္ပယုတ္တကာနံ၊ ယှဉ်၍ဖြစ်ကြကုန်သော။ ဓမ္မာနဉ္စ၊ စိတ်စေတသိက်တရားတို့အား လည်းကောင်း။ တံသမုဋ္ဌာနာနံ၊ ထိုက္ခန္ဓာတို့ကြောင့် ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်တို့အား လည်းကောင်း။ ဣန္ဒြိယပစ္စယေန၊ အသီးသီးအသက အသက အုပ်စိုး ကြသည့် ဣန္ဒြိယသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

## အဓိပ္ပာယ်ရှင်းပြချက်

ဣန္ဒြိယပစ္စည်းဟာ အကြမ်းအားဖြင့် သုံးမျိုးသုံးစား ရှိပါတယ်။ သဟဇာတိန္ဒြိယ၊ ပုရေဇာတိန္ဒြိယ၊ ရူပဇီဝိတိန္ဒြိယတို့ ဖြစ်ကြပါတယ်။

သဟဇာတိန္ဒြိယဟာ ဇီဝိတ၊ စိတ်၊ ဝေဒနာ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ပညာ စသည်တို့ဖြစ်ပါတယ်။ ပုရေဇာတိန္ဒြိယက စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ စသည်တို့ဟာ ပုရေဇာတိန္ဒြိယပစ္စည်းတွေ ဖြစ်ကြပါတယ်။ ရူပဇီဝိတိန္ဒြိယက တော့ ရုပ်ဇီဝိတအားလုံးဖြစ်တယ်။

ဇီဝိတရုပ်ဟာ ကံကြောင့်ဖြစ်တဲ့ ကမ္မဇရုပ်တို့ရဲ့အသက်။ ကမ္မဇရုပ်တွေကို အသက်ရှည်အောင် အစောင့်အရှောက်ပေးတဲ့ ထူးခြားတဲ့ အကြောင်း သဘော။ ဒါကြောင့် ရုပ်မှာအသက်လို့ခေါ်တဲ့ "ဇီဝ" ရှိတယ်။ အတ္တ မဟုတ်ပါ။ အသက်ကောင်ကလေးလည်းမဟုတ်ဘူး။ ငယ်ငယ်တကျောင်းမှာ ဆဲလ်တွေအကြောင်းကိုသင်တော့ ဆဲလ်တွေကွဲ ကွဲထွက်သွားတာကို အားအလွန်ကောင်းတဲ့ မိုက်ကရိုစကုပ်နဲ့ ကြည့်တော့ မြင်ရတယ်။

လှုပ်စိလှုပ်စိနဲ့ အဲဒီလှုပ်စိကလေးဟာ တဖြည်းဖြည်း အလယ်က သိမ်လာပြီး တစ်ခုက နှစ်ခု၊ နှစ်ခုက လေးခု၊ လေးခုက ရှစ်ခု၊ ရှစ်ခုက တစ်ဆယ့်ခြောက်ခု ဖြစ်သွားတာကိုတွေ့ရတယ်။ ဒီဆဲလ်တွေ မှာ ဇီဝလို့

WWW.DHAMMARANSI.NET

ခေါ်တဲ့ အသက်ရှိနေလို့ ဒီလိုဖြစ်သွားတာ။ အသက်မရှိရင် ဒီလိုဖြစ်မှာ မဟုတ်ဘူး။ တွေ့ရမှာလည်း မဟုတ်ဘူး။ ဒီဆဲလ်တွေအားလုံးစု ပေါင်းလိုက်တော့မှ ဖြပ်ထု ရုပ်ဝတ္ထုဆိုတာ ဖြစ်လာတာ။ အဲဒီ ရုပ်ဇီဝိတသာ မရှိရင် အသက်ဆိုတာမရှိဘူး၊ အသေကောင်ပဲ။ ဝေဒနာ၊ သညာ ဘာမှရှိတော့မှာ မဟုတ်ဘူး။

နာမ်ဇီဝိတကလဲ အသက်ရှင်မှုမှာ အရေးပါတာပဲ။ "စိတ်" ကလည်း အာရုံသိဖို့ နာမ်တရားတွေရဲ့ရှေ့က အစိုးတရ ရှိရပါမယ်။ ဝေဒနာက ခံစားခြင်းကိစ္စ၊ "သဒ္ဓါ"က ယုံကြည်ခြင်း၊ "ဝီရိယ"က ရဲရင့်ခြင်း၊ ကြိုးစား အားထုတ်ခြင်း၊ "ဧကဂ္ဂတာ"က စိတ်ကို ပြန့်ပြန့်လွင့်လွင့် မဖြစ်အောင်၊ တည်တည်ကြည်ကြည်ဖြစ်အောင်၊ "ပညာ"က ဆင်ခြင်ဉာဏ်နဲ့ သိခြင်းကိစ္စမှာ အစိုးတရ ရှိရပါတယ်။

စက္ခု၊ သောတ၊ ဃာန။ ဇိဝှာ၊ ကာယ စတဲ့ ပုရေဇာတိန္ဒြိယ ပစ္စည်းတွေဟာ ရှေ့ကဖြစ်ပေါ်ပြီးသား ပစ္စည်းတွေဖြစ်ပြီး နောက်ကဖြစ်လာတဲ့ ပစ္စယုပ္ပန်တရားတွေကို အစိုးတရ ရှိရပါတယ်။ မြင်တဲ့ကိစ္စမှာ စက္ခုပသာဒက ရှေ့ကဖြစ်ပေါ်နေပြီးသား၊ သူ့နောက်ကဖြစ်လာတဲ့ မြင်သိစိတ် စက္ခုဝိညာဏ်စိတ်ကို သူကအစိုးတရရှိရပါတယ်။ စက္ခုပသာဒ အား မကောင်းရင် မြင်တဲ့ကိစ္စမှာ အားမကောင်းတော့ဘူး၊ မကြည်လင်တော့ဘူး၊ မျက်စိမှုန်သွားပြီ။

မြင်ချင်တဲ့ စက္ခုဝိညာဏ်စိတ်က ဘယ်လိုပဲ မြင်ချင်ဦးတော့ မျက်စိပသာဒကမှ မကောင်းတာ ဘယ်လိုလုပ်ပြီး မြင်ရတော့မှာလဲ။ မျက်မှန်ကူပေတော့။ ဒီအတိုင်းပဲ သောတပသာဒ မကောင်းရင်နားလေးသွားပြီ။ ဇိဝှာပသာဒမကောင်းရင် ဘာစားစား လျှာပေါ်မှာ အရသာကို မတွေ့ရတော့ဘူး။ ကာယပသာဒ သူမကောင်းတဲ့အခါ ကိုယ့်ကိုထိဖို့ မပြောနဲ့ အနားတောင် အကပ်မခံချင်ဘူး။

---

WWW.DHAMMARANSI.NET

## ၁၇ – ဈာနပစ္စယော

"စိုက်စိုက်စူးစူး၊ အထူးမြဲမြဲ၊ ရှုအားသန်၊ ဈာန်ဟု ခေါ်သတတ်" လို့ လယ်တီဆရာတော်ဘုရားကြီးက မိန့်ဆိုခဲ့တယ်။ ဘယ်အလုပ်ပဲလုပ်လုပ် ကိုယ်လုပ်တဲ့ အလုပ်ထဲမှာ အာရုံစွဲနေမြဲနေရင် ဈာန်ဝင်စားနေတယ်လို့ ဆိုနိုင်တယ်။ကောင်းမှုကောင်းလုပ်ကိုပဲလုပ်လုပ်၊ အကုသိုလ်အမှုကိုပဲပြုပြု ကိုယ့်အလုပ်ထဲမှာအာရုံဝင်စားနေတာဟာ ဈာန် ဝင်စားနေတာပါ။

ငါးမျှားနေတဲ့ လူကိုကြည့်၊ ငါးမိဖို့ "ဝိတက်" စိတ်နဲ့ ရှေးရှုပြီး ကြံစည်တယ်။ "ဝိစာရ" လို့ခေါ်တဲ့ စိတ်နဲ့ ဘယ်နေရာမှာဆို ဘယ်လိုငါးရနိုင်တယ်၊ ဒါကို ငါးမျှားချိတ်က ဘယ်အမျိုးအစား သုံးမယ်လို့ စူးစမ်းနေတယ်။ ငါးက ငါးမျှားချိတ်ကို လာဟပ်တော့ ဖော့တုံးကလေးက ငုပ်ချီ ပေါ်ချီဖြစ်နေပြီ၊ သူ့စိတ်ထဲမှာ "ပီတိ" ကို ဖြစ်လို့။ နှစ်သက်နေလိုက်တာ။

သူဒီလို ငါးမျှားနေရတာကို စိတ်ချမ်းသာ နေတယ်။ "သုခ"တွေ ဖြစ်နေလိုက်တာ။ ဘေးဘီအနီးအနားမှာ ဘာတွေဖြစ်နေလဲဆိုတာကို သူမသိတော့ဘူး၊ သူ့အလုပ်မှာ စွဲစွဲမြဲမြဲကို ဖြစ်နေတာ။ ဒါဟာ "ဧကဂ္ဂတာ" လို့ခေါ်တဲ့ ဈာန်စိတ်ဝင်စားနေတာပဲ။ ဒီအတိုင်းပဲ။ အိမ်မှာတီဗီဇာတ်လမ်းတွေ ကြည့်နေတယ်။ ဇာတ်လမ်းထဲမှာစိတ်က မျောပါသွားတယ်။ ဇာတ်လမ်းထဲက ဖြစ်နေတာကို ကိုယ်တိုင်ခံစားနေရသလိုမျိုး၊ ဒေါသတွေ ဖြစ်၊

WWW.DHAMMARANSI.NET

သောကတွေဖြစ်၊ မျက်ရည်တွေ ဘာတွေများတောင် ကျလို့။ ဒါဟာ အကုသိုလ်ဈာန်ဖြစ်နေတာ။

ကုသိုလ်ဖက်လည်း ဒီအတိုင်းပဲ။ ဘုရားရုပ်ပွားတော်ကို ရေမိုးသပ္ပာယ်၊ ပန်းရေဆီမီးကပ်။ ဗုဒ္ဓမြတ်စွာရဲ့ အတူမရှိတဲ့ ဘုန်းတော်၊ ဉာဏ်တော်ကို အာရုံပြုပြီး ဘုရားဝတ်ပြုနေတာ ငြိမ်လို့၊ စိတ်ထဲမှာပီတိတွေ ဘာတွေဖြစ်ပြီး ချမ်းသာနေလိုက်တာ။ ဒါဟာ ဈာန်ဝင်စားနေတာပေါ့။ ဒါကြောင့် မြတ် ဗုဒ္ဓက-

## ပါဠိတော်နှင့် ပါဠိတော်အနက်

ဈာနပစ္စယောတိ၊ ဈာနင်္ဂါနိ ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ ဈာနပစ္စယေန ပစ္စယော။

ဈာနပစ္စယောတိ၊ ဈာနပစ္စည်းဟူသည်ကား။ ဈာနင်္ဂါနိ၊ "ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ"တည်းဟူသော ဈာန်အင်္ဂါ ငါးပါးတို့သည်။ ဈာနသမ္ပယုတ္တကာနံ၊ ဈာန်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်စေတသိက် တရားတို့အားလည်းကောင်း။ တံ သမုဋ္ဌာနာနံ၊ ထိုဈာန်ကြောင့်ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် တို့အားလည်းကောင်း။ ဈာနပစ္စယေန၊ စိုက်စိုက်စူးစူး အထူးကပ်၍ရှုသည့် ဈာနပစ္စယသတ္တိဖြင့်။ ပစ္စယော၊ အာရုံအစားစား ထင်ရှားလာအောင် ကျေးဇူးဆောင်သည်၊ ဟောတိ။ ဖြစ်၏။

---

WWW.DHAMMARANSI.NET

## ၁၈ – မဂ္ဂပစ္စယော

"မဂ္ဂ" ဆိုတာခရီး၊ ခရီးလမ်းပါပဲ။ ခရီးလမ်းဆိုတာ ကောင်းတဲ့ ခရီးလမ်းနဲ့ မကောင်းတဲ့ခရီးလမ်းနှစ်မျိုးရှိတယ်။

ကောင်းတဲ့ ခရီးလမ်းပေါ်မှာလျှောက်ရင် ကောင်းရာကို ရောက်မှာပဲ။ ဒီခရီးလမ်းကို မြတ်ဗုဒ္ဓက သူကိုယ်တိုင်လည်း လျှောက်ခဲ့ပြီးပြီ၊ သူ့ခရီးအတွေ့အကြုံကို ဝေနေယျ သတ္တဝါတွေ အတုယူဖို့ အသေအချာ ဟောပြခဲ့တယ်။ ဒီအတွေ့အကြုံလမ်း ခရီးတွေထဲက နိဗ္ဗာန်ကို ရှာမှီးတဲ့အခါ "သမ္မာဒိဋ္ဌိ" မဂ္ဂင်လမ်း၊ အယူအမြင်မှန်တဲ့လမ်း၊ ဉာဏ်မှန်လမ်း။ "သမ္မာဝါစာ" မှန်ကန် တည်ကြည်တဲ့စကား၊ ကောင်းတဲ့စကား။ "သမ္မာကမ္မန္တ" အပြစ် မရှိ ကောင်းတဲ့ အလုပ်ကိုလုပ်တယ်။ "သမ္မာအာဇီဝ" အပြစ် မရှိ အပြစ်ကင်းတဲ့ အသက်မွေးဝမ်းကျောင်းနဲ့ အသက်မွေးမှုပြု တယ်။ "သမ္မာဝါယာမ" လုံ့လဝီရိယအရာမှာ အကောင်းဆုံး ကြိုးစားပြီး လုံ့လစိုက်အားထုတ်တယ်။ "သမ္မာသတိ" သတိအရာ မှာ ကောင်းတယ်။ မမေ့မလျော့အောင် အမြဲ ဆင်ခြင်တယ်။ "သမ္မာသမာဓိ" တည်ကြည် မွန်မြတ်တဲ့သမာဓိရှိတယ်။ ဒါဆိုရင် လမ်းကောင်းကို လျှောက်မိပြီပေါ့။ ကောင်းတဲ့ သုဂတိဘဝကို ရမှာ ရောက်ရမှာပေါ့။ ဒါတင် မကသေးဘူး။ နိဗ္ဗာန် ချမ်းသာ ကိုလည်း ဒီလမ်းက အရောက်ပို့ပေးဦးမှာပါ။

လမ်းကောင်းလမ်းမှန်ရှိသလို လမ်းဆိုးလမ်းညံ့ကလည်း ရှိနေတာပဲ။ လောက သဘာဝလေ။ အကောင်းရှိရင် အဆိုး

WWW.DHAMMARANSI.NET

ဆိုတာ ရှိစမြဲပါ။ လမ်းခရီး အဆုံးဆိုတာ“ မိစ္ဆာမဂ္ဂင်” ကို ခေါ်တာ။ လမ်းမှားနေမှတော့ အယူအမြင်၊ အတွေးအကြံက စပြီး အားလုံးအမှားတွေချည်းပဲ။ ဒီမကောင်းလမ်းကို လျှောက်မိရင်တော့ မျက်မှောက်ဘဝမှာ ဒုက္ခဆင်းရဲတွေ တစ်သီကြီးနဲ့ တွေ့ရမယ်။ တမလွန်မှာလည်း ဒုဂ္ဂတိဘုံ ဒုဂ္ဂတိဘဝမှာနေကြရ သေကြရမှာပေါ့။ ဒါကြောင့် မြတ်ဗုဒ္ဓက-

## ပါဠိတော်နှင့် ပါဠိတော်အနက်

မဂ္ဂပစ္စယောတိ၊ မဂ္ဂင်္ဂါနိ မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။

မဂ္ဂပစ္စယောတိ၊ မဂ္ဂပစ္စည်းဆိုတာ။ မဂ္ဂင်္ဂါနိ၊ “ပညာ၊ ဝိတက်၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ဒိဋ္ဌိ” စသည့် မဂ္ဂင်တရားကိုးပါးတို့သည်၊ မဂ္ဂသမ္ပယုတ္တ ကာနံ၊ ထိုမဂ်နှင့် ယှဉ်ဖော်ယှဉ်ဖက် ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်စေတသိက်တရားတို့အား လည်းကောင်း။ တံသမုဋ္ဌာနာနံ၊ ထိုမဂ်ကြောင့် ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇ ရုပ်တို့အား လည်းကောင်း။ မဂ္ဂပစ္စယေန၊ ခရီးလမ်းကြောင်းဟု ဆိုအပ်သော မဂ္ဂပစ္စယသတ္တိဖြင့် (ကုသိုလ် အကုသိုလ်ဖြစ်ကြောင်း လမ်းခရီးအဖြစ်ဖြင့်) ပစ္စယော၊ ကျေးဇူး ပြုသည်။ ဟောတိ၊ ဖြစ်၏။

WWW.DHAMMARANSI.NET

## ၁၉ – သမ္ပယုတ္တပစ္စယော

ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ ဆိုတဲ့ နာမ်ခန္ဓာ လေးပါးတို့ဟာ အချင်းချင်း အပြန်အလှန် ယှဉ်ဖော် ယှဉ်ဖက် သဘောနဲ့ သမနေအောင် ကျေးဇူးပြုတာကို သမ္ပယုတ္တပစ္စည်း လို့ ခေါ်တယ်။ ဒီတရားတွေဟာ တစ်ပေါင်းတည်း တစ်ပြိုင်နက် တည်းဖြစ်ကြတယ်။ ချုပ်ဆုံးတဲ့အခါမှာလည်း အားလုံးတစ်ပေါင်း တည်း တစ်ပြိုင်နက် ချုပ်ကြတယ်။ ပစ္စုပ္ပန်အာရုံ တစ်ခုတည်း ကိုပဲ အားလုံးတစ်ပြိုင်နက် အာရုံပြုကြတယ်။ ခွဲခြားလို့ မရပါဘူး။

ဥပမာအားဖြင့် စတုမဓု ချက်တဲ့အခါမှာ ပျားရည်ရယ်၊ သကာရယ်၊ နှမ်းဆီရယ်၊ ထောပတ်ရယ် ပေါင်းစပ်သမသွား အောင် မွှေလိုက်တဲ့အခါ အားလုံးသမသွားရင် ဘယ်သင်းက ပျားရည်ရဲ့အရသာ၊ ဘယ်ဟာက ထောပတ်ရဲ့အရသာ၊ ဘယ် အရာက နှမ်းဆီရဲ့အရသာ၊ ဘယ်ဥစ္စာက သကာရဲ့အရသာ ဆိုပြီး ခွဲလို့မရတော့သလိုဘဲ။ ဒီအတိုင်းပဲ စက္ခုဝိညာဏ်စိတ် ဖြစ်ပြီဆိုရင် ဒီစက္ခုဝိညာဏ်စိတ်နဲ့အတူ ဖဿ၊ ဝေဒနာ၊ သညာ စတာတွေဟာ တစ်ပြိုင်နက်ဖြစ်ကြတာကြောင့် ဘယ်ဟာက ဖဿရဲ့ သဘော၊ ဘယ်ဟာက ဝေဒနာရဲ့သဘော၊ ဘယ်ဟာက သညာရဲ့ သဘောဆိုပြီး ခွဲခြားလို့မရတော့ဘူး။ အားလုံးသမ သွားပြီ၊ ရောသွားပြီ၊ ဒါကို မြတ်ဗုဒ္ဓက-

သမ္ပယုတ္တပစ္စယောတိ၊ စတ္တာရော ခန္ဓာ အရူပိနော အညမညံ သမ္ပယုတ္တပစ္စယေန ပစ္စယော။ ၁၉

သမ္မယုတ္တပစ္စယောတိ၊ သမ္မယုတ္တ ပစ္စည်းဆိုသည်မှာ။ စတ္တာရော၊ လေးပါးကုန ်သော။ အရူပိနော၊ နာမ်ဖြစ် ကုန်သော။ ခန္ဓာ၊ ဝေဒနာ သညာ သင်္ခါရ၊ ဝိညာဏက္ခန္ဓာ တို့သည်။ အညမည်၊ အချင်းချင်း။ သမ္မယုတ္တပစ္စယေန၊ ယှဉ်ခြင်း စပ်ခြင်းဟု ဆိုအပ်သော သမ္မယုတ္တသတ္တိဖြင့်။ ပစ္စယော။ ယှဉ်စပ်ကြသည်။ ဟောတိ၊ ဖြစ်၏။

## အဓိပ္ပာယ်ဖော်ပြချက်

ဥပမာအားဖြင့် ကြာကြာထိုင်မိလို့ ညောင်းလာတဲ့အခါ ညောင်းတာကို သိတာက ဝိညာဏက္ခန္ဓာ၊ ဒီညောင်းနေတာကို ခံစားနေတာက ဝေဒနာ။ ညောင်းတဲ့ ကိစ္စကို လိုက်ပြီးမှတ်နေရတာက သညာ၊ ဒီလို မှတ်နေဖို့ ကိုယ့်ရဲ့စိတ်ကို တိုက်တွန်း အားထုတ်နေတာက သင်္ခါရ။ ဒီကိစ္စ အားလုံးဟာ တစ်ပြိုင်နက်အတူတူဖြစ်တာ။ မှီရာဝတ္ထုကလည်း အတူတူ၊ ချုပ်သွားတော့လည်း အတူတူ၊ အာရုံကလည်း အတူတူ။ နာမ်တရားတွေဟာ အချင်းချင်းအပြန်အလှန် ယှဉ်ဖော်ယှဉ်ဖက်စွမ်းအားသတ္တိနဲ့ ကျေးဇူးပြုကြတာဖြစ်တယ်။

---

## ၂၀ - ဝိပ္ပယုတ္တပစ္စယော

သမ္မယုတ္တပစ္စည်းမှာ နာမ်ခန္ဓာလေးပါးဟာ အချင်းချင်း အတူတကွ ယှဉ်ပြီး အတူတူဖြစ်တယ်။ အတူတူ ချုပ်တယ်။ အာရုံတစ်ခုတည်းကိုပဲ အတူတူယူတယ်။ မှီတွယ်တဲ့ အခါမှာ

WWW.DHAMMARANSI.NET

လည်း ဝတ္ထုတစ်ခုတည်းကိုပဲ မှီတွယ်ကြတယ်။ နာမ်ကို နာမ်ချင်း သမမျှတ ခွဲမရအောင် စပ်ယှဉ်ကြတယ်။

အခု ဝိပ္ပယုတ္တပစ္စည်းကျတော့ ရုပ်ကနာမ်ကို မယှဉ် စပ်ဘူး။ အဲ ကျေးဇူးတော့ပြုတယ်။ နာမ်ကလည်း ရုပ်ကိုမယှဉ် စပ်ဘူး၊ ကျေးဇူးပဲ ပြုတယ်။ စိတ်နဲ့စိတ္တဇရုပ်၊ ပဥ္စဝေါကာရ ပဋိသန္ဓေနဲ့ဟဒယဝတ္ထုရုပ်၊ ဒီရုပ် ဒီနာမ်တရားတွေဟာ တစ်ပြိုင် နက်ဖြစ်လာကြတာမှာ သမ္ပယုတ္တ လက္ခဏာနဲ့ သမသွားတယ်လို့ ထင်ယောင်မြင်ယောင်ဖြစ်မှာစိုးလို့၊ ယုံမှားသက်ာ ဖြစ်မှာစိုးလို့ ရုပ်နာမ်နှစ်ပါးဟာ တစ်ပြိုင်နက်ဖြစ်လာပေမယ့် တစ်ခုနဲ့တစ်ခု မစပ်ယှဉ်ဘဲ ဝိပ္ပယုတ္တသတ္တိနဲ့ တစ်ခုကတစ်ခုကို ကျေးဇူး ပြုတာ သာဖြစ်ကြောင်းကို သိစေချင်တာကြောင့် မြတ်ဗုဒ္ဓက-

## ပါဠိတော်နှင့်ပါဠိတော်အနက်

ဝိပ္ပယုတ္တပစ္စယောတိ ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။

အရူပိနော ဓမ္မာ ရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။

ဝိပ္ပယုတ္တပစ္စယောတိ၊ ဝိပ္ပယုတ္တ ပစ္စည်းဟူသည်ကား။ ရူပိနော၊ ရုပ်ဖြစ်ကုန်သော။ ဓမ္မာ၊ ရုပ်တရားတို့သည်။ အရူ ပီနံ၊ နာမ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ အတူတကွ ဖြစ်သည့် နာမ် တရားတို့အား။ ဝိပ္ပယုတ္တပစ္စယေန၊ မစပ်ယှဉ်ခြင်းဟု ဆိုအပ်

WWW.DHAMMARANSI.NET

သော ဝိပ္ပယုတ္တသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

အရူပိနော၊ နာမ်ဖြစ်ကုန်သော။ ဓမ္မာ၊ နာမ်တရားတို့သည်။ ရူပိနံ၊ ရုပ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ အတူတကွဖြစ်သည့် ရုပ်တရားတို့အား။ ဝိပ္ပယုတ္တပစ္စယေန၊ မစပ်ယှဉ်ခြင်းဟုဆိုအပ်သော ဝိပ္ပယုတ္တသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

## အဓိပ္ပာယ်ရှင်းပြချက်

ဝိပ္ပယုတ္တပစ္စည်းရဲ့ ယှဉ်ခြင်းသဘောက "ချို၊ ချဉ်၊ စပ်၊ ငန်၊ ဖန်၊ ခါး" ဆိုတဲ့အရသာခြောက်မျိုးကို ရောမွှေလိုက်တဲ့အခါ အဲဒီ "ချို၊ ချဉ်၊ စပ်၊ ငန်၊ ဖန်၊ ခါး"တွေဟာ မူလဂုဏ်အရည်အချင်း မပျက်ဘဲ အချိုကလည်း အချိုဓာတ်၊ အချဉ်ကလည်း အချဉ်ဓာတ်၊ အငန်ကလည်း အငန်ဓာတ် စသည်ဖြင့် မူလသဘာဝအတိုင်း ဂုဏ်အရည်သွေးမပျက် ရောနှောပေါင်း စပ်ပြီး တစ်ခုကိုတစ်ခုက ကျေးဇူးပြုလိုက်တာဖြစ်တယ်။ ရုပ်နာမ်နှစ်ပါးဟာ ဒီသဘောအတိုင်း ယှဉ်ကြတာဖြစ်တယ်။

ဝိပ္ပယုတ္တပစ္စည်းမှာ သဟဇာတဝိပ္ပယုတ္တ၊ ပုရေဇာတဝိပ္ပယုတ္တနဲ့ ပစ္ဆာဇာတဝိပ္ပယုတ္တဆိုပြီး သုံးမျိုးရှိတယ်။ သဟဇာတမှာ နာမ်ခန္ဓာလေးပါးဟာ စိတ္တဇရုပ်ခေါ်တဲ့ ရုပ်တရားတွေကိုလည်းကောင်း၊ ဟဒယဝတ္ထုရုပ်က ပဋိသန္ဓေနာမက္ခန္ဓာခေါ်တဲ့ နာမ်တရားကိုလည်းကောင်း ကျေးဇူးပြုပေးတာဖြစ်တယ်။ နာမ်ကပစ္စည်းဖြစ်တဲ့အခါ ရုပ်ကပစ္စယုပ္ပန်၊ ရုပ်ကပစ္စည်းဖြစ်တဲ့အခါ နာမ်ကပစ္စယုပ္ပန်ဖြစ်ပါတယ်။

ပုရေဇာတဝိပ္ပယုတ္တဟာ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ

WWW.DHAMMARANSI.NET

စတဲ့ ဒွါရဝတ္ထုငါးပါးက ပစ္စည်းအဖြစ်နဲ့ မိမိအပေါ် မှီပြီးဖြစ်တဲ့ ဝိညာဏဓာတ် နာမ်တရားတွေကို ကျေးဇူးပြုတာဖြစ်တယ်။

ပစ္ဆာဇာတဝိပ္ပယုတ္တကတော့ ရှေ့ကဖြစ်ခဲ့ပြီးတဲ့ ရုပ်ခန္ဓာကို နောက်က လိုက်ဖြစ်တဲ့ စိတ်စေတသိက်က လိုက်ပြီးကျေးဇူးပြုတာ ဖြစ်တယ်။ ပစ္ဆာဇာတပစ္စည်းသဘောအတိုင်း ဖြစ်ပါတယ်။

---

## ၂၁ - အတ္ထိပစ္စယော

အတ္ထိပစ္စည်းဆိုတာ ချုပ်ဆုံးခြင်းကို မရောက်သေးဘဲ ထင်ရှားရှိနေဆဲမှာ ကျေးဇူးပြုတာဖြစ်တယ်။ အကြောင်းပစ္စည်းလည်း ထင်ထင်ရှားရှားရှိနေဆဲ၊ အကျိုးပစ္စယုပ္ပန်တရားကလည်း ထင်ထင်ရှားရှား ရှိနေဆဲပဲ။ ဒါကို မြတ်ဗုဒ္ဓက-

### ပါဠိတော်နှင့် ပါဠိတော်အနက်

အတ္ထိပစ္စယောတိ၊ စတ္တာရော ခန္ဓာ အရူပိနော အညမညံ အတ္ထိပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညံ အတ္ထိပစ္စယေန ပစ္စယော။

ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ အတ္ထိပစ္စယေန ပစ္စယော။

စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။

WWW.DHAMMARANSI.NET

မဟာဘူတာ ဥပါဒါရူပါနံ အတ္ထိပစ္စယေန ပစ္စယော။

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

သောတာယတနံ သောတဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဇိဝှာယတနံ ဇိဝှာဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ကာယာယတနံ ကာယဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ရသာယတနံ ဇိဝှာဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

WWW.DHAMMARANSI.NET

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

အတ္ထိပစ္စယောတိ၊ အတ္ထိပစ္စည်းဟူသည်ကား။ စတ္တာရော၊ လေးပါးကုန်သော။ အရူပိနော၊ နာမ်ဖြစ်ကုန်သော။ ခန္ဓာ၊ ဝေဒနာ၊ သညာ၊ သင်္ခါရနှင့် ဝိညာဏက္ခန္ဓာတို့သည်။ အညမညံ၊ အချင်းချင်း။ အတ္ထိပစ္စယေန၊ ပစ္စည်းပစ္စယုပ္ပန် အတူတကွဖြစ်၍ ထင်ရှားရှိခြင်း သဘောတတ္တိပစ္စယသတ္တိဖြင့်။ ပစ္စယော။ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

စတ္တာရော၊ လေးပါးကုန်သော။ မဟာဘူတာ၊ ပထဝီ အာပေါ ဝါယော တေဇောဟု ဆိုအပ်သော မဟာဘုတ်ဓာတ်ကြီး လေးပါးတို့သည်။ အညမညံ၊ အချင်းချင်း။ အတ္ထိပစ္စယေန၊ ပစ္စည်းပစ္စယုပ္ပန်အတူတကွဖြစ်၍ ထင်ရှားရှိခြင်း သဘောတတ္တိ ပစ္စယသတ္တိဖြင့်။ ပစ္စယော။ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

WWW.DHAMMARANSI.NET

ဩဇ္ဇတ္တိကခဏေ၊ ပဋိသန္ဓေ ဖြစ်တည်ခိုက်ခဏကာလ၌။ နာမရူပံ၊ ပဋိသန္ဓေစိတ်နှင့် ကမ္မဇရုပ်သည်။ အညမညံ၊ အချင်းချင်း။ အတ္ထိပစ္စယေန၊ ပစ္စည်းပစ္စယုပ္ပန် အတူတကွဖြစ်၍ ထင်ရှားရှိခြင်း သဟဇာတတ္ထိပစ္စယ သတ္တိဖြင့်။ ပစ္စယော။ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

စိတ္တစေတသိကာဓမ္မာ၊ စိတ်စေတသိက်တရားတို့သည်။ စိတ္တသမုဋ္ဌာနာနံ၊ စိတ်ကြောင့်ဖြစ်ကုန်သော။ ရူပါနံ၊ စိတ္တဇရုပ်တို့အား။ အတ္ထိပစ္စယေန၊ ပစ္စည်းပစ္စယုပ္ပန် အတူတကွဖြစ်၍ ထင်ရှားရှိခြင်း သဟဇာတတ္ထိပစ္စယသတ္တိဖြင့်။ ပစ္စယော။ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

မဟာဘူတာ၊ ပထဝီ အာပေါ ဝါယော တေဇောဟု ဆိုအပ်သော မဟာဘုတ်ဓာတ်ကြီးလေးပါးတို့သည်။ ဥပါဒါရူပါနံ၊ ဘူတရုပ်ကို မှီတွယ်၍ဖြစ်ကြကုန်သော ဥပါဒါရုပ် (၂၄)ပါး ပစ္စယုပ္ပန်တရားတို့အား။ အတ္ထိပစ္စယေန၊ ပစ္စည်းပစ္စယုပ္ပန် အတူတကွဖြစ်၍ ထင်ရှားရှိခြင်း သဟဇာတတ္ထိ ပစ္စယသတ္တိဖြင့်။ ပစ္စယော။ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

စက္ခာယတနံ၊ မျက်စိအကြည်ဓာတ်စက္ခုပသာဒဝတ္ထုရုပ်သည်။ စက္ခုဝိညာဏဓာတုယာ၊ မြင်သိစိတ် စက္ခုဝိညာဏဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုမြင်သိစိတ်နှင့်ယှဉ်၍ ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်စေတသိက်တရားတို့အား လည်းကောင်း။ အတ္ထိပစ္စယေန၊ ရှေ့ကလည်းဖြစ် မှီရာဖြစ်၍ထင်ရှား

WWW.DHAMMARANSI.NET

ရှိနေခြင်းလည်းဖြစ်သော ဝတ္ထုပုရေဇာတတ္တိ ပစ္စယသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

သောတာယတနံ၊ နားအကြည်ဓာတ် သောတပသာဒဝတ္ထုရုပ်သည်။ သောတဝိညာဏဓာတုယာ၊ ကြားသိစိတ် သောတ ဝိညာဏဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုကြားသိစိတ်နှင့် ယှဉ်၍ ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်စေတသိက်တရားတို့အား လည်းကောင်း။ အတ္ထိပစ္စယေန၊ ရှေ့က လည်းဖြစ် မှီရာဖြစ်၍ ထင်ရှားရှိနေခြင်းလည်းဖြစ်သော ဝတ္ထုပုရေဇာတတ္တိ ပစ္စယသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ဃာနာယတနံ၊ နှာအကြည်ဓာတ် ဃာန ပသာဒဝတ္ထုရုပ်သည်။ ဃာနဝိညာဏဓာတုယာ၊ နံသိစိတ် ဃာနဝိညာဏဓာတ်အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုနံသိစိတ်နှင့် ယှဉ်၍ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်စေတသိက်တရားတို့အား လည်းကောင်း။ အတ္ထိပစ္စယေန၊ ရှေ့ကလည်းဖြစ် မှီရာဖြစ်၍ ထင်ရှား ရှိနေခြင်းလည်းဖြစ်သော ဝတ္ထုပုရေဇာတတ္တိ ပစ္စယသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ဇိဝှာယတနံ၊ လျှာအကြည်ဓာတ် ဇိဝှာ ပသာဒဝတ္ထုရုပ်သည်။ ဇိဝှာဝိညာဏဓာတုယာ၊ စားသိစိတ် ဇိဝှာဝိညာဏဓာတ်အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုစားသိစိတ်နှင့် ယှဉ်၍ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်စေတသိက်တရားတို့အား လည်းကောင်း။ အတ္ထိပစ္စယေန၊ ရှေ့ကလည်းဖြစ် မှီရာဖြစ်၍ ထင်ရှား ရှိနေခြင်းလည်းဖြစ်သော ဝတ္ထုပုရေဇာတတ္တိ ပစ္စယ သတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ကာယာယတနံ၊ ကိုယ်အကြည်ဓာတ် ကာယပသာဒဝတ္ထုရုပ်သည်။ ကာယဝိညာဏဓာတုယာ၊ ထိသိစိတ် ကာယဝိညာဏ ဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုထိသိစိတ်နှင့် ယှဉ်၍ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်စေတသိက်တရား

WWW.DHAMMARANSI.NET

တို့အား လည်းကောင်း။ အတ္ထိပစ္စယေန၊ ရှေ့ကလည်းဖြစ် မိုရာဖြစ်၍ထင်ရှား ရှိနေခြင်းလည်းဖြစ်သော ဝတ္ထုပုရေဇာတတ္ထိပစ္စယသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ရူပါယတနံ၊ ရူပါရုံသည်။ စက္ခုဝိညာဏဓာတုယာ၊ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသော မြင်သိစိတ်အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုမြင်သိစိတ်နှင့် ယှဉ်၍ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်စေတသိက်တရားတို့အား လည်းကောင်း။ အတ္ထိပစ္စယေန၊ ရှေ့ကလည်းဖြစ် မိုရာဖြစ်၍ထင်ရှား ရှိနေခြင်းလည်း ဖြစ်သော အာရမ္မဏပုရေဇာတတ္ထိ ပစ္စယသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

သဒ္ဒါယတနံ၊ သောတအာရုံသည်။ သောတဝိညာဏဓာတုယာ၊ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသော ကြားသိစိတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုကြားသိစိတ်နှင့်ယှဉ်၍ ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်စေတသိက် တရားတို့အားလည်းကောင်း။ အတ္ထိပစ္စယေန၊ ရှေ့ကလည်းဖြစ် မိုရာဖြစ်၍ထင်ရှားရှိနေခြင်းလည်းဖြစ်သော အာရမ္မဏ ပုရေဇာတတ္ထိပစ္စယသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ဂန္ဓာယတနံ၊ နံသိစိတ်သည်။ ဃာနဝိညာဏ ဓာတုယာ၊ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသော နံသိစိတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုနံသိစိတ်နှင့်ယှဉ်၍ ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်စေတသိက်တရားတို့အား လည်းကောင်း။

WWW.DHAMMARANSI.NET

အတ္ထိ ပစ္စယေန၊ ရှေ့ကလည်းဖြစ် မှိရာဖြစ်၍ ထင်ရှားရှိနေခြင်း လည်းဖြစ်သော အာရမ္မဏ ပုရေဇာတတ္ထိ ပစ္စယသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ဇိဝှာယတနံ၊ ရသာရုံသည်။ ဇိဝှာဝိညာဏ ဓာတုယာ၊ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသော အရသာစားသိစိတ်အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုအရသာ စားသိစိတ်နှင့် ယှဉ်၍ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်စေတသိက်တရားတို့အား လည်းကောင်း။ အတ္ထိပစ္စယေန၊ ရှေ့ကလည်းဖြစ် မှိရာဖြစ်၍ ထင်ရှားရှိ နေခြင်းလည်းဖြစ်သော အာရမ္မဏ ပုရေဇာတတ္ထိ ပစ္စယသတ္တိ ဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ဖောဋ္ဌဗ္ဗာယတနံ၊ ထိသိစိတ်သည်။ ဖောဋ္ဌဗ္ဗဝိညာဏ ဓာတုယာ၊ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသော ထိသိစိတ် အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုထိသိစိတ်နှင့်ယှဉ်၍ ဖြစ် ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်စေတသိက်တရားတို့အား လည်း ကောင်း။ အတ္ထိ ပစ္စယေန၊ ရှေ့ကလည်းဖြစ် မှိရာဖြစ်၍ ထင်ရှား ရှိနေခြင်း လည်းဖြစ်သော အာရမ္မဏပုရေဇာတတ္ထိပစ္စယ သတ္တိ ဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ရူပါယတနံ၊ ရူပါရုံသည်။ သဒ္ဒါယတနံ၊ သဒ္ဒါရုံသည်။ ဂန္ဓာယတနံ၊ ဂန္ဓာရုံသည်။ ရသာယတနံ၊ ရသာရုံသည်။ ဖောဋ္ဌဗ္ဗာ ယတနံ၊ ဖောဋ္ဌဗ္ဗာရုံ စသည့် အာရုံ ငါးပါးတို့သည်။ မနော

WWW.DHAMMARANSI.NET

ဓာတုယာ၊ အာရုံကိုခံယူသည့် မနောဓာတ်အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုအာရုံကိုခံယူသည့် မနောဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဥ္စ၊ စေတသိက်တရားတို့အား လည်းကောင်း။ အတ္ထိပစ္စယေန၊ ရှေ့ကလည်းဖြစ် မှီရာဖြစ်၍ ထင်ရှားရှိနေခြင်းလည်းဖြစ်သော အာရမ္မဏ ပုရေဇာတတ္ထိ ပစ္စယသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ယံရူပံ၊ အကြင်ရှေ့ကဖြစ်သည့် ဟဒယဝတ္ထုရုပ်ကို။ နိဿာယ၊ အမှီပြု၍။ မနောဓာတု စ၊ အာရုံကိုခံယူသည့် မနောဓာတ်သည်လည်း ကောင်း။ မနောဝိညာဏဓာတု စ၊ အာရုံကိုသိသည့် မနောဝိညာဏဓာတ်သည်လည်းကောင်း။ ဝတ္တန္တိ၊ ဖြစ်ကြကုန်၏။ တံရူပံ၊ ထိုရှေ့ကဖြစ်သည့် ဟဒယဝတ္ထုရုပ်သည်။ မနောဓာတုယာစ၊ မနောဓာတ်အား လည်းကောင်း၊ မနောဝိညာဏဓာတုယာစ၊ အာရုံကိုခံယူသည့် မနောဝိညာဏဓာတ် အားလည်းကောင်း။ တံ သမ္ပယုတ္တကာနံ၊ ထိုအာရုံကိုခံယူသည့် မနောဓာတ်နှင့် အာရုံကိုသိသည့် မနောဝိညာဏဓာတ်တို့နှင့် ယှဉ်ကုန်သော။ ဓမ္မာနဥ္စ၊ စေတသိက် တရားတို့အားလည်းကောင်း။ အတ္ထိပစ္စယေန၊ ရှေ့ကလည်းဖြစ် မှီရာဖြစ်၍ ထင်ရှားရှိနေခြင်းလည်းဖြစ်သော အာရမ္မဏ ပုရေဇာ တတ္ထိပစ္စယသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

---

WWW.DHAMMARANSI.NET

## ၂၂ – နတ္ထိပစ္စယော

အတ္ထိပစ္စည်းတုန်းက ထင်ရှားရှိနေဆဲမှာ ကျေးဇူးပြုတာ၊ အခုနတ္ထိက ဘာမှမရှိတော့မှ ကျေးဇူးပြုတာ။ ဥပမာအားဖြင့် ဆီမီးငြိမ်းသွားတာဟာ အမှောင်ကိုကျေးဇူးပြုလိုက်တာ။ ရှေ့က စိတ်စေတသိက်စတဲ့ နာမ်တရားတွေ ချုပ်ပျောက်သွားတာတွေဟာ နောက်က စိတ်စေတသိက် နာမ်တရားတွေ ဖြစ်ပေါ်လာအောင် ကျေးဇူးပြုတာဟာ နတ္ထိပစ္စည်းဖြစ်ပါတယ်။ တစ်နည်းပြောရရင် ရှေ့ဇောချုပ်ပြီး ဘာမှမရှိတော့တာဟာ နောက်ဇောကို ဖြစ်ခွင့်ပေးလိုက်တာဖြစ်တယ်။ ဒီနတ္ထိပစ္စည်းက အနန္တရပစ္စယသတ္တိနဲ့ အလုံးစုံ တူပါသည်။ ဒါကို မြတ်ဗုဒ္ဓက-

### ပါဠိတော်နှင့် ပါဠိတော်အနက်

နတ္ထိပစ္စယောတိ၊ သမနန္တရနိရုဒ္ဓါ စိတ္တစေတသိကာ ဓမ္မာ ပစ္စုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ နတ္ထိပစ္စယေန ပစ္စယော။

နတ္ထိပစ္စယောတိ၊ နတ္ထိပစ္စည်းဟူသည်ကား။ သမနန္တရနိရုဒ္ဓါ၊ မိမိ၏အခြားမဲ့၌ ကောင်းစွာ ချုပ်ငြိမ်းကုန်ပြီးသော။ စိတ္တစေတသိကာ၊ စိတ်စေတသိက် ဖြစ်ကြကုန်သော။ ဓမ္မာ၊ ရုပ်ဟတ္ထာတို့၏စုတိစိတ်ကြဉ်သော နာမက္ခန္ဓာတရားတို့သည်။ ပစ္စုပ္ပန္နာနံ၊ မိမိကိုစွဲ၍ နောက်ဆက်တစ်ဖန် ဖြစ်ကြကုန်သော။ စိတ္တစေတသိကာနံ၊ စိတ်စေတသိက် ဖြစ်ကြကုန်သော။ ဓမ္မာနံ၊ ရုပ်ဟတ္ထာ

WWW.DHAMMARANSI.NET

တို့၏ စုတိစိတ်နှင့်တကွသော စိတ်စေတသိက် ပစ္စယုပ္ပန် နာမ်ခန္ဓာ လေးပါးတို့အား။ နတ္ထိပစ္စယေန၊ မိမိချုပ်ခြား မရှိသော အားဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

## အဓိပ္ပာယ်ရှင်းပြချက်

အတ္ထိပစ္စည်းက ထင်ရှားရှိနေဆဲမှာ ကျေးဇူးပြုတာ။ နတ္ထိပစ္စည်းက ထင်ရှားမရှိ၊ လုံးဝချုပ်ဆုံးသွားပြီးတော့မှ ကျေးဇူးပြုတာ။ ဒီလိုချုပ်ဆုံးသွားမှ နောက်ကစိတ်စေတသိက်တွေ ဆက်ဖြစ်ခွင့်ရအောင် ကျေးဇူး ပြုလိုက်တာ၊ အတ္ထိပစ္စည်းက"ပြတ်တယ်"လို့ ယူဆတဲ့ အယူကို ပယ်ရှား လိုက်တာ။ နတ္ထိပစ္စည်းက"မြဲတယ်"လို့ ယူဆတဲ့ အယူကို ပယ်ရှား လိုက်တာ။

---

## ၂၃ – ဝိဂတပစ္စယော

နတ္ထိပစ္စည်းနဲ့ သဘောချင်းတူတယ်။ နတ္ထိက "မရှိတာ" ကိုဆိုလိုတာ။ "ဝိဂတ" ပစ္စည်းကျတော့ မရှိတာမှ လုံးဝကိုမရှိတာ။ ကင်းသွားပြီ၊ ပြတ်သွားပြီ။ နေရောင်ကွယ်သွားတော့ လရောင်ရောက်လာ သလို မျိုး။ "ဝိဂတပစ္စယော၊ နေရောင်ကွယ် ပျောက် လရောင်ရောက်သို့ ကိုယ့်နောက်စိတ်စေး၊ ဖြစ်ခွင့်ပေး လျှက်" ရှေ့ကစိတ် စေတသိက် ကင်းပြတ်သွားခြင်းဟာ နောက်စိတ် စေတသိက်တွေ ဆက်ပြီးဖြစ်ခွင့်ပေးတာမျိုး။ ဒါကို မြတ်ဗုဒ္ဓက-

WWW.DHAMMARANSI.NET

ဝိဂတပစ္စယောတိ- သမနန္တရဝိဂတာ စိတ္တစေတသိကာ ဓမ္မာ ပစ္စုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ ဝိဂတ ပစ္စယေန ပစ္စယော။

ဝိဂတပစ္စယောတိ၊ ဝိဂတပစ္စည်း ဟူသည်ကား။ သမ နန္တရ ဝိဂတာ၊ ကောင်းစွာအခြားမဲ့သောအားဖြင့် ကင်းရှင်းချုပ် ဆုံးကုန်ပြီးသော။ စိတ္တစေတသိကာ၊ စိတ်စေတသိက်ဖြစ် ကြကုန်သော။ ဓမ္မာ၊ နာမက္ခန္ဓာလေးပါးတို့သည်။ ပစ္စုပ္ပန္နာနံ၊ နောက်ထပ် ဆက်၍ ဖြစ်ကြကုန်သော။ စိတ္တ စေတသိကာနံ ဓမ္မာနံ၊ စိတ် စေတသိက် တရားတို့အား။ ဝိဂတပစ္စယေန၊ ကိုယ့်နောက်က လိုက်၍ ဖြစ်ကြကုန်သော ပစ္စည်းတို့အား ဖြစ်ခွင့်ရစေရန် မရှိ ကင်းပြတ် အဆုံးသတ်ပေးခြင်းအားဖြင့်။ ပစ္စယော၊ ကျေးဇူးပြု သည်။ ဟောတိ၊ ဖြစ်၏။

---

## ၂၄ – အဝိဂတပစ္စယော

ရုပ်နာမ်တို့ရဲ့ သဘာဝဖြစ်စဉ်မှာ ရှေ့ကဖြစ်သွားတဲ့ ရုပ် နာမ် လုံးဝမချုပ်သေး၊ မကင်းပြတ်သေးတဲ့အခိုက်မှာ နောက်က ရုပ်နာမ်တွေကို ဖြစ်ခွင့်ပေးတာဟာ အဝိဂတပစ္စယသတ္တိနဲ့ ကျေးဇူးပြုလိုက်တာဖြစ်တယ်။အတ္ထိပစ္စည်းနဲ့ ဖြစ်ပုံပျက်ပုံချင်း အလုံးစုံတူတယ်။

WWW.DHAMMARANSI.NET

ဒါပေမယ့် သတ္တိတော့ ကွာတယ်။ ရုပ် နာမ် တို့ဟာ “ဥပါဒ်” ဖြစ်လာတဲ့အခိုက်၊ “ဌီ” တည်ရှိနေတဲ့ အခိုက်။ “ဘင်” ပျက်သွားတဲ့ အခိုက်ဆိုတဲ့ ခဏငယ်သုံးချက်စုအတိုင်းဖြစ်ရာမှာ အတ္ထိပစ္စည်းက အဲဒီ“ဥပါဒ်” ဖြစ်တုန်းအခိုက်မှာ၊ “ဌီ” တည်တုန်း အခိုက်မှာ၊ “ဘင်” ပျက်တုန်း အခိုက်မှာ ကျေးဇူးပြုတာ။

အဝိဂတကတော့ “ဥပါဒ်” ဖြစ်ပြီးလို့ ပျက်ခါနီးဆဲဆဲမှာ၊ “ဌီ”တည်ရှိပြီးလို့ ပျက်ခါနီးဆဲဆဲမှာ၊ “ဘင်” ပျက်လို့ပြီးကာနီး နောက်ဆုံးအချိန်မှာ ကျေးဇူးပြုတာ။ ဒါကြောင့် မြတ်ဗုဒ္ဓက-

## ပါဠိတော်နှင့် ပါဠိတော်အနက်

အဝိဂတပစ္စယောတိ၊ စတ္တာရော ခန္ဓာ အရူပိနော အညမညံ အဝိဂတပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညံ အဝိဂတပစ္စယေန ပစ္စယော။

ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ အဝိဂတပစ္စယေန ပစ္စယော။

စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အဝိဂတ ပစ္စယေန ပစ္စယော။

မဟာဘူတာ ဥပါဒါရူပါနံ အဝိဂတပစ္စယေန ပစ္စယော။

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တ ကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

WWW.DHAMMARANSI.NET

သောတာယတနံ သောတဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ဇိဝှာယတနံ ဇိဝှာဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ကာယာယတနံ ကာယဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ရသာယတနံ ဇိဝှာဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

WWW.DHAMMARANSI.NET

ရူပါယတနံ့ သဒ္ဒါယတနံ့ ဂန္ဓာယတနံ့ ရသာယတနံ့ ဖောဋ္ဌဗ္ဗာယတနံ့ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ့ အဝိဂတပစ္စယေန ပစ္စယော။

ယံရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ့ အဝိဂတပစ္စယေန ပစ္စယော။

အဝိဂတပစ္စယောတိ၊ အဝိဂတပစ္စည်းဟူသည်ကား။ စတ္တာရော၊ လေးပါးကုန်သော။ အရူပိနော၊ နာမ်ဖြစ်ကုန်သော။ ခန္ဓာ၊ ဝေဒနာ၊ သညာ၊ သင်္ခါရနှင့် ဝိညာဏက္ခန္ဓာတို့သည်။ အညမညံ၊ အချင်းချင်း။ အဝိဂတပစ္စယေန၊ အတူတကွဖြစ်၍ မကင်းရာ မကင်းကြောင်းဖြစ်သော သဟဇာတ အဝိဂတပစ္စယ သတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ ဖြစ်၏။

စတ္တာရော၊ လေးပါးကုန်သော။ မဟာဘူတာ၊ ပထဝီ အာပေါ၊ ဝါယော တေဇောဟု ဆိုအပ်သော မဟာဘုတ် ဓာတ်ကြီး လေးပါးတို့သည်။ အညမညံ၊ အချင်းချင်း။ အဝိဂတပစ္စယေန၊ အတူတကွဖြစ်၍ မကင်းရာ မကင်းကြောင်းဖြစ်သော သဟဇာတ အဝိဂတ ပစ္စယသတ္တိဖြင့်။ ပစ္စယော။ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ဩက္ကန္တိက္ခဏေ၊ ပဋိသန္ဓေဖြစ်တည်ခိုက်ကာလခဏ၌။

WWW.DHAMMARANSI.NET

နာမရုပ်၊ ပဋိသန္ဓေစိတ်နှင့် ကမ္မဇရုပ်သည်။ အညမညံ၊ အချင်းချင်း။ အဝိဂတပစ္စယေန၊ ပစ္စည်း ပစ္စယုပ္ပန် အတူတကွ ဖြစ်၍ မကင်းရာ မကင်းကြောင်းဖြစ်သော သဟဇာတ အဝိဂတ ပစ္စယသတ္တိဖြင့်။ ပစ္စယော။ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

စိတ္တစေတသိကာဓမ္မာ၊ စိတ်စေတသိက်တရားတို့သည်။ စိတ္တသမုဋ္ဌာနာနံ၊ စိတ်ကြောင့်ဖြစ်ကုန်သော။ ရူပါနံ၊ စိတ္တဇရုပ်တို့အား။ အဝိဂတပစ္စယေန၊ ပစ္စည်းပစ္စယုပ္ပန် အတူတကွဖြစ်၍ မကင်းရာ မကင်းကြောင်းဖြစ်သော သဟဇာတအဝိဂတ ပစ္စယသတ္တိဖြင့်။ ပစ္စယော။ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

မဟာဘူတာ၊ ပထဝီ အာပေါ ဝါယော တေဇောဟု ဆိုအပ်သော မဟာဘုတ်ဓာတ်ကြီးလေးပါးတို့သည်။ ဥပါဒါရူပါနံ၊ ဘူတရုပ်ကို မှီတွယ်၍ဖြစ်ကြကုန်သော ဥပါဒါရုပ် (၂၄)ပါး ပစ္စယုပ္ပန်တရားတို့အား။ အဝိဂတပစ္စယေန၊ ပစ္စည်းပစ္စယုပ္ပန် အတူတကွဖြစ်၍ မကင်းရာ မကင်းကြောင်းဖြစ်သော သဟဇာတအဝိဂတ သတ္တိဖြင့်။ ပစ္စယော။ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

စက္ခာယတနံ၊ မျက်စိအကြည်ဓာတ် စက္ခုပသာဒ ဝတ္ထုရုပ်သည်။ စက္ခုဝိညာဏဓာတုယာ၊ မြင်သိစိတ် စက္ခုဝိညာဏဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုမြင်သိ စိတ်နှင့် ယှဉ်၍ ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်စေတသိက်တရားတို့အား

WWW.DHAMMARANSI.NET

လည်း ကောင်း။ အဝိဂတပစ္စယေန၊ ရှေ့ကလည်းဖြစ် မှီရာဖြစ်၍ မကင်းရာ မကင်းကြောင်းဖြစ်သော ဝတ္ထုပုရေဇာတ အဝိဂတ သတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

သောတာယတနံ၊ နားအကြည်ဓာတ် သောတပသာဒ ဝတ္ထုရုပ်သည်။ သောတဝိညာဏဓာတုယာ၊ ကြားသိစိတ်သောတ ဝိညာဏ ဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုကြား သိစိတ်နှင့်ယှဉ်၍ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်စေတသိက်တရား တို့အား လည်းကောင်း။ အဝိဂတပစ္စယေန၊ ရှေ့ကလည်းဖြစ် မှီရာဖြစ်၍ မကင်းရာမကင်းကြောင်းဖြစ်သော ဝတ္ထုပုရေဇာတ အဝိဂတသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ဃာနာယတနံ၊ နှာခေါင်းအကြည်ဓာတ် ဃာနပသာဒ ဝတ္ထုရုပ်သည်။ ဃာနဝိညာဏ ဓာတုယာ၊ နံသိစိတ် ဃာန ဝိညာဏ ဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုနံသိ စိတ်နှင့်ယှဉ်၍ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်စေတသိက်တရား တို့အား လည်းကောင်း။ အဝိဂတပစ္စယေန၊ ရှေ့ကလည်းဖြစ် မှီရာဖြစ်၍ မကင်းရာမကင်းကြောင်းဖြစ်သော ဝတ္ထုပုရေဇာတ အဝိဂတသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ဇိဝှာယတနံ၊ လျှာအကြည်ဓာတ် ဇိဝှာပသာဒဝတ္ထုရုပ် သည်။ ဇိဝှာဝိညာဏဓာတုယာ၊ စားသိစိတ် ဇိဝှာဝိညာဏဓာတ် အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုစားသိစိတ်နှင့် ယှဉ်၍ ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်စေတသိက်တရားတို့အား

WWW.DHAMMARANSI.NET

လည်းကောင်း။ အဝိဂတပစ္စယေန၊ ရှေ့ကလည်းဖြစ် မှီရာဖြစ်၍ မကင်းရာ မကင်းကြောင်းဖြစ်သော ဝတ္ထုပုရေဇာတ အဝိဂတ သတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ကာယာယတနံ၊ ကိုယ်အကြည်ဓာတ် ကာယပသာဒ ဝတ္ထုရုပ်သည်။ ကာယဝိညာဏဓာတုယာ၊ ထိသိစိတ် ကာယ ဝိညာဏ ဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထို ထိ သိစိတ်နှင့် ယှဉ်၍ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်စေတသိက် တရားတို့အား လည်းကောင်း။ အဝိဂတပစ္စယေန၊ ရှေ့ကလည်း ဖြစ်မှီရာဖြစ်၍ မကင်းရာ မကင်းကြောင်းဖြစ်သော ဝတ္ထုပုရေ ဇာတ အဝိဂတသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ရူပါယတနံ၊ ရူပါရုံသည်။ စက္ခုဝိညာဏဓာတုယာ၊ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသော မြင်သိစိတ်အား လည်း ကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုမြင်သိစိတ်နှင့် ယှဉ်၍ဖြစ်ကုန် သော။ ဓမ္မာနဉ္စ၊ စိတ်စေတသိက်တရားတို့အား လည်းကောင်း။ အဝိဂတပစ္စယေန၊ ရှေ့ကလည်းဖြစ် အာရုံယူရာ ဖြစ်သည့် အာရမ္မဏ ပုရေဇာတ အဝိဂတသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြု သည်။ ဟောတိ၊ ဖြစ်၏။

သဒ္ဒါယတနံ၊ သဒ္ဒါရုံသည်။ သောတဝိညာဏ ဓာတု ယာ၊ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသော ကြားသိစိတ် အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုကြားသိစိတ်နှင့်ယှဉ်၍

WWW.DHAMMARANSI.NET

ဖြစ်ကုန်သော။ ဓမ္မာနဋ္ဌ၊ စိတ်စေတသိက်တရားတို့အား လည်းကောင်း။ အဝိဂတပစ္စယေန၊ ရှေ့ကလည်းဖြစ် အာရုံယူရာဖြစ်သည့် အာရမ္မဏ ပုရေဇာတ အဝိဂတသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ဂန္ဓာယတနံ၊ ဂန္ဓာရုံသည်။ ဃာနဝိညာဏ ဓာတုယာ၊ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသော နံသိစိတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုနံသိစိတ်နှင့်ယှဉ်၍ ဖြစ်ကုန်သော။ ဓမ္မာနဋ္ဌ၊ စိတ်စေတသိက်တရားတို့အား လည်းကောင်း။ အဝိဂတပစ္စယေန၊ ရှေ့ကလည်းဖြစ် အာရုံယူရာ ဖြစ်သည့် အာရမ္မဏ ပုရေဇာတ အဝိဂတသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ရသာယတနံ၊ ရသာရုံသည်။ ဇိဝှာဝိညာဏ ဓာတုယာ၊ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသော စားသိစိတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုစားသိစိတ်နှင့်ယှဉ်၍ ဖြစ်ကုန်သော။ ဓမ္မာနဋ္ဌ၊ စိတ်စေတသိက်တရားတို့အား လည်းကောင်း။ အဝိဂတပစ္စယေန၊ ရှေ့ကလည်းဖြစ် အာရုံယူရာဖြစ်သည့် အာရမ္မဏ ပုရေဇာတ အဝိဂတ သတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူး ပြုသည်။ ဟောတိ၊ ဖြစ်၏။

ဖောဋ္ဌဗ္ဗာယတနံ၊ ဖောဋ္ဌဗ္ဗာရုံသည်။ ကာယဝိညာဏ ဓာတုယာ၊ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသော ထိသိစိတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုထိသိစိတ်နှင့်ယှဉ်၍

WWW.DHAMMARANSI.NET

ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်စေတသိက်တရားတို့အား လည်း ကောင်း။ အဝိဂတပစ္စယေန၊ ရှေ့ကလည်းဖြစ် အာရုံယူရာဖြစ် သည့် အာရမ္မဏ ပုရေဇာတ အဝိဂတသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ရူပါယတနံ၊ ရူပါရုံသည်။ သဒ္ဒါယတနံ၊ သဒ္ဒါရုံသည်။ ဂန္ဓာယတနံ၊ ဂန္ဓာရုံသည်။ ရသာယတနံ၊ ရသာရုံသည်။ ဖောဋ္ဌဗ္ဗာ ယတနံ၊ ဖောဋ္ဌဗ္ဗာရုံစသည့်အာရုံငါးပါးတို့သည်။ မနောဓာတုယာ၊ အာရုံကိုခံယူသည့် မနောဓာတ်အားလည်းကောင်း။ တံ သမ္ပ ယုတ္တကာနံ၊ ထိုအာရုံကိုခံယူသည့် မနောဓာတ်နှင့် ယှဉ်ကုန် သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အား လည်းကောင်း။ အဝိဂတပစ္စယေန၊ ရှေ့ကလည်းဖြစ် အာရုံယူရာဖြစ်သည့် အာရမ္မဏ ပုရေဇာတ အဝိဂတ သတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြု သည်။ ဟောတိ၊ ဖြစ်၏။

ယံရူပံ၊ အကြင်ရှေ့ကဖြစ်သည့် ဟဒယဝတ္ထုရုပ်ကို။ နိဿာယ၊ အမှီပြု၍။ မနောဓာတုစ၊ အာရုံကိုခံယူသည့် မနော ဓာတ်သည် လည်းကောင်း။ မနောဝိညာဏဓာတုစ၊ အာရုံကိုသိ သည့် မနောဝိညာဏဓာတ်သည် လည်းကောင်း။ ဝတ္တန္တိ၊ ဖြစ်ကြ ကုန်၏။ တံရူပံ၊ ထိုရှေ့ကဖြစ်သည့် ဟဒယဝတ္ထုရုပ်သည်။ မနော ဓာတုယာစ၊ အာရုံကိုခံယူသည့် မနောဓာတ်အား လည်းကောင်း။ မနောဝိညာဏဓာတုယာစ၊ အာရုံကိုသိသည့် မနောဝိညာဏ

WWW.DHAMMARANSI.NET

ဓာတ် အားလည်းကောင်း။ တံ သမ္ပယုတ္တကာနံ၊ ထိုအာရုံကိုခံယူသည့်မနောဓာတ် အာရုံကိုသိသည့်မနော ဝိညာဏဓာတ်တို့နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် တရားတို့အား လည်းကောင်း။ အဝိဂတပစ္စယေန၊ ရှေ့ကလည်းဖြစ် အာရုံယူရာ ဖြစ်သည့် ဝတ္ထုပုရေဇာတ အဝိဂတသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ပဉ္စာန်းပစ္စယနိဒ္ဒေသ၊ ပါဠိ၊ အနက်၊
အဝိပ္ပာယ်ရှင်းလင်းချက်ပြီး၏။

WWW.DHAMMARANSI.NET

# ပဋ္ဌာန်းအမေးအဖြေ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ပဏာမ

၁။ ညို၊ရွှေနီ၊ဖြူ၊ရောင်မောင်းဟူ၊ ခြောက်ဆူပြိုးပြိုးပြက်။
၂။ ပဋ္ဌာန်းအရှိန်၊ တထိန်ထိန်၊ မုနိန် ရောင်တော်စက်။
၃။ ရွှေအိမ်ရတနာ၊ စံနေခါ၊ ဦးစွာဆင်ခြင်ချက်။
၄။ ပဏ္ဍုမြဘွေ၊ ဝတီမြေ၊ ပင်ခြေ ကသစ်ထက်။
၅။ နှစ်ဆယ့်လေးခန်း၊ မြတ်ပဋ္ဌာန်း၊ ရွှင်လန်းမိန့်တော်မြွက်။
၆။ ကမ္ဘာသိမ့်သိမ့်၊ ရွှေခွန်းလှိမ့်၊ သံငြိမ့်နှုတ်တော်ထွက်။
၇။ သိမ်မွေ့ထူးချွန်၊ နည်းတစ်သွန်၊ အလွန်ဆန်းကြယ်နက်။
၈။ ပဋ္ဌာန်းမိန့်ကြား၊ ရှင်တော်ဖျား၊ ဝပ်တွားဦးနှိမ်လျက်။
၉။ ပဋ္ဌာန်းအမွန်၊ ကျမ်းကိုညွှန်၊ အကျွန်ရှိခိုးလျှက်။
၁၀။ သာရိပုတ္တရာ၊ တော်လက်ယာ၊ ပဏ္ဍာရှိခိုးဆက်။

WWW.DHAMMARANSI.NET

၁၁။ မဏ္ဍိုင်ဘုန်းမော်၊ ကျေးဇူးတော်၊ ကော်ရော်မြတ်နိုးလျက်။
၁၂။ ပဋ္ဌာန်းဖြေ၊ မေး၊ ကျွန်ုပ်ရေး၊ မထွေးမရှုပ်ယှက်။
၁၃။ ပစ္စည်းမှန်ရိုး၊ ဖြစ်ပေါ်ကျိုး၊ နှစ်မျိုးဉာဏ်စွယ်ထွက်။
၁၄။ ပဋ္ဌာန်းမေး၊ ဖြေ၊ လေ့ကျင့်ပေ၊ သိလေမခဲခက်။
၁၅။ တကယ့်အနှစ်၊ ဉာဏ်ဖွင့်လှစ်၊ တက်သစ်နေသို့လက်။
၁၆။ ဝိပဿနာ၊ ဉာဏ်ပညာ၊ လွန်စွာလမ်းမှန်တက်။

## ပဋ္ဌာန်း နိဒါန်း

မေး။ ဘုန်းတော်ခြောက်ဆူ ပန်းမဉ္ဇူဖြင့် လှိုင်ကြူကြည်အေး ဘုံတဝေးကို ပျံ့မွှေးတော်မူစေနိုင်သော ရှင်တော်မြတ်ဘုရားသည် ပဋ္ဌာန်းဒေသနာတော်မြတ်ကို အဘယ်အရပ်၌ ဟောကြားတော် မူခဲ့ပါသနည်း။

ဖြေ။ ဘုန်းတော်မကိုင်ရှိ အောင်လံစိုက်၍ သုံးတိုက်ဝေနေများဗိုလ်ခြေတို့ ရှိသေဦးညွှတ်ရာဖြစ်တော်မူသော သုံးလောကထွတ်ထား မြတ်စွာဘုရားသည် ယုဇနာ တစ်သောင်းကျယ်သော တာဝတိံသာ နတ်မြို့တော်ကြီးအတွင်း ပင်လယ်ကသစ်ပင်ရင်းတွင် ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာထက်၌ ထူးဆန်း နက်နဲလှစွာသော ပဋ္ဌာန်း ဒေသနာတော်မြတ်ကို အကျယ်အားဖြင့် ဟောကြားတော်မူခဲ့ပါသည်။

WWW.DHAMMARANSI.NET

မေး။ ပဋ္ဌာန်းဒေသနာ၏ ဟောကြားရာဌာနကို သိရပါပြီ၊ ရှင်တော်မြတ်ဘုရားသည် ထိုပဋ္ဌာန်းဒေသနာတော်မြတ်ကို အဘယ်ကာလ၊ အဘယ်အရပ်ဌာနတွင် ရှေးဦးစွာ ဆင်ခြင်သုံးသပ်တော် မူခဲ့ပါသနည်း။

ဖြေ။ ဗောဓိမဏ္ဍိုင်ဝယ် လေးခိုင်သော သစ္စာပန်းကို ဆင်မြန်းတော်မူပြီး၍ သုံးလောကထွတ်ထား ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ခုနစ်ပါးသောအရပ်ဌာနတို့၌ သတ္တာဟစံနေတော်မူစဉ်အခါ စတုတ္ထသတ္တာဟရတနာဃရ ရွှေအိမ်နန်းတွင် ပဋ္ဌာန်း ဒေသနာတော်မြတ်ကို သုံးသပ် ဆင်ခြင်တော်မူခဲ့ပါသည်။

မေး။ ဓမ္မသင်္ဂဏီ အစရှိသော အဘိဓမ္မာ ခုနစ်ကျမ်းတို့တွင် ဤပဋ္ဌာန်းကျမ်းသည် အဘယ်ဌာန၌ တည်ရှိပါသနည်း။

ဖြေ။ ဓမ္မသင်္ဂဏီကျမ်း၊ ဝိဘင်းကျမ်း၊ ဓာတုကထာကျမ်း၊ ပုဂ္ဂလပညတ်ကျမ်း၊ ကထာဝတ္ထုကျမ်း၊ ယမိုက်ကျမ်း၊ ပဋ္ဌာန်းကျမ်းဟူ၍ အဘိဓမ္မာခုနစ်ကျမ်းရှိရာတွင် ဤပဋ္ဌာန်းကျမ်းသည် ခုနစ်ခုမြောက် သတ္တမဌာန၌တည်သော ကျမ်းကြီးဖြစ်ပါသည်။

မေး။ ရတနာဃရ သတ္တာဟ၌ ထိုပဋ္ဌာန်းကျမ်းမြတ်ကို သုံးသပ်ဆင်ခြင်တော်မူသောအခါ ရှင်တော် မြတ်ဘုရား၏ သဏ္ဌာန်တော်မှာ အဘယ်ကဲ့သို့ ထူးထွေသော အခြင်းအရာတော်များ ဖြစ်ပေါ်လာခဲ့ပါသနည်း။

WWW.DHAMMARANSI.NET

ဖြေ။ ဓမ္မသင်္ဂဏီ အစရှိသော အောက်ခြောက်ကျမ်းတို့ကို သုံးသပ်ဆင်ခြင်တော်မူသောအခါ ရှင်တော်ဘုရား၏သဏ္ဌာန်မှ ရောင်ခြည်တော်ခြောက်ပါး ထွက်ပေါ်မြူးကွန့်ခြင်း မရှိပါ။ ပဋ္ဌာန်းကျမ်းမြတ်ကို သုံးသပ်ဆင်ခြင်တော်မူသော အခါ၌သာလျှင် ရောင်ခြည်တော် ခြောက်ပါး ထင်ရှားစွာမြူးကွန့်လာခဲ့ပါသည်။

မေး။ အဘယ်အကြောင်းကြောင့် ပဋ္ဌာန်းကျမ်းကို သုံးသပ်ဆင်ခြင်တော်မူမှ ရောင်ခြည်တော်ခြောက်ပါး မြူးကွန့်တော်မူပါသနည်း။

ဖြေ။ ပဋ္ဌာန်းကျမ်းမြတ်သည် အခြားသော အဘိဓမ္မာကျမ်းတို့ထက် သဘောသဘာဝတ္ထ၊ နည်းနိဿယအားဖြင့် ကြီးကျယ်နက်နဲလှပါသည်။ သဗ္ဗညုတ ရွှေဉာဏ်တော်သည် အခြားသော အဘိဓမ္မာခြောက်ကျမ်းတို့၌ အစွမ်းရှိသမျှ လူးလွန့်၊ မြူးကွန့်ခွင့်ကို မရပါ။ နည်းပေါင်းများစွာတို့ဖြင့် ကျယ်ဝန်းနက်နဲလှ၍ နယသာဂရမည်သော ပဋ္ဌာန်းကျမ်းကြီး၌သာ အစွမ်းရှိသမျှ လူးလွန့် မြူးကွန့်ခွင့်ကို ရပါသည်။

သမုဒ္ဒရာကြီးသဖွယ် ကြီးကျယ်နက်နဲလှသော ပဋ္ဌာန်းဒေသနာတော်ကြီးအတွင်း၌ သဗ္ဗညုတ ရွှေဉာဏ်တော်ကြီး ကျက်စားမြူးကွန့်လေသောအခါ ရွှေးဦးစွာ ရွှေဉာဏ်တော်တည်းဟူသော နာမ်ဓာတ်များသည် အထူးသဖြင့် ကြည်လင်တော်မူကြပါသည်။ ဉာဏ်တော်၏ ကြည်လင်ခြင်းကြောင့် ထိုဉာဏ်တော်အရှိန်ကို ခိုလှုံ၍ဖြစ်ကြကုန်သော ရုပ်ဓာတ်အပေါင်းတို့သည် ကောင်းစွာကြည်လင်လာကြပါသည်။ ထိုအခါကိုယ်

WWW.DHAMMARANSI.NET

တော်မြတ်၏ ရုပ်ခတ်သဏ္ဍာန်တော်မှ ရောင်ခြည်တော်ခြောက်ဆိုင်တို့သည် အပြိုင်အပြိုင် ထွက်ကွန့်မြူးကြပါသည်၊ ဤသည်ကား ပဋ္ဌာန်းဒေသနာတော်ကို ဆင်ခြင်တော်မူရာ၌ ရောင်ခြည်တော် ခြောက်ပါးတို့၏ ထွက်တော်မူပုံသဘောဖြစ်ပါသည်။

မေး။ ကျမ်းဂန်တို့၌ ပြဆိုအပ်သောအတိုင်း မဟာသမုဒ္ဒရာ သဖွယ် ကြီးကျယ် နက်နဲလှသော သာဂရလေးပါး သရုပ်ကို ဖော်ထုတ်၍ပြပါ။

ဖြေ။ ဇလသာဂရ၊ သံသာရသာဂရ၊ ဉာဏသာဂရ၊ နယသာဂရ ဤသည်ကား သာဂရလေးပါး၏ သရုပ်ဖြစ်ပါသည်။

မေး။ ထိုသာဂရလေးပါး၏ သဘောအဓိပ္ပာယ်ကို သိလွယ်ရုံ ဖော်ပြပါ။

ဖြေ။ ၁။ ကမ္ဘာလောကကို ဝန်းရံ၍နေသော သမုဒ္ဒရာ ရေပြင်ကျယ်ကို ဇလသာဂရဟု ခေါ်ပါသည်။

၂။ သတ္တဝါတို့၏ ကျင်လည်ကျက်စားရာ ရှည်လျားကျယ်ဝန်းလှစွာသော သံသရာကြီးကို သံသာရသာဂရဟုခေါ်ပါသည်။

၃။ အလွန်ကျယ်ဝန်းလှစွာသော သဗ္ဗညုတဉာဏ်တော်ကြီးကို ဉာဏသာဂရဟုခေါ်ပါသည်။

၄။ နည်းပေါင်း များစွာတို့ဖြင့် နက်နဲကျယ်ဝန်းလှသော ပဋ္ဌာန်းကျမ်းကြီးကို နယသာဂရဟု ခေါ်ပါသည်။

WWW.DHAMMARANSI.NET

မေး။ ပဋ္ဌာန်းကျမ်းမြတ်ကို သုံးသပ်ဆင်ခြင်တော်မူရာ၌ ထွက်ပေါ်လာသော ရောင်ခြည်တော် ခြောက်ပါးသရုပ်ကို ဖော်ထုတ်၍ပြပါ။

ဖြေ။ ၁။ နီလ-စိမ်းညိုသော ရောင်ခြည်တော်၊

၂။ ပီတ-ဝါရွှေသော ရောင်ခြည်တော်၊

၃။ လောဟိတ-နီမြန်းသော ရောင်ခြည်တော်၊

၄။ ဩဒါတ-ဖြူဖွေးသော ရောင်ခြည်တော်၊

၅။ မဉ္ဇိဋ္ဌ-မောင်းသောရောင်ခြည်တော်၊

၆။ ပဘဿရ-အရောင်စုံ ရောယှက်၍ ပြိုးပြိုးပြက်ပြက် ထွန်းလင်းသော ရောင်ခြည်တော်။

ဤသည်ကား ရောင်ခြည်တော်ခြောက်ပါးတို့၏ သရုပ်အဓိပ္ပာယ်များဖြစ်ပါသည်။

မေး။ ထိုရောင်ခြည်တော် ခြောက်ပါးတို့တွင် နီလရောင်ခြည်တော်သည် အဘယ်ဌာနတို့မှ ထွက်ပေါ်၍ အဘယ်သို့အားဖြင့် ကွန့်မြူးတော်မူပါသနည်း။

ဖြေ။ ဆံတော်၊ မုတ်ဆိတ်တော်၊ မျက်နက်ဝန်းတော်မှစ၍ စိမ်းညိုသော အရပ်ဌာနတို့မှ နီလရောင်ခြည်တော် ပေါ်ထွက်ကွန့်မြူးပါသည်။ ထိုအခါ အနန္တလောကဓာတ်အပြင်နှင့် အဇ္ဈာခွင် ကောင်းကင်တစ်ခုလုံးမှာ-

၁။ အောက်မည်းညိုပန်း၊ ကြာညိုပန်းတို့ဖြင့် ဖုံးလွှမ်း၍ထားသလို၊

WWW.DHAMMARANSI.NET

၂။ နီလာကျောက်၊ မြကျောက်တို့ဖြင့် ကြွမြောက်၍ ထားသလို၊

၃။ နီလာယပ်တောင်၊ မြယပ်တောင်တို့ဖြင့် တပြောင်ပြောင် လွှဲခတ်၍နေသလို၊

၄။ ဖဲပြားပုဆိုးကို ဖြန့်မိုး၍ထားသလို၊ စိမ်းညိုသော အရောင်တို့ဖြင့် တပြောင်ပြောင် ထိန်လင်း၍ နေပါသည်။

မေး။ ပီတရောင်ခြည်တော်သည် အဘယ်ဌာနတို့မှ ထွက်ပေါ်၍ အဘယ်သို့အားဖြင့် ကွန့်မြူးတော်မူသနည်း။

ဖြေ။ အရေတော်၊ အသားတော်မှစ၍ ဝါရွှေသော အရပ်ဌာနတို့မှ ပီတရောင်ခြည်တော် ထွက်ပေါ်ကွန့်မြူးပါသည်။ ထိုအခါ အနန္တလောကဓာတ်အပြင်နှင့် အဇဋာခွင် ကောင်းကင်တစ်ခုလုံးမှာ-

၁။ မဟာလှေကားပန်း၊ စကားပန်း၊ ပိတောက်ပန်းတို့ဖြင့် ဖုံးလွှမ်း၍ ထားသလို၊

၂။ ရွှေရေတံခွန် စီးသွန်ကျဆင်းကာ ရွှေမိုးတွေ ရွာသလို၊

၃။ ရွှေနာရနီ သိင်္ဂီယပ်တောင်တို့ဖြင့် တပြောင်ပြောင် လွှဲခတ်၍နေသလို၊

၄။ ရွှေပြတန်ရွှေပုဆိုးတို့ဖြင့် ဖြန့်မိုးဝန်းရံ၍ ထားသလို၊

WWW.DHAMMARANSI.NET

ထိုနည်းတူစွာ ဝါရွှေသော အရောင်တို့ဖြင့် တပြောင်ပြောင် ထိန်လင်း၍နေပါသည်။

မေး။ လောဟိတ ရောင်ခြည်တော်သည် အဘယ်ဌာနတို့မှ ထွက်ပေါ်၍ အဘယ်သို့အားဖြင့် ကွန့်မြူးတော်မူပါသနည်း။

ဖြေ။ အသွေးတော်၊ လက်သည်းတော်၊ ခြေသည်းတော်၊ ခြေဖဝါးတော်၊ လက်ဖဝါးတော်၊ နှုတ်ခမ်းတော်၊ လျှာတော်မှစ၍ နီမြန်းသော အရပ်ဌာနတို့မှ လောဟိတရောင်ခြည်တော် ထွက်ပေါ်ကွန့်မြူးပါသည်။ ထိုအခါ အနန္တလောကဓာတ်အပြင်နှင့် အဇ္ဈာခွင် ကောင်းကင်တစ်ခုလုံးမှာ-

၁။ ကြာနီပန်း၊ နှင်းဆီပန်း၊ ခေါင်ရန်းပန်း တို့ဖြင့် ဖုံးလွှမ်း၍ထားသလို၊

၂။ ပတ္တမြားကျောက်တို့ကို ကြဲဖြောက်၍ ထားသလို၊

၃။ ပတ္တမြား ယပ်တောင်တို့ဖြင့် တပြောင်ပြောင် ထိန်လင်း၍ နေသလို၊

၄။ ကမ္ဗလာနီပုဆိုးကို ဖြန့်မိုးဝန်းရံ၍ ထားသလို။

ထိုနည်းတစ်ပြေး နီထွေးသောအရောင်တို့ဖြင့် တပြောင်ပြောင်ထိန်လင်း၍ နေပါသည်။

မေး။ ဩဒါတရောင်ခြည်တော်သည် အဘယ်ဌာနတို့မှ ထွက်ပေါ်လာ၍ အဘယ်သို့အားဖြင့် ကွန့်မြူးတော် မူပါသနည်း။

F 10 A

WWW.DHAMMARANSI.NET

ဖြေ။ သွားတော်၊ စွယ်တော်၊ အရိုးတော်၊ မျက်ဖြူတော်၊ ဥဏ္ဏာလုံ မွေးရှင်တော်စသော ဖြူသော အရပ်ဌာနတို့မှ ဩဒါတရောင်ခြည်တော် ထွက်ပေါ်ကွန့်မြူးပါသည်။ ထိုအခါ အနန္တလောကဓာတ်အပြင်နှင့် အဇ္ဈာခွင်ကောင်းကင်တစ်ခုလုံးမှာ-

၁။ ကြာဖြူပန်း၊ မြတ်လေးပန်း၊ ဇွန်ပန်းတို့ဖြင့် ဖုံးလွှမ်း၍ ထားသလို၊

၂။ ပုလဲနှင့် စိန်ကျောက်တို့ဖြင့် ကြဲမြှောက်၍ ထားသလို၊

၃။ ငွေရေတံခွန် စီးသွန်ကျဆင်းကာ ငွေမိုးတွေ ရွာသလို၊

၄။ ငွေပြားယပ်တောင်တို့ဖြင့် တပြောင်ပြောင် လွှဲခတ်၍ နေသလို၊

၅။ ငွေပြတန်ဘွဲ့ဖြူ ပုဆိုးတို့ဖြင့် ဖြန့်မိုး၍ထားသလို၊

ထိုနည်းအတူ ဖြူသောရောင်ခြည်တော်တို့ဖြင့် တပြောင်ပြောင် ထိန်လင်း၍ နေပါသည်။

မေး။ မဥ္ဇိဋ္ဌ ရောင်ခြည်တော်သည် အဘယ်ဌာနတို့မှ ထွက်ပေါ်၍ အဘယ်သို့အားဖြင့် ကွန့်မြူးတော် မူပါသနည်း။

ဖြေ။ ရှင်တော်မြတ်ဘုရား၏ ထိုထိုကိုယ်တော် အစိတ်စိတ်မှ မဥ္ဇိဋ္ဌရောင်ခြည်တော် ထွက်ပေါ်ကွန့်မြူးပါသည်။ ထိုအခါ အနန္တလောကဓာတ်အပြင်နှင့် အဇ္ဈာခွင် ကောင်းကင်တစ်ခုလုံး

WWW.DHAMMARANSI.NET

မှာ သပြေသီးမှည့်ရောင်၊ မိုးညိုရောင်၊ မိုးကြိုးရောင်တို့ဖြင့် တပြောင်ပြောင် ထိန်လင်း၍နေပါသည်။

မေး။ ပဘဿရ ရောင်ခြည်တော်သည် အဘယ်ဌာနတို့မှ ထွက်ပေါ်၍ အဘယ်သို့အားဖြင့် ကွန့်မြူးတော်မူပါသနည်း။

ဖြေ။ ရှင်တော်မြတ်ဘုရား၏ ရွှေကိုယ်တော်မှ ပဘဿရ ရောင်ခြည်တော် ထွက်ပေါ်ကွန့်မြူးပါသည်။ ထိုအခါ အနန္တလောကဓာတ်အပြင်နှင့် အဇ္ဈာခွင်ကောင်းကင်တစ်ခုလုံးမှာ-

၁။ နီ၊ဖြူ၊မှောင် အရောင်မျိုးစုံရှိသော ပန်းတို့ဖြင့် ဖုံးလွှမ်းထားသလို၊

၂။ နီ၊ဖြူ၊မှောင် အရောင်မျိုးစုံရှိသော နဝရတ်ကျောက်တို့ဖြင့် ကြဲဖြောက်၍ ထားသလို၊

၃။ ကောင်းကင်တရိုးမှ နဝရတ်မိုးကြီး ဖြိုးဖြိုးစွေသွန်း၍ ရေတံခွန်ကျဆင်းသလို၊

၄။ နဝရတ်ကိုးသွယ် စီခြယ်အပ်သော ပုဆိုးဖြင့် ဖြန့်မိုး၍ ထားသလို၊

၅။ အရောင်မျိုးစုံရှိသော မီးပန်း၊ မီးရှူးတို့ဖြင့် အထူးထူး အထွေထွေ ညှိထွန်း၍ထားသလို၊

ထိုနည်း၍ပုံ ရောင်စုံထွေးယှက် ပြိုးပြိုးပြက်သော အရောင်တို့ဖြင့် တပြောင်ပြောင်ထိန်လင်း၍ နေပါသည်။

မေး။ ရောင်ခြည်တော် ခြောက်စုံအကုန်ထွက်၍ ကွန့်မြူးကြသောအခါ အခြားအရောင်များသည် ရောင်ခြည်တော်

WWW.DHAMMARANSI.NET

ခြောက်ဆိုင်နှင့် ပြိုင်ဆိုင်၍ ထွန်းတောက်နိုင်ပါမည်လော။

ဖြေ။ အနန္တ လောကဓာတ်အတွင်းမှာ ရောင်ခြည်တော် ခြောက်ဆိုင်နှင့် ပြိုင်ဆိုင်၍ ထွန်းတောက်နိုင်သော အရောင်အလင်းတစ်ခုမျှ မရှိပါ။ ရောင်ခြည်တော် ခြောက်သွယ်တို့ တင့်တယ်စွာ ကွန့်မြူးလာသောအခါ နေရောင်၊ လရောင်၊ ကြယ်တာရာရောင်၊ ရတနာရောင်၊ နတ်ဗြဟ္မာတို့၏ ဘုံဗိမာန်ရောင်တို့သည် မထွန်းပြောင်နိုင်ကြကုန်ဘဲ အရောင်တန်ခိုး၏ လွှမ်းမိုးခြင်းကိုသာ ခံကြရပါသည်။ စကြဝဠာပေါင်း တစ်ထောင်ကို ကိုယ်အရောင်ဖြင့် ထွန်းပနိုင်သော ဗြဟ္မာကြီးတို့၏ အရောင်သည် နေဝန်းပြူထွက်သောအခါ ပိုးစုန်းကြူး ရောင်ကဲ့သို့ ဖြစ်ကြရသလို ရောင်ခြည်တော် ခြောက်ပါး တန်ခိုးတော်၏ လွှမ်းမိုးခြင်း ခံရပါသည်။

မေး။ ထိုရောင်ခြည်တော် ခြောက်ပါးတို့သည် အဘယ်မျှလောက် ပျံ့နှံ့၍ ထွန်းလင်းနိုင်ပါသနည်း။

ဖြေ။ ရှင်တော်ဘုရား၏ ကိုယ်တော်မှ ထွက်ကြွ ကွန့်မြူးသော ရောင်ခြည်တော် ခြောက်စုံ ရူပါရုံတို့သည် ထက်ဝန်းကျင် အရပ်ဆယ်မျက်နှာသို့ ပျံ့နှံ့၍ အနန္တလောကဓာတ်များသို့တိုင်အောင် လွှမ်းမိုး၍ ထွန်းလင်းနိုင်ပါသည်။

မေး။ ထိုရောင်ခြည်တော်ခြောက်ပါးတို့သည် ယခုအခါကဲ့သို့တိုင်အောင် ထွန်းလင်းဆဲ ရှိကြပါသေးသလော။

WWW.DHAMMARANSI.NET

ဖြေ။ အဆုံးမရှိသော အနန္တလောကဓာတ်များသို့ ပျံ့သန်းပျော်မြူးကြသော ရောင်ခြည်တော်တို့သည် ယခုအခါသို့တိုင်အောင် ချုပ်ကွယ်ခြင်းမရှိဘဲ ထွန်းတောက်ဆဲ ဖြစ်ကြသည်ဟု ကျမ်းဂန်တို့၌ ပြဆိုပါသည်။

မေး။ သာဓု သာဓု သာဓု ပဋ္ဌာန်း ဒေသနာတော်ကို ဆင်ခြင်ရာဌာနမှစ၍ ရောင်ခြည်တော် ခြောက်စုံတို့၏ ထွန်းတောက်ကွန့်မြူးပုံများကို အကျယ်အားဖြင့် ဖြေကြားသောကြောင့် ဝမ်းမြောက်ဝမ်းသာစွာ သဒ္ဓါကြည်ညိုရပေပြီ။ ထို့အပြင် တစ်ဖန်မေးမြန်းရန် ရှိသည်မှာ ရှင်တော်မြတ်ဘုရားသည် ထိုပဋ္ဌာန်းတရားကို အဘယ်အခါကာလ၌ ဟောကြားတော်မူခဲ့ပါသနည်း။

ဖြေ။ ခြောက်ဝါအလွန် ခုနစ်ဝါမြောက်သော ကာလ၌ ထိုပဋ္ဌာန်းတရားကို ဟောကြားတော်မူခဲ့ပါသည်။

မေး။ အဘယ်အရပ်ဌာနမှာ ဟောကြားတော်မူခဲ့ပါသနည်း။

ဖြေ။ တာဝတိံသာနတ်ပြည်မှာ ဟောကြားတောမူခဲ့ပါသည်။

မေး။ ပဋ္ဌာန်းတရားကို ဟောကြားရန် ဘယ်အရပ်ဌာနမှ တာဝတိံသာနတ်ပြည်သို့ ကြွတော်မူပါသနည်း။

ဖြေ။ ဘုန်းတော်ခြောက်ဆူ အောင်လံထူ၍ပြိုင်သူဘက်ကင်းမင်းထက်မင်း ဖြစ်တော်မူသော ရှင်တော်မြတ် ဘုရားသည် ခြောက်ဝါအလွန် ခုနစ်ဝါမြောက်ခါနီးတွင် သာဝတ္ထိနေပြည်တော်ကြီး၌ တိတ္ထိအပေါင်းတို့ကို နှိမ်နင်းတော်မူခြင်းငှာ တန်ခိုးပြာဋိ

WWW.DHAMMARANSI.NET

ဟာကို အံဩဖွယ်ရာ ပြတော်မူပါသည်။ ထိုတန်ခိုး ပြာဋိဟာကို ပြတော်မူ၍အပြီးတွင် ဖန်ဆင်းအပ်သော ရတနာစင်္ကြံကြီးမှ တာဝတိံသာနတ်ပြည်သို့ ကြွတော်မူပါသည်။

မေး။ တာဝတိံသာနတ်ပြည်သို့ ကြွတော်မူရာတွင် အဘယ်သို့ ကြွတော်မူပါသနည်း။

ဖြေ။ နှစ်လှမ်း၊ သုံးဖဝါး တန်ခိုးတော်အားဖြင့် ကြွတော်မူပါသည်။

မေး။ နှစ်လှမ်း၊ သုံးဖဝါး ကြွတော်မူပုံကို ထင်ရှားအောင် ဖော်ပြပါ။

ဖြေ။ တန်ခိုးပြတော်မူရာဖြစ်သော ရတနာစင်္ကြံထက်မှ လက်ယာခြေတော်ကိုကြွ၍ ယုဂန္ဓိုရ်တောင်ထိပ်၌ တစ်ဖဝါး နင်းတော်မူပါသည်။ ထို့နောက် ရတနာစင်္ကြံထက်မှ လက်ဝဲခြေတော်ကို ကြွ၍မြင်းမိုရ်တောင်ထိပ်၌ တစ်ဖဝါး နင်းတော်မူပါသည်။

၁။ ရတနာစင်္ကြံထက်မှ ယုဂန္ဓိုရ် တောင်ထိပ်သို့ တစ်လှမ်း၊

၂။ ရတနာစင်္ကြံထက်မှ မြင်းမိုရ်တောင်ထိပ်သို့ တစ်လှမ်း၊

၁။ ရတနာစင်္ကြံထက်၌ ဖဝါးတော်တစ်ခု၊

၂။ ယုဂန္ဓိုရ်တောင်ထိပ်၌ ဖဝါးတော်တစ်ခု၊

၃။ မြင်းမိုရ်တောင်ထိပ်၌ ဖဝါးတော်တစ်ခု။

WWW.DHAMMARANSI.NET

ဤသည်ကား နှစ်လှမ်းသုံးဖဝါး ကြွတော်မူရာဝယ် ထင်ရှားစွာ သိလွယ်အောင် အဓိပ္ပာယ်ဖော်ပြချက်ဖြစ်ပါသည်။

မေး။ တာဝတိံသာနတ်ပြည်၌ ပဋ္ဌာန်းတရားတော်ကို ဟောကြားတော်မူသည်ဟု ဆိုရာတွင် အဘယ်နေရာထက်၌ သီတင်းသုံးကာ ဟောကြားတော်မူပါသနည်း။

ဖြေ။ ပင်လယ်ကသစ်ပင်ရင်း၌ ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာထက်၌ သီတင်းသုံးကာ ဟောကြားတော်မူပါသည်။

မေး။ ထိုပဏ္ဍုကမ္ဗလာမြကျောက်ဖျာသည် အလျား၊ အနံ၊ အထု၊ ယူဇနာအားဖြင့် အဘယ်မျှရှိပါသနည်း။

ဖြေ။ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည် အလျားအားဖြင့် ယူဇနာခြောက်ဆယ်၊ အနံအားဖြင့် ယူဇနာ ငါးဆယ်၊ အထုအားဖြင့် တစ်ဆယ့်ငါး ယူဇနာရှိပါသည်။

မေး။ အဘယ်ပုဂ္ဂိုလ်ကို အမှူးထား၍ ပဋ္ဌာန်းဒေသနာတော်တရားကို ဟောကြားတော်မူသနည်း။

ဖြေ။ မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားကို အမှူးထား၍ ဟောတော်မူပါသည်။

မေး။ ထိုအခါ အဘယ်မျှလောက်သော စကြဝဠာတိုက်တို့မှ နတ်၊ ဗြဟ္မာအပေါင်းတို့ လာရောက်၍ ပဋ္ဌာန်းတရားကို ကြားနာကြပါသနည်း။

WWW.DHAMMARANSI.NET

ဖြေ။ တစ်သောင်းသော စကြဝဠာတိုက်တို့မှ နတ် ဗြဟ္မာ အပေါင်းတို့ လာရောက်၍ ကြားနာကြပါသည်။

မေး။ အဘိဓမ္မာ ခုနစ်ကျမ်းကို အဘယ်မျှလောက် ကာလ အပိုင်းအခြားတို့ဖြင့် ပြီးဆုံးအောင် ဟောကြားတော်မူခဲ့ပါသနည်း။

ဖြေ။ ခုနစ်ဝါမြောက်သောအခါ ဝါဆိုလပြည့်ကျော် တစ်ရက်နေ့မှစ၍ သီတင်းကျွတ်လပြည့်နေ့သို့ တိုင်အောင် သုံးလအပိုင်းအခြားဖြင့် ဟောကြားတော်မူပါသည်။

မေး။ အဘယ်ခုနှစ်သက္ကရာဇ်တွင် ပဋ္ဌာန်းတရားကို ဟောကြားတော်မူပါသနည်း။

ဖြေ။ မဟာသက္ကရာဇ် ၁၀၉ ခုနှစ်တွင် ပဋ္ဌာန်းတရားကို ဟောကြားတော်မူပါသည်။

မေး။ ဓမ္မသင်္ဂဏီအစ ပဋ္ဌာန်းအဆုံးရှိသော အဘိဓမ္မာခုနစ်ကျမ်းတို့ကို ဟောကြားတော်မူပြီးသောအခါ အဘယ်မျှ အရေအတွက်ရှိသော နတ်ဗြဟ္မာအပေါင်းတို့သည် တရားထူးကို သိမြင်၍ ကျွတ်တမ်းဝင်ကြပါသနည်း။

ဖြေ။ နတ်ဗြဟ္မာအပေါင်း ကုဋေရှစ်သောင်းတို့သည် တရားထူးကိုသိမြင်၍ ကျွတ်တမ်းဝင်ကြပါသည်။

မေး။ မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတ နတ်သားသည် အဘိဓမ္မာတရားပွဲကြီး ပြီးဆုံးသောအခါ အဘယ်သို့သော အကျိုးထူးများကို ခံစားရပါသနည်း။

WWW.DHAMMARANSI.NET

ဖြေ။ သန္တုသိတနတ်သားသည် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို ရှင်းလင်းအောင်ဖယ်ခွာ၍ သောတာပန်ဖြစ်ခြင်းတည်းဟူသော အကျိုးထူးကို ရပါသည်။

မေး။ တာဝတိံသာ နတ်ပြည်မှာ ဟောသော ပဋ္ဌာန်းတရားသည် လူ့ပြည်လောကမှာ အဘယ်ပုဂ္ဂိုလ်ကိုအကြောင်းပြု၍ ထွန်းကားလာပါသနည်း။

ဖြေ။ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးကို အကြောင်းပြု၍ ထွန်းကားလာပါသည်။

မေး။ ထိုအကြောင်းကို ထင်ရှားစွာ ဖော်ပြပါ။

ဖြေ။ ရှင်တော်မြတ်ဘုရားသည် တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်ရင်းခင်းထားအပ်သော ပဏ္ဍုကမ္ဗလာမြကျောက်ဖျာထက်တွင် ဝါကပ်တော်မူပြီးလျှင် အဘိဓမ္မာ ခုနစ်ကျမ်းကို ဟောကြားတော်မူရာ၌ ဆွမ်းခံချိန်အခါ၌ တရားဟော မပျက်စေရန် နိမ္မိတကိုယ်တော်ပွားကို ဖန်ဆင်း၍ထားခဲ့ပြီးမှ မြောက်ကျွန်းသို့ ဆွမ်းခံကြွတော်မူရန် ဟိမဝန္တာအနောတတ်အိုင်သို့ ဆင်းသက်တော်မူပါသည်။ ထိုအခါ ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးသည် ရှင်တော်မြတ်ဘုရားအား ဝတ်ကြီး ဝတ်ငယ် အသွယ်သွယ်တို့ကို ပြုလုပ်ဆောင်ရွက်တော်မူပါသည်။ ရှင်တော်မြတ်ဘုရားက တာဝတိံသာနတ်ပြည်၌ ဟောကြားပြီးသမျှသော အဘိဓမ္မာ တရားတော်များကို ရှင်သာရိပုတ္တရာအား နေ့စဉ်ပြန်၍ ဟောကြားတော်မူပါသည်။

WWW.DHAMMARANSI.NET

ထို့နောက် တစ်ဖန် ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက ငါးရာသော တပည့်ရဟန်းတော်များအား နေ့စဉ်အားဖြင့် သင်ကြားပို့ချတော်မူပါသည်။ ထိုအခါမှစ၍ အဘိဓမ္မာဒေသနာတော်ကြီးသည် လူ့ပြည်လောက၌ ထွန်းကားပြန့်ပွား၍ လာပါသည်။

ပဋ္ဌာန်းနိဒါန်းပြီး၏။

## ပဋ္ဌာန်းပစ္စယုဒ္ဒေသ

မေး။ ဘုန်းတော်ခြောက်ဆူ ပန်းမဥ္ဇူဖြင့် လှိုင်ကြူအေးအေး တိုက်တဝေးကို ပျံ့မွှေးတော်မူစေနိုင်သော သုံးလောကဦးသျှောင် ဘုန်းခေါင်မြတ်ဘုရားသည် ယမိုက်ကျမ်းကို ဟောပြီးသည့်အဆုံး၌ ပဋ္ဌာန်းဒေသနာကို အဘယ်သို့ စတင်ကာ ဟောကြားတော်မူပါသနည်း။

ဖြေ။ ဘုန်းတော်အမြိုက် မကိုင်ရှုသရဖူ ဆောင်းတော်မူသော တစ်ဆူထွတ်ထား သဗ္ဗညု ရှင်တော်မြတ်ဘုရားသည် ယမိုက်ကျမ်းကို ဟောတော်မူပြီးသည့် အဆုံး၌ ဟေတုပစ္စယော၊ အာရမ္မဏ ပစ္စယော၊ အဓိပတိပစ္စယော ဤသို့စသောအားဖြင့် ပဋ္ဌာန်းဒေသနာကို စတင်ကာ ဟောကြားတော်မူပါသည်။

WWW.DHAMMARANSI.NET

မေး။ ပဋ္ဌာန်းကျမ်းကြီး၌ ပစ္စယုဒ္ဒေသခေါ်သော ပစ္စည်းအချုပ် သရုပ်ပေါင်းမည်မျှ ရှိသည်ဟု ဖော်ပြပါ။

ဖြေ။ ၁။ ဟေတုပစ္စည်း
၂။ အာရမ္မဏပစ္စည်း၊
၃။ အဓိပတိပစ္စည်း၊
၄။ အနန္တရပစ္စည်း၊
၅။ သမနန္တရပစ္စည်း၊
၆။ သဟဇာတပစ္စည်း၊
၇။ အညမညပစ္စည်း၊
၈။ နိဿယပစ္စည်း၊
၉။ ဥပနိဿယပစ္စည်း၊
၁၀။ ပုရေဇာတပစ္စည်း၊
၁၁။ ပစ္ဆာဇာတပစ္စည်း၊
၁၂။ အာသေဝနပစ္စည်း၊
၁၃။ ကမ္မပစ္စည်း၊
၁၄။ ဝိပါကပစ္စည်း၊
၁၅။ အာဟာရပစ္စည်း၊
၁၆။ ဣန္ဒြိယပစ္စည်း၊
၁၇။ ဈာနပစ္စည်း၊
၁၈။ မဂ္ဂပစ္စည်း၊

WWW.DHAMMARANSI.NET

၁၉။ သမ္ပယုတ္တပစ္စည်း၊

၂၀။ ဝိပ္ပယုတ္တပစ္စည်း၊

၂၁။ အတ္ထိပစ္စည်း၊

၂၂။ နတ္ထိပစ္စည်း၊

၂၃။ ဝိဂတပစ္စည်း၊

၂၄။ အဝိဂတပစ္စည်း

ဤသို့အားဖြင့် ပစ္စယုဒ္ဒေသခေါ်သော ပဋ္ဌာန်းအချုပ်သရုပ် ၂၄-ပါး ရှိပါသည်။

ပဋ္ဌာန်းပစ္စယုဒ္ဒေသပြီး၏။

## ပဋ္ဌာန်းပစ္စယနိဒ္ဒေသ

### ၁ – ဟေတုပစ္စည်း

မေး။ ပဋ္ဌာန်းနှစ်ဆယ့်လေးပစ္စည်းတို့တွင် ပထမဆုံးဖြစ်သော ဟေတုပစ္စည်း၏ သရုပ်ကိုဖော်ထုတ်၍ ပြပါ။

ဖြေ။ လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟ ဤတရားခြောက်ပါးသည် ဟေတုပစ္စည်းသရုပ် ဖြစ်ပါသည်။

WWW.DHAMMARANSI.NET

မေး။ ထိုဟိတ် ခြောက်ပါးတို့တွင် ကုသိုလ်ဟိတ် မည်မျှ၊ အကုသိုလ်ဟိတ် မည်မျှရှိကြောင်း ဖော်ပြပါ။

ဖြေ။ ၁။ အလောဘ၊ အဒေါသ၊ အမောဟ ဤတရား သုံးပါးကို ကုသိုလ်ဟိတ်ခေါ်ပါသည်။

၂။ လောဘ၊ ဒေါသ၊ မောဟ ဤတရားသုံးပါးကို အကုသိုလ်ဟိတ်ဟု ခေါ်ပါသည်။

၃။ အလောဘ၊ အဒေါသ၊ အမောဟ ဤတရားသုံးပါးကို အဗျာကတဟိတ်ဟု ခေါ်ပါသည်။

ကုသိုလ်၊ အကုသိုလ်၊ အဗျာကတအားဖြင့် ဝေဖန်လိုက်သောအခါ ဟိတ်ပေါင်း ကိုးပါးဖြစ်လာပါသည်။

မေး။ ဟေတုပစ္စည်းသည် အဘယ်သို့သော သတ္တိအားဖြင့် ကျေးဇူးပြုတတ်ပါသနည်း။

ဖြေ။ ရေသောက်မြစ်သည် သစ်ပင်ကြီးအား အစဉ်ကြီးပွား၍ စည်ကားအောင် ကျေးဇူးပြုသကဲ့သို့ ဟိတ်ခြောက်ပါး တရားတို့သည် အတူတကွဖြစ်သော စိတ်၊ စေတသိက်၊ စိတ္တဇရုပ်တို့အား ကြီးပွားခိုင်မြဲစေရန် အကြောင်းမူလသတ္တိဖြင့် ကျေးဇူးပြုတတ်ကြပါသည်။

ဆောင်ပုဒ်။ ရေသောက်မြစ်နှယ်၊ ကျေးဇူးကြွယ်၊
ကြီးကျယ်ကြောင်းရင်းများ။

မေး။ ဟေတုပစ္စည်း၏ အကျိုးဖြစ်သော ပစ္စယုပ္ပန်သရုပ်ကို ဖော်ထုတ်၍ပြပါ။

WWW.DHAMMARANSI.NET

ဖြေ။ ဟိတ်နှင့်တကွဖြစ်သော သဟိတ်စိတ်-၇၁၊ စေတသိက်-၅၂၊ သဟိတ်စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေနှင့်တကွဖြစ်သော ကမ္မဇရုပ် ဤတရားများသည် ဟေတုပစ္စည်း၏ ပစ္စယုပ္ပန်များဖြစ်ကြပါသည်။

မေး။ လောဘဟိတ် တစ်ခု၏ ကျေးဇူးပြုပုံ သဘောကို အဓိပ္ပာယ် အားဖြင့် သိလွယ်အောင် အမြွက်မျှဖော်ပြပါ။

ဖြေ။ လောဘဟိတ်ဖြစ်လာသောအခါ မိမိနှင့်အတူတကွဖြစ်သော စိတ်၊ စေတသိက်တို့ကို သာယာတပ်မက်ခြင်း ဖြစ်အောင် သွေးဆောင်ပါသည်။ ထိုစိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့ကလည်း လောဘအမူအရာကို ရွက်ဆောင်ကြပါသည်။ ကာယဝိညတ်လှုပ်ရှား၍ ကာယကံဖောက်ပြားပြီးလျှင် သူ့ဥစ္စာကို ခိုးယူခြင်း၊ သူတစ်ပါးတို့၏ သားမယားတို့၌ ပြစ်မှားကျူးလွန်ခြင်းစသော ကာယဒုစရိုက်မှုတို့ကို ပြုလုပ်ကျူးလွန်ပါသည်။ ဝစီဝိညတ် လှုပ်ရှား၍ လောဘအမူအရာပါသော စကားတို့ကို ပြောခြင်း၊ မဟုတ်မတရား မုသားပြောခြင်းမှစ၍ ဝစီဒုစရိုက်မှုတို့ကို ပြုလုပ် ကျူးလွန်ပါသည်။ ဤသည်ကား ဟေတုပစ္စည်း၏ ကျေးဇူးပြုပုံ သဘောအချက်ကို အမြွက်မျှ ဖြေဆိုခြင်းဖြစ် ပါသည်။

ဟေတုပစ္စည်းပြီး။

WWW.DHAMMARANSI.NET

## ၂ – အာရမ္မဏပစ္စည်း

မေး။ အာရမ္မဏပစ္စည်းသရုပ်ကို ဖော်ထုတ်၍ပြပါ။

ဖြေ။ အလုံးစုံသော အာရုံခြောက်ပါးတရားတို့ကို အာရမ္မဏ ပစ္စည်းဟု ခေါ်ပါသည်။ ပစ္စည်းသရုပ်မှာ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်၊ ပညတ်အကုန်ဖြစ်ပါသည်။

မေး။ အာရမ္မဏပစ္စည်း၏ ကျေးဇူးပြုပုံသဘောကို ဖော်ပြပါ။

ဖြေ။ ကြိုးတန်း၊ တောင်ဝှေးတို့သည် အင်အားချည့်နဲ့သော သူတို့အား ဆွဲကိုင်မှီတွယ်ရာအဖြစ်ဖြင့် ကျေးဇူးပြုဘိသကဲ့သို့ အာရုံခြောက်ပါးတရားတို့သည် စိတ်၊ စေတသိက်တို့အား ဆွဲကိုင် မှီတွယ်ရာအဖြစ်ဖြင့် ကျေးဇူးပြုပါသည်။

ဆောင်ပုဒ်။ ဆွဲကိုင်မှီတွယ်၊ ကျေးဇူးကြွယ်၊
ခြောက်သွယ်ခေါ်အာရုံ။

မေး။ အာရမ္မဏပစ္စည်း၏ အကျိုးဖြစ်သော ပစ္စယုပ္ပန်သရုပ် ကို ဖော်ထုတ်၍ပြပါ။

ဖြေ။ စိတ်-၈၉၊ စေတသိက်-၅၂ ဤတရားတို့ကို အာရမ္မဏ ပစ္စည်း၏ ပစ္စယုပ္ပန်ဟုခေါ်ပါသည်။

မေး။ အာရမ္မဏပစ္စည်း၏ ကျေးဇူးပြုပုံသဘောကို အဓိပ္ပာယ် အားဖြင့် သိလွယ်အောင် အမြွက်မျှဖော်ပြပါ။

ဖြေ။ ၁။ ရူပါရုံသည် စက္ခုဝိညာဉ်စိတ်အား မှီတွယ်ရာ အဖြစ်ဖြင့် ကျေးဇူးပြုသည်။ ထိုအခါ စက္ခုဝိညာဉ်

.WWW.DHAMMARANSI.NET

စိတ်သည် အတူတကွဖြစ်သော စေတသိက်တို့နှင့် တကွ မြင်ခြင်းကိစ္စဖြင့် ဖြစ်ပေါ်လာပါသည်။

၂။ ရူပါရုံကို အာရုံပြု၍မြင်မှုကိစ္စကို အရင်းခံပြီးလျှင် စက္ခုဒွါရဝီထိ ဖြစ်ပေါ်လာပါသည်။ ထိုအခါ အကုသိုလ်ဇောကျခဲ့ပါလျှင် သာယာခြင်း၊ စိတ်ဆိုးခြင်း စသော အကုသိုလ်အမှုအရာများ ဖြစ်ပေါ်လာပါသည်။ ကုသိုလ်ဇောကျခဲ့ပါလျှင် ကြည်ညိုခြင်း၊ မသာယာခြင်း၊ မေတ္တာဖြင့် ချစ်ခင်ခြင်း၊ ကရုဏာဖြင့် သနားခြင်း၊ မုဒိတာဖြင့် ဝမ်းမြောက်ခြင်း၊ ပညာဖြင့် လိမ္မာခြင်း ဤသို့စသော ကုသိုလ်အမှုအရာများ ဖြစ်ပေါ်လာပါသည်။

ဤသည်ကား အာရမ္မဏပစ္စည်း၏ ကျေးဇူးပြုပုံအချက်ကို အမြွက်မျှဖြေဆိုခြင်းဖြစ်ပါသည်။

မေး။ အာရုံနှင့်စိတ်ယှဉ်တွဲ၍ အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပုံကို ဖော်ပြပါ။

ဖြေ။ ၁။ ရူပါရုံသည် စက္ခုဝိညာဉ်စိတ်အား၊

၂။ သဒ္ဒါရုံသည် သောတဝိညာဉ်စိတ်အား၊

၃။ ဂန္ဓာရုံသည် ဃာနဝိညာဉ်စိတ်အား၊

၄။ ရသာရုံသည် ဇိဝှာဝိညာဉ်စိတ်အား၊

၅။ ဖောဋ္ဌဗ္ဗာရုံသည် ကာယဝိညာဉ် စိတ်အား အာရမ္မဏ သတ္တိဖြင့် ကျေးဇူးပြုပါသည်။

WWW.DHAMMARANSI.NET

၆။ အာရုံငါးပါးသည် မနောဓာတ်စိတ်အား အာရမ္မဏ သတ္တိဖြင့် ကျေးဇူးပြုပါသည်။

၇။ ဓမ္မာရုံသည် မနောဝိညာဉ် စိတ်ဓာတ်အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။

မေး။ စိတ်တို့သည် မှီတွယ်ရာ အာရုံနှင့်ကင်း၍ ဖြစ်နိုင်ပါသလော။

ဖြေ။ မဖြစ်နိုင်ပါ။ အာရုံကို မှီတွယ်ရမှ ဖြစ်ပေါ်နိုင်ကြပါသည်။

အာရမ္မဏပစ္စည်းပြီး၏။

## ၃ – အဓိပတိပစ္စည်း

မေး။ အဘယ်သတ္တိဖြင့် ကျေးဇူးပြုသောပစ္စည်းကို အဓိပတိပစ္စည်းဟု ခေါ်ပါသနည်း။

ဖြေ။ ကြီးကဲလွှမ်းမိုး အစိုးရခြင်းသတ္တိဖြင့် ကျေးဇူးပြုသောပစ္စည်းကို အဓိပတိပစ္စည်းဟု ခေါ်ပါသည်။

ဆောင်ပုဒ်။ စကြာဘုန်းလူ၊ အုပ်စိုးမှုသို့၊ ပြိုင်တူမရှိ၊ အုပ်စိုးဘိ၊ အဓိပတိခေါ်သတည်း။

မေး။ ထိုအဓိပတိပစ္စည်းသည် အဘယ်မျှ အပြားရှိပါသနည်း။

F11A

WWW.DHAMMARANSI.NET

ဖြေ။ အာရမ္မဏာဓိပတိ၊ သဟဇာတာ ဓိပတိအားဖြင့် နှစ်ပါး အပြား ရှိပါသည်။

မေး။ အာရမ္မဏာဓိပတိပစ္စည်းသရုပ်ကို ဖော်ထုတ်ပြပါ။

ဖြေ။ ဣဋ္ဌရုပ်၊ ဣဋ္ဌနာမ်များသည် အာရမ္မဏာဓိပတိပစ္စည်း သရုပ်ဖြစ်ပါသည်။

မေး။ ဣဋ္ဌရုပ်၊ ဣဋ္ဌနာမ်များကို ခွဲခြား၍ ဖော်ပြပါ။

ဖြေ။ အလိုရှိအပ်သော နိပ္ဖန္နရုပ် ၁၈-ခု၊ ဒေါသမူဒွေး၊ မောဟမူဒွေး၊ ဒုက္ခသဟဂုတ် ကြဉ်သောစိတ် ၈၄၊ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၄၇၊ နိဗ္ဗာန်၊ ဤတရားများသည် အာရမ္မဏာဓိပတိပစ္စည်း၌ ဣဋ္ဌရုပ်၊ ဣဋ္ဌနာမ်များ ဖြစ်ကြပါသည်။

မေး။ အာရမ္မဏာဓိပတိပစ္စည်းကြောင့်ဖြစ်သော ပစ္စယုပ္ပန် တရားသရုပ်ကို ဖော်ထုတ်၍ပြပါ။

ဖြေ။ လောဘမူစိတ် - ၈၊ မဟာကုသိုလ်စိတ် - ၈၊ မဟာကြိယာ ဉာဏသမ္ပယုတ်-၄၊ ဤတရားတို့သည် အာရမ္မဏာဓိပတိ ပစ္စည်း၏ ပစ္စယုပ္ပန်များဖြစ်ကြပါသည်။

မေး။ အာရမ္မဏာဓိပတိပစ္စည်း၏ ကျေးဇူးပြုပုံသဘောကို အဓိပ္ပာယ်သိလွယ်အောင် အမြွက်မျှဖော်ပြပါ။

ဖြေ။ ဣဋ္ဌဖြစ်သော အဆင်းရူပါရုံသည် အာရုံပြုသော လောဘစိတ်ကို လွှမ်းမိုးအုပ်စိုး၍ မခွဲနိုင်ဘဲ စွဲစွဲလမ်းလမ်းဖြစ် အောင် ကျေးဇူးပြုပါသည်။ အာရမ္မဏာဓိပတိပစ္စည်း၏ ကျေးဇူး



WWW.DHAMMARANSI.NET

ပြုပုံမှာ စကြာမင်း၏ အာဏာကဲ့သို့ လွန်စွာထက်မြက်လှပါသည်။ ဤသည်ကား အာရမ္မဏာဓိပတိပစ္စည်း၏ ကျေးဇူးပြုပုံအချက်ကို အမြွက်မျှ ဖြေဆိုခြင်းဖြစ်ပါသည်။

မေး။ အာရမ္မဏပစ္စည်းနှင့် အာရမ္မဏာဓိပတိ ပစ္စည်းသည် အဘယ်ကဲ့သို့ ထူးခြားပါသနည်း။

ဖြေ။ ၁။ သာမညအာရုံ သဘောအားဖြင့် ကျေးဇူးပြုသော ပစ္စည်းကို အာရမ္မဏပစ္စည်းဟု ခေါ်ပါသည်။

၂။ အာရုံပြုသောစိတ်တို့ကို လွှမ်းမိုး၍ အစိုးရသော အာရုံသဘောအားဖြင့် ကျေးဇူးပြုသောပစ္စည်းကို အာရမ္မဏာဓိပတိပစ္စည်းဟု ခေါ်ပါသည်။

မေး။ အာရမ္မဏ၊ အာရမ္မဏိကခေါ်သော စကားနှစ်လုံး၏ အဓိပ္ပာယ်ကို ကွဲပြားအောင် ဖော်ပြပါ။

ဖြေ။ ၁။ အာရုံခြောက်ပါးတို့ကို အာရမ္မဏဟု ခေါ်ပါသည်။

၂။ ထိုအာရုံခြောက်ပါးကို စွဲလမ်း၍ဖြစ်ပေါ်သော စိတ်၊ စေတသိက်တရားတို့ကို အာရမ္မဏိကဟု ခေါ်ပါသည်။

မေး။ အာရမ္မဏာဓိပတိပစ္စည်း၏ သရုပ်သဘောတရားတို့ကို ကောင်းစွာဖြေကြား၍ သိရပေပြီ၊ သဟဇာတာဓိပတိ ပစ္စည်းသရုပ်ကို ဖော်ထုတ်၍ပြပါဦး။

ဖြေ။ ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဝီမံသ ဤလေးပါးသည် သဟဇာတာဓိပတိပစ္စည်းသရုပ်ဖြစ်ပါသည်။

WWW.DHAMMARANSI.NET

မေး။ သဟဇာတာဓိပတိ ပစ္စည်းကြောင့် ဖြစ်ပေါ်သော ပစ္စယုပ္ပန်သရုပ်များကိုဖော်ထုတ်၍ပြပါ။

ဖြေ။ မောဟမူဒွေး၊ ဟသိတုပ္ပါဒ်ကြဉ်သော ဒွိဟိတ်ဇော-တိဟိတ်ဇော-၅၂၊ ဝိစိကိစ္ဆာကြဉ်သော စေတသိက်-၅၁၊ ဒွိဟိတ်ဇော၊ တိဟိတ်ဇောကြောင့်ဖြစ်သော စိတ္တဇရုပ် ဤတရားများသည် သဟဇာတာဓိပတိပစ္စည်းများ၏ ပစ္စယုပ္ပန်များဖြစ်ကြပါသည်။

ဆောင်ပုဒ်။ ဒွိဟေ-တိဟေ၊ ဇောနှစ်ထွေ၊ ရစေ ဓိပတိ။

မေး။ သဟဇာတာဓိပတိပစ္စည်း၏ ကျေးဇူးပြုပုံသဘောကို အဓိပ္ပာယ်အမြွက်မျှ ဖော်ပြပါ။

ဖြေ။ ဝီမံသာဓိပတိခေါ်သော ပညာသည် သဟဇာတာဓိပတိပစ္စည်းတပ်သောအခါ မိမိနှင့်အတူတကွဖြစ်သော စိတ်၊ စေတသိက်တရားတို့ကို လွှမ်းမိုးအုပ်စိုး၍ မိမိသဘောနှင့်အတူ သိမြင်လိမ္မာအောင် ရှက်ဆောင်ကျေးဇူးပြုပါသည်။ မိမိကြောင့်ဖြစ်သော စိတ္တဇရုပ်တို့ကိုလည်း လိမ္မာသောအမူအရာအားဖြင့် ဖြစ်ပွားလေအောင် ရှက်ဆောင်ကျေးဇူးပြုပါသည်။ ဤသည်ကား သဟဇာတာ ဓိပတိပစ္စည်း၏ ကျေးဇူးပြုပုံကို အမြွက်မျှ ဖြေဆိုခြင်းဖြစ်ပါသည်။

မေး။ အာရမ္မဏာဓိပတိနှင့် သဟဇာတာဓိပတိတို့၏ ကျေးဇူးပြုပုံသဘောသည် အဘယ်ကဲ့သို့ ခြားနားပါသနည်း။

ဖြေ။ ၁။ အာရုံပြုသောစိတ်၊ စေတသိက်တို့အပေါ်၌ လွှမ်း

WWW.DHAMMARANSI.NET

မိုးအုပ်စိုး၍ ကျေးဇူးပြုခြင်းကို အာရမ္မဏာ ဓိပတိ ပစ္စည်းဟု ခေါ်ပါသည်။

၂။ အတူတကွ ယှဉ်ဖော်ယှဉ်ဘက်ဖြစ်သော စိတ်၊ စေတသိက်တို့အပေါ်၌ လွှမ်းမိုးအုပ်စိုး၍ကျေးဇူးပြုခြင်းကို သဟဇာတာဓိပတိပစ္စည်းဟု ခေါ်ပါသည်။

အဓိပတိပစ္စည်းပြီး၏။

## ၄ – အနန္တရပစ္စည်း

မေး။ အဘယ်သို့သော သတ္တိဖြင့်ကျေးဇူးပြုသော ပစ္စည်းကို အနန္တရပစ္စည်းဟု ခေါ်ပါသနည်း။

ဖြေ။ မိမိချုပ်ဆုံးပြီးနောက် အခြားမဲ့၌ စိတ်၊ စေတသိက် တရားတို့ ဖြစ်ပွားအောင် ရှက်ဆောင်သမှု ကျေးဇူးပြုသော ပစ္စည်းကို အနန္တရပစ္စည်းဟု ခေါ်ပါသည်။

ဆောင်ပုဒ်။ ခြားမဲ့နာမ်တွေ၊ ဖြစ်ပေါ်စေ၊ မှတ်လေနန္တရ။

မေး။ အနန္တရ၌ပစ္စည်း၊ ပစ္စယုပ္ပန်သရုပ်တို့ကို ဖော်ထုတ်၍ ပြပါ။

ဖြေ။ ၁။ ရှေ့ရှေ့၌ ဖြစ်သော နာမ်တရားတို့ကို အနန္တရ ပစ္စည်းဟု ခေါ်ပါသည်။

WWW.DHAMMARANSI.NET

၂။ နောက်နောက်၌ဖြစ်သော နာမ် တရားတို့ကို အနန္တရ ပစ္စယုပ္ပန်ဟု ခေါ်ပါသည်။

ပစ္စည်း၊ ပစ္စယုပ္ပန်သရုပ်မှာ အလွန်လွယ်ကူပါသည်။

မေး။ အနန္တရပစ္စည်း၏ ကျေးဇူးပြုပုံ သဘောကို အဓိပ္ပာယ် သိလွယ်အောင် အမြွက်မျှဖော်ပြပါ။

ဖြေ။ ၁။ စုတိစိတ်သည် ပဋိသန္ဓေစိတ်အား အနန္တရသတ္တိဖြင့် ကျေးဇူးပြုပါသည်။

၂။ ပဋိသန္ဓေစိတ်သည် ပထမဘဝင်စိတ်အား အနန္တရသတ္တိဖြင့် ကျေးဇူးပြုပါသည်။

၃။ ပထမဇောသည် ဒုတိယဇောအား အနန္တရသတ္တိဖြင့် ကျေးဇူးပြုပါသည်။

၄။ မဂ်စိတ်သည် ဖိုလ်စိတ်အား အနန္တရသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ဤသို့ စသောအားဖြင့် ရှေ့ရှေ့စိတ်သည် နောက်နောက်စိတ်အား အနန္တရသတ္တိဖြင့် ကျေးဇူးပြုပုံအချက်မှာ လွန်စွာ ကျယ်ဝန်းလှပါသည်။

မေး။ အတိမဟန္တာရုံစက္ခုဒွါရဝီထိ တစ်ခုကိုမူတည်၍ အနန္တရသတ္တိဖြင့် ကျေးဇူးပြုပုံကို ဖော်ပြပါ။

ဖြေ။ ၁။ အတီတဘဝင်စိတ်သည် ဘဝင်္ဂစလနစိတ်အား အနန္တရသတ္တိဖြင့် ကျေးဇူးပြုပါသည်။

WWW.DHAMMARANSI.NET

၂။ ဘဝင်္ဂစလနစိတ်သည် ဘဝင်္ဂုပစ္ဆေဒစိတ်အား...

၃။ ဘဝင်္ဂုပစ္ဆေဒစိတ်သည် ပဉ္စဒွါရာဝဇ္ဇန်းစိတ်အား...

၄။ ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် စက္ခုဝိညာဉ်စိတ် အား...

၅။ စက္ခုဝိညာဉ်စိတ်သည် သမ္ပဋိစ္ဆိုင်းစိတ်အား...

၆။ သမ္ပဋိစ္ဆိုင်းစိတ်သည် သန္တီရဏစိတ်အား...

၇။ သန္တီရဏစိတ်သည် ဝုဋ္ဌောစိတ်အား...

၈။ ဝုဋ္ဌောစိတ်သည် ပထမဇောစိတ်အား...

၉။ ပထမဇောစိတ်သည် ဒုတိယဇောစိတ်အား...

၁၀။ ဒုတိယဇောစိတ်သည် တတိယဇောစိတ်အား...

၁၁။ တတိယဇောစိတ်သည် စတုတ္ထဇောစိတ်အား...

၁၂။ စတုတ္ထဇောစိတ်သည် ပဉ္စမဇောစိတ်အား...

၁၃။ ပဉ္စမဇောစိတ်သည် ဆဋ္ဌမဇောစိတ်အား...

၁၄။ ဆဋ္ဌမဇောစိတ်သည် သတ္တမဇောစိတ်အား...

၁၅။ သတ္တမဇောစိတ်သည် ပထမတဒါရုံစိတ်အား...

၁၆။ ပထမတဒါရုံစိတ်သည် ဒုတိယတဒါရုံစိတ်အား...

၁၇။ ဒုတိယတဒါရုံစိတ်သည် ဘဝင်စိတ်အား အနန္တရသတ္တိဖြင့် ကျေးဇူးပြုပါသည်။

မေး။ သတ္တဝါတို့၏ သန္တာန်၌ ရုံဖန်ရံခါ နာမ်တရားတို့၏ အနန္တရပစ္စည်းဆက်သွယ်ခြင်းသဘောသည် ကင်းပြတ်နိုင်ပါသလော။

WWW.DHAMMARANSI.NET

ဖြေ။ နိဗ္ဗာန်သို့ မရောက်သေးသမျှ ကာလပတ်လုံး သတ္တဝါတို့၏ သန္တာန်၌ နာမ်တရားတို့၏ အနန္တရပစ္စည်းဆက်သွယ်ခြင်း မကင်းပြတ်နိုင်ပါ။ ရဟန္တာပုဂ္ဂိုလ်တို့၏ စုတိစိတ် နောက်သို့ ရောက်မှသာလျှင် အနန္တရပစ္စယသတ္တိကင်းပြတ်ပါသည်။

မေး။ နိရောဓ သမာပတ်ကို ဝင်စားခိုက်၊ အသညသတ်ပုဂ္ဂိုလ်ဖြစ်ခိုက်၊ ထိုအခိုက်အခါတို့၌ နာမ်တရား မရှိသောကြောင့် အနန္တရ ပစ္စယသတ္တိ ကင်းပြတ်သည် မဟုတ်ပါလော။

ဖြေ။ ထိုသို့ အချိန်ကာလ ခြားမှုဖြင့် အနန္တရ ပစ္စယသတ္တိ ကင်းပြတ်သည်ဟု မဆိုရပါ။

၁။ နိရောဓသမာပတ်ကို ဝင်စားသောအခါ၌ နိရောဓသမာပတ်မဖြစ်မီက အဆုံးစွန်ချုပ်နေသော စိတ်သည် နိရောဓသမာပတ်မှ ထသောအခါ ရှေးဦးစွာဖြစ်ပေါ်လာသော စိတ်အား အနန္တရသတ္တိဖြင့် ကျေးဇူးပြုပါသည်။

၂။ အသညသတ် ပုဂ္ဂိုလ်မဖြစ်မီ အဆုံးစွန် ချုပ်ခဲ့သော စုတိစိတ်သည် အသညသတ်ပုဂ္ဂိုလ် ဖြစ်ပြီးနောက် တစ်ဖန် ဘဝသစ်၌ ဖြစ်ပေါ်လာသော ပဋိသန္ဓေ စိတ်အား အနန္တရသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ထို့ကြောင့် နိဗ္ဗာန်မရောက်သေးသမျှ ကာလပတ်လုံး

WWW.DHAMMARANSI.NET

သတ္တဝါတို့၏ သန္တာန်၌ အနန္တရပစ္စယသတ္တိ မကင်းပြတ်နိုင်ကြောင်းကို ဖြေဆိုခဲ့ပါသည်။

အနန္တရပစ္စည်းပြီး၏။

မှတ်ချက်။ သမနန္တရပစ္စည်းသည်လည်း အနန္တရပစ္စည်းနှင့် ကျေးဇူးပြုပုံ အလုံးစုံ တူမျှသောကြောင့် အမေး အဖြေ သီးခြားမရေးတော့ပါ။

၅ - သမနန္တရပစ္စည်းပြီး၏။

## ၆ – သဟဇာတပစ္စည်း

မေး။ အဘယ်သို့သော သဘောသတ္တိအားဖြင့် ကျေးဇူးပြုသောပစ္စည်းကို သဟဇာတပစ္စည်းဟု ခေါ်ပါသနည်း။

ဖြေ။ အတူတကွဖြစ်ပေါ်စေရန် ကျေးဇူးပြုသောပစ္စည်းကို သဟဇာတပစ္စည်းဟု ခေါ်ပါသည်။

ဆောင်ပုဒ်။ အတူဖြစ်ရန်၊ ကျေးဇူးသန်၊ အမှန်သဟဇ။

မေး။ သဟဇာတပစ္စည်းသရုပ်ကို ဖော်ထုတ်ပြပါ။

ဖြေ။ အလုံးစုံသော စိတ်-၈၉၊ စေတသိက်-၅၂၊ မဟာဘုတ် ၄ - ပါး၊ ပဋိသန္ဓေခဏ ဝတ္ထုပိသန္ဓေနှင့် ဟဒယဝတ္ထု ဤတရားစုသည် သဟဇာတပစ္စည်းသရုပ် ဖြစ်ပါသည်။

WWW.DHAMMARANSI.NET

မေး။ သဟဇာတပစ္စည်း၏ ပစ္စယုပ္ပန်သရုပ်ကို ဖော်ထုတ်၍ ပြပါ။

ဖြေ။ စိတ် - ၈၉၊ စေတသိက် - ၅၂၊ ရုပ် - ၂၈၊ ပဋိသန္ဓေနှင့် ဟဒယဝတ္ထုရုပ် ဤတရားစုသည် သဟဇာတ ပစ္စည်း၏ ပစ္စယုပ္ပန်သရုပ်ဖြစ်ပါသည်။

မေး။ သဟဇာတပစ္စည်း၏ ကျေးဇူးပြုပုံသဘောကို ဖော်ပြပါ။

ဖြေ။ ၁။ နာမ်ခန္ဓာ လေးပါးဟု ဆိုအပ်သော စိတ်၊ စေတသိက်တို့သည် သဟဇာတသတ္တိဖြင့် အချင်းချင်း ကျေးဇူးပြုကြပါသည်။

၂။ စိတ်၊ စေတသိက်တို့သည် စိတ္တဇ ရုပ်တို့အား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုကြပါသည်။

၃။ မဟာဘုတ် လေးပါးတို့သည် သဟဇာတသတ္တိဖြင့် အချင်းချင်း ကျေးဇူးပြုကြပါသည်။

၄။ မဟာဘုတ်လေးပါးတို့သည်ဥပါဒါရုပ်တို့အား သဟဇာတ သတ္တိဖြင့် အချင်းချင်း ကျေးဇူးပြုကြပါသည်။

၅။ ပဋိသန္ဓေစိတ်နှင့် ဟဒယဝတ္ထုရုပ်သည် သဟဇာတသတ္တိဖြင့် အချင်းချင်းကျေးဇူးပြုကြပါသည်။

မေး။ မဟာကုသိုလ် ပထမစိတ်ဖြစ်ခိုက် သတ္တဝါတို့၏ သန္တာန်၌ ရုပ်နာမ်တို့၏ သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပုံ သဘောကို ဖော်ပြပါ။

ဖြေ။ မဟာကုသိုလ် ပထမစိတ်ဖြစ်သောအခါ စေတသိက် ၃၈-ပါး ယှဉ်ပါသည်။ ထိုစိတ်ကြောင့် စိတ္တဇရုပ်များလည်း ဖြစ်

WWW.DHAMMARANSI.NET

ပေါ်လာကြပါသည်။ ထိုရုပ်နာမ်တရားတို့တွင်-

၁။ စိတ်နှင့် စေတသိက်တို့သည် သဟဇာတသတ္တိဖြင့် အချင်းချင်း ကျေးဇူးပြုကြပါသည်။

၂။ ထိုစိတ်၊ စေတသိက်တို့က စိတ္တဇရုပ်တို့အား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

၃။ စိတ္တဇရုပ်တို့၌ ပါရှိသော မဟာဘုတ်ဓာတ်လေးပါးတို့သည် သဟဇာတသတ္တိဖြင့် အချင်းချင်း ကျေးဇူးပြုကြပါသည်။

၄။ ထိုမဟာဘုတ် ဓာတ်ကြီးလေးပါးတို့သည် ကလာပ်တူဖြစ်သော ဥပါဒါရုပ်တို့အား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ဤသည်ကား မဟာကုသိုလ် ပထမစိတ်ဖြစ်ခိုက်၌ ရုပ်နာမ်တရားတို့၏ သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပုံသဘောကို ဖော်ပြချက်ဖြစ်ပါသည်။

မေး။ ပဉ္စဝေါကာရဘုံ၌ ပဋိသန္ဓေတည်နေခိုက်အခါ ရုပ်၊နာမ် နှစ်ပါးတို့၏ သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပုံသဘောကို ဖော်ပြပါ။

ဖြေ။ ပဉ္စဝေါကာရ ပဋိသန္ဓေအခိုက်၌ ပဋိသန္ဓေစိတ်၊ စေတသိက်နှင့် ဟဒယဝတ္ထုတို့သည် တစ်ပြိုင်နက် ဖြစ်ပေါ်ကြပါသည်။ ထို ရုပ်၊ နာမ်တရားတို့တွင်-

၁။ ပဋိသန္ဓေဝိညာဉ်စိတ်သည် ယှဉ်ဘက်ဖြစ်သော ပဋိသန္ဓေစိတ်နှင့် မှီရာဖြစ်သော ဟဒယဝတ္ထုရုပ်အား

WWW.DHAMMARANSI.NET

သဟဇာတသတ္တိဖြင့် အချင်းချင်း ကျေးဇူးပြုပါသည်။

၂။ ဟဒယဝတ္ထုရုပ်သည် ပဋိသန္ဓေဝိညာဉ်စိတ်နှင့် စေတသိက်တို့အား သဟဇာတသတ္တိဖြင့် အချင်းချင်း ကျေးဇူးပြုပါသည်။

၃။ ဝတ္ထုဒသက ကလာပ်၌ ပါရှိသော မဟာဘုတ် လေးပါးတို့သည် အချင်းချင်း သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

၄။ ထိုမဟာဘုတ် လေးပါးတို့သည် ကလာပ်တူ ဖြစ်သော ဥပါဒါရုပ်တို့အား သဟဇာတ သတ္တိဖြင့် ကျေးဇူးပြုပါသည်။

မေး။ ပဉ္စဝေါကာရဘုံနှင့် ပဉ္စဝေါကာရပဋိသန္ဓေကို သိလွယ် မှတ်လွယ်အောင် အချုပ်အားဖြင့် ဖော်ပြပါ။

ဖြေ။ ၁။ ကာမ ၁၁-ဘုံ၊ အသညသတ်ကြဉ်သော ရူပ-၁၅ ဘုံ ဤ၂၆-ဘုံကို ခန္ဓာငါးပါး အစုံအလင်ရှိသော ကြောင့် ပဉ္စဝေါကာရဘုံဟု ခေါ်ပါသည်။

၂။ ထိုပဉ္စဝေါကာရဘုံ၌ ပဋိသန္ဓေ အခိုက်ဖြစ်ပေါ် သော ကာမ ပဋိသန္ဓေစိတ် - ၁၀၊ ရူပ ပဋိသန္ဓေ စိတ်-၅ ဤ ၁၅-ပါးကို ပဉ္စဝေါကာရ ပဋိသန္ဓေဟု ခေါ်ပါသည်။

သဟဇာတပစ္စည်းပြီး၏။

WWW.DHAMMARANSI.NET

# ၇ - အညမညပစ္စည်း

မေး။ အဘယ်သို့သော သဘောသတ္တိအားဖြင့် ကျေးဇူးပြုသောပစ္စည်းကို အညမည ပစ္စည်းဟု ခေါ်ပါသနည်း။

ဖြေ။ သစ်သားသုံးခုကို ထောင်၍ထားရာ မလဲမပြိုအောင် အချင်းချင်းကျေးဇူးပြုဘိသကဲ့သို့ ရုပ်နာမ်အချင်းချင်း အပြန်အလှန်အားဖြင့် ကျေးဇူးပြုသောပစ္စည်းကို အညမညပစ္စည်းဟု ခေါ်ပါသည်။

ဆောင်ပုဒ်။ အချင်းချင်း ပြန်လှန်၊ ပြုလေပြန်၊ မှတ်ရန် အညမညတည်း။

မေး။ အညမညပစ္စည်း သရုပ်ကိုဖော်ထုတ်၍ပြပါ။

ဖြေ။ စိတ်-၈၉၊ စေတသိက်-၅၂၊ မဟာဘုတ်-၄ပါး၊ ပဋိသန္ဓေက္ခဏ ဝတ္ထုရုပ်နှင့် ဟဒယဝတ္ထု ဤတရားစုသည် အညမည ပစ္စည်းထိုက်သော တရားများဖြစ်ပါသည်။

မေး။ အညမညပစ္စည်း၏ ပစ္စယုပ္ပန်တရားများကိုဖော်ပြပါ။

ဖြေ။ ယခင်ပြဆိုခဲ့ပြီးသော ပစ္စည်းတရားတို့သည်ပင်လျှင် အညမညပစ္စည်း၏ပစ္စယုပ္ပန်တရားများဖြစ်ကြပါသည်။

မေး။ အညမည ပစ္စည်း၌ အဘယ့်ကြောင့် ပစ္စည်းနှင့် ပစ္စယုပ္ပန်သရုပ်ချင်း တူ၍နေပါသနည်း။

ဖြေ။ အချင်းချင်း အပြန်အလှန်ကျေးဇူးပြုနိုင်မှသာ အညမညပစ္စည်းတွင် ပါဝင်ခွင့်ရသောကြောင့် ပစ္စည်းနှင့် ပစ္စယုပ္ပန် မကွဲပြားဘဲ သရုပ်အားဖြင့် တူမျှ၍နေပါသည်။

WWW.DHAMMARANSI.NET

မေး။ မဟာဘုတ်ဓာတ်ကြီးလေးပါးကို မှီတည်၍ အညမည ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံအမြွက်မျှဖြေဆိုပါ။

ဖြေ။ ၁။ မဟာဘုတ်ဓာတ်ကြီး လေးပါးတို့တွင် တေဇောဓာတ်က ပစ္စည်းတပ်လျှင် ကြွင်းသော ဓာတ်သုံးပါးတို့က ပစ္စယုပ္ပန်ဖြစ်ကြပါသည်။

၂။ ကြွင်းသော ဓာတ် သုံးပါးတို့က ပစ္စည်းတပ်လျှင် တေဇောဓာတ်က ပစ္စယုပ္ပန်ဖြစ်ပါသည်။

၃။ ပထဝီဓာတ် တေဇောဓာတ်တို့က ပစ္စည်းတပ်လျှင် အာပေါဓာတ်၊ ဝါယောဓာတ်တို့က ပစ္စယုပ္ပန်ဖြစ်ကြပါသည်။

၄။ အာပေါဓာတ်၊ ဝါယောဓာတ်တို့က ပစ္စည်းတပ်လျှင် ပထဝီဓာတ်၊ တေဇောဓာတ်တို့က ပစ္စယုပ္ပန်ဖြစ်ကြပါသည်။

နာမ်ခန္ဓာတို့၌လည်း ဤနည်းအတိုင်း အညမညသတ္တိဖြင့် အချင်းချင်း အပြန်အလှန် ကျေးဇူးပြုပုံတို့ကို သိရပါသည်။

ဧကံ မဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ၊
တယော မဟာဘူတေ ပဋိစ္စဧကောမဟာဘူတော၊
ဒွေမဟာဘူတေပဋိစ္စ ဒွေမဟာဘူတာ။

ဤသို့စသည်ဖြင့် ဟောတော်မူအပ်သော ပဋ္ဌာန်းပါဠိတော်သည် အညမညပစ္စယသတ္တိဖြင့် အချင်းချင်းအပြန်အလှန် ကျေးဇူးပြုပုံကို ပြဆိုဟောကြားတော်မူအပ်သော ပါဠိတော်ဖြစ်

WWW.DHAMMARANSI.NET

ပါသည်။ ဤသည်ကား အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံ အမြွက်မျှဖြေဆိုခြင်း ဖြစ်ပါသည်။

မေး။ အညမည ပစ္စည်းသဘောနှင့် သဟဇာတပစ္စည်း သဘော အဘယ်ကဲ့သို့ ခြားနားပါသနည်း။

ဖြေ။ ၁။ အချင်းချင်း အပြန်အလှန် ကျေးဇူးပြုသည် ဖြစ်စေ၊ မပြုသည်ဖြစ်စေ၊ အတူတကွဖြစ်ပေါ်ခဲ့ပါလျှင် သဟဇာတသတ္တိဖြင့် ကျေးဇူးပြုနိုင်ပါသည်။

၂။ အချင်းချင်း အပြန်အလှန် ကျေးဇူးပြုနိုင်ပါမှ အညမညပစ္စည်းတွင် ပါဝင်နိုင်ပါသည်။

ဤသည်ကား သဟဇာတပစ္စည်းနှင့် အညမညပစ္စည်း တို့၏ ခြားနားချက်ဖြစ်ပါသည်။

အညမညပစ္စည်းပြီး၏။

## ၈ – နိဿယပစ္စည်း

မေး။ အဘယ်သို့သော သဘောသတ္တိအားဖြင့် ကျေးဇူးပြု သောပစ္စည်းကို နိဿယပစ္စည်းဟု ခေါ်ပါသနည်း။

ဖြေ။ တည်ရာမှီရာ အဖြစ်ဖြင့် ကျေးဇူးပြုသောပစ္စည်းကို နိဿယပစ္စည်းဟု ခေါ်ပါသည်။

ဆောင်ပုဒ်။ မှီရာဖြစ်စေ၊ ဖြစ်တုံပေ၊ မှတ်လေနိဿယ။

မေး။ နိဿယပစ္စည်းသည် အဘယ်မျှ အပြားရှိပါသနည်း။

WWW.DHAMMARANSI.NET

ဖြေ။ သဟဇာတနိဿယ၊ ဝတ္ထုပုရေဇာတ နိဿယ၊ ဝတ္ထာရမ္မဏ ပုရေဇာတနိဿယအားဖြင့် သုံးပါးအပြားရှိပါသည်။

မေး။ ထိုသုံးပါးတွင် သဟဇာတနိဿယ၏ ပစ္စည်း၊ ပစ္စယုပ္ပန် သရုပ်များကို ဖော်ထုတ်၍ပြပါ။

ဖြေ။ သဟဇာတနိဿယသည် ဖြေဆိုခဲ့ပြီးသော သဟဇာတ ပစ္စည်းနှင့် အလုံးစုံတူမျှ နေသည်ဖြစ်သောကြောင့် ဤအရာ၌ အထူးထပ်မံ၍ ဖြေဆိုရန် မလိုတော့ပါ။

မေး။ ဝတ္ထုပုရေဇာတနိဿယ၏ ပစ္စည်းသရုပ်ကို ဖော်ထုတ် ၍ ပြပါ။

ဖြေ။ စက္ခုဝတ္ထုအစရှိသော ဝတ္ထုရုပ်ခြောက်ပါးသည် ဝတ္ထုပုရေဇာတပစ္စည်းသရုပ်ဖြစ်ပါသည်။

မေး။ ဝတ္ထုပုရေဇာတပစ္စည်း၏ ပစ္စယုပ္ပန်သရုပ်များကို ဖော် ထုတ်၍ပြပါ။

ဖြေ။ ဆိုင်ရာဆိုင်ရာ ဝတ္ထုရုပ်ခြောက်ပါးကို မှီ၍ဖြစ်သော အရူပဝိပါက် လေးခုကြဉ်သော စိတ် ၈၅-ခု၊ စေတသိက်-၅၂၊ ဤတရားစုသည် ဝတ္ထုပုရေဇာတပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်ပါသည်။

မေး။ ဝတ္ထုပုရေဇာတပစ္စည်းမှာ အင်္ဂါဘယ်နှစ်ပါးရှိပါသနည်း။

ဖြေ။ ပစ္စယုပ္ပန်တရား၏ ရှေ့၌ဖြစ်ခဲ့ခြင်း၊ မှီရာဖြစ်ခြင်း ဤသို့ အားဖြင့် အင်္ဂါနှစ်ပါးရှိပါသည်။

မေး။ စက္ခုဝတ္ထုနှင့် စက္ခုဝိညာဉ်စိတ်တို့၏ ပစ္စည်း၊ ပစ္စယုပ္ပန် ဖြစ်ပုံကို အမြွက်အားဖြင့် ဖော်ပြပါ။

WWW.DHAMMARANSI.NET

ဖြေ။ စက္ခုဝိညာဉ်စိတ်သည် စက္ခုဝတ္ထုကိုမှီ၍ ဖြစ်ပေါ်ဥပါဒ်ပါသည်။ ထိုသို့ဖြစ်ရာ၌ စက္ခုဝတ္ထုက အကြောင်းပစ္စည်း၊ စက္ခုဝိညာဉ်စိတ်က အကျိုးပစ္စယုပ္ပန်ဖြစ်ပါသည်။ စက္ခုဝတ္ထုသည် စက္ခုဝိညာဉ်စိတ်၏ ရှေ့ကလည်းဖြစ်ပါသည်။ မှီရာလည်းဖြစ်ပါသည်။ ထိုကြောင့် စက္ခုဝတ္ထုသည် စက္ခုဝိညာဉ်စိတ်နှင့် ယှဉ်ဘက်ဖြစ်သော စေတသိက် ၇-ခုတို့အား ပုရေဇာတနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။ စက္ခုဝတ္ထုသည် အကြောင်း၊ စက္ခုဝိညာဉ်သည် အကျိုးဖြစ်ပါသည်။ ဤသည်ကား စက္ခုဝတ္ထုနှင့် စက္ခုဝိညာဉ်စိတ်တို့၏ ပစ္စည်းပြုပုံကို ဖြေဆိုချက်ဖြစ်ပါသည်။

မေး။ စက္ခုဝိညာဉ်စိတ်၏ မှီရာဖြစ်သော စက္ခုဝတ္ထုသည် အဘယ်အခိုက်အတန့်၌ ဖြစ်ပေါ်၍လာခဲ့ပါသနည်း။

ဖြေ။ စက္ခုဝိညာဉ်စိတ် မဖြစ်ပေါ်မီ ရှေ့အဖို့ စိတ္တက္ခဏ လေးချက်မြောက် အတီတဘဝင်နှင့်အတူ ပြိုင်၍ဖြစ်ပေါ်လာခဲ့ပါသည်။ ထိုစက္ခုဝတ္ထုကို စက္ခုဝိညာဉ်စိတ်ကမှီ၍ ဖြစ်ပေါ်လာပါသည်။ ဝတ္ထုပုရေဇာတမှန်လျှင် ဤနည်းအတိုင်းပင် သိရပါသည်။

မေး။ ဝတ္ထာရမ္မဏ ပုရေဇာတပစ္စည်း သဘောကို ဖော်ပြပါ။

ဖြေ။ မှီရာဝတ္ထုလည်း ဖြစ်ပါမှ၊ အာရုံလည်းဖြစ်ပါမှ၊ ရှေ့၌လည်း ဖြစ်ခဲ့ပါမှ ဤသဘော လက္ခဏာ သုံးပါးသည် ဝတ္ထာရမ္မဏ ပုရေဇာတပစ္စည်းသဘော ဖြစ်ပါသည်။

12 A

WWW.DHAMMARANSI.NET

မေး။ ဝတ္ထာရမ္မဏ ပစ္စည်းတပ်ပုံသဘောကို အမြွက်မျှ ဖော်ပြပါ။

ဖြေ။ အကြင်သူတစ်ယောက်သည် မိမိအဇ္ဈတ္တသန္တာန်၌ ရှိသော ဟဒယဝတ္ထုရုပ်ကို အာရုံပြု၍ ထိုဟဒယဝတ္ထုရုပ်ကို-

ဧတံမမ၊ ဧသောဟမသ္မိ၊ ဧသောမေအတ္တာ၊

ဤသို့ တဏှာ၊ မာန၊ ဒိဋ္ဌိအားဖြင့် စွဲလမ်းသည်ဖြစ်စေ၊ ထိုသို့မဟုတ် ဟဒယဝတ္ထုရုပ်သည် မမြဲမှုအမှန်၊ ဆင်းရဲမှုအမှန်၊ အလိုသို့ မလိုက်မှုအမှန်၊ ဤသို့ ဆင်ခြင်သည်ဖြစ်စေ၊ ထိုအခါ ထိုဟဒယဝတ္ထုရုပ်သည် အာရုံပြုသောစိတ်၊ စေတသိက်တို့အား ဝတ္ထာရမ္မဏ ပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

(မှတ်ချက်။ ယခု ပြုဆိုခဲ့သော ဝတ္ထာရမ္မဏ ပုရေဇာတသဘောသည် ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ အလိုတော်အတိုင်း ဖြစ်ပါသည်။ ပြောရိုး၊ ဆိုရိုး၊ အစဉ်အားဖြင့်မူကား မရဏာသန္နအခါ စုတိစိတ်မှပြန်၍ ရေသည်ရှိသော် ၁၇-ချက် မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုသည် ဝတ္ထာရမ္မဏပုရေဇာတ နိဿယပစ္စည်းမည်၏။ မနောဒွါရာဝဇ္ဇန်း၊ ကာမဇော-၂၉၊ တဒါရုံ-၁၁၊ အဘိညာဉ်ဒွေး၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊



WWW.DHAMMARANSI.NET

ဝိရတီ၊ အပ္ပမညာကြဉ်သော စေတသိက်-
၄၄ ဤတရားတို့သည် ဝတ္ထာရမ္မဏ ပုရေ
ဇာတ နိဿယပစ္စည်း၏ ပစ္စယုပ္ပန်မည်၏။ ဤ
သည်ကား ပြောရိုးဆိုရိုး အစဉ်ပေတည်း။)

နိဿယပစ္စည်းပြီး၏။

## ၉ – ဥပနိဿယပစ္စည်း

မေး။ အဘယ်သို့သော သဘောသတ္တိအားဖြင့် ကျေးဇူးပြု သောပစ္စည်းကို ဥပနိဿယပစ္စည်းဟု ခေါ်ပါသနည်း။

ဖြေ။ အားကြီးသော မှီရာအဖြစ်ဖြင့် ကျေးဇူးပြုသောပစ္စည်း ကို ဥပနိဿယပစ္စည်းဟု ခေါ်ပါသည်။

ဆောင်ပုဒ်။ အားကြီးမှီရာ၊ ပြုတုံပါ၊ မှတ်ပါဥပနိဿယ။

မေး။ ဥပနိဿယပစ္စည်းသည် အဘယ်မျှအပြားရှိပါသနည်း။

ဖြေ။ အာရမ္မဏူပနိဿယ၊ အနန္တရူပနိဿယ၊ ပကတူပ နိဿယအားဖြင့် သုံးပါးအပြားရှိပါသည်။

မေး။ ထိုသုံးပါးတို့တွင် အာရမ္မဏူပနိဿယ၏ ပစ္စည်း၊ ပစ္စ ယုပ္ပန်သရုပ်များကို ဖော်ထုတ်၍ပြပါ။

WWW.DHAMMARANSI.NET

ဖြေ။ အာရမ္မဏူပ နိဿယပစ္စည်းသည် ဖြေဆိုခဲ့ပြီးသော အာရမ္မဏာဓိပတိပစ္စည်းနှင့် အလုံးစုံ တူမျှသောကြောင့် ဤနေရာ၌ အထူးဖြေဆိုရန် မလိုတော့ပါ။

မေး။ အာရမ္မဏာဓိပတိပစ္စည်းကို အဘယ့်ကြောင့် အာရမ္မဏူပနိဿယပစ္စည်းဟူ၍ ခေါ်ဆိုရပြန်ပါသနည်း။

ဖြေ။ သာမန်အာရုံမျိုးမဟုတ်ဘဲ အားကြီးသော မှီရာအာရုံမျိုးဖြစ်သောကြောင့် အာရမ္မဏူပနိဿယဟူ၍ ခေါ်ဆိုရပါသည်။

မေး။ အနန္တရူပနိဿယ၏ပစ္စည်း၊ ပစ္စယုပ္ပန်သရုပ်များကို ဖော်ထုတ်၍ပြပါ။

ဖြေ။ အနန္တရူပနိဿယသည် ဖြေဆိုခဲ့ပြီးသော အနန္တရပစ္စည်းနှင့် အလုံးစုံတူမျှသောကြောင့် ဤနေရာ၌ အထူးဖြေဆိုရန် မလိုတော့ပါ။

မေး။ အနန္တရပစ္စည်းကို အဘယ့်ကြောင့် အနန္တရူပနိဿယပစ္စည်းဟူ၍ ခေါ်ဆိုရပြန်ပါသနည်း။

ဖြေ။ နောက်စိတ်တို့အား အစဉ်မပြတ် ဖြစ်ပေါ်စေရန် အားကြီးသော မှီရာအဖြစ်ဖြင့် ကျေးဇူးပြုသောကြောင့် ရှေ့ရှေ့စိတ်များကို အနန္တရူပနိဿယပစ္စည်းဟု ခေါ်ဆိုရပါသည်။

မေး။ အဘယ့်ကြောင့် ပကတူပနိဿယ ပစ္စည်းဟူ၍ ခေါ်ဆိုရပါသနည်း။

ဖြေ။ ပကတိ သဘောအားဖြင့် အထင်အရှား ကျေးဇူးပြုသောကြောင့် ပကတူပနိဿယပစ္စည်းဟူ၍ ခေါ်ဆိုရပါသည်။

WWW.DHAMMARANSI.NET

မေး။ ပကတူပနိဿယ၏ ပစ္စည်းသရုပ်ကို ဖော်ထုတ်၍ပြပါ။

ဖြေ။ ကာလသုံးပါး၌ ဖြစ်သော စိတ်-၈၉၊ စေတသိက်-၅၂၊ ရုပ်-၂၈၊ နိဗ္ဗာန်၊ ပညတ် ဤတရားစုသည် ပကတူပနိဿယ၏ ပစ္စည်းသရုပ်ဖြစ်ပါသည်။

မေး။ ပကတူပနိဿယ၏ ပစ္စယုပ္ပန်သရုပ်ကို ဖော်ထုတ်၍ ပြပါ။

ဖြေ။ စိတ်-၈၉၊ စေတသိက်-၅၂၊ ဤတရားစုသည် ပကတူပနိဿယ၏ ပစ္စယုပ္ပန်တရားစုဖြစ်ပါသည်။

မေး။ ပကတူပနိဿယသတ္တိဖြင့် ပစ္စည်းပြုပုံ အချက်ကို အမြွက်မျှ သိလွယ်အောင် ဖော်ပြပါ။

ဖြေ။ ပကတူပနိဿယ သတ္တိဖြင့်ပစ္စည်းပြုပုံများသည် လွန်စွာ ကျယ်ဝန်းများပြားလှပါသည်။ အမြွက်မျှ ဖြေဆိုရသည်ရှိသော်-

၁။ ပညာရှိ သူတော်ကောင်းကို မှီဝဲရသဖြင့် ပညာတရား၊ ကုသိုလ်တရားပွားများသောအခါ ပညာရှိသူတော်ကောင်းသည် ပညာတရား၊ ကုသိုလ်တရားတို့အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

၂။ သူမိုက်ကို ပေါင်းသင်းမိသဖြင့် အကုသိုလ်တရားပွားများသောအခါ သူမိုက်သည် အကုသိုလ်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

WWW.DHAMMARANSI.NET

၃။ ကောင်းမြတ်ညီမျှသော ဥတုကိုမှီဝဲရသဖြင့် ချမ်းသာမှု သုခဝေဒနာ ဖြစ်ပေါ်လာသောအခါ ထိုဥတုသည် သုခဝေဒနာအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

၄။ ဖောက်ပြန်ကြမ်းတမ်းသော ဥတုကိုမှီဝဲရသဖြင့် ဆင်းရဲမှုဒုက္ခဝေဒနာဖြစ်ပေါ်လာသောအခါ ထိုဥတုသည် ဒုက္ခဝေဒနာအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

၅။ ဒါန၊ သီလကို ပြုလုပ်ပြီးသောအခါ ထိုဒါန၊ သီလကို ဝမ်းမြောက်စွာ အာရုံပြု၍ ကုသိုလ်မှတစ်ဆင့် ကုသိုလ်စိတ် ပွားများ၍နေပါလျှင် ကုသိုလ်သည် ကုသိုလ်အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

၆။ ဒါန၊သီလကိုပြုလုပ်ပြီးသောအခါ ငါအလှူ့ရှင်ကြီး၊ ငါသီလသည်ကြီး ဤသို့စသောအားဖြင့် တက်ကြွားမြင့်မောက်၍နေပါလျှင်ကုသိုလ်သည်အကုသိုလ်အားပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

၇။ တစ်စုံတစ်ခုသော အကုသိုလ်မှုကို ပြုပြီးသောအခါ ထိတ်လန့်စွာ နောင်တရသော သဘောမျိုးဖြင့် အကုသိုလ်မှုတို့မှ ရှောင်ကြဉ်၍ ကုသိုလ်တရားပွားများအောင် အားထုတ်ခဲ့ပါလျှင် အကုသိုလ်

WWW.DHAMMARANSI.NET

သည် ကုသိုလ်အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

၈။ တစ်စုံတစ်ခုသော အကုသိုလ်မှုကို ပြုပြီးသော အခါ ထိုအကုသိုလ်မှုကို သာယာစွဲလမ်း၍ နေပါလျှင် အကုသိုလ်သည် အကုသိုလ်အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

၉။ ပွင့်တော်မူပြီးသော ဘုရားတို့ကို အာရုံပြု၍ ကြည်ညိုလှစွာ သဒ္ဓါတရားဖြစ်ပွား၍နေပါလျှင် အတိတ်အာရုံသည် ပစ္စုပ္ပန်စိတ်အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

၁၀။ ပွင့်တော်မူလတ္တံ့သော အရိမေတ္တေယျဘုရားရှင်ကို အာရုံပြု၍ ကြည်ညိုလှစွာ သဒ္ဓါတရားဖြစ်ပွား၍ နေပါလျှင် အနာဂတ်အာရုံသည် ပစ္စုပ္ပန်စိတ်အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ဤသို့အားဖြင့် ပကတူပနိဿယ၏ ကျေးဇူးပြုပုံမှာ လွန်စွာ များပြားလှပါသည်။ ယခုဖြေဆိုချက်မှာ အမြွက်မျှသာ ဖြစ်ပါသည်။ ပဋ္ဌာန်း ၂၄-ပစ္စည်းတို့တွင် ပကတူပနိဿယပစ္စည်းကို အကျယ်ဝန်းဆုံးဟု ဆိုရပါသည်။

ဆောင်ပုဒ်။ နာမ်၊ ရုပ်၊ ပညတ်။ အထွေ ဇဟိဒ္ဓါ။
ကျယ်ဝန်းစွာ၊ သညာပကတူပ။
ဥပနိဿယပစ္စည်းပြီး၏။

WWW.DHAMMARANSI.NET

## ၁၀ – ပုရေဇာတပစ္စည်း

မေး။ အဘယ်သို့သော သဘောသတ္တိအားဖြင့် ကျေးဇူးပြုသောပစ္စည်းကို ပုရေဇာတပစ္စည်းဟု ခေါ်ပါသနည်း။

ဖြေ။ ရှေး၌ဖြစ်ခဲ့သော သဘောအားဖြင့် ကျေးဇူးပြုသော ပစ္စည်းကို ပုရေဇာတပစ္စည်းဟု ခေါ်ပါသည်။

ဆောင်ပုဒ်။ ရှေး၌ပုံသော၊ ဖြစ်ခဲ့ပေ၊ မှတ်လေ ပုရေဇ။

မေး။ ပုရေဇာတပစ္စည်းသည် အဘယ်မျှ အပြားရှိပါသနည်း။

ဖြေ။ အာရမ္မဏ ပုရေဇာတ၊ ဝတ္ထုပုရေဇာတ၊ ဝတ္ထာရမ္မဏ ပုရေဇာတအားဖြင့် သုံးပါးအပြားရှိပါသည်။

မေး။ ထိုသုံးပါးတို့တွင် အာရမ္မဏပုရေဇာတပစ္စည်းသရုပ်ကို ဖော်ထုတ်၍ပြပါ။

ဖြေ။ ပစ္စုပ္ပန်ဖြစ်သော နိပ္ဖန္နရုပ်အဋ္ဌာရသသည် အာရမ္မဏ ပုရေဇာတပစ္စည်း မည်ပါသည်။

မေး။ အာရမ္မဏပုရေဇာတပစ္စယုပ္ပန်သရုပ်ကို ဖော်ထုတ်၍ ပြပါ။

ဖြေ။ ကာမစိတ်-၅၄၊ အဘိညာဉ်ဒွေး၊ အပ္ပမညာကြဉ်သော စေတသိက်ငါးဆယ် ဤတရားစုသည် အာရမ္မဏပုရေဇာတ၏ ပစ္စယုပ္ပန်သရုပ်ဖြစ်ပါသည်။

WWW.DHAMMARANSI.NET

မေး။ အရှုပလေးဘုံ၊ အသညသတ်ဘုံတို့၌ ဤအာရမ္မဏ ပုရေဇာတပစ္စည်းကို ရနိုင်ပါမည်လော။

ဖြေ။ မရနိုင်ပါ၊ ပဥ္စဝေါကာရ ၂၆-ဘုံတို့၌သာ ရနိုင်ပါသည်။

မေး။ အဘယ်လက္ခဏာနှင့် ပြည့်စုံပါမှ အာရမ္မဏပုရေဇာတ ပစ္စည်းဖြစ်နိုင်ပါသနည်း။

ဖြေ။ ပစ္စယုပ္ပန် နာမ်တရားတို့၏ အာရုံလည်း ဖြစ်ပါမှ၊ ရှေ့၌လည်း ဖြစ်ပါမှ အာရမ္မဏ ပုရေဇာတ ပစ္စည်း ဖြစ်နိုင်ပါသည်။

မေး။ ရူပါရုံနှင့် စက္ခုဝိညာဉ်တို့၏ ပစ္စည်း၊ ပစ္စယုပ္ပန်ဖြစ်ပုံကို အမြွက်မျှအားဖြင့် ဖော်ပြပါ။

ဖြေ။ စက္ခုဝိညာဉ်စိတ်သည် ရူပါရုံကိုအာရုံပြု၍ ဖြစ်ပေါ်လာပါသည်။ ထိုရူပါရုံသည် စက္ခုဝိညာဉ်စိတ်၏ ရှေ့၌လည်းဖြစ်ပါသည်။ အာရုံလည်းဖြစ်ပါသည်။ ထို့ကြောင့် ရူပါရုံသည် စက္ခုဝိညာဉ်စိတ်အား အာရမ္မဏပုရေဇာတ သတ္တိဖြင့် ကျေးဇူးပြုပါသည်။ ရူပါရုံသည် အကြောင်း၊ စက္ခုဝိညာဉ်သည် အကျိုးဖြစ်ပါသည်။ ဤသည်ကား ရူပါရုံစက္ခုဝိညာဉ်တို့၏ ပစ္စည်းပြုပုံကို ဖြေဆိုချက်ဖြစ်ပါသည်။

မေး။ ထိုရူပါရုံသည် အဘယ်အခိုက်အတန့်၌ ဖြစ်ပေါ်၍ လာခဲ့ပါသနည်း။

ဖြေ။ စက္ခုဝိညာဉ်စိတ် မဖြစ်ပေါ်မီ အတီတဘဝင်နှင့်အတူ ပြိုင်၍ ဖြစ်ပေါ်လာခဲ့ပါသည်။ ထိုရူပါရုံကိုပင် စက္ခုဝိညာဉ်စိတ်

WWW.DHAMMARANSI.NET

က အာရုံပြုပါသည်။ အာရမ္မဏပုရေဇာတ မှန်လျှင် ဤနည်းအတိုင်းပင် သိရပါသည်။

ပုရေဇာတပစ္စည်းပြီး၏။

(•)

## ၁၁ – ပစ္ဆာဇာတပစ္စည်း

မေး။ အဘယ်သို့သော သဘောသတ္တိအားဖြင့် ကျေးဇူးပြုသောပစ္စည်းကို ပစ္ဆာဇာတပစ္စည်းဟု ခေါ်ပါသနည်း။

ဖြေ။ နောက်၌ဖြစ်ခြင်း သတ္တိအားဖြင့်ကျေးဇူးပြုသော ပစ္စည်းကို ပစ္ဆာဇာတပစ္စည်းဟု ခေါ်ပါသည်။

မေး။ နောက်၌ဖြစ်သောအားဖြင့် ကျေးဇူးပြုပုံအချက်ကို အမြွက်မျှ ဖော်ပြပါ။

ဖြေ။ နောက်နောက်၌ဖြစ်သော စိတ်၊ စေတသိက်တို့သည် ရှေ့ရှေ့၌ဖြစ်တည်ခဲ့၍ "ဌီ"အနေအားဖြင့် ထင်ရှားရှိသော စတုဇရုပ်တို့အား တည်ခိုင်စေခြင်းငှာ ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ဤသည်ကား ကျေးဇူးပြုပုံအမြွက်ကို ဖြေဆိုချက် ဖြစ်ပါသည်။

ဆောင်ပုဒ်။ ရှေ့မှာရှိနေ၊ "ဌီ"ရုပ်တွေအား၊ စိတ်၊ စေ၊
နှစ်ဖြာ နောက်နောက်လာ၊ တည်ငှာပစ္ဆာဇ။

မေး။ ပစ္ဆာဇာတ၏ပစ္စည်းသရုပ်ကို ဖော်ထုတ်၍ပြပါ။

WWW.DHAMMARANSI.NET

ဖြေ။ အရူပဝိပါက်လေးခုကြဉ်သော နောက်နောက်သော စိတ်-၈၅၊ စေတသိက်-၅၂၊ ဤတရားစုသည် ပစ္ဆာဇာတ၏ ပစ္စည်းသရုပ်ဖြစ်ပါသည်။

မေး။ ပစ္ဆာဇာတ၏ ပစ္စယုပ္ပန်သရုပ်ကို ဖော်ထုတ်၍ပြပါ။

ဖြေ။ ရှေ့ရှေ့စိတ်နှင့်အတူ ဥပါဒ်၍"ဌီ"သို့ ရောက်ဆဲဖြစ်သော ရုပ်ဟူသမျှသည် ပစ္ဆာဇာတ၏ ပစ္စယုပ္ပန်သရုပ် ဖြစ်ပါသည်။

မေး။ အရူပလေးဘုံ၊ အသညသတ်ဘုံတို့၌ ဤပစ္ဆာဇာတ ပစ္စည်းကို ရထိုက်ပါသလော။

ဖြေ။ ဤပစ္ဆာဇာတပစ္စည်းသည် နာမ်ကရုပ်အား ကျေးဇူးပြုသော ပစ္စည်းဖြစ်သောကြောင့် အရူပလေးဘုံ၊ အသညသတ်ဘုံတို့၌မရနိုင်ပါ။ ရုပ်နာမ်နှစ်ပါးစုံသော ပဉ္စဝေါကာရ ၂၆-ဘုံတို့၌သာ ရနိုင်ပါသည်။

မေး။ ပဋိသန္ဓေစိတ်သည် ပစ္ဆာဇာတပစ္စည်း တပ်နိုင်ပါသလော။

ဖြေ။ ထိုပဋိသန္ဓေစိတ်သည် ဘဝတစ်ခု၌ အစဆုံးသော စိတ်ဖြစ်ပါသည်။ ရှေ့၌လည်း ရုပ်မဖြစ်ခဲ့သေးပါ။ ထို့ကြောင့် ပစ္ဆာဇာတပစ္စည်း မတပ်နိုင်ပါ။

မေး။ သတ္တဝါတို့သန္တာန်၌ အဘယ်စိတ်ကစ၍ ပစ္ဆာဇာတ ပစ္စည်းတပ်နိုင်ပါသနည်း။

ဖြေ။ သတ္တဝါတို့ သန္တာန်၌ ပဋိသန္ဓေနောင် ပထမဘဝင်စိတ်

WWW.DHAMMARANSI.NET

ကစ၍ စုတိစိတ်တိုင်အောင် အလုံးစုံသောစိတ်တို့သည် ပစ္ဆာဇာတပစ္စည်းတပ်နိုင်ကြပါသည်။

မေး။ နာမ်နှင့်ရုပ်တို့၏ ပစ္ဆာဇာတပစ္စည်း တပ်ပုံအချက်ကို သာဓကနှင့်တကွ ရှင်းလင်းဖော်ပြပါ။

ဖြေ။ ၁။ ပထမဘဝင်စိတ်သည် ပဋိသန္ဓေစိတ်အခိုက်၌ ဖြစ်ခဲ့သော ကမ္မဇရုပ်နှင့် ဥတုဇရုပ်တို့အား ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

၂။ ဒုတိယဘဝင်စိတ်သည် ရှေး၌ဖြစ်ခဲ့သော ကမ္မဇရုပ်၊ ဥတုဇရုပ်နှင့် စိတ္တဇရုပ်တို့အား ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

၃။ ပဝတ္တိအခါ ဝီထိစိတ်ဖြစ်ပေါ်ရာ၌ အတီတဘဝင်စိတ်သည် ရှေး၌ဖြစ်ခဲ့သော "ဌီ"အနေအားဖြင့် ထင်ရှားရှိခဲ့သော စတုဇရုပ်တို့အား ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ဤနည်းကို အမှီပြု၍ နောက်နောက်စိတ်တို့က ရှေ့ရှေ့ဖြစ်ခဲ့သော ရုပ်တို့အား ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုပုံကို ဝေဖန်၍ သိနိုင်ပါသည်။

မေး။ ပစ္ဆာဇာတပစ္စည်း၏ ကျေးဇူးပြုပုံသဘောကို ဥပမာအားဖြင့် ထင်ရှားစွာပြပါဦး။

ဖြေ။ နောက်နှစ်၊ နောက်နှစ်တို့၌ အစဉ်မပြတ်ရွာသွန်းသော မိုးရေတို့သည် ရှေ့နှစ်၊ ရှေ့နှစ်တို့ကကြီးပွားတည်တံ့လာခဲ့သော

WWW.DHAMMARANSI.NET

သစ်ပင်တို့အား စိမ်းစိုအားရှိအောင် ကျေးဇူးပြုဘိသကဲ့သို့ သတ္တဝါတို့၏ သန္တာန်မှာ နောက်နောက်၌ဖြစ်သော စိတ်တို့သည် ရှေ့ရှေ့၌ဖြစ်ခဲ့၌ "ဋီ"အားဖြင့် ထင်ရှားရှိသော ရုပ်တို့အား တည်ခိုင်စွမ်းစေသောအားဖြင့် ကျေးဇူးပြုကြပါသည်။ ဤသဘောကို ပစ္ဆာဇာတသတ္တိသဘောဟု ဆိုပါသည်။

ပစ္ဆာဇာတပစ္စည်းပြီး၏။

## ၁၂ – အာသေဝနပစ္စည်း

မေး။ အဘယ်သို့သော သဘောသတ္တိအားဖြင့် ကျေးဇူးပြုသောပစ္စည်းကို အာသေဝနပစ္စည်းဟု ခေါ်ပါသနည်း။

ဖြေ။ ပွားခြင်း၊ ထုံခြင်း၊ အရှိန်အဟုန်ပေးခြင်း သတ္တိအားဖြင့် ကျေးဇူးပြုသောပစ္စည်းကို အာသေဝနပစ္စည်းဟု ခေါ်ပါသည်။ ထိုအာသေဝနပစ္စည်းကို ဇာတ်တူသော ဇောစိတ်တို့၌သာ ရနိုင်ပါသည်။

မေး။ အာသေဝန၏ ပစ္စည်းသရုပ်ကို ဖော်ထုတ်၍ပြပါ။

ဖြေ။ ရှေ့ရှေ့၌ဖြစ်သော ဇာတ်တူလောကီဇော-၄၇၊ စေတသိက်ည ၅၂၊ ဤတရားစုသည် အာသေဝန၏ ပစ္စည်းသရုပ်ဖြစ်ပါ သည်။

WWW.DHAMMARANSI.NET

ဆောင်ပုဒ်။ ရှေ့ဇောအစု၊ ဇာတ်တူမှုကြောင့်၊ ကု,အကုပါ။
ကြိယာတစ်ဖန်၊ နန္တရုံ၊ ပွားဟန်သေဝန။

မေး။ အာသေဝန၏ ပစ္စယုပ္ပန်သရုပ်ကို ဖော်ထုတ်၍ပြပါ။

ဖြေ။ ဖိုလ်ဇောကြဉ်သော အလုံးစုံသော ဇောစိတ်-၅၁၊ စေတသိက် ၅၂-သည် အာသေဝန၏ ပစ္စယုပ္ပန်သရုပ် ဖြစ်ပါသည်။

မေး။ ဇောဖြစ်ပါလျက် အာသေဝနပစ္စည်းမတပ်သော တရားသရုပ်တို့ ဖော်ထုတ်၍ပြပါ။

ဖြေ။ အဆုံးဇော၊ မဂ်ဇော၊ ဖိုလ်ဇော ဤဇောစိတ်များသည် အာသေဝနပစ္စည်းမတပ်ပါ။

မေး။ အဘယ့်ကြောင့် အာသေဝနပစ္စည်း မတပ်သည်ကို သဘောနှင့်တကွ ဖော်ထုတ်၍ပြပါ။

ဖြေ။ ၁။ အဆုံးဇောသည် နောက်၌ဆက်လက်၍ ဇောမဖြစ်သောကြောင့် ကျေးဇူးပြုရန် ပစ္စယုပ္ပန်မရှိပါ။ ထို့ကြောင့် အာသေဝနပစ္စည်း မတပ်နိုင်ပါ။

၂။ မဂ်ဇောသည် နောက်၌သဘောတူသော ဇောဖြစ်မလာဘဲ ဖိုလ်ဇောဖြစ်လာသောကြောင့် အာသေဝနပစ္စည်းတပ်နိုင်ရန် အခွင့်မရှိပါ။ ဇာတ်တူသော "ဇော" အချင်းချင်းဖြစ်ပါမှ အာသေဝနပစ္စည်း တပ်နိုင်ခွင့်ရှိပါသည်။

WWW.DHAMMARANSI.NET

၃။ ဖိုလ်ဇောသည် ဝိပါက်မျိုးဖြစ်၍ နေသောကြောင့် အာသေဝနပစ္စည်း တပ်နိုင်ခွင့်ကို မရပါ။

အကုသိုလ်ဇော၊ ကုသိုလ်ဇော၊ ကြိယာဇောတို့သာလျှင် အာသေဝနပစ္စည်းတပ်ခွင့်ကို ရနိုင်ပါသည်။

မေး။ ပစ္စည်းသာဖြစ်၍ ပစ္စယုပ္ပန်မဖြစ်သော ဇော၊ ပစ္စယုပ္ပန်သာဖြစ်၍ ပစ္စည်းမဖြစ်သော ဇောများကို ဖော်ထုတ်၍ ပြပါ။

ဖြေ။ ပထမဇောသည် ပစ္စည်းသာဖြစ်၍ ပစ္စယုပ္ပန် မဖြစ်ပါ။ အဆုံးဇောနှင့် မဂ်ဇောများသည် ပစ္စယုပ္ပန်သာဖြစ်၍ ပစ္စည်း မဖြစ်နိုင်ပါ။

အာသေဝနပစ္စည်းပြီး၏။

## ၁၃ – ကမ္မပစ္စည်း

မေး။ အဘယ်သို့သော သဘောသတ္တိအားဖြင့် ကျေးဇူးပြုသောပစ္စည်းကို ကမ္မပစ္စည်းဟု ခေါ်ပါသနည်း။

ဖြေ။ ယှဉ်ဖော်၊ ယှဉ်ဘက်ဖြစ်သော သမ္ပယုတ်တရားတို့ကို ဆော်ဩခြင်းသတ္တိဖြင့် ကျေးဇူးပြုသောပစ္စည်းကို ကမ္မပစ္စည်းဟု ခေါ်သည်။

မေး။ ထိုကမ္မပစ္စည်းသည် အဘယ်မျှအပြားရှိပါသနည်း။

WWW.DHAMMARANSI.NET

ဖြေ။ သဟဇာတကမ္မ၊ နာနာက္ခဏိက ကမ္မအားဖြင့် နှစ်ပါး ရှိပါသည်။

ဆောင်ပုဒ်။ သဟဇာတ၊ ခဏနာနာ၊ စေတနာ၊ မှတ်ပါ နှစ်ကမ္မ။

မေး။ သဟဇာတကမ္မ၏ ပစ္စည်းသရုပ်ကို ဖော်ထုတ်၍ပြပါ။

ဖြေ။ စိတ်-၈၉ ၌ရှိသော စေတနာ-၈၉ သည် သဟဇာတ ကမ္မ ပစ္စည်းသရုပ်ဖြစ်ပါသည်။

မေး။ သဟဇာတကမ္မပစ္စည်း၏ ပစ္စယုပ္ပန်သရုပ်ကို ဖော်ထုတ် ၍ ပြပါ။

ဖြေ။ စိတ်-၈၉၊ စေတနာ ကြဉ်သောစေတသိက်-၅၁၊ စိတ္တဇ ရုပ်၊ ပဋိသန္ဓေကမ္မဇရုပ် ဤတရားစုသည် သဟဇာတကမ္မ ပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်ပါသည်။

မေး။ သဟဇာတကမ္မ၏ ပစ္စည်းတပ်ပုံ သဘောကို သိရ အောင် အမြွက်မျှဖော်ပြပါ။

ဖြေ။ ၁။ မဟာကုသိုလ် ပထမစိတ်ဖြစ်ပေါ်ရာ စေတသိက် ၃၈-ပါး ယှဉ်ပါသည်။ ထိုစိတ်နှင့် တစ်ပြိုင်နက် စိတ္တဇရုပ်လည်း ဖြစ်ပေါ်လာပါသည်။ ထိုအခါ ထိုတရားတို့၌ ပါရှိသော စေတနာ စေတသိက် သည် ယှဉ်ဖော်ယှဉ်ဖက်ဖြစ်သော နာမ်တရား တို့အား ဆိုင်ရာကိစ္စတို့၌ အသီးသီး ဆောင်ရွက်ကြ စေရန် ဆော်ဩခြင်းကိစ္စဖြင့် ကျေးဇူးပြုပါသည်။

WWW.DHAMMARANSI.NET

၂။ အတူဖြစ်ပေါ်သော စိတ္တဇရုပ်တို့ကိုလည်း အား ရှိသန်စွမ်းအောင် ဆော်ဩခြင်းသတ္တိဖြင့် ကျေးဇူး ပြုပါသည်။

၃။ ပဋိသန္ဓေအခိုက်၌ ပါရှိသော စေတနာသည် ယှဉ် ဖော်ယှဉ်ဘက်ဖြစ်သော သမ္ပယုတ်တရားတို့နှင့် တစ်ပြိုင်နက်ဖြစ်ပေါ်သော ကမ္မဇရုပ်တို့အား ဆိုခဲ့ ပြီးသောနည်းအတိုင်း ဆော်ဩခြင်းသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ဤပစ္စည်းသည် သဟဇာတပစ္စည်းမျိုးဖြစ်သောကြောင့် ပစ္စည်းပြုပုံမှာ သဟဇာတပစ္စည်းကြီးနှင့် အတူတူပင် ဖြစ်ပါသည်။ ဤကား သဟဇာတကမ္မ၏ ပစ္စည်းပြုပုံအချက်ကို အမြွက်မျှ ဖြေဆိုခြင်းဖြစ်ပါသည်။

မေး။ နာနာက္ခဏိကကမ္မ၏ ပစ္စည်းသရုပ်ကို ဖော်ထုတ်၍ ပြပါ။

ဖြေ။ အတိတ်ဖြစ်သော ကုသိုလ်စေတနာ-၂၁၊ အတိတ် ဖြစ်သော အကုသိုလ် စေတနာ-၁၂၊ ဤတရားစုသည် နာနာက္ခဏိကကမ္မ၏ ပစ္စည်းသရုပ်ဖြစ်ပါသည်။

မေး။ နာနာက္ခဏိကကမ္မပစ္စည်း၏ ပစ္စယုပ္ပန်သရုပ်ကို ဖော် ထုတ်၍ပြပါ။

F 13 A

ဖြေ။ ဝိပါက်စိတ်-၃၆၊ စေတသိက်-၃၈၊ အလုံးစုံသော

WWW.DHAMMARANSI.NET

ကမ္မဇရုပ် ဤတရားစုသည် သဟဇာတကမ္မပစ္စည်း၏ ပစ္စယုပ္ပန် သရုပ်ဖြစ်ပါသည်။

မေး။ နာနာက္ခဏိကကမ္မ၏ ကျေးဇူးပြုပုံသဘောကို ဖော်ပြပါ။

ဖြေ။ ကံမြောက်၍ ချုပ်လေပြီးသော ကုသိုလ်စေတနာ၊ အကုသိုလ်စေတနာတို့သည် နောင်အကျိုးပေးချိန် တန်သော အခါ ဝိပါက်နာမက္ခန္ဓာနှင့် ကမ္မဇရုပ်များကို ဖြစ်ပေါ်အောင် ဆောင်ရွက်ပါသည်။ ဤသည်ကား နာနာက္ခဏိကကမ္မ၏ ကျေးဇူးပြုပုံသဘော ဖြစ်ပါသည်။

မေး။ အဘယ်ကြောင့် နာနာက္ခဏိက ကမ္မဟူ၍ ခေါ်ဆိုရပါသနည်း။

ဖြေ။ ကံဖြစ်ပေါ်လာရခြင်း အချိန်ကာလ "ခဏ"တစ်မျိုး၊ အကျိုးဖြစ်ပေါ်လာရခြင်းက အချိန်ကာလ "ခဏ"တစ်မျိုး ဤကဲ့သို့ ခဏအသီးသီးဖြစ်၍နေခြင်းကြောင့် နာနာက္ခဏိက ကမ္မဟု ခေါ်ပါသည်။

မေး။ သဟဇာတကမ္မနှင့် နာနာက္ခဏိကကမ္မ မည်ကဲ့သို့ ခြားနားပါသနည်း။

ဖြေ။ ၁။ သဟဇာတကမ္မသည် ပစ္စုပ္ပန်အနေအားဖြင့် လက်ငင်းကျေးဇူးပြုပါသည်။

၂။ နာနာက္ခဏိက ကမ္မ သည် အတိတ် သဘော၌

F 13 B

WWW.DHAMMARANSI.NET

တည်၍ အနာဂတ်ကာလ၌ ဖြစ်ပေါ်သော အကျိုးတရားတို့အား ကျေးဇူးပြုပါသည်။

ဤသည်ကား သဟဇာတနှင့် နာနာက္ခဏိက ကမ္မ၏ ထူးခြားပုံအချက်ဖြစ်ပါသည်။

မေး။ နာနာက္ခဏိကကမ္မ စေတနာသည် ချုပ်လေပြီးဖြစ်ပါလျက် နောင်အခါ အကျိုးပေးရန် အဘယ်သို့သော သဘောသတ္တိအားဖြင့် တည်ရှိနေပါသနည်း။

ဖြေ။ ကံမြောက်လေပြီးသော စေတနာဆိုသည်မှာ လွန်စွာအာနုဘော် ကြီးမားလှပါသည်။ စေတနာချုပ်၍ သွားသော်လည်း အကျိုးဖြစ်စေခြင်းတည်းဟူသော ကြိယာအမှုအရာအထူးသည်ကား အလုံးစုံချုပ်ငြိမ်း၍ သွားသည်မဟုတ်ပါ။ အနုသယသဘောကဲ့သို့ စိတ်အစဉ်၌ အမြဲစွဲကာလိုက်ပါ၍ နေပါသည်။ထိုကြိယာအမှုအရာအထူးကိုပင်လျှင်နာနာက္ခဏိက ကမ္မသတ္တိဟူ၍ ခေါ်ဆိုရပါသည်။ ထိုသတ္တိသည်ပင်လျှင် နောင်အကျိုးပေးချိန်တန်သောအခါ အကျိုးအမျိုးမျိုးကို ဖြစ်ပေါ်စေပါသည်။

မေး။ ကံမြောက်သောဇော ၇-ကြိမ်ရှိရာတွင် ထိုဇောတို့၏ နာနာက္ခဏိက ကမ္မ သတ္တိဖြင့် အကျိုးပေးပုံကို အချိန်ကာလအားဖြင့် ပိုင်းခြားဝေဖန်ပြပါ။

ဖြေ။ ထိုဇော ၇-ကြိမ်တို့တွင်-

WWW.DHAMMARANSI.NET

၁။ ပထမဇောသည် မျက်မှောက်ဘဝ၌ အကျိုးပေးနိုင်ပါသည်။

၂။ သတ္တမဇောသည် အခြားမဲ့ ဒုတိယဘဝ၌ အကျိုးပေးနိုင်ပါသည်။

၃။ အလယ်ဇော ငါးချက်သည် နိဗ္ဗာန်မရမီအတွင်း အခွင့်ကြုံသောဘဝတို့၌ အကျိုးပေးနိုင်ပါသည်။

၄။ ဆိုခဲ့ပြီးသော အချိန်ကာလတို့၌ တစ်စုံတစ်ရာမျှ အကျိုးမပေးသော ကံကို အဟောသိကကံဟု ခေါ်ပါသည်။

ဆောင်ပုဒ်။ ၁။ မျက်မှောက်ဘဝ၊ အကျိုးရ၊ ဒိဋ္ဌဇောဦးသာ။

၂။ ခြားမဲ့ဘဝ၊ အကျိုးရ၊ ဥပ, ဆုံးဇောသာ။

၃။ ပရံပရ၊ အနမတဂ်၊ အဆက်ဆက်ဝယ်၊ အကျိုးကြွယ်၊ အလယ်ဇောငါးဖြာ။

၄။ ကံအဟောသိ၊ ကျိုးမရှိ၊ တြိ-စေတနာ။

မေး။ နာနာက္ခဏိကကမ္မသတ္တိဖြင့် အမျိုးမျိုး အကျိုးပေးနိုင်သောကံများကို ခွဲခြားဝေဖန်၍ပြပါ။

ဖြေ။ ထိုကံများသည် ဇနကကံ၊ ဥပထမ္ဘကကံ၊ ဥပပီဠကကံ၊ ဥပစ္ဆေဒကကံအားဖြင့် လေးပါးအပြားရှိပါသည်။

မေး။ ထိုကံလေးပါးတို့၏အကျိုးပေးပုံအဓိပ္ပာယ်ကို သိလွယ်ရုံ ဖော်ပြပါ။

WWW.DHAMMARANSI.NET

ဖြေ။ ၁။ ပဋိသန္ဓေအကျိုး၊ ပဝတ္တိအကျိုးကိုဖြစ်စေနိုင်သော ကံမျိုးကို ဇနကကံဟုခေါ်ပါသည်။

၂။ ထောက်ပံ့တတ်သော ကံမျိုးကို ဥပထမ္ဘကကံဟု ခေါ်ပါသည်။

၃။ ဖိစီးနှိပ်စက်တတ်သော ကံမျိုးကို ဥပပီဠကကံဟု ခေါ်ပါသည်။

၄။ ပျက်စီး ဆုံးရှုံးအောင် အတင်း သတ်ဖြတ်တတ်သော ကံမျိုးကို ဥပစ္ဆေဒကကံဟု ခေါ်ပါသည်။ ဥပဃာတက ကံလည်း ခေါ်ပါသည်။

ဆောင်ပုဒ်။ ၁။ ဖြစ်ပွားစေမှု၊ ကျေးဇူးပြု၊ ကု,ကု,ဇနကာ။

၂။ ထောက်ပံ့သမှု၊ ကျေးဇူးပြု၊ ဥပထမ္ဘကာ။

၃။ နှိပ်စက်ညှဉ်းပန်း၊ ညှိုးနွမ်းစေမှု၊ ဖိစီးပြု ဥပပီဠကာ။

၄။ ပျက်ဆုံးစေမှု၊ အတင်းပြု၊ ဥပဃာတကာ။

မေး။ ထို့ပြင်တစ်ပါး ကံအပြားအဘယ်မျှရှိပါသေးသနည်း။

ဖြေ။ ဂရုကံ၊ အာသန္နကံ၊ အာစိဏ္ဏကံ၊ ကဋတ္တာကံအားဖြင့် လေးပါးအပြားရှိပါသည်။

မေး။ ထိုကံလေးပါးတို့၏ အဓိပ္ပာယ်ကို သိလွယ်ရုံ ဖော်ပြပါ။

ဖြေ။ ၁။ ကံတစ်ပါးတို့ မတားဆီးနိုင်အောင် ကြီးကျယ်လေးလံသော ကံမျိုးကို ဂရုကံဟုခေါ်ပါသည်။

WWW.DHAMMARANSI.NET

၂။ သေခါနီးဆဲဆဲ၌ ပြုလုပ်ဖြစ်ပေါ်သော ကံမျိုးကို အာသန္နကံဟု ခေါ်ပါသည်။

၃။ အစဉ်မပြတ် ပြုလုပ်ဆည်းပူးလေ့ရှိသော ကံမျိုးကို အာစိဏ္ဏကံဟု ခေါ်ပါသည်။

၄။ ထိုကံသုံးပါးမှ အလွတ်ဖြစ်၍ ရံဖန်ရံခါမှ ပြုလုပ်ဖြစ်ပေါ်လေ့ရှိသော ကံမျိုးကို ကဋတ္တာကံဟု ခေါ်ပါသည်။

ဆောင်ပုဒ်။ ၁။ ကံတစ်ပါးတို့ မတားနိုင်ရာ၊ အားကြီးစွာ၊ သညာဂရုက။

၂။ သေဆုံးလုမှ၊ ပြုသော်လည်းကောင်း၊ အဟောင်းပေါ်လာ၊ ကံနှစ်ဖြာ၊ သညာအာသန္န။

၃။ နေ့ရှည်လေ့ကျက်၊ ရက်ရှည်စွဲမြဲ၊ အထုံကဲ၊ ခေါ်မြဲအာစိဏ္ဏ။

၄။ သုံးပါးမှလျှင်၊ အလွတ်ထင်၊ သညာကဋတ္တာ။

မေး။ နာနာက္ခဏိက ကမ္မသတ္တိအရာ၌ ကုသိုလ်၊ အကုသိုလ်ဟူ၍ နှစ်မျိုးရှိခဲ့ရာ အကျိုးပေးပုံမှာ မည်ကဲ့သို့ထူးခြားကြပါသနည်း။

ဖြေ။ အကုသိုလ်ကံသည် အပြစ်နှင့်တကွ ဆင်းရဲသော အကျိုးကို ပေးပါသည်။ ကုသိုလ်ကံသည် အပြစ်မရှိ ချမ်းသာသော အကျိုးကိုပေးပါသည်။

WWW.DHAMMARANSI.NET

မေး။ ကုသိုလ်၊ အကုသိုလ်နှစ်ပါးတို့တွင် အကုသိုလ်ကံ အပြားအဘယ်မျှ ရှိပါသနည်း။

ဖြေ။ ကာယကံသုံးပါး၊ ဝစီကံလေးပါး၊ မနောကံ သုံးပါးအားဖြင့် အကုသိုလ်ကံ ဆယ်ပါးရှိပါသည်။

မေး။ ထိုဆယ်ပါးတို့၏ သရုပ်နှင့်သဘောကို ထုတ်၍ပြပါ။

ဖြေ။ ၁။ ပါဏာတိပါတ- သူ့အသက်ကို သတ်ခြင်း၊

၂။ အဒိန္နာဒါန- အရှင်မပေးသော သူ့ဥစ္စာကို ခိုးယူခြင်း၊

၃။ ကာမေသုမိစ္ဆာစာရ- သူ့ သားမယားကို ပြစ်မှားကျူးလွန်ခြင်း၊

ဤသုံးပါးကို အကုသိုလ်ကာယကံ သုံးပါးဟု ခေါ်သည်။

၄။ မုသာဝါဒ- မဟုတ်မှန် လိမ်လည်၍ ပြောဆိုခြင်း၊

၅။ ပိသုဏာဝါစာ- အချင်းချင်းကွဲပြားအောင် ကုန်းတိုက်စကားပြောဆိုခြင်း၊

၆။ ဖရုသဝါစာ- ယုတ်မာကြမ်းတမ်းသော စကားကို ပြောဆိုခြင်း၊

၇။ သမ္ဖပ္ပလာပဝါစာ- အကျိုးမရှိ သိမ်ဖျင်းသော စကားကို ပြောဆိုခြင်း။

ဤလေးပါးကို အကုသိုလ် ဝစီကံ လေးပါးဟု ခေါ်ပါ သည်။

WWW.DHAMMARANSI.NET

၈။ အဘိဇ္ဈာ- သူတစ်ပါးတို့၏ စည်းစိမ်ကို မိမိစည်းစိမ်ဖြစ်အောင် ကြံစည်ခြင်း၊

၉။ ဗျာပါဒ- သူတစ်ပါးတို့၏ အသက်ကို ဆုံးရှုံးအောင် ကြံစည်ခြင်း၊

၁၀။ မိစ္ဆာဒိဋ္ဌိ- မှားသောအယူကို ယူခြင်း။

ဤသုံးပါးကို အကုသိုလ် မနောကံသုံးပါးဟု ခေါ်ပါသည်။ ဖြေဆိုခဲ့ပြီးသော အယုတ်တရား ဆယ်ပါးကို အကုသလကမ္မပထ ဆယ်ပါးဟူ၍ လည်းကောင်း၊ ဒုစရိုက် ဆယ်ပါးဟူ၍လည်းကောင်း ခေါ်ပါသည်။

ဆောင်ပုဒ်။ ၁။ သက်သတ်ခိုးမှု၊ ကာမေသု၊ သုံးခုကာယကံ။

၂။ မုသား၊ မိတ်ခွဲ၊ ဆဲရေး၊ ပြိန်ဖျင်း၊ အပါယ်ချဉ်း၊ လေးသင်း ဝစီကံ။

၃။ သူ့ပိုင်နက်ကို၊ ကိုယ့်ဘက်ညွတ်စေ၊ အသေတောင့်တ၊ ပါပဒိဋ္ဌိ၊ အယူငြိ၊ တြိမနောကံ။

မေး။ ထိုဒုစရိုက် ဆယ်ပါးကို ပွားများဝေဖန်ခဲ့ပါလျှင် အဘယ်မျှ အပြားရှိနိုင်ပါသနည်း။

ဖြေ။ ၁။ ကိုယ်တိုင်ပြုသော ဒုစရိုက်တစ်မျိုး၊

၂။ သူတစ်ပါးတို့ကို ပြုလုပ်အောင် တိုက်တွန်းသော ဒုစရိုက်တစ်မျိုး၊

WWW.DHAMMARANSI.NET

၃။ သူတစ်ပါးပြုလုပ်သည်ကို ဝမ်းမြောက်စွာ ချီးမွမ်းသော ဒုစရိုက်တစ်မျိုး၊

၄။ သူတစ်ပါး ပြုလုပ်သည်ကို စိတ်အလိုတူသော ဒုစရိုက်တစ်မျိုး။

ဤလေးမျိုးဖြင့် ဒုစရိုက် ဆယ်ပါးကို မြောက်ပွားလိုက်သည်ရှိသော် ဒုစရိုက်အကျယ် လေးဆယ်ဖြစ်နိုင်ပါသည်။

ဆောင်ပုဒ်။ ကိုယ်တိုင် တိုက်တွန်း၊ ချီးမွမ်းစိတ်တူ၊ ပွားပြန်မူ၊ မှတ်ယူ လေးဆယ်ကံ။

မေး။ အကုသိုလ်၏ဆိုင်ရာဖြစ်သော ဒုစရိုက် ဆယ်ပါးကို ခြားနားစွာ သိရပါပြီ၊ အဘယ်တရားများကို သုစရိုက်ဟု ခေါ်ဆိုပါသနည်း။

ဖြေ။ ဒုစရိုက်ဆယ်ပါးတို့မှ ရှောင်ကြဉ်လျှင် သုစရိုက်ဆယ်ပါး ဖြစ်နိုင်ပါသည်။ ထိုသုစရိုက် ဆယ်ပါးမှာ ကုသိုလ်အရာ ဖြစ်ပါသည်။

မေး။ သုစရိုက် ဆယ်ပါးကို သိရပါပြီ။ ကုသိုလ်ပွားများကြောင်းဖြစ်သော ကုသလကမ္မပထတရား ဆယ်ပါးကို အဓိပ္ပာယ်နှင့်တကွ ဖော်ထုတ်၍ပြပါ။

ဖြေ။ ၁။ ဒါန- ပေးကမ်းစွန့်ကြဲခြင်း၊

၂။ သီလ- အကျင့်သီလစောင့်ထိန်းခြင်း၊

၃။ ဘာဝနာ- ကမ္မဋ္ဌာန်းဘာဝနာ ပွားများခြင်း၊

WWW.DHAMMARANSI.NET

၄။ အပစာယန- သက်ကြီးသောသူ၊ ဂုဏ်ကြီးသော သူတို့ကို ရိုသေပူဇော်ခြင်း၊

၅။ ဝေယျာဝစ္စ- ရတနာ သုံးပါးနှင့် ဆိုင်သော ကိစ္စ၊ ကုသိုလ်ရေးနှင့် ဆိုင်သော ကိစ္စတို့၌ ကြောင့်ကြ စိုက်၍ ကူညီဆောင်ရွက်ခြင်း၊

၆။ ပတ္တိဒါန- မိမိကုသိုလ်အဖို့ကို သူတစ်ပါးတို့အား အမျှပေးဝေခြင်း၊

၇။ ပတ္တာနုမောဒနာ- သူတစ်ပါးတို့က အမျှပေးဝေ သောအခါ ဝမ်းသာစွာ သာဓုခေါ်ခြင်း၊

၈။ ဓမ္မသဝန- ရိုသေစွာ တရားနာခြင်း၊

၉။ ဓမ္မဒေသနာ- ကောင်းစွာ တရားဟောခြင်း၊

၁၀။ ဒိဋ္ဌိဇုကမ္မ- ကံ၊ ကံ၏အကျိုးကို ယုံကြည်ခြင်းမှစ၍ ဖြောင့်မတ်သော အယူကိုယူခြင်း၊

ဤသည်ကား ကုသလကမ္မပထ တရားဆယ်ပါးဖြစ် ပါသည်။

ဆောင်ပုဒ်။ ဒါ၊ သီ၊ ဘာ၊ ပူ၊ ကြောင့်ကြမှုနှင့်၊ အလှူ ဝေငှ၊ အမျှသာခု၊ သူ့တရားနာ၊သိရာပြောဆို ကံကို ကိုးရိုး၊ ဆယ်မျိုးဝတ္ထု၊ ပုညမှု၊ သုခ ပွားများရန်။

မေး။ ထိုကုသလကမ္မပထတရားကို ပွားများခဲ့ပါလျှင် အဘယ် မျှ အပြားရှိနိုင်ပါသနည်း။

WWW.DHAMMARANSI.NET

ဖြေ။ ဒုစရိုက်ခန်းတွင် ဖြေဆိုခဲ့ပြီးသောအတိုင်း ကိုယ်တိုင်ပြု လုပ်ခြင်း၊ တိုက်တွန်းခြင်း၊ ဝမ်းမြောက်ခြင်း၊ သဘောတူခြင်း ဤလေးပါးဖြင့် မြှောက်ပွားသည်ရှိသော် ကုသလကမ္မပထ အကျယ်လေးဆယ်ဖြစ်ပါသည်။

မေး။ ဒါနအရာ၌ ကံဖြစ်သောစေတနာသည် အဘယ်မျှရှိပါ သေးသနည်း။

ဖြေ။ ပုဗ္ဗစေတနာ၊ မုဉ္စစေတနာ၊ ပရစေတနာအားဖြင့် သုံးပါး အပြားရှိပါသည်။

မေး။ ထိုစေတနာသုံးပါး၏ အဓိပ္ပာယ်ကို သိလွယ်အောင် ဖော်ပြပါ။

ဖြေ။ ၁။ မလှူမီ ရှေ့အဖို့၌ ဖြစ်ပွားသော စေတနာကို ပုဗ္ဗ စေတနာဟု ခေါ်ပါသည်။

၂။ လှူဆဲအခိုက်၌ ဖြစ်ပွားသော စေတနာကို မုဉ္စ စေတနာဟု ခေါ်ပါသည်။

၃။ လှူပြီးသောနောက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ပွား သော စေတနာကို ပရစေတနာဟု ခေါ်ပါသည်။

အလှူဒါနအရာ၌ ဤစေတနာသုံးတန် ညီညွတ်မှ ထွတ်မြတ်ကြီးကျယ်စွာ အကျိုးပေးနိုင်ပါသည်။

ကမ္မပစ္စည်းပြီး၏။

WWW.DHAMMARANSI.NET

## ၁၄ – ဝိပါကပစ္စည်း

မေး။ အဘယ်သို့သော သဘောသတ္တိအားဖြင့် ကျေးဇူးပြု သောပစ္စည်းကို ဝိပါကပစ္စည်းဟု ခေါ်ပါသနည်း။

ဖြေ။ အကျိုးဝိပါက်ဖြစ်ပေါ်မှု သတ္တိဖြင့် ကျေးဇူးပြုသော ပစ္စည်းကို ဝိပါကပစ္စည်းဟု ခေါ်ပါသည်။

မေး။ ဝိပါကပစ္စည်းသရုပ်ကို ဖော်ထုတ်၍ပြပါ။

ဖြေ။ အလုံးစုံသော ဝိပါက်စိတ်-၃၆၊ စေတသိက် ၃၈၊ ဤ တရားစုသည် ဝိပါကပစ္စည်းသရုပ်ဖြစ်ပါသည်။

မေး။ ဝိပါကပစ္စည်း၏ ပစ္စယုပ္ပန်သရုပ်ကို ဖော်ထုတ်၍ပြပါ။

ဖြေ။ အလုံးစုံသော ဝိပါက်စိတ်-၃၆၊ စေတသိက်-၃၈၊ ဝိညတ်ဒွေးကြဉ်သော စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ် ဤတရားစု သည် ဝိပါကပစ္စည်း၏ ပစ္စယုပ္ပန်သရုပ်ဖြစ်ပါသည်။

မေး။ အဘယ်ကြောင့် ဝိပါကဟူ၍ ခေါ်ဆိုရပါသနည်း။

ဖြေ။ နာနာက္ခဏိကကံ၏ ရင့်ကျက်မှုအကျိုးသဘောဖြစ် သောကြောင့် ဝိပါကဟုခေါ်ဆိုရပါသည်။

မေး။ ဝိပါကပစ္စည်း၏ ပစ္စယုပ္ပန် တရားစုတွင် အဘယ် ကြောင့် ဝိညတ်ဒွေးကို ကြဉ်ထားရပါသနည်း။

ဖြေ။ ဝိပါက်စိတ်ဟူသမျှသည် ဝိညတ်ရုပ်ကိုမဖြစ်စေနိုင်ပါ။ ထိုကြောင့် ကြဉ်ထားရပါသည်။

WWW.DHAMMARANSI.NET

မေး။ ကုသိုလ်ကံ၊ အကုသိုလ်ကံတို့၏ အကျိုးဖြစ်သော ဝိပါက်စိတ် ၃၆-ပါးရှိရာ အကုသလ ဝိပါက်မည်မျှ ကုသလ ဝိပါက်မည်မျှ ရှိကြောင်းကို ဖော်ပြပါ။

ဖြေ။ အကုသလဝိပါက်မှာ အဟိတ်စိတ်၌ ပါရှိသောအတိုင်း ခုနစ်ပါးပင် ရှိပါသည်။ ကုသလဝိပါက်တို့မှာ အဟိတ်ကုသလ ဝိပါက်-၈၊ မဟာဝိပါက်-၈၊ ရူပါဝစရဝိပါက်-၅၊ အရူပါဝစရ ဝိပါက်-၄၊ လောကုတ္တရာ ဝိပါက်-၄၊ ဤသို့အားဖြင့် ကုသလ ဝိပါက်ပေါင်း ၂၉-ပါး ရှိပါသည်။

မေး။ ထိုဝိပါက်တို့တွင် အဘယ့်ကြောင့် အဘယ်ဝိပါက်များ ဖြစ်ပေါ်သည်ဟု ဆိုင်ရာဝေဖန်၍ပြပါ။

ဖြေ။ ၁။ အကုသိုလ် စေတနာ ၁၂-ပါးကြောင့် အဟိတ် ကုသလဝိပါက် ၇-ပါးဖြစ်ပေါ်ရပါသည်။

၂။ ကာမာဝစရ ကုသိုလ်စေတနာ ၈-ပါး ကြောင့် အဟိတ်ကုသလ ဝိပါက် ၈-ခု၊ မဟာဝိပါက် ၈-ခု ဤသို့ ဝိပါက် စိတ် ၁၆-ခု ဖြစ်ပေါ်ရပါသည်။

၃။ ရူပဝါစရကုသိုလ် စေတနာ ၅-ပါးကြောင့် ရူပါ ဝစရဝိပါက် ၅-ခု ဖြစ်ပါသည်။

၄။ အရူပါဝစရ ကုသိုလ်စေတနာ ၄-ပါးကြောင့် အရူပါဝစရဝိပါက် ၄-ခု ဖြစ်ပေါ်ရပါသည်။

၅။ လောကုတ္တရာကုသိုလ်စေတနာ ၄-ပါးကြောင့် လောကုတ္တရာဝိပါက် ၄-ခု ဖြစ်ပေါ်ရပါသည်။

WWW.DHAMMARANSI.NET

မေး။ ကံဖြစ်ပြီးသည်၏ အခြားမဲ့၌ လက်ငင်းဖြစ်ပေါ်သော ဝိပါက်သည် အဘယ်ဝိပါက်ဖြစ်ပါသနည်း။

ဖြေ။ လောကုတ္တရာဝိပါက်ဟုဆိုအပ်သော ဖိုလ်စိတ် လေးခု ဖြစ်ပါသည်။ ထိုဖိုလ်စိတ် ၄-ခုသည် မဂ်ကုသိုလ်ဖြစ်ပြီးသော နောက် အခြားမဲ့၌ လက်ငင်းဖြစ်ပေါ်လာပါသည်။ ထို့ကြောင့် ဖိုလ်စိတ် ၄-ခုသည် မဂ်စိတ် ၄-ခု၏ အနန္တရပစ္စယုပ္ပန် ဖြစ်ပါသည်။

ဝိပါကပစ္စည်းပြီး၏။

## ၁၅ – အာဟာရပစ္စည်း

မေး။ အဘယ်သို့သော သဘောသတ္တိအားဖြင့် ကျေးဇူးပြုသောပစ္စည်းကို အာဟာရပစ္စည်းဟု ခေါ်ပါသနည်း။

ဖြေ။ ခိုင်ခံ့တည်တံ့စေမှု သတ္တိဖြင့် ကျေးဇူးပြုသော ပစ္စည်းကို အာဟာရပစ္စည်းဟု ခေါ်ပါသည်။

ဆောင်ပုဒ်။ ထောက်ပံ့ခိုင်တွယ်၊ ကျေးဇူးကြွယ်၊
လေးသွယ်အာဟာရ။

မေး။ အာဟာရပစ္စည်းသည် အဘယ်မျှအပြားရှိပါသနည်း။

ဖြေ။ နာမ်အာဟာရပစ္စည်း၊ ရုပ်အာဟာရပစ္စည်းအားဖြင့် နှစ်ပါးအပြားရှိပါသည်။

WWW.DHAMMARANSI.NET

မေး။ ထိုနှစ်ပါးတို့တွင် နာမ်အာဟာရပစ္စည်းသရုပ်ကို ဖော်ထုတ်၍ ပြပါ။

ဖြေ။ ဖဿ-၈၉၊ စေတနာ-၈၉၊ စိတ်-၈၉ ဤတရားစုသည် နာမ်အာဟာရ၏ ပစ္စည်းသရုပ်ဖြစ်ပါသည်။

မေး။ နာမ်အာဟာရပစ္စည်း၏ ပစ္စယုပ္ပန်သရုပ်ကို ဖော်ထုတ်၍ ပြပါ။

ဖြေ။ စိတ်-၈၉၊ စေတသိက်-၅၂၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ် ဤတရားစုသည် နာမ်အာဟာရပစ္စည်း၏ ပစ္စယုပ္ပန်သရုပ်ဖြစ်ပါသည်။

မေး။ ရုပ်အာဟာရပစ္စည်းသရုပ်ကို ဖော်ထုတ်၍ပြပါ။

ဖြေ။ အဇ္ဈတ္တသန္တာန်၌ရှိသော စတုဇဩဇာရုပ်၊ ဗဟိဒ္ဓသန္တာန်၌ရှိသော ဥတုဇ ဩဇာရုပ် ဤတရားစုသည် ရုပ်အာဟာရ၏ ပစ္စည်းသရုပ်ဖြစ်ပါသည်။

မေး။ ရုပ်အာဟာရပစ္စည်း၏ ပစ္စယုပ္ပန်သရုပ်ကို ဖော်ထုတ်၍ ပြပါ။

ဖြေ။ သတ္တဝါတို့၏ ကိုယ်သန္တာန်အတွင်း၌ ကလာပ်တူဩဇာ ကြဉ်သော အလုံးစုံသော စတုဇရုပ် ဤတရားစုသည် ရုပ်အာဟာရပစ္စည်း၏ ပစ္စယုပ္ပန်သရုပ်ဖြစ်ပါသည်။

မေး။ အဘယ့်ကြောင့် အာဟာရဟူ၍ ခေါ်ဆိုရပါသနည်း။

ဖြေ။ ရှည်မြင့်စွာ တည်အောင်၊ ကြီးပွားအောင် ဆောင်တတ်သောကြောင့် အာဟာရဟူ၍ ခေါ်ဆိုရပါသည်။

WWW.DHAMMARANSI.NET

မေး။ နာမ်အာဟာရသုံးပါးတို့တွင် ဖဿအာဟာရသည် အဘယ်ကဲ့သို့ ဆောင်ပါသနည်း။

ဖြေ။ ဖဿအာဟာရသည် အာရုံခြောက်ပါးတို့၌ ဣဋ္ဌအရသာ၊ အနိဋ္ဌအရသာပေါ်အောင် ဆောင်ပြီးလျှင် အာရုံ၏ အရသာကို ခံစားတတ်သော ဝေဒနာကိုဖြစ်စေ၍ တဏှာကြီးပွားအောင် ဆောင်ရွက်နိုင်ပါသည်။

မေး။ စေတနာအာဟာရသည် အဘယ်ကဲ့သို့ ဆောင်နိုင်ပါသနည်း။

ဖြေ။ စေတနာအာဟာရသည် သတ္တဝါတို့၏ သန္တာန်၌ ကာယကံ၊ ဝစီကံ၊ မနောကံသုံးပါးဖြစ်အောင် နှိုးဆော်ပြီးလျှင် သံသရာတစ်ခွင်၌ ဘဝအမျိုးမျိုးဖြစ်အောင် ဆောင်နိုင်ပါသည်။ ထိုစေတနာ အာဟာရသည် ကမ္မပစ္စည်းနှင့် သဘောတူပင် ဖြစ်ပါသည်။

မေး။ ဝိညာဏာဟာရသည် အဘယ်ကဲ့သို့ ဆောင်နိုင်ပါသနည်း။

ဖြေ။ ဝိညာဏာဟာရသည် အာရုံကိုသိခြင်းကိစ္စ၌ နာမ်တရားတို့၏ ရှေ့ဆောင်ဖြစ်ပြီးလျှင် နာမ်ရုပ်တို့ဖြစ်ပွားအောင် ဆောင်ပါသည်။

မေး။ ရုပ်အာဟာရသည် အဘယ်ကဲ့သို့ ဆောင်ပါသနည်း။

ဖြေ။ ရုပ်အာဟာရသည် သတ္တဝါတို့၏ သန္တာန်၌ စတုဇရုပ်

WWW.DHAMMARANSI.NET

တရားတို့ကို စည်ပင်ကြီးပွား ကာလရှည်လျားအောင် ဆောင်နိုင်ပါသည်။

မေး။ သတ္တဝါတို့၏ သန္တာန်၌ အာဟာရဇရုပ်ဖြစ်ပုံသဘောကိုအမြွက်မျှ ဖော်ပြပါ။

မေး။ အစာဘောဇဉ်တို့၌ပါရှိသော ဩဇာဓာတ်သည် အဇ္ဈတ္တသန္တာန်၌ရှိသော ဩဇာဓာတ်နှင့် ပေါင်းဆုံမိရာ အချင်းချင်း"ဌီ" သို့ရောက်သောအခါ အာဟာရဇရုပ်များကို ဖြစ်ပွားစေနိုင်ပါသည်။

ဆောင်ပုဒ်။ ဗဟိဒ်အဇ္ဈတ်၊ နှစ်ရပ်ဩဇာ၊ ရောမိခါ၌ "ဌီ"
သို့ဆိုက်က၊ အဇ္ဈတ္တဝယ်၊ ခဏမစဲ၊ တသဲသဲ၊
အမြဲရုပ်ဖြစ်စေ။

အာဟာရပစ္စည်းပြီး၏။

## ၁၆ – ဣန္ဒြိယပစ္စည်း

မေး။ အဘယ်သို့သော သဘောသတ္တိအားဖြင့် ကျေးဇူးပြုသောပစ္စည်းကို ဣန္ဒြိယပစ္စည်းဟု ခေါ်ပါသနည်း။

ဖြေ။ အစိုးရခြင်းသဘောအားဖြင့် ကျေးဇူးပြုသော ပစ္စည်းကို ဣန္ဒြိယပစ္စည်းဟု ခေါ်ပါသည်။

214 A

WWW.DHAMMARANSI.NET

မေး။ အဓိပတိပစ္စည်း အစိုးရပုံနှင့် ဣန္ဒြိယပစ္စည်းအစိုးရပုံ အဘယ်ကဲ့သို့ ထူးခြားပါသနည်း။

ဖြေ။ ၁။ အဓိပတိပစ္စည်းသည် စကြဝတေးမင်း၏ အစိုးရပုံမျိုးကဲ့သို့ ပြိုင်ဘက်မရှိအောင် တစ်ပါတည်း အုပ်ချုပ်၍ အကုန်အစိုးရပါသည်။

၂။ ဣန္ဒြိယပစ္စည်းသည် ပဒေသရာဇ်မင်း၏ အစိုးရပုံမျိုးကဲ့သို့ ဆိုင်ရာဆိုင်ရာဌာနမှာ အစိုးရပါသည်။

ဆောင်ပုဒ် ၁။ ဆန်၊ ဝီ၊ စိတ်၊ ဝီ။ ဓိပတိ။ မရှိတုယှဉ်ပြိုင်။

၂။ ဆိုင်ရာဌာန၊ စိုးပိုင်ကြ၊ ကိစ္စကိုယ်စီစီ။

မေး။ ဣန္ဒြိယပစ္စည်းသည် အဘယ်မျှ အပြားရှိပါသနည်း။

ဖြေ။ သဟဇာတိန္ဒြိယ၊ ပုရေဇာတိန္ဒြိယ၊ ရူပဇီဝိတိန္ဒြိယအားဖြင့် သုံးပါးအပြားရှိပါသည်။

မေး။ ထိုသုံးပါးတွင် သဟဇာတိန္ဒြိယပစ္စည်းသရုပ်ကို ဖော်ထုတ်၍ ပြပါ။

ဖြေ။ ဇီဝိတ၊ စိတ်၊ ဝေဒနာ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ပညာဟုဆိုအပ်သော နာမ်ဣန္ဒြိယတရားကိုယ် ၈-ပါးသည် သဟဇာတိန္ဒြိယ၏ ပစ္စည်းသရုပ်ဖြစ်ပါသည်။

မေး။ သဟဇာတိန္ဒြိယပစ္စည်း၏ ပစ္စယုပ္ပန်သရုပ်ကို ဖော်ထုတ်၍ပြပါ။

ဖြေ။ စိတ်-၈၉၊ စေတသိက်-၅၂၊ စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇ

F 14 B

WWW.DHAMMARANSI.NET

ရုပ် ဤတရားစုသည် သဟဇာတိန္ဒြိယပစ္စည်း၏ ပစ္စယုပ္ပန်သရုပ် ဖြစ်ပါသည်။

မေး။ ထိုနာမ်ဣန္ဒြေတရား ကိုယ် ၈-ပါးတို့၏ ဆိုင်ရာဌာန၌ အသီးသီးအစိုးရပုံသဘောကို ဖော်ပြပါ။

ဖြေ။ ၁။ ဇီဝိတသည် နာမ်တရားတို့၏ အသက်ရှင်ခြင်းကိစ္စဖြင့် သမ္ပယုတ်တရားတို့၌ အစိုးရပါသည်။

၂။ စိတ်သည် အာရုံကိုသိခြင်းကိစ္စ၊ နာမ်တရားတို့၏ ရှေ့သွားကိစ္စဖြင့် သမ္ပယုတ်တရားတို့၌ အစိုးရပါသည်။

၃။ ဝေဒနာသည် ခံစားခြင်းကိစ္စဖြင့် သမ္ပယုတ်တရားတို့၌ အစိုးရပါသည်။

၄။ သဒ္ဓါသည် ကြည်ညိုခြင်းကိစ္စဖြင့် သမ္ပယုတ် တရားတို့၌ အစိုးရပါသည်။

၅။ ဝီရိယသည် ရဲရင့်စွာ အားထုတ်ခြင်းကိစ္စဖြင့် သမ္ပယုတ်တရားတို့၌ အစိုးရပါသည်။

၆။ သတိသည် မမေ့မလျော့ အောက်မေ့ခြင်းကိစ္စဖြင့် သမ္ပယုတ်တရားတို့၌ အစိုးရပါသည်။

၇။ ဧကဂ္ဂတာသည် မပြန့်မလွင့် တည်ကြည်ခြင်းကိစ္စဖြင့် သမ္ပယုတ်တရားတို့၌ အစိုးရပါသည်။

၈။ ပညာသည် အထူးသိမြင်ခြင်းကိစ္စဖြင့် သမ္ပယုတ်တရားတို့၌ အစိုးရပါသည်။

WWW.DHAMMARANSI.NET

မေး။ ဣန္ဒြိယပစ္စည်းအရာ၌ ဣန္ဒြေခေါ်ရသော ပညာအပြား အဘယ်မျှ ရှိပါသနည်း။

ဖြေ။ ပညိန္ဒြေ၊ အနညာတညဿာမိတိန္ဒြေ၊ အညိန္ဒြေ၊ အညာတာဝိန္ဒြေအားဖြင့် လေးပါးအပြားရှိပါသည်။

မေး။ ထိုလေးပါးတို့ကို အသီးသီးခွဲခြားဝေဖန်၍ ပြပါ။

ဖြေ။ ၁။ လောကီတိဟိတ်စိတ် ၃၉-၌ ယှဉ်သော ပညာကို ပညိန္ဒြေဟု ခေါ်ပါသည်။

၂။ သောတာပတ္တိမဂ်၌ ယှဉ်သောပညာကို အနညာတညဿာမိတိန္ဒြေခေါ်ပါသည်။

၃။ လောကုတ္တရာ အလယ်စိတ်-၆ခုတို့၌ ယှဉ်သော ပညာကို အညိန္ဒြေခေါ်ပါသည်။

၄။ အရဟတ္တဖိုလ်စိတ်၌ ယှဉ်သောပညာကို အညာတာဝိန္ဒြေခေါ်ပါသည်။

မေး။ ဣန္ဒြိယပစ္စည်းအရာ၌ ဣန္ဒြေဟုခေါ်ရသော ဝေဒနာ အပြား အဘယ်မျှရှိပါသနည်း။

ဖြေ။ သုခိန္ဒြေ၊ ဒုက္ခိန္ဒြေ၊ သောမနဿိန္ဒြေ၊ ဒေါမနဿိန္ဒြေ၊ ဥပေက္ခိန္ဒြေအားဖြင့် ငါးပါးအပြားရှိပါသည်။

မေး။ ထိုဝေဒနာငါးပါးတို့ကို အသီးသီးခွဲခြားဝေဖန်၍ပြပါ။

ဖြေ။ ၁။ သုခသဟဂုတ် ကာယဝိညာဉ်စိတ်၌ ယှဉ်သော ဝေဒနာကို သုခိန္ဒြေဟုခေါ်ပါသည်။

WWW.DHAMMARANSI.NET

၂။ ဒုက္ခသဟဂုတ် ကာယဝိညာဉ်စိတ်၌ ယှဉ်သော ဝေဒနာကို ဒုက္ခိန္ဒြေဟုခေါ်ပါသည်။

၃။ သောမနဿ သဟဂုတ် စိတ် ၆၂-ပါး၌ ယှဉ်သော ဝေဒနာကို သောမနဿိန္ဒြေဟု ခေါ်ပါသည်။

၄။ ဒေါသမူစိတ် ၂-ခု၌ ယှဉ်သော ဝေဒနာကို ဒေါမနဿိန္ဒြေဟု ခေါ်ပါသည်။

၅။ ဥပေက္ခာသဟဂုတ် စိတ် ၅၅-ပါး၌ ယှဉ်သော ဝေဒနာကို ဥပေက္ခိန္ဒြေဟုခေါ်ပါသည်။

မေး။ ဝိစိကိစ္ဆာစိတ်နှင့် ယှဉ်သောဧကဂ္ဂတာသည် ဣန္ဒြိယ ပစ္စည်းတပ်နိုင်ပါသလော။

ဖြေ။ ထိုဧကဂ္ဂတာသည် သို့လောသို့လော တွေးတောယုံမှား ခြင်းစိတ်နှင့် ယှဉ်ရသောကြောင့် ဣန္ဒြိယပစ္စည်း မတပ်နိုင်ပါ။

မေး။ ပုရေဇာတိန္ဒြိယပစ္စည်းသရုပ်ကို ဖော်ထုတ်၍ပြပါ။

ဖြေ။ ပဉ္စဝိညာဉ်စိတ်တို့၏ မှီရာဖြစ်သော စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဃာနဝတ္ထု၊ ဇိဝှါဝတ္ထု၊ ကာယဝတ္ထု ဤဝတ္ထုရုပ်ငါးပါး သည် ပုရေဇာတိန္ဒြိယ ပစ္စည်းသရုပ်ဖြစ်ပါသည်။

မေး။ ပုရေဇာတိန္ဒြိယပစ္စည်း၏ ပစ္စယုပ္ပန်သရုပ်ကို ဖော်ထုတ် ၍ ပြပါ။

ဖြေ။ ဒွေပဉ္စဝိညာဉ်-၁၀၊ သဗ္ဗစိတ္တ သာဓာရဏ စေတသိက် ၇၀-ပါး ဤတရားစုသည် ပုရေဇာတိန္ဒြိယပစ္စည်း၏ ပစ္စယုပ္ပန် သရုပ် ဖြစ်ပါသည်။

WWW.DHAMMARANSI.NET

မေး။ ပုရေဇာတိန္ဒြိယပစ္စည်း၏ လက္ခဏာဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ ပစ္စယုပ္ပန်တရားတို့၏ ရှေ့၌ဖြစ်ခြင်း၊ ပစ္စယုပ္ပန်တရားတို့ကို အစိုးရခြင်းအားဖြင့် နှစ်ပါးအပြားရှိပါသည်။

မေး။ ပုရေဇာတိန္ဒြိယ ပစ္စည်း၏ အစိုးရပုံသဘောကို ဖော်ပြပါ။

ဖြေ။ ၁။ စက္ခုဝတ္ထုသည် စက္ခုဝိညာဉ်စိတ်ကို အစိုးရပါသည်။

၂။ သောတဝတ္ထုသည် သောတဝိညာဉ်စိတ်ကို အစိုးရပါသည်။

၃။ ဃာနဝတ္ထုသည် ဃာနဝိညာဉ်စိတ်ကို အစိုးရပါသည်။

၄။ ဇိဝှာဝတ္ထုသည် ကာယဝိညာဉ်စိတ်ကို အစိုးရပါသည်။

ဤပုရေဇာတိန္ဒြိယပစ္စည်းသည် ရုပ်ကနာမ်ကို အစိုးရသော ပစ္စည်းမျိုးဖြစ်ပါသည်။

မေး။ ဟဒယဝတ္ထုသည် ဣန္ဒြိယပစ္စည်းအရာတွင် အဘယ့်ကြောင့် မပါဝင်ပါသနည်း။

ဖြေ။ ၁။ ထိုဟဒယဝတ္ထုသည် မနောဓာတ်၊ မနောဝိညာဏဓာတ်တို့၏ မှီရာမျှသာဖြစ်ပါသည်။ ထိုမနောဓာတ်၊ မနောဝိညာဏဓာတ်တို့ကို အစိုးရခြင်းသဘော မရှိပါ။ ထို့ကြောင့် ဣန္ဒြိယပစ္စည်းအရာတွင် မပါဝင်နိုင်ပါ။

WWW.DHAMMARANSI.NET

၂။ စက္ခုဝတ္ထု အစရှိသော ဝတ္ထုငါးပါးတို့သည်ကား ပဉ္စဝိညာဉ်စိတ်တို့၏ မှီရာလည်း ဖြစ်ပါသည်။ ပဉ္စဝိညာဉ် စိတ်တို့ကိုလည်း အစိုးရပါသည်။ထို့ကြောင့် ဣန္ဒြိယပစ္စည်းအရာတွင် ပါဝင်နိုင်ပါသည်။

မေး။ ကတ္ထိန္ဒြေ၊ ပုရိသိန္ဒြေနှစ်ပါးသည် ဣန္ဒြိယဟူသော အမည်ကို ရပါလျက် ဣန္ဒြိယပစ္စည်းတွင် အဘယ့်ကြောင့် မပါဝင်ဘဲနေပါသနည်း။

ဖြေ။ ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေနှစ်ပါးသည် မိန်းမအသွင်၊ မိန်းမအမူအရာ၊ ယောကျ်ားအသွင်၊ ယောကျ်ားအမူအရာ စသည်တို့ကိုသာ အစိုးရသောကြောင့် ဣန္ဒြိယဟူသော အမည်ကိုရရှိကြပါသည်။ သို့ရာတွင် ထိုအသွင်၊ ထိုအမူအရာစသည်တို့မှာ ပရမတ်မဟုတ်၊ ပညတ်မျှသာဖြစ်ကြပါသည်။ ပညတ်တရားတို့မည်သည် ဖြစ်ပေါ်ဥပါဒ်ခြင်း မရှိသောကြောင့် ပစ္စယုပ္ပန်တရားစုတွင် မပါဝင်နိုင်ကြပါ။ ထို့ကြောင့် ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေနှစ်ပါးသည် ကျေးဇူးပြုရန် ပစ္စယုပ္ပန်မရှိသောကြောင့် ဣန္ဒြိယပစ္စည်းတွင် မပါဝင်ကြဘဲ ရှိနေကြပါသည်။

မေး။ ရူပဇီဝိတိန္ဒြိယပစ္စည်း၏ ပစ္စယုပ္ပန်သရုပ်ကို ဖော်ထုတ်၍ ပြပါ။

ဖြေ။ ရူပဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူကမ္မဇရုပ် ဟူသမျှ ရူပဇီဝိတိန္ဒြိယပစ္စည်း၏ ပစ္စယုပ္ပန်သရုပ်ဖြစ်ပါသည်။

မေး။ ရုပ်ဇီဝိတသည် အဘယ်တရားတို့အပေါ်၌ အစိုးရပါသနည်း။

WWW.DHAMMARANSI.NET

ဖြေ။ အတူတကွဖြစ်သော ကမ္မဇရုပ်တို့အပေါ်၌ အစိုးရပါသည်။

မေး။ အစိုးရပုံကို သိသာထင်ရှားအောင် ရုပ်ကလာပ်နှင့်တကွ ထင်ရှားစွာဖော်ပြပါ။

ဖြေ။ စက္ခုဒသက ကလာပ်၌ ကမ္မဇရုပ်ပေါင်း ဆယ်ခု ရှိနေရာ ဇီဝိတရုပ်သည် မိမိနှင့်အတူတကွဖြစ်သော ကမ္မဇရုပ်၉-ခုတို့အပေါ်၌ အသက်ရှင်ခြင်းသတ္တိဖြင့် အုပ်စိုး၍နေပါသည်။ ပစ္စည်းဖြစ်သော ရုပ်ဇီဝိတ၏ အရှိန်ကိုခိုလှုံ၍ ပစ္စယုပ္ပန်ဖြစ်သော ကမ္မဇရုပ် ၉-ခုတို့သည် အသက်ရှင်သော အမူအရာဖြင့် တည်နေကြပါသည်။ ရုပ်ဇီဝိတသည် ကမ္မဇရုပ်အချင်းချင်းတို့အပေါ်၌ အစိုးရသော တရားဖြစ်ပါသည်။ အသည်သတ် ငြဟ္ဟာတို့သည် ဤရုပ်ဇီဝိတဖြင့် အသက်ရှင်သကဲ့သို့ တည်နေနိုင်ကြပါသည်။

ဣန္ဒြိယပစ္စည်းပြီး၏။

## ၁၇ – ဈာနပစ္စည်း

မေး။ အဘယ်သို့သော သဘောသတ္တိအားဖြင့် ကျေးဇူးပြုသောပစ္စည်းကို ဈာနပစ္စည်းဟု ခေါ်ပါသနည်း။

WWW.DHAMMARANSI.NET

ဖြေ။ သက်ဝင်ရှုစားခြင်း သတ္တိအားဖြင့် ကျေးဇူးပြုသော ပစ္စည်းကို ဈာနပစ္စည်းဟုခေါ်ပါသည်။

မေး။ ဈာနပစ္စည်းသရုပ်ကို ဖော်ထုတ်၍ပြပါ။

ဖြေ။ ဒွေပဉ္စဝိညာဉ် ၁၀-ကြဉ်သော စိတ် ၇၉-ခု၌ရှိသော ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဝေဒနာ၊ ဧကဂ္ဂတာ ဤဈာနင်တရား ကိုယ် ငါးပါးသည် ဈာနပစ္စည်းသရုပ်ဖြစ်ပါသည်။

မေး။ ဈာနပစ္စည်း၏ ပစ္စယုပ္ပန်သရုပ် ဖော်ထုတ်၍ပြပါ။

ဖြေ။ ဒွေပဉ္စဝိညာဉ် ၁၀-ကြဉ်သောစိတ်-၇၉၊ စေတသိက် ၅၂၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် ဤတရားစုသည် ဈာနပစ္စည်း၏ ပစ္စယုပ္ပန်သရုပ်ဖြစ်ပါသည်။

မေး။ ဒွေပဉ္စဝိညာဉ် ၁၀-၌ ယှဉ်သော ဝေဒနာနှင့် ဧကဂ္ဂတာ သည် အဘယ်ကြောင့် ဈာနပစ္စည်း မတပ်နိုင်ပါ သနည်း။

ဖြေ။ စက္ခုဝိညာဉ် အစရှိသော ဒွေပဉ္စဝိညာဉ် ၁၀-သည် မိမိ တို့ မှီရာဝတ္ထုပေါ်တွင် ထင်လာအောင် ပဉ္စာရုံကိုသာ အာရုံပြု သောကြောင့် သက်ဝင်ရှုစားမှုဟုဆိုအပ်သော ဈာနသတ္တိ မရှိ ပါ။ ထို့ကြောင့် ဒွေပဉ္စဝိညာဉ် ၁၀-နှင့်ယှဉ်သော ဝေဒနာနှင့် ဧကဂ္ဂတာသည် ဈာနတရားဖြစ်သော်လည်း ဈာနပစ္စည်းကို မရနိုင်ဘဲ ရှိနေကြပါသည်။

ဈာနပစ္စည်းပြီး၏။

WWW.DHAMMARANSI.NET

## ၁၈ – မဂ္ဂပစ္စည်း

မေး။ အဘယ်သို့သော သဘောသတ္တိအားဖြင့် ကျေးဇူးပြု သောပစ္စည်းကို မဂ္ဂပစ္စည်းဟု ခေါ်ပါသနည်း။

ဖြေ။ သုဂတိဘုံ၊ ဒုဂ္ဂတိဘုံ၊ နိဗ္ဗာန်ဘုံသို့ ဆိုက်ရောက်စေနိုင် သော လမ်းခရီးသဘော သတ္တိအားဖြင့် ကျေးဇူးပြုသော ပစ္စည်းကို မဂ္ဂပစ္စည်းဟုခေါ်ပါသည်။

မေး။ မဂ္ဂပစ္စည်းသရုပ်ကို ဖော်ထုတ်၍ ပြပါ။

ဖြေ။ သဟိတ်စိတ် ၇၁-ခု၌ရှိသော သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာ သတိ၊ သမ္မာ သမာဓိ၊ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာသင်္ကပ္ပ၊ မိစ္ဆာဝါယာမ၊ မိစ္ဆာ သမာဓိ၊ မိစ္ဆာဝါစာ၊ မိစ္ဆာကမ္မန္တ၊ မိစ္ဆာအာဇီဝ၊ ဤတရားစုသည် မဂ္ဂပစ္စည်း သရုပ်ဖြစ်ပါသည်။

မေး။ ဆိုခဲ့ပြီးသော မဂ္ဂပစ္စည်းသရုပ်တို့ကို စေတသိက် တရား ကိုယ် ကောက်လျှင် အဘယ်မျှ ရနိုင်ပါသနည်း။

ဖြေ။ ပညာ၊ ဝိတက်၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ဒိဋ္ဌိအားဖြင့် တရားကိုယ် ၉-ပါးရနိုင် ပါသည်။

မေး။ မဂ္ဂပစ္စည်း၏ ပစ္စယုပ္ပန်သရုပ်ကို ဖော်ထုတ်၍ပြပါ။

ဖြေ။ သဟိတ်စိတ်-၇၁၊ စေတသိက်-၅၂၊သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်၊ ဤတရားစုသည် မဂ္ဂပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်ပါသည်။

WWW.DHAMMARANSI.NET

မေး။ အဘယ်မဂ္ဂင်များသည် သုဂတိဘုံ၊ နိဗ္ဗာန်ဘုံသို့ ရောက်စေနိုင်သော လမ်းခရီးသဖွယ်ဖြစ်ပါသနည်း။

ဖြေ။ သမ္မာဒိဋ္ဌိအစ သမ္မာသမာဓိ အဆုံးရှိသော မဂ္ဂင်မြတ် ၈-ပါးသည် သုဂတိဘုံနှင့် နိဗ္ဗာန်သို့ရောက်စေနိုင်သော လမ်းခရီး သဖွယ်ဖြစ်ပါသည်။

မေး။ အဘယ်မဂ္ဂင်များသည် ဒုဂ္ဂတိဘုံသို့ ရောက်စေနိုင်သော လမ်းခရီးသဖွယ်ဖြစ်ပါသနည်း။

ဖြေ။ မိစ္ဆာဒိဋ္ဌိအစရှိသော မဂ္ဂင်ဆိုးများသည် ဒုဂ္ဂတိဘုံသို့ ရောက်စေနိုင်သော လမ်းခရီးသဖွယ်ဖြစ်ပါသည်။

မေး။ ဈာနပစ္စည်း သဘောနှင့် မဂ္ဂပစ္စည်းသဘောကို ယှဉ်တွဲ၍ ခြားနားပုံများကို ထင်ရှားအောင် ဖော်ပြပါ။

ဖြေ။ ၁။ ဈာနပစ္စည်းသည် အာရုံ၌စိတ်ကို ဖြောင့်မတ်စွာ စူးစိုက်စေခြင်းကိစ္စ၊ ဈာန်အဘိညာဉ်သို့ ဆိုက်ရောက်စေနိုင်ခြင်းကိစ္စ ဤနှစ်ပါးကို ရွက်ဆောင်ပါသည်။

၂။ မဂ္ဂပစ္စည်းသည် ဝဋ်သုံးပါး၌ ကျင်လည်ရန် ကံအမျိုးမျိုးကို ဖြစ်စေခြင်းကိစ္စ၊ သံသရာဝဋ်မှ ထွက်မြောက်စေရန် ဘာဝနာမှုကို ထမြောက်စေခြင်းကိစ္စ ဤနှစ်ပါးကို ဆောင်ရွက်ပါသည်။

မေး။ ကောင်းသောဈာန်၊ ကောင်းသောမဂ်၊ မကောင်းသောဈာန်၊ မကောင်းသောမဂ်များကို ခွဲခြား၍ပြဆိုပါဦး။

WWW.DHAMMARANSI.NET

ဖြေ။ ၁။ ကောင်းမြတ်သော ကုသိုလ်တရားတို့၌ ယှဉ်သော ဈာန်နှင့်မဂ်ကို ကောင်းမြတ်သောဈာန်၊ ကောင်းမြတ်သော မဂ်ဟုခေါ် ဆိုရပါသည်။

၂။ မကောင်းသောအကုသိုလ်တရားတို့၌ ယှဉ်သော ဈာန်နှင့်မဂ်ကို မကောင်းသော ဈာန်၊ မကောင်းသော မဂ်ဟုခေါ် ဆိုရပါသည်။

ဤသို့လျှင် ဈာနပစ္စည်း၊ မဂ္ဂပစ္စည်းတို့၌ ကောင်းသောဈာန်၊ ကောင်းသောမဂ်၊ မကောင်းသောဈာန်၊ မကောင်းသောမဂ်များကို ခြားနား၍ သိရပါသည်။ ဝိပါက်စိတ်၊ ကြိယာစိတ်တို့၌ ယှဉ်သောဈာန်နှင့် မဂ်ကို အဗျာကတဈာန်၊ အဗျာကတမဂ်ဟု ခေါ်ပါသည်။

မဂ္ဂပစ္စည်းပြီး၏။

## ၁၉ – သမ္ပယုတ္တပစ္စည်း

မေး။ အဘယ်သို့သော သဘောသတ္တိအားဖြင့် ကျေးဇူးပြုသောပစ္စည်းကို သမ္ပယုတ္တပစ္စည်းဟု ခေါ်ပါသနည်း။

ဖြေ။ နာမ်တရားတို့၌ အချင်းချင်းအပြန်အလှန် ယှဉ်ဖော်ယှဉ်ဘက် သဘောအားဖြင့် ကျေးဇူးပြုသော ပစ္စည်းကို သမ္ပယုတ္တပစ္စည်းဟု ခေါ်ပါသည်။

WWW.DHAMMARANSI.NET

မေး။ သမ္ပယုတ္တလက္ခဏာ အဘယ်မျှအပြားရှိပါသနည်း။

ဖြေ။ အတူဖြစ်ခြင်း၊ အတူချုပ်ခြင်း၊ အာရုံတူခြင်း၊ မှီရာ ဝတ္ထုတူခြင်း ဤသို့လျှင် သမ္ပယုတ္တလက္ခဏာအပြား လေးပါးရှိပါသည်။

မေး။ သမ္ပယုတ္တ၏ ပစ္စည်းသရုပ်ကိုဖော်ပြပါ။

ဖြေ။ စိတ်-၈၉၊ စေတသိက်-၅၂ ဤတရားစုသည် သမ္ပယုတ္တပစ္စည်းသရုပ်ဖြစ်ပါသည်။

မေး။ သမ္ပယုတ္တပစ္စည်း၏ ပစ္စယုပ္ပန်သရုပ်ကို ဖော်ထုတ်၍ပြပါ။

ဖြေ။ စိတ်-၈၉၊ စေတသိက်-၅၂ ဤတရားစုသည် သမ္ပယုတ္တပစ္စည်း၏ ပစ္စယုပ္ပန်သရုပ်ဖြစ်ပါသည်။ ဤသမ္ပယုတ္တ၌ ပစ္စည်း ပစ္စယုပ္ပန် အတူတူပင်ဖြစ်ပါသည်။

မေး။ နာမ်တရားတို့၏ သမ္ပယုတ်ဖြစ်ပုံ အဓိပ္ပာယ် သဘောကို ထင်ရှားအောင် ဖော်ပြပါ။

ဖြေ။ အဓိပ္ပာယ်ဖော်ပြရန်မှာ-

စက္ခုဝိညာဉ်စိတ်ဖြစ်သောအခါ စေတသိက် ၇-ပါး ယှဉ်ပါသည်။ စက္ခုဝိညာဉ်စိတ်နှင့်တကွ နာမ်တရား ၈-ပါး ဖြစ်ပါသည်။

၁။ ထိုနာမ်တရား ၈-ပါးသည် ပစ္စုပ္ပန်ခဏ၌ အခြားမဲ့၌ အတူတကွဖြစ်ပေါ်နေကြပါသည်။

WWW.DHAMMARANSI.NET

၂။ "ဘင်" အားဖြင့် ချုပ်သောအခါ အတူတကွ ချုပ်ဆုံးကြပါသည်။

၃။ ပစ္စုပ္ပန်အာရုံတစ်ခုတည်းကိုသာ အာရုံပြုကြသည်။

၄။ စက္ခုဝတ္ထုကို အတူတကွ မှီကြပါသည်။ ထိုတရား ၈-ရှစ်ပါးဖြစ်ကြသောအခါ အသီးသီးခွဲခြား၍ မရနိုင်ဘဲ တစ်သားတည်းပင် ဖြစ်နေကြပါသည်။

ဤသည်ကား သမ္ပယုတ္တသဘောပင် ဖြစ်ပါသည်။ ဤနည်းကို အမှီပြု၍ နာမ်ကလာပ်တို့၌ သမ္ပယုတ္တသဘောကို သိနိုင်ပါသည်။ ဤသမ္ပယုတ္တပစ္စည်းသည် နာမ်အချင်းချင်းနှင့်သာ ဆိုင်သောပစ္စည်းဖြစ်ပါသည်။ အသညသတ်ဘုံမှတစ်ပါး အလုံးစုံသောဘုံတို့၌ သမ္ပယုတ္တပစ္စည်းကို ရနိုင်ပါသည်။

သမ္ပယုတ္တပစ္စည်းပြီး၏။

## ၂၀ – ဝိပ္ပယုတ္တပစ္စည်း

မေး။ အဘယ်သို့သော သဘောသတ္တိအားဖြင့် ကျေးဇူးပြုသောပစ္စည်းကို ဝိပ္ပယုတ္တပစ္စည်းဟု ခေါ်ပါသနည်း။

ဖြေ။ ယှဉ်ဖော်ယှဉ်ဘက် မဟုတ်သော သဘောအားဖြင့် ကျေးဇူးပြုသောပစ္စည်းကို ဝိပ္ပယုတ္တပစ္စည်းဟုခေါ်သည်။

WWW.DHAMMARANSI.NET

မေး။ ထိုဝိပ္ပယုတ္တပစ္စည်းသည် အဘယ်မျှအပြားရှိပါသနည်း။

ဖြေ။ သဟဇာတဝိပ္ပယုတ်၊ပုရေဇာတဝိပ္ပယုတ်၊ ဝတ္ထာရမ္မဏ ပုရေဇာတဝိပ္ပယုတ်၊ ပစ္ဆာဇာတဝိပ္ပယုတ်အားဖြင့် လေးပါးအပြား ရှိပါသည်။

မေး။ ထိုလေးပါးတို့တွင် သဟဇာတဝိပ္ပယုတ်ပစ္စည်း သရုပ်ကို ဖော်ထုတ်၍ပြပါ။

ဖြေ။ ပဉ္စဝေါကာရဘုံ၌ အရူပဝိပါက် ၄-ခု၊ ဒွေပဉ္စဝိညာဉ်-၁၀၊ ရဟန္တာတို့၏ စုတိစိတ် ကြဉ်သောစိတ် -၇၅၊ စေတသိက်-၅၂။ ပဉ္စဝေါကာရပဋိသန္ဓေနှင့် ဟဒယဝတ္ထု ဤတရားစုသည် သဟဇာတဝိပ္ပယုတ်၏ ပစ္စည်းသရုပ်ဖြစ်ပါသည်။

မေး။ သဟဇာတဝိပ္ပယုတ်ပစ္စည်း၏ ပစ္စယုပ္ပန်သရုပ်ကို ဖော်ထုတ်၍ပြပါ။

ဖြေ။ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ပဉ္စဝေါကာရ ပဋိသန္ဓေနှင့် နာမက္ခန္ဓာ ဤတရားစုသည် သဟဇာတဝိပ္ပယုတ္တပစ္စည်း၏ ပစ္စယုပ္ပန်သရုပ်ဖြစ်ပါသည်။

မေး။ ဝိပ္ပယုတ္တပစ္စည်း၏ ကျေးဇူးပြုပုံ သဘောကို ဖော်ပြပါ။

ဖြေ။ ရုပ်ကနာမ်အား ကျေးဇူးပြုခြင်း၊ နာမ်ကရုပ်အား ကျေးဇူး ပြုခြင်းဟု ဝိပ္ပယုတ်ကျေးဇူးပြုပုံနှစ်မျိုးရှိပါသည်။ နာမ်က ရုပ်အား ကျေးဇူးပြုပုံကိုသာဓကအဖြေ အမြွက်မျှ ဖြေဆိုရသည်ရှိသော်-

၁။ မဟာကုသိုလ် ပထမစိတ္တုပ္ပါဒ်ဖြစ်ရာ၌ စိတ္တဇရုပ်တို့လည်း အတူတကွဖြစ်ကြပါသည်။ထိုသို့ဖြစ်ရာ၌

WWW.DHAMMARANSI.NET

မဟာ ကုသိုလ်စိတ် စိတ္တုပ္ပါဒ်က ဝိပ္ပယုတ္တပစ္စည်း၊ စိတ္တဇရုပ်တို့က ဝိပ္ပယုတ္တပစ္စယုပ္ပန်ဖြစ်ပါသည်။

(ဤသည်ကား နာမ်ကရုပ်အား ဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြုပုံ ဖြစ်ပါသည်။)

၂။ ပဋ္ဌဝေါကာရဘုံ၌ ပဋိသန္ဓေတည်နေသော အခိုက်မှာ ပဋိသန္ဓေနှင့်တကွ ဟဒယဝတ္ထုရုပ်လည်း ဖြစ်ပေါ်လာပါသည်။ ထိုသို့ ဖြစ်ရာ၌ ဟဒယဝတ္ထုရုပ်က ဝိပ္ပယုတ္တပစ္စည်း၊ ပဋိသန္ဓေစိတ်က ဝိပ္ပယုတ္တပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်ပါသည်။

(ဤသည်ကား ရုပ်ကနာမ်အား ဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြုပုံ ဖြစ်ပါသည်။)

ပဋ္ဌဝေါကာရ ပဋိသန္ဓေစိတ်နှင့် ဟဒယ ဝတ္ထုမှာ အချင်းချင်း အပြန်အလှန် ဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြုနိုင်သော သဘောလည်း ရှိပါသည်။

မေး။ ဤဝိပ္ပယုတ္တပစ္စည်း၌ အရူပဝိပါက် စိတ် ၄-ခုနှင့် ဒွေပဉ္စဝိညာဉ် ၁၀-ကို အဘယ်ကြောင့် ကြဉ်ထားရပါသနည်း။

ဖြေ။ ထိုစိတ် ၁၄-ခုတို့သည် စိတ္တဇရုပ်ကို မဖြစ်စေနိုင်သောကြောင့် နာမ်ကရုပ်အား ဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးမပြုနိုင်ပါ။ ထို့ကြောင့် ကြဉ်ထားရပါသည်။

မေး။ သဟဇာတဝိပ္ပယုတ္တ ပစ္စည်းအကြောင်းကို ကောင်းစွာ

WWW.DHAMMARANSI.NET

သိရပါပြီ။ ပုရေဇာတ ဝိပ္ပယုတ်၊ ဝတ္ထာရမ္မဏ ပုရေဇာတ ဝိပ္ပယုတ်၊ ပစ္ဆာဇာတ ဝိပ္ပယုတ်တို့၏ ပစ္စည်း၊ ပစ္စယုပ္ပန် သရုပ်ကို ဖော်ထုတ်၍ ပြပါ။

ဖြေ။ အထူးဖော်ထုတ်၍ ပြရန်မလိုတော့ပါ။

၁။ ပုရေဇာတဝိပ္ပယုတ်သည် ရှေ့၌ဖြေဆိုခဲ့ပြီးသော ပုရေဇာတနိဿယပစ္စည်းနှင့် အတူတူပင်ဖြစ်ပါသည်။

၂။ ဝတ္ထာရမ္မဏ ပုရေဇာတဝိပ္ပယုတ်သည် ဖြေဆိုခဲ့ပြီးသော ဝတ္ထာရမ္မဏနှင့် အတူတူဖြစ်ပါသည်။

၃။ ပစ္ဆာဇာတ ဝိပ္ပယုတ်သည်လည်း ဖြေဆိုခဲ့ပြီးသော ပစ္ဆာဇာတပစ္စည်းနှင့် အတူတူပင်ဖြစ်ပါသည်။

မေး။ ဤဝိပ္ပယုတ္တ၌ ပစ္စည်း၊ ပစ္စယုပ္ပန်တို့မှာ ထူးတော့သည် မဟုတ်ချေ၊ သဟဇာတပစ္စည်း၊ နိဿယပစ္စည်း၊ ပုရေဇာတပစ္စည်းတို့၌ လာသောအတိုင်းပင်ဖြစ်ပါသည်။ ထိုသို့ဖြစ်ပါလျက် ဝိပ္ပယုတ္တပစ္စည်းကို အသီးအခြား အဘယ့်ကြောင့် ဟောကြားတော်မူရပါသနည်း။

ဖြေ။ အသီးအခြား ဟောကြားတော်မူရခြင်း၏ အကြောင်းကို ဆိုသော်-

F15A

၁။ စိတ်နှင့် စိတ္တဇရုပ်၊ ပဋိသန္ဓေ ပဋိသန္ဓေနှင့် ဟဒယဝတ္ထုရုပ်၊ ဤရုပ်၊ နာမ်တရားတို့သည် တစ်

WWW.DHAMMARANSI.NET

ပေါင်းတည်း တစ်ပြိုင်နက် ဖြစ်ပေါ်ကြပါသည်။ ထိုသို့ဖြစ်ရာ၌ သမ္ပယုတ္တလက္ခဏာဖြင့် ယှဉ်ကြလေသလောဟု ယုံမှားသင်္ကာဖြစ်ဖွယ်ရာရှိသောကြောင့် ထိုယုံမှားသင်္ကာကိုပယ်ဖျောက်၍ သမ္ပယုတ္တလက္ခဏာဖြင့် မယှဉ်ကြောင်း၊ ရုပ်၊ နာမ် နှစ်ပါး အသီးအခြား ဖြစ်ကြောင်းကို သိစေခြင်းငှာ ဤ ဝိပ္ပယုတ္တပစ္စည်းကို ဟောကြားတော်မူပါသည်။

သမ္ပယုတ္တ ပစ္စည်း၌လည်း ထိုနည်းတူစွာ ပစ္စည်း၊ ပစ္စယုပ္ပန် အထူးမရှိပါ။ သဟဇာတ ပစ္စည်းကြီးမှ နာမ်တရားအချက်တို့ကို အသီးသီး ထုတ်နုတ်၍ ဟောကြားအပ်သော ပစ္စည်းပင် ဖြစ်ပါသည်။

၂။ သမ္ပယုတ္တပစ္စည်းကို ဟောကြားရခြင်းအကြောင်းမှာ နာမ်ကလာပ်တို့၌ စိတ်နှင့် စေတသိက် တစ်ပေါင်းတည်း ဖြစ်ပေါ်ကြရာ ထိုနာမ်တရားတို့သည် သမ္ပယုတ္တလက္ခဏာဖြင့် အချင်းချင်းမယှဉ်ကြဘဲ ကွဲကွဲပြားပြားဖြစ်လေသလောဟု ယုံမှားသင်္ကာ ဖြစ်ခဲ့သည်ရှိသော် ထိုယုံမှားသင်္ကာကို ပယ်ဖျောက်ခြင်းငှာ သမ္ပယုတ္တပစ္စည်းကို ဟောကြားတော်မူပါသည်။

F 15 B

WWW.DHAMMARANSI.NET

သမ္ပယုတ္တပစ္စည်းနှင့် ဝိပ္ပယုတ္တပစ္စည်းသည် သဘောချင်း ဆန့်ကျင်ဘက်ဖြစ်သော ပစ္စည်းတစ်စုံဖြစ်ပါသည်။

မေး။ ဝိပ္ပယုတ္တ ပစ္စည်းသဘောကို ထိထိမိမိ နားလည်ခဲ့ပါလျှင် အဘယ်ကဲ့သို့သော အကျိုးများ ဖြစ်ပေါ်နိုင်ပါသနည်း။

ဖြေ။ ဝိပ္ပယုတ္တပစ္စည်းသဘောကို ထိထိမိမိ နားလည်ခဲ့ပါလျှင် ရုပ်၊ နာမ်နှစ်ပါးတို့၏ အချင်းချင်းမပေါင်းစပ်ဘဲ ဖြစ်နေကြပုံသဘောကို ကောင်းစွာသိမြင်နိုင်ပါသည်။ ဝိပဿနာ ဆင်ခြင်ရာ၌ နာမရူပ ပရိစ္ဆေဒဉာဏ်ကို ထက်သန်စွာ ဖြစ်ပွားစေနိုင်ပါသည်။ ရုပ်နှင့်နာမ်တို့၏ သူ့သဘောနှင့်သူ ဖြစ်ပေါ်နေပုံကို သိမြင်သောအခါ အနတ္တလက္ခဏာဉာဏ် ထက်သန်စွာ ဖြစ်ပေါ်နိုင်ပါသည်။

ဝိပ္ပယုတ္တပစ္စည်းပြီး၏။

## ၂၁ – အတ္ထိပစ္စည်း

မေး။ အဘယ်သို့သော သဘောသတ္တိအားဖြင့် ကျေးဇူးပြုသောပစ္စည်းကို အတ္ထိပစ္စည်းဟု ခေါ်ပါသနည်း။

WWW.DHAMMARANSI.NET

ဖြေ။ ချုပ်ခြင်းသို့ မရောက်သေးဘဲ ထင်ရှားရှိဆဲ သဘော သတ္တိအားဖြင့် ကျေးဇူးပြုသောပစ္စည်းကို အတ္ထိပစ္စည်းဟု ခေါ်ပါ သည်။

မေး။ ထိုအတ္ထိပစ္စည်းသည် အဘယ်မျှအပြားရှိပါသနည်း။

ဖြေ။ သဟဇာတတ္ထိ၊ ဝတ္ထုပုရေဇာတတ္ထိ၊ အာရမ္မဏပုရေ ဇာတတ္ထိ၊ ဝတ္ထာရမ္မဏပုရေဇာတတ္ထိ၊ ပစ္ဆာဇာတတ္ထိ၊ ရူပအာဟာ ရတ္ထိ၊ ရူပဇီဝိတိန္ဒြိယတ္ထိအားဖြင့် ၇-ပါး အပြားရှိပါသည်။

မေး။ ထိုအတ္ထိပစ္စည်း ၇-မျိုးတို့၏ ပစ္စည်း၊ ပစ္စယုပ္ပန်သရုပ် ကို ဖော်ထုတ်၍ပြပါ။

ဖြေ။ ၁။ သဟဇာတတ္ထိသည် ပစ္စည်း၊ ပစ္စယုပ္ပန်အားဖြင့် ဖြေဆိုခဲ့ပြီးသော သဟဇာတပစ္စည်းကြီးနှင့် အတူ တူပင်ဖြစ်ပါသည်။

၂။ ထို့အတူ ဝတ္ထုပုရေဇာတတ္ထိသည် ဝတ္ထုပုရေ ဇာတပစ္စည်းနှင့် အတူတူပင်ဖြစ်ပါသည်။

၃။ အာရမ္မဏပုရေဇာတတ္ထိသည် အာရမ္မဏပုရေ ဇာတနိဿယနှင့် အတူတူပင်ဖြစ်ပါသည်။

၄။ ဝတ္ထာရမ္မဏပုရေဇာတတ္ထိသည် ဝတ္ထာရမ္မဏပုရေ ဇာတနိဿယနှင့် အတူတူပင်ဖြစ်ပါသည်။

၅။ ပစ္ဆာဇာတတ္ထိသည် ပစ္ဆာဇာတပစ္စည်းနှင့် အတူတူ ပင် ဖြစ်ပါသည်။

WWW.DHAMMARANSI.NET

၆။ ရူပအာဟာရတ္ထိသည် ရုပ်အာဟာရ ပစ္စည်းနှင့် အတူတူပင် ဖြစ်ပါသည်။

၇။ ရူပဇီဝိတိန္ဒြိယတ္ထိသည် ရူပဇီဝိတိန္ဒြိယပစ္စည်းနှင့် အတူတူပင် ဖြစ်ပါသည်။

အတ္ထိပစ္စည်း ၇-မျိုးတို့၏ ပစ္စည်း၊ ပစ္စယုပ္ပန်သရုပ်မှာ အထူးမရှိပါ။ ဆိုခဲ့ပြီးသော ပစ္စည်းအတိုင်းပင်ဖြစ်ပါသည်။ ပစ္စုပ္ပန် အနေအားဖြင့် ထင်ရှားစွာ တည်ရှိလျက် ကျေးဇူးပြုသောပစ္စည်း တို့ကို ပေါင်းရုံး၍ အတ္ထိသဒ္ဒါဖြင့် အထူးပြုပြီးလျှင် အတ္ထိပစ္စယော ဟူ၍ ဟောတော်မူပါသည်။

မေး။ အတ္ထိပစ္စည်း၏ ထင်ရှားရှိသော အနေအားဖြင့် ကျေးဇူး ပြုပုံသဘောကို သိလွယ်ရုံအမြွက်မျှ ဖော်ပြပါ။

ဖြေ။ ၁။ ချုပ်ခြင်းသို့ မရောက်သေးဘဲ ပစ္စုပ္ပန်သဘောအား ဖြင့် ထင်ရှားရှိသည်ကို အတ္ထိခေါ်ပါသည်။

၂။ ထိုအတ္ထိသတ္တိဖြင့် ကျေးဇူးပြုသည်ကို အတ္ထိပစ္စည်း ခေါ်ပါသည်။

၃။ အကြောင်းပစ္စည်းကလည်း ထင်ရှားရှိဆဲ၊ အကျိုး ပစ္စယုပ္ပန်ကလည်း ထင်ရှားလျက်ရှိဆဲ ဤ လက္ခဏာနှစ်ပါးသည် အတ္ထိပစ္စည်း၏ လက္ခဏာ ဖြစ်ပါသည်။

ပစ္စည်းပြုပုံ အမြွက်ကို ပြဆိုရပါလျှင် ရူပါရုံ၊ စက္ခု

WWW.DHAMMARANSI.NET

ပသာဒ၊ စက္ခုဝိညာဉ် ဤသုံးပါးတို့ အချင်းချင်း ပစ္စည်းပစ္စယုပ္ပန် ဖြစ်ကြရာ၌-

၁။ စက္ခုပသာဒသည် စက္ခုဝိညာဉ်စိတ်အား ထင်ရှားရှိဆဲဖြစ်သော ဝတ္ထုပုရေဇာတတ္တိ သဘောအားဖြင့် ကျေးဇူးပြုပါသည်။

၂။ ရူပါရုံသည် စက္ခုဝိညာဉ်စိတ်အား ထင်ရှားရှိဆဲ ဖြစ်သော အာရမ္မဏပုရေဇာတတ္တိ သဘောအား ဖြင့် ကျေးဇူးပြုပါသည်။

၃။ စက္ခုဝိညာဉ်စိတ်သည် ယှဉ်ဖော် ယှဉ်ဘက်ဖြစ် သော စေတသိက် ၇-ခုတို့အား ထင်ရှားရှိဆဲဖြစ် သော သဟဇာတတ္တိ သဘောအားဖြင့် ကျေးဇူး ပြုပါသည်။

၄။ ပထမဘဝင်စိတ်သည် ပဋိသန္ဓေစိတ်အခိုက်၌ ဖြစ်သော ရုပ်တို့အား ထင်ရှားရှိဆဲဖြစ်သော ပစ္ဆာ ဇာတတ္တိသဘောအားဖြင့် ကျေးဇူးပြုပါသည်။

၅။ ဩဇာဟုဆိုအပ်သော ရုပ်အာဟာရသည် သတ္တဝါ တို့ သန္တာန်၌ရှိသော စတုဇရုပ်တို့အား ထင်ရှား ရှိဆဲဖြစ်သော ရူပအာဟာရတ္တိအားဖြင့် ကျေးဇူး ပြုပါသည်။

WWW.DHAMMARANSI.NET

၆။ ဇီဝိတရုပ်သည် ကလာပ်တူဖြစ်သော ကမ္မဇရုပ်တို့အား ထင်ရှားရှိဆဲဖြစ်သော ရူပဇီဝိတိန္ဒြိယတ္ထိသဘောအားဖြင့် ကျေးဇူးပြုပါသည်။

ဤသည်ကား အတ္ထိပစ္စည်း၏ ကျေးဇူးပြုပုံကို အမြွက်မျှ သိလွယ်ရုံဖြေကြားခြင်း ဖြစ်ပါသည်။

အတ္ထိပစ္စည်းပြီး။

## ၂၂ – နတ္ထိပစ္စည်း

မေး။ အဘယ်သို့သော သဘောသတ္တိအားဖြင့် ကျေးဇူးပြုသောပစ္စည်းကို နတ္ထိပစ္စည်းဟု ခေါ်ပါသနည်း။

ဖြေ။ ထင်ရှားမရှိခြင်း သဘောသတ္တိအားဖြင့် ကျေးဇူးပြုသောပစ္စည်းကို နတ္ထိပစ္စည်းဟု ခေါ်ပါသည်။ ဤနတ္ထိပစ္စည်းသည် အနန္တရပစ္စည်းနှင့် အလုံးစုံတူသောကြောင့် ပစ္စည်း၊ ပစ္စယုပ္ပန်သရုပ်များကို ဖော်ထုတ်၍ အထူးဖြေဆိုရန် မလိုတော့ပါ။

မေး။ ထင်ရှားမရှိပုံ သဘောကို အမြွက်မျှဖော်ပြပါ။

ဖြေ။ ထင်ရှားမရှိခြင်းဆိုသည်မှာ ချုပ်လေပြီးသည်ကို ဆိုပါသည်။ ပထမဇောသည် ဒုတိယဇောအား နတ္ထိပစ္စည်းတပ်ရာ၌ ပထမဇောသည် ချုပ်ပြီးသော အတိတ်၊ ဒုတိယဇောသည် ဖြစ်ဆဲ ပစ္စယုပ္ပန်ဖြစ်ပါသည်။ အကြောင်းက အတိတ်၊ အကျိုးက ပစ္စ

WWW.DHAMMARANSI.NET

ယှုပွန်ဖြစ်လေရာ အကြောင်းပစ္စည်းမှာ ထင်ရှားမရှိတော့ပါ။ ဤသဘောကို နတ္ထိပစ္စည်းသဘောဟု ခေါ်ပါသည်။

မေး။ အတ္ထိပစ္စည်း၊ နတ္ထိပစ္စည်း နှစ်ပါးစုံတို့၏ သဘောကို ယှဉ်တွဲ ဖော်ပြပါ။

ဖြေ။ ၁။ အတ္ထိပစ္စည်းက ထင်ရှားရှိဆဲ၊

၂။ နတ္ထိပစ္စည်းက ထင်ရှားမရှိတော့ပြီ။

ဤကဲ့သို့သော သဘောအားဖြင့် ဆန့်ကျင်၍ နေသော ပစ္စည်းတစ်စုံဖြစ်ပါသည်။

မေး။ အတ္ထိပစ္စည်းသဘော၊ နတ္ထိပစ္စည်း သဘောများကို ပိုင်နိုင်စွာ သိရှိခဲ့ပါလျှင် အဘယ်သို့သော အကျိုးများ ထွန်းကားဖြစ်ပေါ်လာနိုင်ပါသနည်း။

ဖြေ။ ၁။ အတ္ထိပစ္စည်းသဘောကို ပိုင်နိုင်စွာ သိရှိခဲ့ပါလျှင် ပြတ်သည်ဟု အယူရှိသော ဥစ္ဆေဒဒိဋ္ဌိကို ပယ်ရှား နိုင်ပါသည်။

၂။ နတ္ထိပစ္စည်းသဘောကို ပိုင်နိုင်စွာ သိရှိခဲ့ပါလျှင် မြဲသည်ဟု အယူရှိသော သဿတဒိဋ္ဌိကို ပယ်ရှား နိုင်ပါသည်။

ဤကဲ့သို့ အကျိုးဖြစ်ထွန်းနိုင်ပါသည်။

နတ္ထိပစ္စည်းပြီး၏။

WWW.DHAMMARANSI.NET

## ၂၃ – ဝိဂတပစ္စည်း

မေး။ အဘယ်သို့သော သဘောသတ္တိအားဖြင့် ကျေးဇူးပြုသောပစ္စည်းကို ဝိဂတပစ္စည်းဟု ခေါ်ပါသနည်း။

ဖြေ။ ချုပ်လေပြီး၊ ကင်းလေပြီးသော သဘောသတ္တိအားဖြင့် ကျေးဇူးပြုသောပစ္စည်းကို ဝိဂတပစ္စည်းဟုခေါ်ပါသည်။ ဤဝိဂတပစ္စည်းသည် နတ္ထိပစ္စည်းနှင့် အလုံးစုံတူမျှသောကြောင့် ပစ္စည်း၊ ပစ္စယုပ္ပန်မှစ၍ အထူးဖြေဆိုရန် မလိုတော့ပါ။

ဝိဂတပစ္စည်းပြီး၏။

## ၂၄ – အဝိဂတပစ္စည်း

မေး။ အဘယ်သို့သော သဘောသတ္တိအားဖြင့် ကျေးဇူးပြုသောပစ္စည်းကို အဝိဂတပစ္စည်းဟု ခေါ်ပါသနည်း။

ဖြေ။ မချုပ်သေး၊ မကင်းသေးသော သဘောသတ္တိအားဖြင့် ကျေးဇူးပြုသောပစ္စည်းကို အဝိဂတပစ္စည်းဟုခေါ်ပါသည်။ ဤအဝိဂတပစ္စည်းသည် အတ္ထိပစ္စည်းနှင့် အလုံးစုံတူမျှသောကြောင့် ပစ္စည်း၊ ပစ္စယုပ္ပန်မှစ၍ အထူးဖြေဆိုရန် မလိုတော့ပါ။

မေး။ ဝိဂတပစ္စည်း၊ အဝိဂတပစ္စည်း နှစ်ပါးကို ယှဉ်တွဲ၍ ဖြေဆိုပါဦး။

WWW.DHAMMARANSI.NET

ဖြေ။ ဝိဂတပစ္စည်း၊ အဝိဂတပစ္စည်းသည် သဘောချင်း ဆန့်ကျင်၍နေသော ပစ္စည်းတစ်စုံဖြစ်ပါသည်။

၁။ ဝိဂတပစ္စည်းသဘောကို ပိုင်နိုင်စွာ သိရှိပါလျှင် သဿတဒိဋ္ဌိကို ပယ်နိုင်ပါသည်။

၂။ အဝိဂတပစ္စည်းသဘောကို ပိုင်နိုင်စွာ သိရှိပါလျှင် ဥစ္ဆေဒဒိဋ္ဌိကို ပယ်နိုင်ပါသည်။

အဝိဂတပစ္စည်းပြီး၏။

## ပဋ္ဌာန်းပစ္စယနိဒ္ဒေသ ပြီး၏။

## ၄-ပဋ္ဌာန်း ၂၄-ပစ္စည်း၌ ပြုးပြမ်းမှတ်ဖွယ်

## ရှုပ်ရှုပသာ-စသောအားဖြင့် ဝေဖန်ပုံ

မေး။ ပဋ္ဌာန်း ၂၄-ပစ္စည်းတို့၏ ပစ္စည်း၊ ပစ္စယုပ္ပန်များနှင့် တကွ လိုရင်းဖြစ်သော သဘောအချက်ကို ဖြေကြားသောကြောင့် သိရပေပြီ။ သို့ရာတွင် ဖြေဆိုခဲ့ပြီးသော အချက်များမှာ ပစ္စနိက်မပါလာပါ။ အဘယ်သို့သော တရားများကို ပစ္စနိက်ဆိုပါသနည်း။

WWW.DHAMMARANSI.NET

ဖြေ။ အကျိုးပစ္စယုပ္ပန်တွင် မပါဝင်နိုင်သော တရားဟူသမျှကို ပစ္စနိက်ဟုခေါ်ရပါသည်။ ပစ္စယုပ္ပန်သရုပ်ကို ကောင်းမွန်စွာ ကောက်ယူနိုင်လျှင် ပစ္စနိက်သရုပ်ကို ကောက်ယူရန်မှာ မခဲယဉ်းတော့ပါ။

မေး။ ဖြေဆိုခဲ့ပြီးသော ပဋ္ဌာန်း ၂၄-ပစ္စည်းတို့တွင် နာမ်က နာမ်အားသာ ကျေးဇူးပြုသော ပစ္စည်းပေါင်း မည်မျှရှိပါသနည်း၊ သရုပ်နှင့်တကွဖော်ထုတ်၍ပြပါ။

ဖြေ။ အနန္တရ၊ သမနန္တရ၊ အာသေဝန၊ သမ္ပယုတ္တ၊ နတ္ထိ၊ ဝိဂတ ဤပစ္စည်း ၆-ပါးသည် နာမ်က နာမ်အားသာ ကျေးဇူးပြုသော ပစ္စည်းများဖြစ်ပါသည်။

မေး။ နာမ်က ရုပ်၊ နာမ် နှစ်ပါးတို့အား ကျေးဇူးပြုသော ပစ္စည်း သည် အဘယ်မျှရှိသနည်း၊ သရုပ်နှင့်တကွ ဖော်ထုတ် ၍ ပြပါ။

ဖြေ။ ဟေတု၊ ကမ္မ၊ ဝိပါက၊ ဈာန၊ မဂ္ဂ ဤပစ္စည်း ၅-ပါးသည် နာမ်က ရုပ်နာမ်နှစ်ပါးတို့အား ကျေးဇူးပြုသော ပစ္စည်းများဖြစ်ပါသည်။

ဆောင်ပုဒ်။ နာမ်လျှင် နာမ်အား၊ ခြောက်မျိုးပြား၊ ငါးပါး နာမ်ရုပ်ငှာ။

မေး။ နာမ်က ရုပ်အားသာ ကျေးဇူးပြုသောပစ္စည်း၊ ရုပ်က

WWW.DHAMMARANSI.NET

နာမ်အားသာ ကျေးဇူးပြုသောပစ္စည်း အဘယ်မျှ ရှိပါသနည်း၊ သရုပ်နှင့်တကွ ဖော်ထုတ်၍ပြပါ။

ဖြေ။ ၁။ ပစ္ဆာဇာတပစ္စည်းတစ်ပါးသည် နာမ်ကရုပ်အားသာ ကျေးဇူးပြုသော ပစ္စည်းတစ်မျိုးဖြစ်ပါသည်။

၂။ ပုရေဇာတပစ္စည်းတစ်ပါးသည် ရုပ်ကနာမ်အားသာ ကျေးဇူးပြုသော ပစ္စည်းဖြစ်ပါသည်။

ဆောင်ပုဒ်။ နာမ်လျှင်-ရုပ်အား၊ မျိုးတစ်ပါး၊ နာမ်အား-ရုပ်ကော။

မေး။ ပညတ်၊ နာမ်၊ ရုပ်တို့က နာမ်အားသာ ကျေးဇူးပြုသော ပစ္စည်းမျိုး အဘယ်မျှရှိပါသနည်း၊ သရုပ်နှင့်တကွ ဖော်ထုတ်၍ပြပါ။

ဖြေ။ အာရမ္မဏပစ္စည်း၊ ဥပနိဿယပစ္စည်း ဤပစ္စည်းနှစ်ပါးသည် ပညတ်၊ နာမ်၊ ရုပ်တို့က နာမ်အားသာ ကျေးဇူးပြုသော ပစ္စည်းမျိုးဖြစ်ပါသည်။

မေး။ နာမ်၊ ရုပ်နှစ်ပါးတို့က နာမ်၊ ရုပ်နှစ်ပါးတို့အား ကျေးဇူးပြုသော ပစ္စည်းပေါင်း မည်မျှရှိပါသနည်း၊ သရုပ်နှင့်တကွ ဖော်ထုတ်၍ပြပါ။

ဖြေ။ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ အာဟာရ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤပစ္စည်း ကိုးပါးတို့သည် နာမ်၊ ရုပ်နှစ်ပါးတို့က နာမ်၊ ရုပ်နှစ်ပါးတို့အား ကျေးဇူးပြုသော ပစ္စည်းမျိုးဖြစ်ပါသည်။

WWW.DHAMMARANSI.NET

ဆောင်ပုဒ်။ ပညတ်၊ နာမ်၊ ရုပ်၊ နာမ်အားဒုက်၊ ဒုက်၊ ဒုက် ကိုးမျိုးသာ။

ရုပ်ရုပသဿ-စသောအားဖြင့် ဝေဖန်ပုံပြီး၏။

## ပစ္စည်းအမျိုးမျိုးဝေဖန်ပုံ

မေး။ ပဋ္ဌာန်း ၂၄-ပစ္စည်းတို့ကို အမျိုးတူချင်းချင်း ဝေဖန်လျှင် ပစ္စည်းအမျိုးပေါင်း မည်မျှရှိပါသနည်း။

ဖြေ။ ၁။ သဟဇာတပစ္စည်းမျိုး၊

၂။ အာရမ္မဏပစ္စည်းမျိုး၊

၃။ အနန္တရပစ္စည်းမျိုး၊

၄။ ဝတ္ထုပုရေဇာတပစ္စည်းမျိုး၊

၅။ ပစ္ဆာဇာတပစ္စည်းမျိုး၊

၆။ ရုပ်အာဟာရပစ္စည်းမျိုး၊

၇။ ရူပဇီဝိတိန္ဒြိယပစ္စည်းမျိုး၊

ဤသို့လျှင် ပစ္စည်းအမျိုးပေါင်း ၇-မျိုး ရှိပါသည်။

မေး။ ထို ၇-မျိုးတို့တွင် သဟဇာတပစ္စည်းမျိုးပေါင်း မည်မျှ ရှိပါသနည်း။

WWW.DHAMMARANSI.NET

ဖြေ။ ၁။ သဟဇာတကြီး ၄ပါး၊

၂။ သဟဇာတလတ် ၄-ပါး၊

၃။ သဟဇာတငယ် ၇-ပါး၊

ဤသို့လျှင် သဟဇာတ ပစ္စည်းပေါင်း ၁၅-ပါးရှိပါသည်။

မေး။ ထိုသဟဇာတပစ္စည်းတို့၏ သရုပ်ကို ဖော်ထုတ်၍ပြပါ။

ဖြေ။ ၁။ သဟဇာတ၊ သဟဇာတနိဿယ၊ သဟဇာတတ္ထိ၊ သဟဇာတ အဝိဂတ ဤလေးပါးကို ပစ္စည်း နယ် ကျယ်သောကြောင့် မဟာသဟဇာတကြီး ၄-ပါးဟု ခေါ်ပါသည်။

၂။ အညမည၊ ဝိပါက၊ သမ္ပယုတ္တ၊ သဟဇာတ ဝိပ္ပ ယုတ္တ ဤ ၄-ပါးကို ပစ္စည်းနယ် မကျဉ်းမကျယ်ဖြစ် သောကြောင့် သဟဇာတလတ်ဟုခေါ်ပါသည်။

၃။ ဟေတု၊ သဟဇာတဓိပတိ၊ သဟဇာတာကမ္မ၊ နာမ် အာဟာရ၊ သဟဇာတိန္ဒြိယ၊ ဈာန၊ မဂ္ဂ ဤ ၇-ပါး ကို ပစ္စည်းနယ် ကျဉ်းသောကြောင့် သဟဇာတငယ် ခေါ်ပါသည်။

ဆောင်ပုဒ်။ ၁။ သ, နိ, အတ္ထိ၊ အဝိဂတာ၊ ဤလေးဖြာ၊ မဟာသဟဇ။

၂။ အည,ဝိ,သံ၊ ဝိပ်လေးတန်၊ မဇ္ဈိသဟဇ။

WWW.DHAMMARANSI.NET

### ၃။ ဟေ, ဝိ, ဟာ, ကာံ၊ ဣန်, မဂ်, ဈာန်၊ မှတ်ရန်ငယ်သဟ။

မေး။ သဟဇာတပစ္စည်းအရာ၌ နာမ်နှင့်ရုပ်တို့ သဟဇာတပစ္စည်းပြုပုံကို အမြွက်မျှဖော်ပြပါ။

ဖြေ။ ၁။ ပဋိသန္ဓေအခိုက်၌ နာမ်တရားတို့က ကမ္မဇရုပ်တို့အား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

၂။ ပဝတ္တိအခါ နာမ်တရားတို့အား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

၃။ ပဉ္စဝေါကာရဘုံ၌ ပဋိသန္ဓေစိတ်နှင့် ဟဒယဝတ္ထုသည် အချင်းချင်း အပြန်အလှန်သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ဆောင်ပုဒ်။ ၁။ သန္ဓိအခါ၊ ကမ္မဇာ၊ နောက်မှာစိတ္တဇ။

၂။ ဝတ္ထုနှင့်သန်၊ အပြန်ပြန်၊ သုံးတန်သဟဇ။

မေး။ ရုပ်အချင်းချင်း ဥပါဒါရုပ်နှင့် မဟာဘုတ် လေးပါးတို့သည် သဟဇာတသတ္တိဖြင့် အဘယ်ကဲ့သို့ ကျေးဇူးပြုပါသနည်း။

ဖြေ။ မဟာဘုတ် ၄-ပါးတို့ကသာ ဥပါဒါတို့အား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုနိုင်ပါသည်။ ဥပါဒါရုပ်တို့က မဟာဘုတ်တို့အား ပြန်လှန်၍ ကျေးဇူးမပြုနိုင်ပါ။

WWW.DHAMMARANSI.NET

ဆောင်ပုဒ်။ နှစ်ဆယ့်လေးဖြာ၊ ဥပါဒါ၊ မဟာဘုတ်မှ-ရ။

မေး။ ထိုသဟဇာတပစ္စည်းမျိုးတွင် အချင်းချင်း အပြန်အလှန် ကျေးဇူးပြုနိုင်သော တရားသရုပ်ကို ဖော်ထုတ်၍ပြပါ။

ဖြေ။ ၁။ ပဋိသန္ဓေခဏ၌ ပဋိသန္ဓေနှင့် ဟဒယဝတ္ထု၊

၂။ တစ်ခုသော စိတ္တုပ္ပါဒ်၌ အတူတကွ ဖြစ်ပေါ်ကြသော နာမ်တရားစု၊

၃။ ကလာပ်တူ မဟာဘုတ် ၄-ပါး၊

ဤတရားစုသည် အချင်းချင်း အပြန်အလှန် ကျေးဇူးပြုနိုင်သော တရားများဖြစ်ကြပါသည်။

မေး။ အာရမ္မဏပစ္စည်းမျိုးပေါင်း မည်မျှရှိပါသနည်း၊ သရုပ်နှင့်တကွ ဖော်ထုတ်၍ပြပါ။

ဖြေ။ ၁။ အာရမ္မဏ၊

၂။ အာရမ္မဏာဓိပတိ၊

၃။ ဝတ္ထာရမ္မဏပုရေဇာတနိဿယ၊

၄။ အာရမ္မဏူပနိဿယ၊

၅။ အာရမ္မဏပုရေဇာတ၊

၆။ ဝတ္ထာရမ္မဏပုရေဇာတဝိပ္ပယုတ္တ၊

၇။ အာရမ္မဏပုရေဇာတတ္ထိ၊

၈။ အာရမ္မဏပုရေဇာတ အဝိဂတ၊

WWW.DHAMMARANSI.NET

ဤသို့လျှင် အာရမ္မဏ ပစ္စည်းမျိုးပေါင်း ၈-ပါး ရှိပါသည်။

မေး။ အနန္တရပစ္စည်းအမျိုးပေါင်း မည်မျှရှိပါသနည်း၊ သရုပ်နှင့်တကွ ဖော်ထုတ်၍ပြပါ။

ဖြေ။ ၁။ အနန္တရ၊

၂။ သမနန္တရ၊

၃။ အနန္တရူပနိဿယ၊

၄။ အာသေဝန၊

၅။ နာနာက္ခဏိက ကမ္မ၊

၆။ နတ္ထိ၊

၇။ ဝိဂတ၊

ဤသို့လျှင် အနန္တရပစ္စည်းမျိုးပေါင်း ၇-မျိုးရှိပါသည်။

မေး။ နာနာက္ခဏိက ကမ္မပစ္စည်းကို အနန္တရပစ္စည်းမျိုးတွင် အဘယ့်ကြောင့် ထည့်သွင်းရပါသနည်း။

ဖြေ။ မဂ် ၄-ခု၌ရှိသော စေတနာကသည် မိမိဖြစ်ပြီးသည်မှ အခြားမဲ့၌ ဖိုလ်တည်းဟူသော အကျိုးကိုဖြစ်စေနိုင်ပါသည်။ ထို့ကြောင့် ဤ မဂ်စေတနာ ၄-ခုကို ရည်ရွယ်၍ နာနာက္ခဏိက ကမ္မကို အနန္တရပစ္စည်းမျိုး၌ ထည့်သွင်းထားရပါသည်။

မေး။ ဝတ္ထုပုရေဇာတပစ္စည်း အမျိုးပေါင်းမည်မျှ ရှိပါသနည်း၊ သရုပ်နှင့်တကွ ဖော်ထုတ်၍ပြပါ။

F 16 A

WWW.DHAMMARANSI.NET

ဖြေ။ ၁။ ဝတ္ထုပုရေဇာတ နိဿယ၊

၂။ ဝတ္ထုပုရေဇာတ၊

၃။ ပုရေဇာတိန္ဒြိယ၊

၄။ ပုရေဇာတဝိပ္ပယုတ္တ၊

၅။ ပုရေဇာတတတ္ထိ၊

၆။ ပုရေဇာတ အဝိဂတ၊

ဤသို့လျှင် ဝတ္ထုပုရေဇာတ ပစ္စည်းအမျိုးပေါင်း ၆-မျိုး ရှိပါသည်။

မေး။ ပစ္ဆာဇာတ ပစ္စည်းမျိုးပေါင်း မည်မျှ ရှိပါသနည်း၊ သရုပ်နှင့်တကွ ဖော်ထုတ်၍ပြပါ။

ဖြေ။ ၁။ ပစ္ဆာဇာတ၊

၂။ ပစ္ဆာဇာတဝိပ္ပယုတ္တ၊

၃။ ပစ္ဆာဇာတတ္ထိ၊

၄။ ပစ္ဆာဇာတအဝိဂတ၊

ဤသို့လျှင် ပစ္ဆာဇာတပစ္စည်းပေါင်း ၄-ပါး ရှိပါသည်။

မေး။ ရုပ်အာဟာရ ပစ္စည်းမျိုးပေါင်း မည်မျှ ရှိပါသနည်း၊ သရုပ်နှင့်တကွ ဖော်ထုတ်၍ပြပါ။

ဖြေ။ ၁။ ရုပ်အာဟာရ၊

၂။ ရုပ်အာဟာရတ္ထိ၊

WWW.DHAMMARANSI.NET

၃။ ရုပ်အာဟာရ အဝိဂတ၊

ဤသို့လျှင် ရုပ်အာဟာရ ပစ္စည်းမျိုးပေါင်း ၃-ပါး ရှိပါသည်။

မေး။ ရူပဇီဝိတိန္ဒြိယ ပစ္စည်းမျိုးပေါင်း မည်မျှ ရှိပါသနည်း၊ သရုပ်နှင့်တကွ ဖော်ထုတ်၍ပြပါ။

ဖြေ။ ၁။ ရူပဇီဝိတိန္ဒြိယ၊

၂။ ရူပဇီဝိတိန္ဒြိယတ္ထိ၊

၃။ ရူပဇီဝိတိန္ဒြိယ အဝိဂတ၊

ဤသို့လျှင် ရူပဇီဝိတိန္ဒြိယ ပစ္စည်းမျိုးပေါင်း ၃-ပါး ရှိပါသည်။ ရုပ်အာဟာရပစ္စည်း ၃-မျိုး၊ ရူပဇီဝိတိန္ဒြိယ ပစ္စည်း ၃-မျိုး ဤ ၆ မျိုးကို ဥပသဟာဇာတပစ္စည်းဟူ၍လည်း ခေါ်ပါသေးသည်။

ပစ္စည်းအမျိုးမျိုး ဝေဖန်ပုံပြီး၏။

## ကာလအားဖြင့် ဝေဖန်ပုံ

မေး။ ပစ္စုပ္ပန်ကာလအားဖြင့် ကျေးဇူးပြုသော ပစ္စည်းပေါင်း မည်မျှ ရှိပါသနည်း၊ သရုပ် နှင့်တကွ ဖော်ထုတ်၍ပြပါ။

WWW.DHAMMARANSI.NET

ဖြေ။ ၁။ သဟဇာတ ပစ္စည်းမျိုး-၁၅၊

၂။ အာရမ္မဏပစ္စည်းမျိုး-၈၊

၃။ ပုရေဇာတပစ္စည်းမျိုး-၆၊

၄။ ပစ္ဆာဇာတပစ္စည်းမျိုး-၄၊

၅။ ဥပသဟဇာတ ပစ္စည်းမျိုး-၆၊

ဤပစ္စည်းတို့သည် ပစ္စုပ္ပန်ကာလအားဖြင့် ကျေးဇူးပြုသော ပစ္စည်းမျိုးဖြစ်ကြပါသည်။

မေး။ အတိတ်ကာလအားဖြင့် ကျေးဇူးပြုသော ပစ္စည်းပေါင်း မည်မျှ ရှိပါသနည်း၊ သရုပ် နှင့်တကွ ဖော်ထုတ်၍ပြပါ။

ဖြေ။ နာနာက္ခဏိက ကမ္မနှင့်တကွ အနန္တရပစ္စည်းမျိုးပေါင်း ၇-ပါးတို့သည် အတိတ်ကာလအားဖြင့် ကျေးဇူးပြုသော ပစ္စည်းမျိုးဖြစ်ကြပါသည်။

မေး။ ကာလသုံးပါး အားဖြင့် ကျေးဇူးပြုသော ပစ္စည်းပေါင်း မည်မျှ ရှိပါသနည်း၊ သရုပ် နှင့်တကွ ဖော်ထုတ်၍ပြပါ။

ဖြေ။ အာရမ္မဏ၊ ပကတူပနိဿယ ဤပစ္စည်း ၂-ပါးသည် ကာလသုံးပါးအားဖြင့် ကျေးဇူးပြုသော ပစ္စည်းများ ဖြစ်ကြပါသည်။

မေး။ အဘယ်ပစ္စည်းများကို ကာလဝိမုတ် ပစ္စည်းဟူ၍ ခေါ်ဆိုပါသနည်း။

WWW.DHAMMARANSI.NET

ဖြေ။ အာရမ္မဏပစ္စည်း၊ ပကတူပနိဿယ ပစ္စည်း ဤပစ္စည်း ၂-ပါးကို ကာလဝိမုတ်ဟူ၍ ခေါ်ပါသည်။ ထိုပစ္စည်းတို့၌ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်နှင့် ပညတ်ပါဝင်လျက်ရှိပါသည်။

မေး။ အဘယ်တရားများသည် အကြောင်းပစ္စည်း၌သာ ပါဝင်၍ အကျိုးပစ္စယုပ္ပန်၌ မပါမဝင် ရှိနေကြပါသနည်း။

ဖြေ။ နိဗ္ဗာန်နှင့် ပညတ်သည် အကြောင်းပစ္စည်း၌သာ ပါဝင်၍ အကျိုးပစ္စယုပ္ပန်၌ မပါဝင်သော တရားများဖြစ်ကြပါသည်။

မေး။ အကျိုးပစ္စယုပ္ပန်တွင် မပါဝင်ခြင်းအကြောင်းကို ဖော်ပြပါ။

ဖြေ။ နိဗ္ဗာန်နှင့် ပညတ်သည် ဖြစ်ပေါ်ဥပါဒ်ခြင်းသဘော မရှိပါ၊ ဖြစ်ပေါ်ဥပါဒ်ခြင်း သဘောရှိပါမှ ပစ္စယုပ္ပန်တွင် ပါဝင်နိုင်ပါသည်။ ထို့ကြောင့် နိဗ္ဗာန်နှင့် ပညတ်သည် အကျိုးပစ္စယုပ္ပန်တွင် မပါဝင်နိုင်ဘဲ ရှိနေကြပါသည်။

မေး။ အကြောင်းကိုအစွဲပြု၍ ဖြစ်ပေါ်ကြကုန်သော အကျိုးတရားတို့ကို အဘယ်သို့ ခေါ်ဆိုရပါသေးသနည်း။

ဖြေ။ ထိုအကျိုးတရားတို့ကို အကြောင်း ရှိသောကြောင့် "သပ္ပစ္စယ" ဟူ၍ လည်းကောင်း၊ ပြုပြင် စီရင်အပ်သောကြောင့် "သင်္ခတ"ဟူ၍လည်းကောင်း ခေါ်ဆိုရပါသည်။

မေး။ အကြောင်းရှိမှ ဖြစ်ပေါ်လာသော တရားများကို မြဲသည်ဟု ဆိုနိုင်ပါလော။

ဖြေ။ ၁။ အကြောင်းရှိမှ ဖြစ်ပေါ်လာကုန်သော တရားဟူ

WWW.DHAMMARANSI.NET

သမျှကို မြဲသည်ဟု မဆိုနိုင်ပါ။ ခဏခဏ ပျက်စီး၍ နေပါသည်။

၂။ မမြဲသော တရားဟူသမျှသည် ဘေးဒုက္ခအမျိုးမျိုးကို ဖြစ်စေနိုင်ပါသည်။

၃။ မြဲလည်းမမြဲ ဘေးဒုက္ခကိုလည်း ဖြစ်စေတတ်သော တရားဟူသမျှကို ငါ, ငါဟူ၍ စွဲလမ်းခြင်းငှာ မထိုက်ပါ၊ အနတ္တအစစ်တို့သာ ဖြစ်ကြပါသည်။

မေး။ ပဋ္ဌာန်းဒေသနာတော်အားဖြင့် ရှင်တော်မြတ်ဘုရားသည် အဘယ်သို့သော သဘောအဓိပ္ပါယ်ကို ပြတော်မူလိုရင်းဖြစ်ပါသနည်း၊ အချုပ်အားဖြင့် ဖော်ပြပါ။

ဖြေ။ ရုပ်၊ နာမ်တရားတို့သည် အကြောင်းကိုစွဲ၍ဖြစ်ပေါ်ကြသော သပ္ပစ္စယ၊ သင်္ခတတရားတို့သာ ဖြစ်ကြကုန်၏။ သတ္တဝါတို့၏ အလိုဆန္ဒအားဖြင့် ဖြစ်ပေါ်ကြသော တရားမျိုးမဟုတ်ကုန်၊ သတ္တဝါတို့၏ အလိုသို့မလိုက်သော အဝသဝတ္တန တရားတို့သာ ဖြစ်ကုန်၏။ တရားတစ်ခုခု ဖြစ်ပေါ်ရာ၌ အကြောင်းပစ္စည်းပေါင်းများစွာတို့ဖြင့် ကျေးဇူးပြုကာ ထူထောင်ရကုန်၏။ အနတ္တသဘောအချက်ကြီး အနုစိတ်အားဖြင့် ပြတော်မူလိုသောကြောင့် ပဋ္ဌာန်းတရားကို ဟောကြားတော်မူပါသည်။

ကာလအားဖြင့် ဝေဖန်ပုံပြီး၏။

WWW.DHAMMARANSI.NET

## ဘုံ အားဖြင့် ဝေဖန်ပုံ

မေး။ ပဋ္ဌာန်း ၂၄-ပစ္စည်းတို့ကို ရသင့်ရထိုက်၊ မရသင့် မရထိုက်သော ဘုံအားဖြင့် ဝေဖန်၍ပြပါ။

ဖြေ။ ၁။ ပဥ္စဝေါကာရ ၂၆-ဘုံ၌ ပဋ္ဌာန်းပစ္စည်းအလုံးစုံကို အကုန်ရနိုင်ပါသည်။

၂။ စတုဝေါကာရ ၄-ဘုံ၌ ပုရေဇာတပစ္စည်းမျိုး၊ ဝတ္ထာရမ္မဏပုရေဇာတ ပစ္စည်းမျိုး၊ ပစ္ဆာဇာတပစ္စည်းမျိုး၊ ရုပ်အာဟာရပစ္စည်းမျိုး၊ ရူပဇီဝိတိန္ဒြိယဝိပ္ပယုတ္တပစ္စည်းမျိုး ဤပစ္စည်းတို့ကို မရနိုင်ပါ။

၃။ ဧကဝေါကာရဘုံ၌ အာရမ္မဏ၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဥပနိဿယ၊ ရူပဇီဝိတိန္ဒြိယ၊ အတ္ထိ၊ အဝိဂတ ဤပစ္စည်းတို့ကိုသာ ရနိုင်ပါသည်။ ကြွင်းသော ပစ္စည်းတို့ကို မရနိုင်ပါ။

မေး။ ပဋ္ဌာန်း ၂၄-ပစ္စည်းတို့တွင် အလုံးစုံသော စိတ်တို့နှင့် ဆက်ဆံသော ပစ္စည်းများကို ဖော်ထုတ်၍ပြပါ။

ဖြေ။ အာရမ္မဏ၊ အနန္တရ၊ သမနန္တရ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဥပနိဿယ၊ ကမ္မ၊ အာဟာရ၊ ဣန္ဒြိယ၊ သမ္ပယုတ္တ၊ အတ္ထိ၊ နတ္ထိ၊ ဝိဂတ၊ အဝိဂတ ဤပစ္စည်း ၁၅-ပါးတို့သည် စိတ်အလုံးစုံတို့နှင့် အကုန်ဆက်ဆံပါသည်။

မေး။ အချို့သော စိတ်တို့နှင့်သာ ဆက်ဆံသော ပစ္စည်း တို့ကို ဖော်ပြပါ။

WWW.DHAMMARANSI.NET

ဖြေ။ ၁။ ဟေတု၊ အဓိပတိ၊ ပုရေဇာတ၊ အာသေဝန၊ ဝိပါက၊ ဈာန၊ မဂ္ဂ၊ ဝိပ္ပယုတ္တ ဤရှစ်ပါးတို့သည် အချို့အချို့သော စိတ်တို့နှင့်သာ ဆက်ဆံကြပါသည်။

၂။ ပစ္ဆာဇာတပစ္စည်း တစ်ပါးတည်းသည်ကား အသီးအခြား ရုပ်တရားတို့အားသာ ကျေးဇူးပြုသော ပစ္စည်းဖြစ်ပါသည်။

ဘုံအားဖြင့် ဝေဖန်ပုံပြီး၏။

## သာမညပစ္စည်းပြိုင်ပုံ

မေး။ အဘယ်သို့သော သဘောမျိုးကို ပစ္စည်းပြိုင်ဟူ၍ ခေါ်ဆိုပါသနည်း။

ဖြေ။ တစ်ခုသော ပစ္စယုပ္ပန်၌ ပစ္စည်းပေါင်းများစွာ ပေါင်းဆုံ၍ ကျေးဇူးပြုသော သဘောမျိုးကို ပစ္စည်းပြိုင်ဟု ခေါ်ပါသည်။ တစ်နည်းအားဖြင့် တစ်ခုတစ်ခုသော စိတ္တုပ္ပါဒ်၊ တစ်ခုတစ်ခုသော ရုပ်ကလာပ်၌ ဆိုင်ရာဆိုင်ရာသတ္တိအားဖြင့် ပစ္စည်းပေါင်းများစွာ ပေါင်းဆုံ၍ ကျေးဇူးပြုပုံသဘောကို ပစ္စည်းပြိုင်ဟု ခေါ်ပါသည်။

မေး။ မဟာကုသိုလ် ပဌမစိတ် တစ်ခုကို မူတည်၍ ပစ္စည်းပြိုင်ပုံသဘောကို သိလွယ်အောင် ဖော်ပြပါ။

WWW.DHAMMARANSI.NET

ဖြေ။ မဟာကုသိုလ်ပထမစိတ် ဖြစ်ပေါ်လာသောအခါ စေတသိက် ၃၁-ပါး ယှဉ်ပါသည်။ စိတ်နှင့်တကွ နာမ်တရားပေါင်း ၃၉-ပါးရှိပါသည်။ ထို ၃၉-ပါးကို နာမ်ကလာပ်တစ်ခုဟု ခေါ်ဆိုရပါသည်။ ထိုတရား ၃၉-ပါးတို့သည် အချင်းချင်း သဟဇာတ၊ အညမည၊ နိဿယ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ ပစ္စယသတ္တိ ၆-မျိုးတို့ဖြင့် ကျေးဇူးပြုပါသည်။

၁။ မဟာကုသိုလ် ပထမစိတ်သည် သမ္ပယုတ်တရားတို့အား အဓိပတိ၊ အာဟာရ၊ ဣန္ဒြိယ ဤသုံးပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။

၂။ စေတသိက်တို့တွင် ဖဿသည် အာဟာရသတ္တိဖြင့် ကျေးဇူးပြုပါသည်။

၃။ ဝေဒနာသည် ဣန္ဒြိယ၊ ဈာနသတ္တိဖြင့် ကျေးဇူးပြုပါသည်။

၄။ စေတနာသည် ကမ္မ၊ အာဟာရသတ္တိဖြင့် ကျေးဇူးပြုပါသည်။

၅။ ဧကဂ္ဂတာသည် ဣန္ဒြိယ၊ ဈာန၊ မဂ္ဂသတ္တိဖြင့် ကျေးဇူးပြုပါသည်။

၆။ ဇီဝိတသည် ဣန္ဒြိယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

၇။ ဝိတက်စေတသိက်သည် ဈာန၊ မဂ္ဂဖြင့် ကျေးဇူးပြုပါသည်။

WWW.DHAMMARANSI.NET

၈။ ဝိစာရ၊ ပီတိ စေတသိက်တို့သည် ဈာန သတ္တိဖြင့် ကျေးဇူးပြုပါသည်။

၉။ ဝီရိယစေတသိက်သည် အဓိပတိ၊ ဣန္ဒြိယ၊ မဂ္ဂ သတ္တိဖြင့် ကျေးဇူးပြုပါသည်။

၁၀။ ဆန္ဒစေတသိက်သည် အဓိပတိသတ္တိဖြင့် ကျေးဇူး ပြုပါသည်။

၁၁။ အမောဟစေတသိက်သည် ဟေတု၊ အဓိပတိ၊ ဣန္ဒြိယ၊ မဂ္ဂသတ္တိဖြင့် ကျေးဇူးပြုပါသည်။

၁၂။ အလောဘ၊ အဒေါသ စေတသိက်သည် ဟေတု သတ္တိဖြင့် ကျေးဇူးပြုပါသည်။

၁၃။ သဒ္ဓါစေတသိက်သည် ဣန္ဒြိယသတ္တိဖြင့် ကျေးဇူး ပြုပါသည်။

၁၄။ သတိစေတသိက်သည် ဣန္ဒြိယ၊ မဂ္ဂသတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။

၁၅။ ဝိရတီစေတသိက် သုံးပါးသည် မဂ္ဂသတ္တိဖြင့် ကျေးဇူးပြုပါသည်။

၁၆။ မဟာကုသိုလ်စိတ်၌ ကုသလကမ္မပထ မြောက် သော စေတနာသည် နောင်ဖြစ်ပေါ်လတ္တံ့သော ဝိပါက် နာမက္ခန္ဓာတို့အား နာနာက္ခဏိက သတ္တိ ဖြင့် ကျေးဇူးပြုပါသည်။

WWW.DHAMMARANSI.NET

ဤသည်ကား မဟာကုသိုလ်စိတ်တစ်ခုကို မှတည်၍ ပစ္စည်းပြိုင်ပုံအချက်ကို ဖြေဆိုခြင်းဖြစ်ပါသည်။

မေး။ ထိုမဟာကုသိုလ် စိတ္တုပ္ပါဒ်သည် ရုပ်တရားတို့အား အဘယ်သို့သော ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသနည်း။

ဖြေ။ ၁။ မဟာကုသိုလ်စိတ္တုပ္ပါဒ်သည် အတူတကွ ဖြစ်ပေါ်သော စိတ္တဇရုပ်တို့အား ဟေတု၊ အဓိပတိ၊ သဟဇာတအစရှိသော ပစ္စယသတ္တိပေါင်းများစွာတို့ဖြင့် ကျေးဇူးပြုပါသည်။

၂။ မဟာကုသိုလ်စိတ္တုပ္ပါဒ်သည် မိမိရှေ့၌ဖြစ်၍ "ဋ္ဌီ" အနေအားဖြင့် ထင်ရှားရှိကုန်သော ရုပ်တို့အား ပစ္ဆာဇာတ၊ ပစ္ဆာဇာတဝိပ္ပယုတ္တ၊ ပစ္ဆာဇာတတ္ထိ၊ ပစ္ဆာဇာတအဝိဂတသတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။

မေး။ မဟာကုသိုလ် စိတ္တုပ္ပါဒ်၏မှီရာဖြစ်သော ဟဒယဝတ္ထုသည် မဟာကုသိုလ်စိတ်အား အဘယ်ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသနည်း။

ဖြေ။ နိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတသတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။

မေး။ ထိုမဟာကုသိုလ် စိတ္တုပ္ပါဒ်သည် ဣဋ္ဌဖြစ်သော ရူပါရုံကို အာရုံပြုသည်ဖြစ်အံ့၊ ထိုရူပါရုံသည် မဟာကုသိုလ်စိတ္တုပ္ပါဒ်အား အဘယ် ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသနည်း။

WWW.DHAMMARANSI.NET

ဖြေ။ ထိုဣန္ဒြိယဖြစ်သော ရူပါရုံသည် မဟာကုသိုလ် စိတ္တုပ္ပါဒ်အား အာရမ္မဏ၊ အဓိပတိ၊ ဥပနိဿယ၊ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတသတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။

(ယခုဖြေဆိုသော မဟာကုသိုလ်စိတ္တုပ္ပါဒ်နှင့် ဆိုင်ရာ ပစ္စည်းပြိုင်နည်းတို့ကို မှီငြမ်းပြုပြီးလျှင် အခြားသော စိတ္တုပ္ပါဒ်တို့၌ ပစ္စည်းပြိုင်ပုံကို ဉာဏ်သဘောရှင်းလင်းစွာ ပေါ်ပေါက်ကြစေကုန်သတည်း)

သာမညပစ္စည်းပြိုင်ပုံပြီး၏။

## ရုပ်တရားအချင်းချင်း ပစ္စည်းပြိုင်ပုံ

မေး။ ရုပ် ၂၈-ပါးတို့တွင် အဘယ်ရုပ်များသည် ရုပ်တရားအချင်းချင်း၏ ပစ္စည်းဖြစ်နိုင်ပါသနည်း။

ဖြေ။ မဟာဘုတ် ၄-ပါး၊ ဇီဝိတရုပ်၊ အာဟာရရုပ် ဤခြောက်ပါးတို့သည် ရုပ်အချင်းချင်း၏ ပစ္စည်းဖြစ်နိုင်ပါသည်။

မေး။ ထိုရုပ်တရား ၆-ပါးတို့၏ ရုပ်အချင်းချင်းကျေးဇူးပြုပုံကို ဖော်ပြပါ။

ဖြေ။ ၁။ မဟာဘုတ် ၄-ပါးသည် မဟာဘုတ်အချင်းချင်းတို့အား သဟဇာတ၊ အညမည၊ နိဿယ၊ အတ္ထိ၊ အဝိ

WWW.DHAMMARANSI.NET

ဂတ ဤ ၅-ပစ္စယ သတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။

၂။ မဟာဘုတ် ၄-ပါးတို့သည် ကလာပ်တူ ဖြစ်သော ဥပါဒါရုပ်တို့အား သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ဤ ၄-ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။

၃။ ဇီဝိတရုပ်သည် ကလာပ်တူဖြစ်သော ကမ္မဇရုပ်တို့အား ဣန္ဒြိယ၊ အတ္ထိ၊ အဝိဂတ ဤ ၃-ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။

၄။ ရုပ်အဟာရသည် အဇ္ဈတ္တသန္တာန်၌ ရှိသော အလုံးစုံသော စတုဇရုပ်တို့အား အာဟာရ၊ အတ္ထိ၊ အဝိဂတ ဤ ၃-ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။

မေး။ ရုပ် ၂၈-ပါးတို့တွင် အဘယ်ရုပ်တရားများသည် နာမ်တရားတို့အား ဝိသေသပစ္စယသတ္တိဖြင့် ကျေးဇူးပြုနိုင်ပါသနည်း။

ဖြေ။ ပသာဒရုပ် ၅-ခု၊ ဂေါစရရုပ် ၇-ခု၊ ဟဒယရုပ် ၁-ခု ဤ ၁၃-ပါးသော ရုပ်တရားတို့သည် နာမ်တရားတို့အား ဝိသေသပစ္စယသတ္တိဖြင့် ကျေးဇူးပြုနိုင်ပါသည်။

မေး။ ပသာဒရုပ် ၅-ခုတို့၏ ကျေးဇူးပြုပုံကို သိလွယ်ရုံအမြွက်မျှ ဖော်ပြပါ။

ဖြေ။ စက္ခုပသာဒအစရှိသော ပသာဒရုပ် ၅-ပါးတို့သည်

WWW.DHAMMARANSI.NET

စက္ခုဝိညာဉ် အစရှိသော ဒွေပဉ္စဝိညာဉ်စိတ် ၁၀-တို့အား နိဿယ၊ ပုရေဇာတ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ ဝိဂတ ဤ ၆-ပစ္စယ သတ္တိတို့ဖြင့် ကျေးဇူးပြုနိုင်ပါသည်။

မေး။ ဂေါစရရုပ် ၇-ပါးတို့၏ ကျေးဇူးပြုပုံကို သိလွယ်ရုံ အမြွက်မျှ ဖော်ပြပါ။

ဖြေ။ ဂေါစရရုပ် ၇-ပါးတို့၏ စက္ခုဝိညာဉ်အစရှိသော ဒွေပဉ္စဝိညာဉ်၁၀-နှင့် မနောဓာတ် ၃-ခုတို့အား အာရမ္မဏ၊ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတ ဤ ၄-ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။

မေး။ ပသာဒရုပ် ၅-ခုတို့သည် ဒွေပဉ္စဝိညာဉ် ၁၀-တို့အား အဘယ်သို့သော ဥပမာအားဖြင့် ကျေးဇူးပြုပါသနည်း။

ဖြေ။ မိခင်သည် သားသမီးတို့အား ကျေးဇူးပြုသကဲ့သို့ ပသာဒရုပ် ၅-ခုတို့သည် ဒွေပဉ္စဝိညာဉ် ၁၀-တို့အား မိခင်သဖွယ် ကျေးဇူးပြုကြပါသည်။

မေး။ ဂေါစရရုပ် ၇-ပါးတို့သည် အဘယ်သို့သော ဥပမာအားဖြင့် ကျေးဇူးပြုကြပါသနည်း။

ဖြေ။ ဖခင်သည် သားသမီးတို့အား ကျေးဇူးပြုဘိသကဲ့သို့ ဂေါစရရုပ် ၇-ပါးတို့သည် ဒွေပဉ္စဝိညာဉ် ၁၀-နှင့် မနောဓာတ် ၃-ခုတို့အား ဖခင်သဖွယ် ကျေးဇူးပြုကြပါသည်။

မေး။ ဟဒယဝတ္ထုရုပ်က နာမ်တရားတို့အား ကျေးဇူးပြုပုံကို သိလွယ်ရုံ အမြွက်မျှဖော်ပြပါ။

ဖြေ။ ဟဒယဝတ္ထုရုပ်သည် မနောဓာတ်၊ မနောဝိညာဏ

WWW.DHAMMARANSI.NET

ခေတ်တို့အား-

၁။ ပဋိသန္ဓေအခါ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ ၆-ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။

၂။ ပဝတ္တိအခါ နိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ ၅-ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။

မေး။ ဟဒယဝတ္ထုရုပ်သည် အဘယ်သို့သော ဥပမာအားဖြင့် ကျေးဇူးပြုပါသနည်း။

ဖြေ။ သစ်ပင်သည် ရုက္ခစိုးနတ်အား မှီခိုရာဘုံဗိမာန်သဖွယ်အားဖြင့် ကျေးဇူးပြုသကဲ့သို့ ဟဒယဝတ္ထုရုပ်သည် မနောဓာတ်၊ မနောဝိညာဏဓာတ်တို့အား မှီခိုရာဘုံဗိမာန်သဖွယ်အားဖြင့် ကျေးဇူးပြုပါသည်။

မေး။ အဋ္ဌကလာပ် ရုပ်တစ်ခုအတွင်း၌ ရုပ်တရားတို့၏ အချင်းချင်း ကျေးဇူးပြုပုံကို ဖော်ပြပါ။

ဖြေ။ မဟာဘုတ် ၄-ပါး၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ ဤရုပ် ၈-ပါး အစုကို အဋ္ဌကလာပ်ခေါ်ပါသည်။ ထိုအခါ အဋ္ဌကလာပ်၌-

၁။ မဟာဘုတ် ၄-ပါးတို့သည် အချင်းချင်း သဟဇာတ၊ အညမည၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ဤ ၅-ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။

၂။ မဟာဘုတ် ၄-ပါးတို့သည် အတူတကွဖြစ်သော

WWW.DHAMMARANSI.NET

ဥပါဒါရုပ် ၂၄-ပါးတို့အား သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ဤ ၄-ပစ္စယ သတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။

၃။ ဩဇာရုပ်သည် အတူတကွဖြစ်သော ရုပ် ၇-ပါးတို့အား အာဟာရ၊ အတ္ထိ၊ အဝိဂတ ဤ ၃-ပစ္စယ သတ္တိတို့ဖြင့် ကျေးဇူးပြု ပါသည်။

ဤသည်ကား အဋ္ဌကလာပ်ရုပ်တစ်ခုအတွင်း၌ ရုပ်အချင်းချင်း ကျေးဇူးပြုပုံဖြစ်ပါသည်။

မေး။ စက္ခုဒသက ကလာပ်၌ ရုပ်အချင်းချင်းတို့၏ ကျေးဇူးပြုပုံ ကို ဖော်ပြပါ။

ဖြေ။ စက္ခုဒသကကလာပ်၌ မဟာဘုတ်-၄ပါးတို့၏ ကျေးဇူးပြုပုံ ဩဇာရုပ်၏ ကျေးဇူးပြုပုံကို ဖြေဆိုခဲ့ပြီးသော အတိုင်းဖြစ်၍ အထူးဖြေဆိုရန် မလိုတော့ပါ။ စက္ခုဒသက ကလာပ်၌ပါသော ဇီဝိတရုပ်သည် အတူတကွဖြစ်သော ကမ္မဇရုပ် ၉-ခုတို့အား ဣန္ဒြိယ၊ အတ္ထိ၊ အဝိဂတ ဤ ၃-ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။

ဤသည်ကား စက္ခုဒသက ကလာပ်အတွင်း၌ ရုပ်အချင်းချင်း ကျေးဇူးပြုပုံဖြစ်ပါသည်။

မေး။ ပဋိသန္ဓေအခိုက်၌ နာမ်တရားတို့က ရုပ်တရားတို့အား ကျေးဇူးပြုပုံကို အမြွက်မျှဖော်ပြပါ။

ဖြေ။ ၁။ ပဋိသန္ဓေနာမက္ခန္ဓာသည် ဟဒယဝတ္ထုမှ တစ်ပါး

WWW.DHAMMARANSI.NET

ဤသို့လျှင် အာရမ္မဏ ပစ္စည်းမျိုးပေါင်း ၈-ပါး ရှိပါသည်။

မေး။ အနန္တရပစ္စည်းအမျိုးပေါင်း မည်မျှရှိပါသနည်း၊ သရုပ်နှင့်တကွ ဖော်ထုတ်၍ပြပါ။

ဖြေ။ ၁။ အနန္တရ၊

၂။ သမနန္တရ၊

၃။ အနန္တရူပနိဿယ၊

၄။ အာသေဝန၊

၅။ နာနာက္ခဏိက ကမ္မ၊

၆။ နတ္ထိ၊

၇။ ဝိဂတ၊

ဤသို့လျှင် အနန္တရပစ္စည်းမျိုးပေါင်း ၇-မျိုးရှိပါသည်။

မေး။ နာနာက္ခဏိက ကမ္မပစ္စည်းကို အနန္တရပစ္စည်းမျိုးတွင် အဘယ့်ကြောင့် ထည့်သွင်းရပါသနည်း။

ဖြေ။ မဂ် ၄-ခု၌ရှိသော စေတနာကံသည် မိမိဖြစ်ပြီးသည်မှ အခြားမဲ့၌ ဖိုလ်တည်းဟူသော အကျိုးကိုဖြစ်စေနိုင်ပါသည်။ ထို့ကြောင့် ဤ မဂ်စေတနာ ၄-ခုကို ရည်ရွယ်၍ နာနာက္ခဏိက ကမ္မကို အနန္တရပစ္စည်းမျိုး၌ ထည့်သွင်းထားရပါသည်။

မေး။ ဝတ္ထုပုရေဇာတပစ္စည်း အမျိုးပေါင်းမည်မျှ ရှိပါသနည်း၊ သရုပ်နှင့်တကွ ဖော်ထုတ်၍ပြပါ။

F16A

WWW.DHAMMARANSI.NET

ဖြေ။ ၁။ ဝတ္ထုပုရေဇာတ နိဿယ၊

၂။ ဝတ္ထုပုရေဇာတ၊

၃။ ပုရေဇာတိန္ဒြိယ၊

၄။ ပုရေဇာတဝိပ္ပယုတ္တ၊

၅။ ပုရေဇာတအတ္ထိ၊

၆။ ပုရေဇာတ အဝိဂတ၊

ဤသို့လျှင် ဝတ္ထုပုရေဇာတ ပစ္စည်းအမျိုးပေါင်း ၆-မျိုး ရှိပါသည်။

မေး။ ပစ္ဆာဇာတ ပစ္စည်းမျိုးပေါင်း မည်မျှ ရှိပါသနည်း၊ သရုပ်နှင့်တကွ ဖော်ထုတ်၍ပြပါ။

ဖြေ။ ၁။ ပစ္ဆာဇာတ၊

၂။ ပစ္ဆာဇာတဝိပ္ပယုတ္တ၊

၃။ ပစ္ဆာဇာတတ္ထိ၊

၄။ ပစ္ဆာဇာတအဝိဂတ၊

ဤသို့လျှင် ပစ္ဆာဇာတပစ္စည်းပေါင်း ၄-ပါး ရှိပါသည်။

မေး။ ရုပ်အာဟာရ ပစ္စည်းမျိုးပေါင်း မည်မျှ ရှိပါသနည်း၊ သရုပ်နှင့်တကွ ဖော်ထုတ်၍ပြပါ။

ဖြေ။ ၁။ ရုပ်အာဟာရ၊

၂။ ရုပ်အာဟာရတ္ထိ၊

WWW.DHAMMARANSI.NET

၃။ ရုပ်အာဟာရ အဝိဂတ၊

ဤသို့လျှင် ရုပ်အာဟာရ ပစ္စည်းမျိုးပေါင်း ၃-ပါး ရှိပါသည်။

မေး။ ရူပဇီဝိတိန္ဒြိယ ပစ္စည်းမျိုးပေါင်း မည်မျှ ရှိပါသနည်း၊ သရုပ်နှင့်တကွ ဖော်ထုတ်၍ပြပါ။

ဖြေ။ ၁။ ရူပဇီဝိတိန္ဒြိယ၊

၂။ ရူပဇီဝိတိန္ဒြိယတ္ထိ၊

၃။ ရူပဇီဝိတိန္ဒြိယ အဝိဂတ၊

ဤသို့လျှင် ရူပဇီဝိတိန္ဒြိယ ပစ္စည်းမျိုးပေါင်း ၃-ပါး ရှိပါသည်။ ရုပ်အာဟာရပစ္စည်း ၃-မျိုး၊ ရူပဇီဝိတိန္ဒြိယ ပစ္စည်း ၃-မျိုး ဤ ၆ မျိုးကို ဥပသဟာဇာတပစ္စည်းဟူ၍လည်း ခေါ်ပါသေးသည်။

ပစ္စည်းအမျိုးမျိုး ဝေဖန်ပုံပြီး၏။

## ကာလအားဖြင့် ဝေဖန်ပုံ

မေး။ ပစ္စုပ္ပန်ကာလအားဖြင့် ကျေးဇူးပြုသော ပစ္စည်းပေါင်း မည်မျှ ရှိပါသနည်း၊ သရုပ် နှင့်တကွ ဖော်ထုတ်၍ပြပါ။

WWW.DHAMMARANSI.NET

ဖြေ။ ၁။ သဟဇာတ ပစ္စည်းမျိုး-၁၅၊

၂။ အာရမ္မဏပစ္စည်းမျိုး-၈၊

၃။ ပုရေဇာတပစ္စည်းမျိုး-၆၊

၄။ ပစ္ဆာဇာတပစ္စည်းမျိုး-၄၊

၅။ ဥပသဟဇာတ ပစ္စည်းမျိုး-၆၊

ဤပစ္စည်းတို့သည် ပစ္စုပ္ပန်ကာလအားဖြင့် ကျေးဇူးပြုသော ပစ္စည်းမျိုးဖြစ်ကြပါသည်။

မေး။ အတိတ်ကာလအားဖြင့် ကျေးဇူးပြုသော ပစ္စည်းပေါင်း မည်မျှ ရှိပါသနည်း၊ သရုပ် နှင့်တကွ ဖော်ထုတ်၍ပြပါ။

ဖြေ။ နာနာက္ခဏိက ကမ္မနှင့်တကွ အနန္တရပစ္စည်းမျိုးပေါင်း ၇-ပါးတို့သည် အတိတ်ကာလအားဖြင့် ကျေးဇူးပြုသော ပစ္စည်းမျိုးဖြစ်ကြပါသည်။

မေး။ ကာလသုံးပါး အားဖြင့် ကျေးဇူးပြုသော ပစ္စည်းပေါင်း မည်မျှ ရှိပါသနည်း၊ သရုပ် နှင့်တကွ ဖော်ထုတ်၍ပြပါ။

ဖြေ။ အာရမ္မဏ၊ ပကတူပနိဿယ ဤပစ္စည်း ၂-ပါးသည် ကာလသုံးပါးအားဖြင့် ကျေးဇူးပြုသော ပစ္စည်းများ ဖြစ်ကြပါသည်။

မေး။ အဘယ်ပစ္စည်းများကို ကာလဝိမုတ် ပစ္စည်းဟူ၍ ခေါ်ဆိုပါသနည်း။

WWW.DHAMMARANSI.NET

ဖြေ။ အာရမ္မဏပစ္စည်း၊ ပကတူပနိဿယ ပစ္စည်း ဤပစ္စည်း ၂-ပါးကို ကာလဝိမုတ်ဟူ၍ ခေါ်ပါသည်။ ထိုပစ္စည်းတို့၌ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်နှင့် ပညတ်ပါဝင်လျက်ရှိပါသည်။

မေး။ အဘယ်တရားများသည် အကြောင်းပစ္စည်း၌သာ ပါဝင်၍ အကျိုးပစ္စယုပ္ပန်၌ မပါမဝင် ရှိနေကြပါသနည်း။

ဖြေ။ နိဗ္ဗာန်နှင့် ပညတ်သည် အကြောင်းပစ္စည်း၌သာ ပါဝင်၍ အကျိုးပစ္စယုပ္ပန်၌ မပါဝင်သော တရားများဖြစ်ကြပါသည်။

မေး။ အကျိုးပစ္စယုပ္ပန်တွင် မပါဝင်ခြင်းအကြောင်းကို ဖော်ပြပါ။

ဖြေ။ နိဗ္ဗာန်နှင့် ပညတ်သည် ဖြစ်ပေါ်ဥပါဒ်ခြင်းသဘော မရှိပါ၊ ဖြစ်ပေါ်ဥပါဒ်ခြင်း သဘောရှိပါမှ ပစ္စယုပ္ပန်တွင် ပါဝင်နိုင်ပါသည်။ ထို့ကြောင့် နိဗ္ဗာန်နှင့် ပညတ်သည် အကျိုးပစ္စယုပ္ပန်တွင် မပါဝင်နိုင်ဘဲ ရှိနေကြပါသည်။

မေး။ အကြောင်းကိုအစွဲပြု၍ ဖြစ်ပေါ်ကြကုန်သော အကျိုးတရားတို့ကို အဘယ်သို့ ခေါ်ဆိုရပါသေးသနည်း။

ဖြေ။ ထိုအကျိုးတရားတို့ကို အကြောင်း ရှိသောကြောင့် "သပ္ပစ္စယ" ဟူ၍ လည်းကောင်း၊ ပြုပြင် စီရင်အပ်သောကြောင့် "သင်္ခတ"ဟူ၍လည်းကောင်း ခေါ်ဆိုရပါသည်။

မေး။ အကြောင်းရှိမှ ဖြစ်ပေါ်လာသော တရားများကို မြဲသည်ဟု ဆိုနိုင်ပါလော။

ဖြေ။ ၁။ အကြောင်းရှိမှ ဖြစ်ပေါ်လာကုန်သော တရားဟူ

WWW.DHAMMARANSI.NET

သမ္မှုကို မြဲသည်ဟု မဆိုနိုင်ပါ။ ခဏခဏ ပျက်စီး၍ နေပါသည်။

၂။ မမြဲသော တရားဟူသမျှသည် ဘေးဒုက္ခအမျိုးမျိုးကို ဖြစ်စေနိုင်ပါသည်။

၃။ မြဲလည်းမမြဲ ဘေးဒုက္ခကိုလည်း ဖြစ်စေတတ်သော တရားဟူသမျှကို ငါ, ငါဟူ၍ စွဲလမ်းခြင်းငှာ မထိုက်ပါ၊ အနတ္တအစစ်တို့သာ ဖြစ်ကြပါသည်။

မေး။ ပဋ္ဌာန်းဒေသနာတော်အားဖြင့် ရှင်တော်မြတ်ဘုရားသည် အဘယ်သို့သော သဘောအဓိပ္ပာယ်ကို ပြတော်မူလိုရင်းဖြစ်ပါသနည်း၊ အချုပ်အားဖြင့် ဖော်ပြပါ။

ဖြေ။ ရုပ်၊ နာမ်တရားတို့သည် အကြောင်းကိုစွဲ၍ဖြစ်ပေါ်ကြသော သပ္ပစ္စယ၊ သင်္ခတတရားတို့သာ ဖြစ်ကြကုန်၏။ သတ္တဝါတို့၏ အလိုဆန္ဒအားဖြင့် ဖြစ်ပေါ်ကြသော တရားမျိုးမဟုတ်ကုန်၊ သတ္တဝါတို့၏ အလိုသို့မလိုက်သော အဝသဝတ္တန တရားတို့သာ ဖြစ်ကုန်၏။ တရားတစ်ခုခု ဖြစ်ပေါ်ရာ၌ အကြောင်းပစ္စည်းပေါင်းများစွာတို့ဖြင့် ကျေးဇူးပြုကာ ထူထောင်ရကုန်၏။ အနတ္တသဘောအချက်ကြီး အနုစိတ်အားဖြင့် ပြတော်မူလိုသောကြောင့် ပဋ္ဌာန်းတရားကို ဟောကြားတော်မူပါသည်။

ကာလအားဖြင့် ဝေဖန်ပုံပြီး၏။

WWW.DHAMMARANSI.NET

## ဘုံ အားဖြင့် ဝေဖန်ပုံ

မေး။ ပဋ္ဌာန်း ၂၄-ပစ္စည်းတို့ကို ရသင့်ရထိုက်၊ မရသင့် မရထိုက်သော ဘုံအားဖြင့် ဝေဖန်၍ပြပါ။

ဖြေ။ ၁။ ပဉ္စဝေါကာရ ၂၆-ဘုံ၌ ပဋ္ဌာန်းပစ္စည်းအလုံးစုံကို အကုန်ရနိုင်ပါသည်။

၂။ စတုဝေါကာရ ၄-ဘုံ၌ ပုရေဇာတပစ္စည်းမျိုး၊ ဝတ္ထာရမ္မဏပုရေဇာတ ပစ္စည်းမျိုး၊ ပစ္ဆာဇာတပစ္စည်းမျိုး၊ ရုပ်အာဟာရပစ္စည်းမျိုး၊ ရူပဇီဝိတိန္ဒြိယဝိပ္ပယုတ္တ ပစ္စည်းမျိုး ဤပစ္စည်းတို့ကို မရနိုင်ပါ။

၃။ ဧကဝေါကာရဘုံ၌ အာရမ္မဏ၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဥပနိဿယ၊ ရူပဇီဝိတိန္ဒြိယ၊ အတ္ထိ၊ အဝိဂတ ဤပစ္စည်းတို့ကိုသာ ရနိုင်ပါသည်။ ကြွင်းသော ပစ္စည်းတို့ကို မရနိုင်ပါ။

မေး။ ပဋ္ဌာန်း ၂၄-ပစ္စည်းတို့တွင် အလုံးစုံသော စိတ်တို့နှင့် ဆက်ဆံသော ပစ္စည်းများကို ဖော်ထုတ်၍ပြပါ။

ဖြေ။ အာရမ္မဏ၊ အနန္တရ၊ သမနန္တရ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဥပနိဿယ၊ ကမ္မ၊ အာဟာရ၊ ဣန္ဒြိယ၊ သမ္ပယုတ္တ၊ အတ္ထိ၊ နတ္ထိ၊ ဝိဂတ၊ အဝိဂတ ဤပစ္စည်း ၁၅-ပါးတို့သည် စိတ်အလုံးစုံတို့နှင့် အကုန်ဆက်ဆံပါသည်။

မေး။ အချို့သော စိတ်တို့နှင့်သာ ဆက်ဆံသော ပစ္စည်း တို့ကို ဖော်ပြပါ။

WWW.DHAMMARANSI.NET

ဖြေ။ ၁။ ဟေတု၊ အဓိပတိ၊ ပုရေဇာတ၊ အာသေဝန၊ ဝိပါက၊ ဈာန၊ မဂ္ဂ၊ ဝိပ္ပယုတ္တ ဤရှစ်ပါးတို့သည် အချို့အချို့သော စိတ်တို့နှင့်သာ ဆက်ဆံကြပါသည်။

၂။ ပစ္ဆာဇာတပစ္စည်း တစ်ပါးတည်းသည်ကား အသီးအခြား ရုပ်တရားတို့အားသာ ကျေးဇူးပြုသော ပစ္စည်းဖြစ်ပါသည်။

ဘုံအားဖြင့် ဝေဖန်ပုံပြီး၏။

## သာမညပစ္စည်းပြိုင်ပုံ

မေး။ အဘယ်သို့သော သဘောမျိုးကို ပစ္စည်းပြိုင်ဟူ၍ ခေါ်ဆိုပါသနည်း။

ဖြေ။ တစ်ခုသော ပစ္စယုပ္ပန်၌ ပစ္စည်းပေါင်းများစွာ ပေါင်းဆုံ၍ ကျေးဇူးပြုသော သဘောမျိုးကို ပစ္စည်းပြိုင်ဟု ခေါ်ပါသည်။ တစ်နည်းအားဖြင့် တစ်ခုတစ်ခုသော စိတ္တုပ္ပါဒ်၊ တစ်ခုတစ်ခုသော ရုပ်ကလာပ်၌ ဆိုင်ရာဆိုင်ရာသတ္တိအားဖြင့် ပစ္စည်းပေါင်းများစွာ ပေါင်းဆုံ၍ ကျေးဇူးပြုပုံသဘောကို ပစ္စည်းပြိုင်ဟု ခေါ်ပါသည်။

မေး။ မဟာကုသိုလ် ပထမစိတ် တစ်ခုကို မှတည်၍ ပစ္စည်းပြိုင်ပုံသဘောကို သိလွယ်အောင် ဖော်ပြပါ။

WWW.DHAMMARANSI.NET

ဖြေ။ မဟာကုသိုလ်ပထမစိတ် ဖြစ်ပေါ်လာသောအခါ စေတသိက် ၃၁-ပါး ယှဉ်ပါသည်။ စိတ်နှင့်တကွ နာမ်တရားပေါင်း ၃၉-ပါးရှိပါသည်။ ထို ၃၉-ပါးကို နာမ်ကလာပ်တစ်ခုဟု ခေါ်ဆိုရပါသည်။ ထိုတရား ၃၉-ပါးတို့သည် အချင်းချင်း သဟဇာတ၊ အညမည၊ နိဿယ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ ပစ္စယသတ္တိ ၆-မျိုးတို့ဖြင့် ကျေးဇူးပြုပါသည်။

၁။ မဟာကုသိုလ် ပထမစိတ်သည် သမ္ပယုတ်တရားတို့အား အဓိပတိ၊ အာဟာရ၊ ဣန္ဒြိယ ဤသုံးပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။

၂။ စေတသိက်တို့တွင် ဖဿသည် အာဟာရသတ္တိဖြင့် ကျေးဇူးပြုပါသည်။

၃။ ဝေဒနာသည် ဣန္ဒြိယ၊ ဈာနသတ္တိဖြင့် ကျေးဇူးပြုပါသည်။

၄။ စေတနာသည် ကမ္မ၊ အာဟာရသတ္တိဖြင့် ကျေးဇူးပြုပါသည်။

၅။ ဝိတက္ကသည် ဣန္ဒြိယ၊ ဈာန၊ မဂ္ဂသတ္တိဖြင့် ကျေးဇူးပြုပါသည်။

၆။ ဇီဝိတသည် ဣန္ဒြိယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

၇။ ဝိတက်စေတသိက်သည် ဈာန၊ မဂ္ဂဖြင့် ကျေးဇူးပြုပါသည်။

WWW.DHAMMARANSI.NET

၈။ ဝိစာရ၊ ပီတိ စေတသိက်တို့သည် ဈာန သတ္တိဖြင့် ကျေးဇူးပြုပါသည်။

၉။ ဝီရိယစေတသိက်သည် အဓိပတိ၊ ဣန္ဒြိယ၊ မဂ္ဂ သတ္တိဖြင့် ကျေးဇူးပြုပါသည်။

၁၀။ ဆန္ဒစေတသိက်သည် အဓိပတိသတ္တိဖြင့် ကျေးဇူးပြုပါသည်။

၁၁။ အမောဟစေတသိက်သည် ဟေတု၊ အဓိပတိ၊ ဣန္ဒြိယ၊ မဂ္ဂသတ္တိဖြင့် ကျေးဇူးပြုပါသည်။

၁၂။ အလောဘ၊ အဒေါသ စေတသိက်သည် ဟေတု သတ္တိဖြင့် ကျေးဇူးပြုပါသည်။

၁၃။ သဒ္ဓါစေတသိက်သည် ဣန္ဒြိယသတ္တိဖြင့် ကျေးဇူး ပြုပါသည်။

၁၄။ သတိစေတသိက်သည် ဣန္ဒြိယ၊ မဂ္ဂသတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။

၁၅။ ဝိရတီစေတသိက် သုံးပါးသည် မဂ္ဂသတ္တိဖြင့် ကျေးဇူးပြုပါသည်။

၁၆။ မဟာကုသိုလ်စိတ်၌ ကုသလကမ္မပထ မြောက် သော စေတနာသည် နောင်ဖြစ်ပေါ်လတ္တံ့သော ဝိပါက် နာမက္ခန္ဓာတို့အား နာနာက္ခဏိက သတ္တိ ဖြင့် ကျေးဇူးပြုပါသည်။

WWW.DHAMMARANSI.NET

ဤသည်ကား မဟာကုသိုလ်စိတ်တစ်ခုကို မှတည်၍ ပစ္စည်းပြိုင်ပုံအချက်ကို ဖြေဆိုခြင်းဖြစ်ပါသည်။

မေး။ ထိုမဟာကုသိုလ် စိတ္တုပ္ပါဒ်သည် ရုပ်တရားတို့အား အဘယ်သို့သော ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသနည်း။

ဖြေ။ ၁။ မဟာကုသိုလ်စိတ္တုပ္ပါဒ်သည် အတူတကွ ဖြစ်ပေါ်သော စိတ္တဇရုပ်တို့အား ဟေတု၊ အဓိပတိ၊ သဟဇာတအစရှိသော ပစ္စယသတ္တိပေါင်းများစွာ တို့ဖြင့် ကျေးဇူးပြုပါသည်။

၂။ မဟာကုသိုလ်စိတ္တုပ္ပါဒ်သည် မိမိရှေ့၌ဖြစ်၍ "ဠ" အနေအားဖြင့် ထင်ရှားရှိကုန်သော ရုပ်တို့အား ပစ္ဆာဇာတ၊ ပစ္ဆာဇာတဝိပ္ပယုတ္တ၊ ပစ္ဆာဇာတတ္ထိ၊ ပစ္ဆာဇာတအဝိဂတသတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။

မေး။ မဟာကုသိုလ် စိတ္တုပ္ပါဒ်၏မှီရာဖြစ်သော ဟဒယဝတ္ထုသည် မဟာကုသိုလ်စိတ်အား အဘယ်ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသနည်း။

ဖြေ။ နိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတသတ္တိ တို့ဖြင့် ကျေးဇူးပြုပါသည်။

မေး။ ထိုမဟာကုသိုလ် စိတ္တုပ္ပါဒ်သည် ဣဋ္ဌဖြစ်သော ရူပါရုံကို အာရုံပြုသည်ဖြစ်အံ့၊ ထိုရူပါရုံသည် မဟာကုသိုလ် စိတ္တုပ္ပါဒ်အား အဘယ် ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသနည်း။

WWW.DHAMMARANSI.NET

ဖြေ။ ထိုဣန္ဒြေဖြစ်သော ရူပါရုံသည် မဟာကုသိုလ် စိတ္တုပ္ပါဒ်အား အာရမ္မဏ၊ အဓိပတိ၊ ဥပနိဿယ၊ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတသတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။

(ယခုဖြေဆိုသော မဟာကုသိုလ်စိတ္တုပ္ပါဒ်နှင့် ဆိုင်ရာပစ္စည်းပြိုင်နည်းတို့ကို မှီငြမ်းပြုပြီးလျှင် အခြားသော စိတ္တုပ္ပါဒ်တို့၌ ပစ္စည်းပြိုင်ပုံကို ဉာဏ်သဘောရှင်းလင်းစွာ ပေါ်ပေါက်ကြစေကုန်သတည်း)

သာမညပစ္စည်းပြိုင်ပုံပြီး၏။

## ရုပ်တရားအချင်းချင်း ပစ္စည်းပြိုင်ပုံ

မေး။ ရုပ် ၂၈-ပါးတို့တွင် အဘယ်ရုပ်များသည် ရုပ်တရားအချင်းချင်း၏ ပစ္စည်းဖြစ်နိုင်ပါသနည်း။

ဖြေ။ မဟာဘုတ် ၄-ပါး၊ ဇီဝိတရုပ်၊ အာဟာရရုပ် ဤခြောက်ပါးတို့သည် ရုပ်အချင်းချင်း၏ ပစ္စည်းဖြစ်နိုင်ပါသည်။

မေး။ ထိုရုပ်တရား ၆-ပါးတို့၏ ရုပ်အချင်းချင်းကျေးဇူးပြုပုံကို ဖော်ပြပါ။

ဖြေ။ ၁။ မဟာဘုတ် ၄-ပါးသည် မဟာဘုတ်အချင်းချင်းတို့အား သဟဇာတ၊ အညမည၊ နိဿယ၊ အတ္ထိ၊ အဝိ

WWW.DHAMMARANSI.NET

ဂတ ဤ ၅-ပစ္စယ သတ္တိတို့ဖြင့် ကျေးဇူးပြုပါ သည်။

၂။ မဟာဘုတ် ၄-ပါးတို့သည် ကလာပ်တူ ဖြစ်သော ဥပါဒါရုပ်တို့အား သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ဤ ၄-ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါ သည်။

၃။ ဇီဝိတရုပ်သည် ကလာပ်တူဖြစ်သော ကမ္မဇရုပ်တို့ အား ဣန္ဒြိယ၊ အတ္ထိ၊ အဝိဂတ ဤ ၃-ပစ္စယသတ္တိ တို့ဖြင့် ကျေးဇူးပြုပါသည်။

၄။ ရုပ်အဟာရသည် အဇ္ဈတ္တသန္တာန်၌ ရှိသော အလုံး စုံသော စတုဇရုပ်တို့အား အာဟာရ၊ အတ္ထိ၊ အဝိ ဂတ ဤ ၃-ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။

မေး။ ရုပ် ၂၈-ပါးတို့တွင် အဘယ်ရုပ်တရားများသည် နာမ် တရားတို့အား ဝိသေသပစ္စယသတ္တိဖြင့် ကျေးဇူးပြု နိုင်ပါသနည်း။

ဖြေ။ ပသာဒရုပ် ၅-ခု၊ ဂေါစရရုပ် ၇-ခု၊ ဟဒယရုပ် ၁-ခု ဤ ၁၃-ပါးသော ရုပ်တရားတို့သည် နာမ်တရားတို့အား ဝိသေသပစ္စယသတ္တိဖြင့် ကျေးဇူးပြုနိုင်ပါသည်။

မေး။ ပသာဒရုပ် ၅-ခုတို့၏ ကျေးဇူးပြုပုံကို သိလွယ်ရုံအမြွက် မျှ ဖော်ပြပါ။

ဖြေ။ စက္ခုပသာဒအစရှိသော ပသာဒရုပ် ၅-ပါးတို့သည်

WWW.DHAMMARANSI.NET

စက္ခုဝိညာဉ် အစရှိသော ဒွေပဉ္စညာဉ်စိတ် ၁၀-တို့အား နိဿယ၊ ပုရေဇာတ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ ဝိဂတ ဤ ၆-ပစ္စယ သတ္တိတို့ဖြင့် ကျေးဇူးပြုနိုင်ပါသည်။

မေး။ ဂေါစရရုပ် ၇-ပါးတို့၏ ကျေးဇူးပြုပုံကို သိလွယ်ရုံ အမြွက်မျှ ဖော်ပြပါ။

ဖြေ။ ဂေါစရရုပ် ၇-ပါးတို့၏ စက္ခုဝိညာဉ်အစရှိသော ဒွေပဉ္စဝိညာဉ်၁၀-နှင့် မနောဓာတ် ၃-ခုတို့အား အာရမ္မဏ၊ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတ ဤ ၄-ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။

မေး။ ပသာဒရုပ် ၅-ခုတို့သည် ဒွေပဉ္စဝိညာဉ် ၁၀-တို့အား အဘယ်သို့သော ဥပမာအားဖြင့် ကျေးဇူးပြုပါသနည်း။

ဖြေ။ မိခင်သည် သားသမီးတို့အား ကျေးဇူးပြုသကဲ့သို့ ပသာဒရုပ် ၅-ခုတို့သည် ဒွေပဉ္စဝိညာဉ် ၁၀-တို့အား မိခင်သဖွယ် ကျေးဇူးပြုကြပါသည်။

မေး။ ဂေါစရရုပ် ၇-ပါးတို့သည် အဘယ်သို့သော ဥပမာအားဖြင့် ကျေးဇူးပြုကြပါသနည်း။

ဖြေ။ ဖခင်သည် သားသမီးတို့အား ကျေးဇူးပြုဘိသကဲ့သို့ ဂေါစရရုပ် ၇-ပါးတို့သည် ဒွေပဉ္စဝိညာဉ် ၁၀-နှင့် မနောဓာတ် ၃-ခုတို့အား ဖခင်သဖွယ် ကျေးဇူးပြုကြပါသည်။

မေး။ ဟဒယဝတ္ထုရုပ်က နာမ်တရားတို့အား ကျေးဇူးပြုပုံကို သိလွယ်ရုံ အမြွက်မျှဖော်ပြပါ။

ဖြေ။ ဟဒယဝတ္ထုရုပ်သည် မနောဓာတ်၊ မနောဝိညာဏ

WWW.DHAMMARANSI.NET

စေတ်တို့အား-

၁။ ပဋိသန္ဓေအခါ သဟဇာတ၊ အညမညာ၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ ၆-ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။

၂။ ပဝတ္တိအခါ နိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ ၅-ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။

မေး။ ဟဒယဝတ္ထုရုပ်သည် အဘယ်သို့သော ဥပမာအားဖြင့် ကျေးဇူးပြုပါသနည်း။

ဖြေ။ သစ်ပင်သည် ရုက္ခစိုးနတ်အား မှီခိုရာဘုံဗိမာန်သဖွယ်အားဖြင့် ကျေးဇူးပြုသကဲ့သို့ ဟဒယဝတ္ထုရုပ်သည် မနောဓာတ်၊ မနောဝိညာဏဓာတ်တို့အား မှီခိုရာဘုံဗိမာန်သဖွယ်အားဖြင့် ကျေးဇူးပြုပါသည်။

မေး။ အဋ္ဌကလာပ် ရုပ်တစ်ခုအတွင်း၌ ရုပ်တရားတို့၏ အချင်းချင်း ကျေးဇူးပြုပုံကို ဖော်ပြပါ။

ဖြေ။ မဟာဘုတ် ၄-ပါး၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ ဤရုပ် ၈-ပါး အစုကို အဋ္ဌကလာပ်ခေါ်ပါသည်။ ထိုအခါ အဋ္ဌကလာပ်၌-

၁။ မဟာဘုတ် ၄-ပါးတို့သည် အချင်းချင်း သဟဇာတ၊ အညမညာ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ဤ ၅-ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။

၂။ မဟာဘုတ် ၄-ပါးတို့သည် အတူတကွဖြစ်သော

WWW.DHAMMARANSI.NET

ဥပါဒါရုပ် ၂၄-ပါးတို့အား သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ဤ ၄-ပစ္စယ သတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။

၃။ ဩဇာရုပ်သည် အတူတကွဖြစ်သော ရုပ် ၇-ပါးတို့အား အာဟာရ၊ အတ္ထိ၊ အဝိဂတ ဤ ၃-ပစ္စယ သတ္တိတို့ဖြင့် ကျေးဇူးပြု ပါသည်။

ဤသည်ကား အဋ္ဌကလာပ်ရုပ်တစ်ခုအတွင်း၌ ရုပ်အချင်းချင်း ကျေးဇူးပြုပုံဖြစ်ပါသည်။

မေး။ စက္ခုဒသက ကလာပ်၌ ရုပ်အချင်းချင်းတို့၏ ကျေးဇူးပြုပုံ ကို ဖော်ပြပါ။

ဖြေ။ စက္ခုဒသကကလာပ်၌ မဟာဘုတ်-၄ပါးတို့၏ ကျေးဇူးပြုပုံ ဩဇာရုပ်၏ ကျေးဇူးပြုပုံကို ဖြေဆိုခဲ့ပြီးသော အတိုင်းဖြစ်၍ အထူးဖြေဆိုရန် မလိုတော့ပါ။ စက္ခုဒသက ကလာပ်၌ပါသော ဇီဝိတရုပ်သည် အတူတကွဖြစ်သော ကမ္မဇရုပ် ၉-ခုတို့အား ဣန္ဒြိယ၊ အတ္ထိ၊ အဝိဂတ ဤ ၃-ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။

ဤသည်ကား စက္ခုဒသက ကလာပ်အတွင်း၌ ရုပ်အချင်းချင်း ကျေးဇူးပြုပုံဖြစ်ပါသည်။

မေး။ ပဋိသန္ဓေအခိုက်၌ နာမ်တရားတို့က ရုပ်တရားတို့အား ကျေးဇူးပြုပုံကို အမြွက်မျှဖော်ပြပါ။

ဖြေ။ ၁။ ပဋိသန္ဓေနာမက္ခန္ဓာသည် ဟဒယဝတ္ထုမှ တစ်ပါး

WWW.DHAMMARANSI.NET

သော ကမ္မဇရုပ်တို့အား သဟဇာတ၊ နိဿယ၊ ဝိပါက၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ ၆-ပစ္စယ သတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။

၂။ ပဋိသန္ဓေနာမက္ခန္ဓာသည် ဟဒယဝတ္ထုရုပ်အား သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ ၇-ပစ္စယ သတ္တိတို့ဖြင့် ကျေးဇူး ပြုပါသည်။

မေး။ ပဝတ္တိအခါ၌ နာမ်တရားတို့သည် စိတ္တဇရုပ်တို့အား အဘယ်ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသနည်း။

ဖြေ။ နာမ်တရားတို့သည် စိတ္တရုပ်ဇတို့အား သဟဇာတ၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ ၅-ပစ္စယ သတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။

မှတ်ချက်။ နာမ်တရားတို့က ရုပ်တရားတို့အား ကျေးဇူး ပြုပုံကို ပြဆိုခဲ့သည်မှာ ဥက္ကဋ္ဌပရိစ္ဆေဒနည်း အားဖြင့် သိမ်းကျုံး၍ အလုံးစုံတို့နှင့် ဆက်ဆံ သည်ကိုသာ ပြဆိုခဲ့ခြင်း ဖြစ်ပေသည်။ အစိတ် စိတ်ဝေဖန်၍ ပြဆိုရပါလျှင် ဟိတ်တရားတို့က ဟေတုပစ္စယသတ္တိဖြင့်၊ အဓိပတိတရားတို့က အဓိပတိသတ္တိဖြင့်၊ စေတနာက ကမ္မသတ္တိဖြင့်၊ ဝိပါက်စိတ်တို့က ဝိပါကသတ္တိဖြင့်၊ အာဟာရ တရားက အာဟာရသတ္တိဖြင့် ဣန္ဒြေတရား

F17A

WWW.DHAMMARANSI.NET

တို့က ဣန္ဒြိယသတ္တိဖြင့်၊ ဈာန်တရား တို့က ဈာနသတ္တိဖြင့်၊ မဂ်တရားတို့က မဂ္ဂ သတ္တိဖြင့် ဆိုင်ရာ ဆိုင်ရာ ပါဝင်၍ ကျေးဇူးပြုပုံများ ကိုလည်း မိမိတို့ဉာဏ်ဖြင့် ဝေဖန်တော် မူကြ ပါကုန်။

ရုပ်တရားအချင်းချင်း ပစ္စည်းပြိုင်ပုံပြီး၏။

## ၂၄–ပစ္စည်းတို့ကို ပစ္စည်းကြီးလေးပါး၌ ထည့်သွင်းပြပုံ

မေး။ ပဋ္ဌာန်းပစ္စည်း အလုံးစုံတို့ကို အကုန်ဆိုင်ရာဆိုင်ရာ သွင်းလိုက်ပါလျှင် မဟာပစ္စည်းကြီး ၄-ပါး တို့၌ အလုံးစုံ အကျုံးဝင်သည်ဟု အဘိဓမ္မာကျမ်းတို့၌ ပြဆို ခဲ့ရာ ထိုမဟာ ပစ္စည်းကြီး ၄-ပါးသရုပ်ကို ဖော်ထုတ်၍ ပြပါ။

ဖြေ။ အာရမ္မဏ၊ ဥပနိဿယ၊ ကမ္မ၊ အတ္ထိ ဤ ၄-ပါးပင် ဖြစ်ပါသည်။

ဆောင်ပုဒ်။ အာ,ဥ,ကံ,အတ်၊ လေးရပ်ဤတွင်၊ အကုန်ဝင်၊ ကုန်စင်ခွဲစိတ်ဖြာ။

F 17 B

WWW.DHAMMARANSI.NET

အာရမ္မဏူပနိဿယ ကမ္မတ္ထိပစ္စယေသု သဗ္ဗေပိပစ္စယာ သမောဓာနံ ဂစ္ဆန္တိ။ (သဗ္ဗေပိ ပြဟ်ပါဌ်။)

**အနက်ကား။** သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ပစ္စယာ၊ ပဋ္ဌာန်းပစ္စည်းတို့သည်။ အာရမ္မဏူပနိဿယ ကမ္မတ္ထိ ပစ္စယေသု၊ အာရမ္မဏ ပစ္စည်း၊ ဥပနိဿယပစ္စည်း၊ ကမ္မပစ္စည်း၊ အတ္ထိ ပစ္စည်း တို့၌။ သမောဓာနံ။ ပေါင်းဆုံ သက်ဝင် ခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။

**မေး။** ထိုမဟာ ပစ္စည်းကြီး ၄-ပါးတို့၌ ပစ္စည်းပေါင်းများစွာ သက်ဝင်ကြပုံကို ဆိုင်ရာဆိုင်ရာသက်ဝင်ပုံ သရုပ်နှင့် တကွ ဖော်ထုတ်၍ပြပါ။

**ဖြေ။** ၁။ အာရမ္မဏပစ္စည်းမျိုး၊ ဝတ္ထာရမ္မဏ ပစ္စည်းမျိုး ဤပစ္စည်းတို့သည် အာရမ္မဏပစ္စည်း၌ အကျုံးဝင် ကြပါသည်။

၂။ အနန္တရပစ္စည်းမျိုး၊ ပကတူပပစ္စည်းမျိုး ဤပစ္စည်း တို့သည် ဥပနိဿယပစ္စည်း၌ အကျုံးဝင် ကြပါ သည်။

၃။ နာနာက္ခဏိက စေတနာသည် ကမ္မပစ္စည်း၌ အကျုံးဝင်လာပါသည်။

WWW.DHAMMARANSI.NET

၄။ သဟဇာတပစ္စည်းမျိုး၊ ဥပသဟဇာတပစ္စည်းမျိုး၊ ဝတ္ထုပုရေဇာတပစ္စည်းမျိုး၊ အာရမ္မဏပုရေဇာတ ပစ္စည်းမျိုး၊ ဝတ္ထာရမ္မဏ ပုရေဇာတပစ္စည်းမျိုး ဤ ပစ္စည်းတို့သည် အတ္ထိပစ္စည်း၌ အကျုံးဝင် ကြပါ သည်။

ဤသည်ကား မဟာပစ္စည်းကြီး ၄-ပါးတို့၌ ပစ္စည်း ပေါင်းများစွာတို့၏ သက်ဝင်ပုံကို ဖြေဆိုချက်ဖြစ်ပါသည်။

၂၄-ပစ္စည်းကိုပစ္စည်းကြီး၄-ပါး၌ထည့်သွင်းပြပုံပြီး၏။

## သတ္တိအားဖြင့် ဝေဖန်ပုံ

မေး။ ပစ္စည်းတို့၏ ကျေးဇူးပြုပုံသဘောသည် အဘယ်မျှ ရှိပါသနည်း။

ဖြေ။ ပစ္စည်းတို့၏ ကျေးဇူးပြုပုံသဘောမျိုးသည် ဇနက တစ်မျိုး၊ ဥပထမ္ဘကတစ်မျိုး၊ ဇနကောပထမ္ဘက တစ်မျိုး ဤသုံးမျိုး ရှိပါသည်။

မေး။ ထိုသုံးမျိုး၏ သဘောအဓိပ္ပာယ်ကို သိလွယ်ရုံ ဖော်ပြပါ။

ဖြေ။ ၁။ အကျိုးတရားတို့အား ဖြစ်ပေါ်စေခြင်းသတ္တိဖြင့် ကျေးဇူးပြုသော ပစ္စည်းကို ဇနကပစ္စည်းဟု ခေါ်ပါ သည်။

WWW.DHAMMARANSI.NET

၂။ အကျိုးတရားတို့အား ထောက်ပံ့မှု သတ္တိဖြင့် ကျေးဇူးပြုသောပစ္စည်းကို ဥပထမ္ဘက ပစ္စည်းဟု ခေါ်ပါသည်။

၃။ အကျိုးတရားတို့အား ဖြစ်ပေါ်စေမှု။ ထောက်ပံ့မှု သတ္တိမျိုးတို့ဖြင့် ကျေးဇူးပြုသော ပစ္စည်းကို ဇနကောပထမ္ဘက ပစ္စည်းဟု ခေါ်ပါသည်။

မေး။ ပဋ္ဌာန်း ၂၄-ပစ္စည်းတို့တွင် ဇနကပစ္စည်း၊ ဥပထမ္ဘက ပစ္စည်း၊ ဇနကောပထမ္ဘက ပစ္စည်းတို့၏ သရုပ်ကို ဖော်ထုတ်၍ပြပါ။

ဖြေ။ ၁။ အနန္တရ၊ သမနန္တ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတ ဤ ၅-ပစ္စည်းကို ဇနကပစ္စည်းဟု ခေါ်ပါသည်။

၂။ ပစ္ဆာဇာတပစ္စည်းကို ဥပထမ္ဘက ပစ္စည်းဟု ခေါ်ပါသည်။

၃။ ထိုမှကြွင်းသော ပစ္စည်းပေါင်း ၁၈-ပါးကို ဇနကောပထမ္ဘကပစ္စည်းဟု ခေါ်ပါသည်။

ပဋ္ဌာန်း ၂၄-ပစ္စည်း ပြီးပြွမ်းမှတ်ဖွယ် ပြီး၏။

ပဋ္ဌာန်းအမေးအဖြေပြီး၏။

WWW.DHAMMARANSI.NET

# ပဋ္ဌာန်းဝတ္ထုများ

## သေလာထေရီဝတ္ထု

### ထေရီမ တရားအားထုတ်ခန်း

မဟာဘဂဝန် ဂုဏ်မွန်ခြောက်ဆိုင် ထွတ်ဆုံးတိုင်သည့် ဘုန်းလှိုင်ထွတ်ထား ရွှေကိုယ်တော်မြတ်ဘုရားသည် ပြည်သာဝတ္ထိ တိုင်းကြီးတံခွန် ဇေတဝန်မည်ခေါ် ရွှေကျောင်းတော်၌ သီတင်းသုံးမွေ့လျော် စံနေတော်မူစဉ်အခါ သေလာအမည်ရှိတဲ့ ဘိက္ခုနီမကလေးတစ်ပါးရယ်လို့ ထင်ရှားစွာ ရှိတော်မူတယ်။

တစ်နေ့သောအခါ သေလာထေရီ ဘိက္ခုနီ အရှင်မဟာ နံနက်အချိန်တွင် ဆွမ်းအလို့ငှာ သာဝတ္ထိမြို့တော်ကြီးအတွင်း၌ လှည့်လည်ပြီး၊ ဆွမ်းခံပြန်တဲ့အခါ ချမ်းသာဆိတ်ငြိမ်စွာ နေတော်မူခြင်းငှာ အန္ဓဝုန်တောအတွင်းသို့ ကြွသွားတော်မူတယ်။ အန္ဓဝုန်ဆိုတဲ့ တောကြီးဟာ သာဝတ္ထိပြည်ကြီးရဲ့ တောင်မျက်နှာ သုံးဂါဝုတ်ကွာတဲ့ အရပ်ဌာနမှာ တည်ရှိတယ်။ ထိုအန္ဓဝုန်တောကြီးဟာ လွန်စွာကြီးကျယ်တဲ့ သစ်ပင်တို့ဖြင့် အုပ်

WWW.DHAMMARANSI.NET

ဆိုင်းပြီး မှိုင်းမှိုင်းညို့ညို့ မွေ့လျော်ဖို့ အလွန်ကောင်းသတဲ့။ လူသူ အပေါင်းတို့ရဲ့ ဆူသံညံသံကင်းဆိတ်လို့ နိဗ္ဗိန္ဒအလုပ်ကို အားထုတ်နေကြတဲ့ ယောဂီပုဂ္ဂိုလ်အများတို့ ပျော်ပါး ကိန်းအောင်း ရန်အလို့ငှာ လွန်စွာသင့်လျော်တယ်။

## မာရ်နတ်နှောင့်ယှက်စန်း

သေလာထေရီ ဘိက္ခုနီအရှင်မဟာ ဆွမ်းကိစ္စပြီးစီးတဲ့ အခါ ထိုတောကြီးအတွင်း တစ်ခုသော သစ်ပင်ရင်းမှာ ဖြစ်ခြင်း၊ ပျက်ခြင်း အကြောင်းမကင်းတဲ့ ရုပ်ကလာပ်၊ နာမ်ကလာပ်များကို ပဌာန်းဒေသနာတော်နည်းအားဖြင့် ရှုစားဆင်ခြင်၍ နေတော်မူပါတယ်။ ဒီအခါ တဏှာ၊ အရတိ၊ ရဂါတို့ ဖခင်ဖြစ်တဲ့ မာရ်နတ်မင်းက သစ်ပင်ရင်းတစ်ခုမှာ ကမ္မဋ္ဌာန်းရှုနေတဲ့ သေလာထေရီကို မြင်ပါရောတဲ့။ မာရ်နတ်ဆိုတဲ့ သတ္တဝါကောင်ကြီးဟာ သာသနာရဲ့ ရန်သူတော်ကြီးအစစ်ဖြစ်တယ်။

ဘယ်အခါမဆို သာသနာကို ဖျက်ဆီးဖို့၊ သူတော်ကောင်းတို့ကို နှိပ်စက်ဖို့၊ ယောဂီပုဂ္ဂိုလ်တို့၏ ကမ္မဋ္ဌာန်းအလုပ်ကို နှောင့်ယှက်ဖို့ အဲဒီလိုအလုပ်မျိုးကိုသာ ဆိုးဆိုးဝါးဝါးကြီး ကြံစည်နေတယ်။ တောထဲ၊ တောင်ထဲမှာ ဝီရိယတို့ ဇွဲတို့နဲ့ ရဲရဲရင့်ရင့် အားထုတ်နေကြတဲ့ ယောဂီပုဂ္ဂိုလ်တွေကို ချောင်းမြောင်း ရှာမှီးပြီး ဖျက်ဆီးလေ့ရှိတယ်။ ဒီသတ္တဝါကောင်ကြီးဟာ သာသနာရေးနဲ့ဆိုင်တဲ့ လုပ်ငန်းတွေမှာ လွန်စွာ အနှောင့်အယှက်များနေတာပေါ့။ အခုခေတ်အခါမှာလည်း မာရ်နတ်

WWW.DHAMMARANSI.NET

ကောင်ကြီးလာပြီး အလုပ်ပျက်အောင် မဖျက်ဆီးဘူးလို့ မထင်ကြနဲ့။

အဲ ပြဆိုခဲ့တဲ့အတိုင်း သေလာထေရီ ဘိက္ခုနီမကို မြင်တော့ မာရ်နတ်ကြီးဟာ သဘောယုတ်နဲ့ အရှင်မရဲ့ သမာဓိ ပျက်စီးအောင် ဖျက်ဆီးလိုတဲ့ ဆန္ဒ၊ တောအတွင်းမှ ထွက်ပြေးအောင် ခြောက်လှန့်လိုတဲ့ ဆန္ဒနဲ့ ကြောက်မက်ဖွယ်ကောင်းတဲ့ ရုပ်အသွင်ကို ဖန်ဆင်းပြီး သေလာထေရီရဲ့ အနားကို ဘွားခနဲ ချဉ်းကပ်လာတယ်။ သူဖန်ဆင်းလာတဲ့ ရုပ်အသွင် ကြီးကလည်း အလွန်ကြောက်လန့်ဖွယ် ကောင်းသတဲ့။ သေလာထေရီ ဘိက္ခုနီမကတော့ သမာဓိစရိုက်နဲ့ အောက်ကိုစိုက်ပြီး ဣန္ဒြေရရ နေတော်မူတဲ့အတွက် မာရ်နတ်ယုတ်ကြီးကို ရုတ်တရက်မမြင် ဘူး။ မြင်ပင် မြင်ပါစေဦးတော့ ကိလေသာခန်းကွာ၍ ရဟန္တာဖြစ် တော်မူတဲ့အတွက် ဘယ်လိုရုပ်သွင်နဲ့ ခြောက်လှန့်သော်လည်း ကြောက်လန့်တော် မမူဘူးပေါ့။

အဲသည်လို မတုန်မလှုပ်ဘဲ ဣန္ဒြေရရ နေပုံကို မြင် တော့ မာရ်နတ်ကြီးက စတင်ကာ သမာဓိအလုပ်ကို နှောင့် ယှက်လိုတဲ့ သဘောနဲ့ ဂါထာတစ်ပုဒ်ကို သို့ကလို ရွတ်ဆို မေးမြန်းလိုက်တယ်။

၁။ ကေနိဒံ ပကတံ ဗိမ္ဗံ
ကွစိ ဗိမ္ဗဿ ကာရိကံ
ကွစိ ဗိမ္ဗံ သမုပ္ပန္နံ၊
ကွစိ ဗိမ္ဗံ နိရုဇ္ဈတိ။

WWW.DHAMMARANSI.NET

အနက်ကား။ အယျေ၊ အိုအရှင်မ။ ဣဒံပိဏ္ဍံ၊ ဤကိုယ်ကောင် အထည်ဒြပ်ကြီးကို။ ကေန၊ အဘယ်ပုဂ္ဂိုလ်သည်။ ပကတံ၊ ဖန်ဆင်း၍ ထားအပ်ပါသနည်း။ ဗိမ္ဗဿ၊ ဤကိုယ်ကောင် အထည်ဒြပ်ကြီးကို။ ကာရကော၊ ဖန်ဆင်းသော ပုဂ္ဂိုလ်သည်။ ကွစိ၊ အဘယ်အရပ်မှာ တည်ရှိပါသနည်း။ ကွစိ၊ အဘယ်အရပ်ဌာန၌။ ဗိမ္ဗံ၊ ဤကိုယ်ကောင် အထည်ဒြပ်ကြီးသည်။ သမုပ္ပန္နံ၊ ဖြစ်ပေါ်၍လာပါသနည်း။ ကွစိ၊ အဘယ်အရပ်ဌာန၌။ ဗိမ္ဗံ၊ ဤကိုယ်ကောင် အထည်ဒြပ်ကြီးသည်။ နိရုဇ္ဈတိ၊ ချုပ်ဆုံးပါသနည်း။

မာရ်နတ်ကြီးရဲ့ ဆိုလိုရင်းအဓိပ္ပာယ်က သည်လိုတဲ့။

၁။ ဤကိုယ်ကောင် အထည်ဒြပ်ကြီးကို ဘယ်ပုဂ္ဂိုလ် ဖန်ဆင်းပါသလဲ။

၂။ ဖန်ဆင်းတဲ့ ပုဂ္ဂိုလ် ဘယ်မှာ တည်ရှိနေပါသလဲ။

၃။ ဤကိုယ်ကောင် အထည်ဒြပ်ကြီးဟာ ဘယ်မှာ ဖြစ်ပြီး၊ ဘယ်မှာ ချုပ်ဆုံးပါသလဲ။

အဲသည်လို ဆိုလိုတယ်။ သူမေးပုံကြီးက ထာဝရ ဖန်ဆင်းတယ်ဆိုတဲ့ အဓိပ္ပာယနဲ့ ကိုက်သွားတာပဲ မဟုတ်လား။ သည်မေးပုံကို ထောက်ထားသဖြင့် သည်မာရ်နတ်သားကြီးဟာ ထာဝရဘုရား ဖန်ဆင်းတယ်ဆိုတဲ့ အယူကိုယူကြောင်း ကောင်းစွာထင်ရှားသွားတယ် မဟုတ်လား။

WWW.DHAMMARANSI.NET

အဲဒီလို သာသနာတော် တရားအချက်နှင့် ဆန့်ကျင်ဘက် မေးမြန်းတဲ့စကားကို သေလာထေရီကြားတော့ မော့၍ ကြည့်လိုက်တဲ့အခါ မာရ်နတ်ယုတ်ကြီးဖြစ်ကြောင်းကို ကောင်းစွာ သိတာနဲ့ မလန့်မထိတ်သော စိတ်ထားနဲ့ ဖြေကြားတဲ့ဂါထာကို ဒီလို ရွတ်ဆိုလိုက်ပါရောတဲ့။

၂။ နယိဒံ အတ္တကတံ ဗိမ္ဗံ၊
နယိဒံ ပရကတံ အဃံ။
ဟေတုံ ပဋိစ္စ သမ္ဘူတံ၊
ဟေတုဘင်္ဂါ နိရုဇ္ဈတိ။

အနက်ကား။ ဟရေ၊ ဟယ် မာရ်နတ် အယုတ်တမာကြီး။ ဣဒံဗိမ္ဗံ၊ ဤကိုယ်ကောင် အထည်ဒြပ်ကြီးသည်။ အတ္တကတံ၊ မိမိကိုယ်တိုင် ဖန်ဆင်း၍ ထားအပ်သော အကောင်ကြီးသည်။ န ဟောတိ၊ စင်စစ်မှန်လေ မဟုတ်ချေ။ ဣဒံဗိမ္ဗံ၊ ဤကိုယ် ကောင်အထည်ဒြပ်ကြီးသည်။ ပရကတံ၊ သူတစ်ပါးတို့ ဖန်ဆင်း၍ ထားအပ်သော အကောင်ကြီးသည်လည်း။ န ဟောတိ၊ စင်စစ် မှတ်လေမဟုတ်ချေ။ ဟေတုံ၊ အကြောင်းပစ္စည်းကို။ ပဋိစ္စ၊ အစွဲပြု၍။ သမ္ဘူတံ၊ အကျိုး ပစ္စယုပ္ပန်တွေဖြစ်၍ နေမှုကြီး သာတည်း။ ဟေတုဘင်္ဂါ၊ အကြောင်းပစ္စည်းတွေ ချုပ်ခြင်း ကြောင့်သာ၊ နိရုဇ္ဈတိ၊ အကျိုးပစ္စယုပ္ပန်တွေ မဖြစ်နိုင်ဘဲ ချုပ်စဲ ပျက်စီးရလေတော့သတည်း။

WWW.DHAMMARANSI.NET

သေလာထေရီ ရွတ်ဆိုတဲ့ဂါထာရဲ့ အဓိပ္ပာယ်ကတော့ သည်လိုဖြစ်ပါတယ်။

၁။ သတ္တဝါတို့ရဲ့ ခန္ဓာကိုယ်ကောင်ကြီးဟာ မိမိ ကိုယ်တိုင် ပြုလုပ် ဖန်ဆင်းထားတဲ့ အကောင်ကြီးလည်း မဟုတ်ဘူး။

၂။ ဘယ်နတ်၊ ဘယ်ဗြဟ္မာ၊ ဘယ်သတ္တဝါကမှ ပြုလုပ် ဖန်ဆင်းထားတဲ့ အကောင်ကြီးလည်း မဟုတ်ဘူး။

၃။ စင်စစ်မှာတော့ အကြောင်းသမုဒ္ဒာန်ကို အစွဲပြုပြီး အကျိုး ပစ္စယုပ္ပန်တရားတွေ ဖြစ်ပေါ်နေတဲ့ ရုပ်ခဲ၊ နာမ်ခဲကြီးမျှသာ ဖြစ်တယ်။

၄။ သတ္တဝါရယ်လို့ မရှိဘူး။

၅။ သတ္တဝါတို့ရဲ့ ကိုယ်ကောင်ကြီးလို့လည်း မရှိဘူး။

၆။ သတ္တဝါတွေဖြစ်အောင် ဖန်ဆင်းထားတယ်ဆိုတာလည်း မဟုတ်ဘူး။

၇။ အကျိုး၊ အကြောင်း၊ ပစ္စည်း၊ ပစ္စယုပ္ပန် ဆက်သွယ်ကာ ဖြစ်ပေါ်ဥပါဒ်နေတဲ့ ရုပ်ကလာပ်၊ နာမ်ကလာပ်မျှသာ ဖြစ်တယ်။

အဲသို့ကလို မာရ်နတ်ကြီးကို အချုပ်အားဖြင့် ပြောကြားပြီးတော့ ဥပမာပုံခင်း၍ အကျယ်တဝင့် ချေပ ပြောဆိုလိုပြန်တဲ့အတွက် ဒေသနာဂါထာနှစ်ပုဒ်ကို သို့ကလို ရွတ်ဆိုတော် မူပြန်တယ်။

WWW.DHAMMARANSI.NET

၃။ ယထာ အညတရံ ဗီဇံ
ခေတ္တေ ဝုတ္တံ ဝိရူဟတိ။
ပထဝီ ရသဉ္စာဂမ္မ၊
သိနေဟဉ္စ တဒူဘယံ။ ။

၄။ ဧဝံ ခန္ဓာ စ ဓာတုယော၊
ဆ စ အာယတနာနိ မေ။
ဟေတုံ ပဋိစ္စ သမ္ဘူတာ၊
ဟေတုဘင်္ဂါ နိရုဇ္ဈရေ။ ။

အနက်ကား။ ဟရေဟယ်မာရ်နတ် အယုတ်တမာကြီး။ ခေတ္တေ၊ ကောင်းစွာတီထွင် လယ်ကွင်းပြင်၌။ အညတရံဗီဇံ၊ မျိုးစေ့တစ်ခုခုကို။ ဝုတ္တံ၊ စိုက်ပျိုးအပ်သည်ရှိသော်။ ပထဝီရသဉ္စ၊ မြေဆီသြဇာ အရသာကိုလည်းကောင်း။ သိနေဟဉ္စ၊ အေးမြစွတ်စို ရေဓာတ်ကိုလည်းကောင်း။ တဒူဘယံ၊ ထိုမြေဓာတ်၊ ရေဓာတ်နှစ်ပါးစုံကို။ အာဂမ္မ၊ မှီတွယ်သမှု အကြောင်းပြု၍။ ဝိရူဟတိယထာ၊ အမြစ်အညွှောက် ပေါက်ရောက်စည်ကား ကြီးထွားသန်စွမ်း လေဘိသတဲ့သို့။

ဧဝံ၊ ဤနည်းအတူသာလျှင်။ ခန္ဓာစ၊ ရုပ်၊ ဝေ၊ သည်၊ သင်၊ ဝိညာဉ်ခေါ်ငြား ခန္ဓာငါးတို့သည် လည်းကောင်း။ ဓာတုယောစ၊ ဓာတ်ဟုခေါ်ငြား တစ်ဆယ့်ရှစ်ပါးတို့သည် လည်းကောင်း။ ဆ၊ အဇ္ဈတ္တိကာယတန ခြောက်ပါး၊ ဗာဟိရာယတန ခြောက်ပါးဟုဆိုအပ်ကုန်သော။ ဣမေအာယတာနာနိစ၊ ဤ

WWW.DHAMMARANSI.NET

အာယတနတရားတစ်ဆယ့်နှစ်ပါးတို့သည် လည်းကောင်း။ အတ္ထိသန္တိ၊ ပရမတ္ထသဘောအားဖြင့် ထင်ရှားမသေ့ ရှိကြ ဒလကုန်၏။ တာနိ၊ ထိုခန္ဓာ၊ အာယတန၊ ဓာတ်အပေါင်းတို့သည်။ ဟေတုံ၊ အကြောင်းပစ္စည်းကို။ ပဋိစ္စ၊ အစွဲပြု၍။ သမ္ဘူတာ၊ ထပ်တလဲလဲ မပြတ်စဲဘဲ အမြဲပုံသေဖြစ်ပေါ်၍ နေကြလေကုန်၏။ ဟေတု ဘင်္ဂါ၊ အကြောင်းပစ္စည်းတို့၏ ပျက်စီး ချုပ်ဆုံးခြင်းကြောင့်။ နိရုဇ္ဈရေ-နိရုဇ္ဈန္တိ၊ အသစ်အသစ်မဖြစ်နိုင်ဘဲ ပြတ်စဲချုပ်ဆုံးကြလေကုန်သတည်း။

ဟဲ့. . . မာရ်နတ် အယုတ်တမာ၊ ပဋ္ဌာန်းနည်းအားဖြင့် ငါဟောပြောတဲ့တရားကို သင် နားထောင်စမ်း။

လယ်ကွင်းထဲမှာ မျိုးစေ့တစ်ခုခုကို ကြဲချ စိုက်ပျိုးလိုက်တဲ့အခါ မြေဓာတ် အရသာ၊ ရေဓာတ်အရသာ နှစ်ပါးကို အကြောင်းပြုပြီး အမြစ်အညွှာက်ပေါက်ရောက်ကြီးပွားတယ် မဟုတ်လား၊ အဲသည် ဥပမာအတိုင်းပဲ ခန္ဓာငါးပါးဆိုတဲ့ တရားတွေ၊ ဓာတ်တစ်ဆယ့်ရှစ်ပါးဆိုတဲ့ တရားတွေ၊ အဲသည် ရုပ်ဓာတ်၊ နာမ်ဓာတ် ပရမတ်တရားတွေဟာ ဆိုင်ရာဆိုင်ရာအကြောင်းကို အမှီပြုပြီး ဖြစ်ပေါ်ဥပါဒ်လာကြတယ်။ အကြောင်းမရှိခဲ့ပါလျှင် ဘယ်အခါမှ မဖြစ်ပေါ်နိုင်ကြဘူး။ ဘယ်လိုပင် ဖြစ်ပေါ်၍ နေကြပါသော်လည်း အကြောင်းတရားတွေ ချုပ်ငြိမ်း၍ ရုပ်သိမ်းလိုက်ပြီလို့ ဆိုပါလျှင် အသစ်အသစ် မဖြစ်နိုင်ဘဲ ပြတ်စဲချုပ်ဆုံးကုန်ကြတယ်။

WWW.DHAMMARANSI.NET

အဓိပ္ပာယ်ထင်ရှားစွာ ပြဆိုရပါလျှင်-

၁။ လောဘဆိုတဲ့ ဟိတ်ကြီးက ကျေးဇူးပြုနေတဲ့အခါ လောဘနှင့်ဆိုင်တဲ့ ရုပ်၊ နာမ်၊ ခန္ဓာတွေဖြစ်ပေါ်နေကြတယ်။

၂။ ဒေါသဟိတ်ကြီးက ကျေးဇူးပြုနေတဲ့အခါ ဒေါသနှင့်ဆိုင်တဲ့ ရုပ်၊ နာမ်၊ ခန္ဓာတွေဖြစ်ပေါ်နေကြတယ်။

၃။ ရူပါရုံဆိုတဲ့ အဆင်းက အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုနေပါရင် စက္ခုဝိညာဉ်နှင့်ဆိုင်တဲ့ နာမ်ဓာတ်တွေ ဖြစ်ပေါ်နေလိမ့်မယ်။

၄။ စက္ခုဝိညာဉ် ဖြစ်ပေါ်အောင်လည်း စက္ခုပသာဒဝတ္ထုက နိဿယသတ္တိအားနဲ့ ကျေးဇူးပြုပေးတယ်။ အဲသည်လို အကျိုးအကြောင်း ဆက်သွယ်ကာ ဖြစ်ပေါ်နေမှုကြီးကိုပင်လျှင် ပရမတ္ထသဘောကို မမြင်တဲ့ ပုထုဇဉ် သတ္တဝါတွေက ငါမြင်တယ်လို့ မှတ်ထင် စွဲလမ်းနေကြတယ်။ စင်စစ်မှာတော့ ငါမြင်တာ မဟုတ်ဘူး။

၅။ အစာအာဟာရကို မျိုသွင်းလိုက်တဲ့အခါ အာဟာရဇရုပ်တွေ ဖြစ်ပေါ်လာတယ်။ ဒီလို အာဟာရပစ္စည်း ကျေးဇူးပြုပုံကို မမြင်တဲ့ ပုထုဇဉ် သတ္တဝါတွေက ငါအားရှိလာတယ်။ ငါသန်စွမ်းလာတယ်

WWW.DHAMMARANSI.NET

လို့ သက္ကာယဒိဋ္ဌိ တန်ခိုးကြောင့် အမျိုးမျိုး စွဲလမ်းနေကြတယ်။ စင်စစ်မှာတော့ ငါနှင့်မဆိုင် ငါပိုင်မဟုတ်ဘူး။ အာဟာရပစ္စယသတ္တိနဲ့ အာဟာရဇရုပ်တွေ ဖြစ်နေသာတာမှန်တယ်။

၆။ ပဋ္ဌာန်းပစ္စည်း သဘောအားဖြင့် အကျိုးအကြောင်း ဆက်သွယ်ဖြစ်ပွားနေကြတဲ့ ရုပ်တရား၊ နာမ်တရား အစဉ်တွေကို ပဋ္ဌာန်းဉာဏ်ကို မမြင်ကြတဲ့ ပုထုဇဉ် သတ္တဝါအပေါင်းက သက္ကာယဒိဋ္ဌိ သဘောအားဖြင့် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျာ်း၊ မိန်းမရယ်လို့ မှတ်ထင်ပြီး ငါလုပ်ရှားတယ်။ ငါခံစားတယ်။ ငါသိတယ်။ ငါမြင်တယ်ရယ်လို့ အကြီးအကျယ်ဖောက်ပြန်ကာ လမ်းလွဲနေကြတယ်။ ပုဂ္ဂိုလ်သတ္တဝါတွေ အကောင်အထည်ရယ်လို့မှ မရှိဘဲ ဖန်ဆင်းတဲ့သူဟာ ဘယ်မှာရှိနိုင်ပါ့မလဲ။

အဲဒီလို ပဋ္ဌာန်းဉာဏ်အားဖြင့် ဝေဖန်ခွဲစိတ်၍ မိန့်ကြားတော်မူလိုက်တယ်။

## မာရ်နတ်အရှုံးပေးခန်း

အဲဒီအခါ ခြောက်လှန့်ဖို့လာတဲ့ မာရ်နတ် အယုတ်တမာကြီးဟာ လွန်စွာ ထိတ်လန့်ခြင်းဖြစ်ပြီး-

"သေလာထေရီ ဘိက္ခုနီဟာ ငါ့ အကြောင်းကို ကောင်းစွာ သိနေပါပေါ့လား"

WWW.DHAMMARANSI.NET

အဲဒီလို တွေးတော ဆင်ခြင်ပြီး လျှင်လျှင်မြန်မြန် ကိုယ်ဖျောက်ပြီးဝေးရာကို ထွက်ပြေးတိမ်းရှောင်သွားသတဲ့။

(ဤဝတ္ထု၌ "ဟေတုံပဋိစ္စသမ္ဘူတာ၊ ဟေတုဘင်္ဂါ နိရုဇ္ဈရေ"ဟူသော ဂါထာပုဒ်သည် ပဋ္ဌာန်းဒေသနာနှင့် လွန်စွာ သက်ဆိုင်လှပေသည်။ အကြောင်းပစ္စည်း အမျိုးမျိုးကို အစွဲပြု၍ အကျိုးပစ္စယုပ္ပန် အမျိုးမျိုးတွေဖြစ်ပေါ်၍နေပုံကို ပဋ္ဌာန်းကျမ်းကြီး၌ နည်းအမျိုးမျိုးတို့ဖြင့် ဟောထားလျက်ရှိပေသည်။ သေလာထေရီ ဘိက္ခုနီက မာရ်နတ်ကြီးအား ဟောစဉ်မှာ ပဋ္ဌာန်းနည်းအမျိုးမျိုးဖြင့် ကျယ်ဝန်းစွာ ဟောကြားပေလိမ့်မည်။ သို့ရာတွင် သင်္ဂါယနာတင်သောအခါ လွန်စွာကျယ်ဝန်းမည်စိုး၍ အချုပ်ဂါထာမျှဖြင့်သာ သင်္ဂါယနာတင်သည်ဟု ယူဆထိုက်ပေသည်။

သေလာထေရီ ဘိက္ခုနီက ပဋ္ဌာန်းနည်းအားဖြင့် ဟောကြားတော်မူရာ မာရ်နတ်အယုတ်တမာကြီး ထိတ်လန့် ကြောက်ရွံ့စွာ ထွက်ပြေးရကြောင်းကို ထောက်ထားသဖြင့် ပဋ္ဌာန်းပါဠိတော်ကြီးများကို ရွတ်ဖတ်သရဇ္ဈာယ်သောအခါ မကောင်းဆိုးဝါး၊ ဘုတ်၊ ပြိတ္တာ၊ သရဲ၊ သဘက်များ ကြောက်လန့်ထွက်ပြေး၍ ဘေးအန္တရာယ်အမျိုးမျိုး ကင်းရှင်းနိုင်သည်ဟု ရှေးရှေးဆရာကြီးများ မိန့်ကြားတော်မူခဲ့ကြပေသည်။ ဤမိန့်ကြားတော် မူချက်အတိုင်း အစဉ်အဆက်အားဖြင့် ပဋ္ဌာန်းပါဠိတော်ကြီးများကို ဗုဒ္ဓဘာသာဝင် လူရှင်အများတို့ ရွတ်ဆို၍ လာခဲ့ကြပေသည်။

WWW.DHAMMARANSI.NET

ယခုအခါ ကာလ၌လည်း ပဋ္ဌာန်းပါဠိတော်များကို ရွတ်ဆို သရဇ္ဈာယ်တော်မူကြပါကုန်။ (ဤဝတ္ထုကို သဂါထာဝဂ္ဂသံယုတ် ပါဠိတော်ကြီးမှ ထုတ်ဆောင်ပြလိုက်ပါသည်။)

သေလာထေရိဝတ္ထုပြီး၏။

## မဟာဂမိယတိဿဝတ္ထု

(ပဋ္ဌာန်းဒေသနာကို သုံးသပ် ဆင်ခြင်တော်မူခြင်းအားဖြင့် ရဟန္တာအဖြစ်သို့ ရောက်ကြောင်းကို ပြဆိုသောဝတ္ထု။)

### မဇ္ဈိမဒေသသို့ ဘုရားဖူးကြွခန်း

ရှေးအခါ သီဟိုဠ်ကျွန်းမှာ မဟာဂမိယတိဿ အမည်ရှိတဲ့ သီလဝန် ပုဂ္ဂိုလ်ကြီးတစ်ပါး ထင်ရှားရှိတော်မူတယ်။ အဘိဓမ္မာခုနစ်ကျမ်းကို အစအဆုံး အားလုံးရွက်ဆောင်တော်မူတဲ့ ပုဂ္ဂိုလ်ကြီးပေပေါ့။

ထိုမထေရ်ကြီးဟာ တစ်နေ့သောအခါ မြတ်စွာဘုရား ပွင့်တော်မူရာဖြစ်တဲ့ ဗောဓိပင်ကို ဖူးမြင်ခြင်းအလို့ငှာ သင်္ဘောစီးပြီး မဇ္ဈိမတိုင်းကြီးသို့ ထွက်တော်မူလာတယ်။ ကမ်းမမြင်တဲ့ သမုဒ္ဒရာ အလယ်ကိုရောက်တော့ သင်္ဘောထက်မှနေပြီး ထိုမှ၊



WWW.DHAMMARANSI.NET

ဤမှ ရှုစားတော်မူရာ ဟိုဘက်ကမ်းကိုလည်း မမြင်ရ၊ သည်ဘက်ကမ်းကိုလည်း မမြင်ရ၊ အရပ်ရှစ်မျက်နှာ တစ်ခွင်မှာ ရေအပြင်ကိုသာ မြင်တော်မူရတယ်။ သမုဒ္ဒရာရေပြင်ပေါ်မှာ တငြိမ့်ငြိမ့်၊ တလိမ့်လိမ့်နဲ့ နိမ့်တုံ၊ မြင့်တုံလှုပ်ရှားနေတဲ့ ကြောက်မက်ဖွယ် လှိုင်းလုံးကြီးတွေကိုလည်း မြင်တော်မူရတယ်။

## လှိုင်းလုံးကြီးတွေမြင်၍ အကြံဖြစ်ခန်း

ထိုအခါ မထေရ်ကြီးရဲ့ စိတ်ထဲမှာ ဘယ်လိုအကြံ ဖြစ်လာသလဲဆိုတော့ သည်လိုတဲ့-

ဒီသမုဒ္ဒရာကြီးဟာ ကမ်းမမြင် လမ်းမမြင် အလွန်ပင်ကျယ်ဝန်းပါပေတယ်။ တောင်ရှိ ကမ်းရှိ လှိုင်းအိ လှိုင်းလုံးကြီးတွေလည်း တဖြုန်းဖြုန်း ထကြွပုတ်ခတ်လို့နေကြတယ်။ အဘိဓမ္မာခုနစ်ကျမ်းမှာ ပဌာန်းပါဠိတော်ဟာလည်း လွန်စွာနက်နဲကျယ်ဝန်းတယ်။ ပဌာန်းကျမ်းနဲ့ သမုဒ္ဒရာကြီးကို နှိုင်းဆလို့ ကြည့်လိုက်ပါလျှင် သမုဒ္ဒရာကြီးဟာ ဘယ်ကလောက်ပင် ကျယ်ဝန်းတယ်ဆိုသော်လည်း-

၁။ ဟိုတစ်ဖက်ကမ်းမှာ စကြဝဠာ တောင်ကြီးဖြင့် တားဆီး ပိုင်းခြား၍ထားတယ်။

၂။ သည်ဘက်ကမ်းမှာ ဇမ္ဗူဒီပါကမ်းရိုးဖြင့် တားဆီး ပိုင်းခြားလို့ထားတယ်။

WWW.DHAMMARANSI.NET

၃။ အောက်အပြင်မှာတော့ မဟာပထဝီမြေကြီးဖြင့် ပိုင်းခြားလို့ထားတယ်။

၄။ အထက်အပြင်မှာတော့ ကောင်းကင်ဖြင့် ပိုင်းခြား လို့ထားတယ်။

အဲ သို့ကလို သမုဒ္ဒရာရဲ့ အပိုင်းအခြားဟာ ထင်ရှားစွာရှိတယ်။ ပဉ္စာန်းကျမ်းကြီးရဲ့ အပိုင်းအခြားမှာတော့ ကြီးကျယ်လှသဖြင့် ဘယ်မှာမှ အပိုင်းအခြားရယ်လို့ မရှိဘူး။ သဗ္ဗညုတရွှေဉာဏ်တော်၏ မြူးကွန့်လူးလွန့်ရာ အစစ်ကြီးဖြစ်ပေတယ်။

အဲ သို့ကလို့ ဆင်ခြင်တော်မူမိသတဲ့။

## ရဟန္တာဖြစ်ပြီ

ထိုအခါ မထေရ်မြတ်ကြီးရဲ့ စိတ်ထဲမှာ လွန်စွာနှစ်သိမ့်တဲ့ ပီတိဇောတွေ ဖြစ်ပွားလာပြီး ပဉ္စာန်းကျမ်းကြီးကို အပြန်အလှန်သုံးသပ်ဆင်ခြင်တော်မူလိုက်ရာ သဘော်ပေါ်မှာပင် ကိလေသာကွာလျှော၍ မြတ်သောရဟန္တာအဖြစ်သို့ ရောက်တော်မူတယ်။

## ဥဒါန်းကျူးရင့်ပုံ

ထိုအခါ လွန်စွာဝမ်းမြောက်တော်မူလှသဖြင့် ပဉ္စာန်းကျမ်းကြီးကို ဖွဲ့ဆိုပြီး ဥဒါန်းဂါထာကြီးကို သို့ကလို ရွက်ဆို တော်မူလိုက်တယ်။

WWW.DHAMMARANSI.NET

အတ္တေဝ ဂမ္ဘီရဂတံ သုဒုဗ္ဗုဓံ၊
သယံ အဘိညာယ သဟေတု သမ္ဘဝံ၊
ယထာနုပုဗ္ဗံ နိခိလေန ဒေသိတံ၊
မဟေသိနာ ရူပဂတံဝ ပဿတိ။ ။

ဘောန္တာ၊ အို-လူနတ်ပြဟ္မာ သတ္တဝါအပေါင်းတို့။ နိခိလေန၊ တရားဥဿုံ အလုံးစုံကို အကုန်မြင်တော် မူပြီးသော။ မဟေသိနာ၊ ရှင်တော်မြတ်ဘုရားသည်။ သယံ၊ ကိုယ်တော်တိုင်။ သဟေတု သမ္ဘဝံ၊ အကြောင်းအကျိုးနှင့် တကွ။ အဘိညာယ၊ ထိုးသွင်းသိမြင်တော်မူပြီး၍။ ဒေသိတံ၊ ဟောတော်မူအပ်သော။ သုဒုဗ္ဗုဓံ၊ အလွန်တရာမြင်နိုင်ခဲလှစွာထသော။ ဂမ္ဘီရဂတံ၊ နက်နဲခြင်းကြီး နက်နဲလှပသော ပဋ္ဌာန်းကျမ်းမြတ်ကို။ ရူပဂတံဝ၊ လက်ဝယ်တင်ထား ပတ္တမြား ရုပ်သွင်ကဲ့သို့။ ပဿတိ-ပဿန္တော၊ ထင်ရှား ပိုင်ပိုင် မြင်နိုင်သော ပုဂ္ဂိုလ်ထူးသည်။ အတ္တေဝ၊ ရှိပေသေးသည်သာလျှင်ကတည်း။

ဤဝတ္ထု၌ မဟာဂမိယတိဿ မထေရ်မြတ်ကြီးသည် သမုဒ္ဒရာကြီးနှင့် နှိုင်းယှဉ်၍ ပဋ္ဌာန်းကျမ်းကြီးကို ဆင်ခြင်တော်မူရာတွင် ပဋ္ဌာန်းဉာဏ်တွေ ပွင့်လင်း၍ ကိလေသာကင်းသော ရဟန္တာအဖြစ်သို့ ရောက်တော်မူလေသည်။ သမုဒ္ဒရာအလယ် သင်္ဘောပေါ်၌တည်လျက် ဤမထေရ်ကြီးကဲ့သို့ ရဟန္တာဖြစ်

WWW.DHAMMARANSI.NET

သော ပုဂ္ဂိုလ်များသည် သာသနာတော်မှာ အလွန်တရာမှ ရှားပါး လှပေသည်။

မဟာဂမိယတိဿဝတ္ထုပြီး၏။

ပဋ္ဌာန်း ပစ္စယနိဒ္ဒေသ၊ အဓိပ္ပာယ်ရှင်းလင်းချက်နှင့်

ပဋ္ဌာန်း အမေးအဖြေ ပြီး၏။

# ဝန်ခံချက်

ဒီစာအုပ်လေးဖြစ်လာအောင်-

(၁) မိုးညှင်းတောရ ဆရာတော်ဘုရားကြီးရဲ့ ပဋ္ဌာန်းဝိပဿနာ ကျင့်စဉ်ကျမ်း၊

(၂) မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသရဲ့ အခြေပြုပဋ္ဌာန်းတရားတော်ကျမ်း၊

(၃) လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးရဲ့ ပဋ္ဌာန်း အမေးအဖြေ၊

(၄) ဒေါက်တာ မင်းတင်မွန်ရဲ့ ဗုဒ္ဓအဘိဓမ္မာအနှစ်ချုပ် စတဲ့ ကျမ်းစာအုပ်တွေကို စုပေါင်းမှီငြမ်းရေးသားပါတယ်။

WWW.DHAMMARANSI.NET

## တိပိဋကဓရ မင်းကွန်းဆရာတော်ကြီး ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ရေးသားသည့်

## ဆုတောင်း အမျှဝေစာတမ်း

ဣမိနာ အဘိဝမ္မေန၊
ဘဝေသု၊ အာဘိဝမ္မိကာ။
အဘိဂစ္ဆေမ နိဗ္ဗာနံ၊
အဘိဒဇ္ဇေမ ပတ္တိတံ။

ဣမိနာ အဘိဝမ္မေန၊ အဘိဝမ္မာ မြိုက်ရွှေစာတိုက် ကြိုက်ကြုံ၍လျှင် စေ့စုံလင် ပွဲကြီးယင်လျက် ကြည်လင်ပြုကုန် ဤလွန်ကဲသော ကောင်းမှုအဟုန်ကြောင့်။ မယံ၊ အဘိဝမ္မာ ဒေသနာအား အခါရှည်မော တည်စေသောဟု စိတ်စောမူလ ပဓာနဖြင့် ရွတ်ဖတ်နာကြား သဒ္ဒါပွားလျက် စုပေါင်းပြုလုပ် အကျွန်ုပ်တို့သည်။ ဘဝေသု၊ ဘဝစက်ဝိုင်း အဖြစ်တိုင်းတို့၌။ အာဘိဝမ္မိကာ၊ လုံ့လဆက်ဖန် ကြိုးအား သန်လျက် ဉာဏ်အဆင့်ဆင့် ရင့်ထက်ရင့်သား လင်းပွင့် ထွန်းပြောင် အဘိဝမ္မာဆောင်တို့သည်။ (ဘဝေမ၊ အဆစ်အဖု ထစ်မခုဘဲ တောင်းဆုကုံလုံ အဖြစ်ကောင်းကြုံရပါလို၏။) နိဗ္ဗာနံ၊ တဏှာ၏နယ်အတွင်းမှ လွတ်ကင်းရာမှန် ပြည်နိဗ္ဗာန်ကို။ အဘိဂစ္ဆေမ၊ မဂ်ဉာဏ်လေးခု ကျေးဇူးပြု၍ ရှေးရှုမျက်မှောက် ရောက်ရပါလို၏။ ပတ္တိတံ၊ ယခုပြုရ ကုသလ၏ ဘာဂသေတ္တု

WWW.DHAMMARANSI.NET

အဖို့စုကို။ ပဇာယ၊ လူအရပ်ရပ် နတ်နတ်တကာ ဗြဟ္မာ မကြွင်း သတ္တဝါ ခပင်းအား။ အဘိဒဇ္ဈေမ၊ အကျွန်ုပ်တို့နည်းတူ ရစေဟူ၍ ဖြူစင်သာလှ သဒ္ဒါဗလဝဖြင့် ဒါနပတ္တိ အနုံ့ ပြည့်အောင် ဖြန့်ချိပေးဝေကြပါကုန်။

## အမျှဝေမှု အောင်သာခု

သောင်းစကြဝဠာ နတ်ဗြဟ္မာနှင့် သတ္တဝါ ရှိသမျှ ကြားစေရပဟု စိတ်မှရည်ရော် ဟစ်ကြွေးကြော်သည် ရှင်တော် ဗုဒ္ဓ ရွှေနှုတ်ဟလျက် ဟောပြခဲ့ရာ အဘိဓမ္မာကို အခါထိမ်းမှတ် ပွဲကြီးမြတ်ဖြင့် ရွတ်ဖတ်သရဇ္ဈာယ် ဝန်းကျင်သွယ်လျက် ကြီးကျယ်များလှ ပွားကြရာရာ ဒါန, သီလ, ဘာဝနာ ဤ ကောင်းမှုကုသိုလ် အဖြာဖြာကို ကြွလာပရိသတ် အရပ်ရပ် နတ်ဗြဟ္မာ နှစ်ဖြာမိဘ ရှိသမျှကျုံးခြုံ အလုံးစုံသော သတ္တဝါ တို့အား မခြားထပ်တူ ရစေဟူဖြင့် ကြည်ဖြူလှပေ အမျှဝေ သည့် စိတ်စေတနာ ဝမ်းမြောက်စွာလျှင် အာကာမိုးယံ ဘဝဂ် လျှံလျက် နဘံထစ်ကြိုး ကောင်းကင်မိုးသို့ ပက်ဖြိုးဖျာဆု အောင်သာခုကို ယခုခေါ်ကြ ပေးဝေလှသည်။ ။ (အားလုံး အမျှပေးဝေကြရန် ဖြစ်ပါတယ်) အမျှ အမျှ အမျှ ယူတော် မူကြပါကုန်လော့။ ။

* * *

WWW.DHAMMARANSI.NET

# တိပိဋကဓရ မင်းကွန်းဆရာတော်ကြီး
# ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ရေးသားသည့်
# နတ်ဗြဟ္မာများ ပြန်ပို့ရန်ဂါထာ

မဟာပုညာဘိသန္ဒော ဘောသိဒ္ဓေါဝ နိရုပဒ္ဒဝေါ။
ဂစ္ဆန္တု သွာဂတာ ဒေဝါ၊
မောဒန္တာ သုဋ္ဌုမာနသာ။

ဘော၊ အဘိဝမ္မာဒေသနာကို စေတနာစိုက်စူး သဒ္ဓါထူးဖြင့် ကြည်နူးရွှင်ပျ ရွတ်နာကြသည့် ဝမ္မမိတ်ပေါင်း အို... သူတော်ကောင်းတို့။ မဟာပညာဘိသန္ဒော၊ အဘိဝမ္မာဒေသနာဖြင့် မြတ်စွာဖိနေ့ာ် စိန္တေယျော်အာ့း ပူဇော်သက္ကာရအားသစ်ကြသည် များလှသည်ပင် ကြီးပြတ်သော ကုသိုလ်အလျဉ်သည်။ နိရုပဒ္ဒဝေါ၊ ထံပါးချဉ်းကပ် နှိပ်စက်တတ်သည့် ဉပဒ်ဟူ၍ မြူမငွေ့သည်ဖြစ်၍။ သိဒ္ဓေါဝ၊ သူငါရွှင်ပြုံး ပီတိဖုံးလျက် နိဂုံးတိုင်မြောက် အပြီးသို့ရောက်ခဲ့ပြီ။ သွာဂတာ၊ အကျွန်ုပ်တို့ နှုတ်မြွက်ပင့်ဖိတ်ချက်ကြောင့် နှစ်သက်ဝမ်းသာ ကြွရောက်လာကြကုန်သော။ ဒေဝါ ဒေဝါပိ၊ တန်ခိုးတေဇာ ဖြိုးဝေဖြာလျက် ဂုဏ်ဝါကြီးမား အရှင်နတ်ဗြဟ္မာများတို့သည်လည်း။ သုဋ္ဌုမာနာသာ၊ လူ့ပြည်လူ့သား တို့မိတ်များလျှင် တရားနက်ခေါင် သ.လက်ဆောင်ကို အောင်နိဗ္ဗူရောက် ကျေးဇူးထောက်လျက်။ မောဒန္တာ၊ ပြုံးတစိမ့်စိမ့် နှလုံးဖိတ်၍ နှစ်သိမ့်ဝမ်းမြောက်ကြကာ။ ဂစ္ဆန္တု၊ ကိုယ်စိတ်နှစ်ခြိုက် လက်ဆောင်ပိုက်၍ ပျော်ပိုက်နေကြမိမိတို့စံရာ ဘုံဌာနသို့ ပြန်ကြွတော်မူကြပါစေကုန်သတည်း။

* * *

WWW.DHAMMARANSI.NET